www.burmeseclassic.com

တက္ကသိုလ်

# သိဟအောင်

## အကြွင်းမဲ့ပြိုင်ဘက်

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်သီဟအောင်

# အကြွင်းမဲ့ပြိုင်ဘက်

(ပထမပိုင်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃-ခုနှစ်

ပထမအကြိမ် အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေးပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



## ဝေဒနာရှင်

အေးစိမ့်သောလေများက တဟူးဟူးမြည်ကာ တိုက်ခတ်နေ၏။

နှင်းမှုန်ကလေးများသည် လေနှင့်အတူ လွင့်ပါးလာပြီး ဝန်းကျင်ကို ပို၍အေးစိမ့်သွားစေသကဲ့သို့ မှုန်ရီဝိုးဝါး ဖြစ်သွားလေသည်။

လေ၊ နှင်းမြူနှင့် အေးစိမ့်မှုတို့ကြား၌ လူတစ်ယောက်က လက်နှစ်ဘက်နောက်ပစ်ကာ ရပ်နေ၏။

အညိုရောင်ဖျင်ကြမ်းအကျႌဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်ဖြစ်လေသည်။

ထိုအဘိုးအို၏ ပွယောင်းယောင်းအကျႌအောက်မှ ထိုးထွက်နေသော ခြေလက်များက အရိုးပေါ်အရေတင် ပိန်လှီချည့်နဲ့နေလေသည်။

www.burmeseclassic.com



တိုက်ခတ်နေသော လေပြင်းများနှင့် လွင့်ပါသွားမည်ကိုပင် စိုးရိမ်ရလေသည်။

သို့သော်...

အဘိုးအိုက ကျောက်တုံးကျောက်ဆောင်ကြီးအလား တုတ်တုတ်မျှမလှုပ်ဘဲရှိနေ၏။

မှန်ပေသည်။

အဘိုးအိုသည် ဘယ်တော့မှ လဲကျသွားမည့်သူ မဟုတ်ဘဲ မားမားမတ်မတ် ရပ်နေမည့်သူတစ်ယောက်ပင် မဟုတ်ပါလား။

သူ၏အမည်မှာ 'ကောင်းကျင်းစန်း' ဖြစ်သည်။

တစ်ချိန်က သိုင်းဝိဇ္ဇာကောင်းကျင်းစန်းဟု မသိသူမရှိအောင် ထင်ရှားကျော်ကြားခဲ့သူ ဖြစ်သည်။

ကောင်းကျင်းစန်းသည် အများအကျိုး သိုင်းလောကအကျိုးသည်ပိုးဆောင်ရွက်ခဲ့သည့် အဖြူရောင်ထိပ်သီးသိုင်းသမားကြီးတစ်ဦး ဖြစ်ခဲ့သည်။

လူဆိုးဓားပြ၊ ဒုစရိုက်သမားများ၊ အမှောင်လောကသားများသည် ကောင်းကျင်းစန်းဟူသော အမည်ကြားသည်နှင့် ဝေးဝေးရှောင်ရှားသွားတတ်ကြပေသည်။

သိုင်းလောကရှေ့ဆောင် သိုင်းဝိဇ္ဇာကြီးကောင်းကျင်းစန်းသည် အများအကျိုး ဆောင်ရွက်နေစဉ် တစ်ချိန်၌ မသူတော်တစ်ဦး၏ အကောက်ကြံခံခဲ့ရလေသည်။

၎င်း မသူတော်မှာ 'ယိထင်းကျောက်'ဆိုသူ ဖြစ်သည်။



ယိထင်းကျောက်သည် အမှောင်လောကမှ ထိပ်သီးသိုင်းရာဇာတစ်ဦး ဖြစ်ပြီး သိုင်းလောကအား ဖျက်ဆီးရန် သို့မဟုတ် လွှမ်းမိုးချုပ်ကိုင်ရန် တစ်ချိန်လုံး တိတ်တဆိတ် စောင့်ကြည့်ကာ အခွင့်အရေးချောင်းနေခဲ့သူ ဖြစ်သည်။

သိုင်းဝိဇ္ဇာကောင်းကျင်းစန်းနှင့် အမှောင်ရာဇာကြီး ယိထင်းကျောက်တို့မှာ သဘောထားခံယူချက်များ လုံးဝဆန့်ကျင်ဘက် ဖြစ်ရကား အလိုလိုနေရင်း ပြိုင်ဘက်ကြီးများ၊ မဟာရန်သူတော်ကြီး များ ဖြစ်လာရလေတော့သည်။

အမှောင်ရာဇာ ယိထင်းကျောက်က သိုင်းဝိဇ္ဇာကြီးကောင်းကျင်းစန်း သတိလက်လွတ် ဖြစ်သွားသည့် တခဏ်အချိန်လေး၌ အကောက်ကြံကာ အဆိပ်ဖြင့် လုပ်ကြံခဲ့လေသည်။

သိုင်းဝိဇ္ဇာကြီးကောင်းကျင်းစန်းမှာ အဆိပ်ကြောင့် အသက်ဆုံးရှုံးသွားခြင်း မရှိသည့်တိုင် သိုင်းအားလျော့ကျသွားခဲ့ရလေသည်။

သို့ဖြစ်၍ သိုင်းလောကကို ကျောခိုင်းထွက်ခွာခဲ့ရတော့သည်။

သိုင်းဝိဇ္ဇာကြီးကောင်းကျင်းစန်းအား ဒုက္ခပေးနိုင်ခဲ့၍ အမှောင်ရာဇာယိထင်းကျောက်က လက်ခမောင်းခတ် အောင်ပွဲခံခဲ့သည်။

အမှောင်လောက၌ ကြီးစိုးထားရာမှ သိုင်းလောကဘက်သို့ မျှားဦးလှည့်လာတော့သည်။

သိုင်းဂိုဏ်းများအား နည်းလမ်းအမျိုးမျိုး အသုံးပြုကာ

www.burmeseclassic.com

www.burmeseclassic.com



စည်းရုံးသိမ်းသွင်းတော့သည်။

ဒူးမထောက် အညံ့မခံသော သိုင်းဂိုဏ်းများအား စိစိညက်ညက် ချေမှုန်းပစ်တော့သည်။

သိုင်းဂိုဏ်းအတော်များများကို သိမ်းပိုက်ပြီး အင်အားတောင့်တင်းလာသောအခါ အမှောင်ရာဇာယိထင်းကျောက်က သိုင်းလောကသို့ ပြောင်ကျကျ ထွက်ပေါ်လာပြီး သူ့ကိုယ်သူ 'သိုင်းဂိုဏ်းတစ်ရာဂိုဏ်းချုပ်' ဘွဲ့ထူးခံယူကာ သိုင်းလောကတစ်ခုလုံးအား သိမ်းပိုက်နိုင်ရန် ဆက်လက်ကြိုးပမ်းလေတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်နှင့်အမျှ ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ဘွဲ့ထူးခံယူထားသော ယိထင်းကျောက်မှာ အောင်မြင်မှုများ ရရှိလာပြီး ဩဇာတိက္ကမ ကြီးမားလာသည်။

သိုင်းလောကသားများလည်း ယိထင်းကျောက်၏အန္တရာယ်ကို တွေးတောပူပန်လာကြတော့သည်။

ထို့အတူ...

သိုင်းဝိဇ္ဇာကြီးကောင်းကျင်းစန်းသည်လည်း ယိထင်းကျောက်၏သတင်းများ နားမဆန့်အောင် ကြားရလေသောကြောင့် စိုးရိမ်ပူပန်လာသည်။

သိုင်းလောကအတွက် ရတက်မအေးနိုင်အောင် ဖြစ်လာခဲ့ရသည်။

ရင်ထဲ မီးခဲမြှုပ်ထားရသကဲ့သို့ ပူလောင်နေခြင်းကြောင့် ကောင်းကျင်းစန်းက အေးစိမ့်နေသော အိမ်အပြင်ဘက် မြေကွက်



လပ်၌ ထွက်ရပ်နေခြင်း ဖြစ်သည်။

မြူနှင်းများနှင့် အေးစိမ့်သော လေများက ကောင်းကျင်းစန်း၏ရင်ထဲ အေးမြသွားအောင် မစွမ်းဆောင်နိုင်ခဲ့ပါ။

မြူနှင်းတောထဲ၌ အတန်ကြာအောင် ရပ်နေပြီးမှ သက်ပြင်းချကာ ကောင်းကျင်းစန်းက အိမ်ကလေးဘက်သို့ ပြန်လှည့်လိုက်လေသည်။

ထိုစဉ် အိမ်ထဲမှ လူရွယ်တစ်ယောက် ထွက်လာသည်။

ထိုလူရွယ်၏လက်ထဲ၌ အငွေ့တထောင်းထောင်းထနေသော ရေနွေးကြမ်းတစ်ခွက် ကိုင်လာလေသည်။

ကောင်းကျင်းစန်းကို ဂါရဝပြုရင်း...

"ဆရာ ရေနွေးပူပူလေး သောက်လိုက်ပါဦး"

ရိုရိုသေသေ ကမ်းပေး၏။

ထိုလူရွယ်မှာ သိုင်းဝိဇ္ဇာကောင်းကျင်းစန်း၏တပည့် လွှမ်းဖုံး ဖြစ်သည်။

လွှမ်းဖုံးသည် လူငယ်လူရွယ်တစ်ဦး ဖြစ်သော်လည်း သိုင်းဝိဇ္ဇာကောင်းကျင်းစန်း၏ပညာအမွေ ရရှိထားသဖြင့် ထိပ်တန်းသိုင်းပညာများ ရရှိထားပြီး ဖြစ်လေသည်။

သိုင်းဝိဇ္ဇာကောင်းကျင်းစန်း၌ လွှမ်းဖုံးအပြင် နောက်ထပ်တပည့်တစ်ယောက် ရှိပါသေး၏။

သခင်လေးကျူးစုစင်း ဖြစ်သည်။

သခင်လေးကျူးစုစင်းသည် 'နဂါးမာန်'ဂိုဏ်းချုပ်ကြီး၏သား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

နဂါးမာန်ဂိုဏ်းချုပ်နှင့် ခြင်္သေ့ဂိုဏ်းချုပ် လျူရီတို့မှာ သိုင်းဝိဇ္ဇာကောင်းကျင်းစန်း၏ ကျေးဇူးရှိခဲ့ဖူးသူများ ဖြစ်ကြပြီး ကောင်းကျင်းစန်းအား အလွန်ရိုသေလေးစားကြသူများ ဖြစ်သည်။

နဂါးမာန်ဂိုဏ်းသည် မြေအောက်ရာဇာကြီး ဖြစ်သောဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက်၏ တိုက်ရိုက်ချုပ်ကိုင်ခံခဲ့ရသည်။

သခင်လေးကျူးစုစင်းတစ်ယောက်သာ ကကောင်းထောက်မ့ကာ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

သိုင်းဝိဇ္ဇာကောင်းကျင်းစန်းက ကျူးစုစင်းအား အပြင်တပည့်အဖြစ် သတ်မှတ်ကာ သိုင်းပညာသင်ပေးခဲ့သည်။

ကျူးစုစင်းသည် ကောင်းကျင်းစန်းနှင့်အတူ နေထိုင်ခြင်းမပြုဘဲ သိုင်းလောက၌ လှည့်လည်ကာ ဖခင်ကြီး၏မိတ်ဆွေများ၊ အခြားအဖြူရောင်သိုင်းသမားများနှင့် တွေ့ထိဆက်ဆံကာ ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက်အား ရင်ဆိုင်ဖို့ကြိုးစားနေခဲ့လေသည်။

ကောင်းကျင်းစန်းက လွှဖုံးပေးသော ရေနွေးကြမ်းကို တဖူးဖူး မှုတ်သောက်လိုက်ပြီးမှ...

"လွှဖုံး၊ ငါသင်ပေးတဲ့ သိုင်းကွက်တွေကို မင်းလေ့ကျင့်ပြီးပြီလား"

ဟု မေးလိုက်သည်။



လွှဖုံးက...

"ဟုတ်ကဲ့ လေ့ကျင့်ပြီးပါပြီ ဆရာ"

"အခြေအနေ ဘယ်လို ရှိသလဲ ပြောပါဦး"

"ဟုတ်ကဲ့"

လွှဖုံးက ချောင်းတစ်ချက်ဟန့်လိုက်ပြီးမှ...

"ကျွန်တော်ဟာ ဆရာ သင်ပြသမျှ သိုင်းကွက်တွေကို ကျွမ်းကျွမ်းကျင်ကျင်လေ့ကျင့်နိုင်ခဲ့ပါတယ်၊ ဒါပေမယ့် နောက်ဆုံးသင်ပေးလိုက်တဲ့ သိုင်းသုံးကွက်ကိုတော့ ကျွန်တော် သေသေချာချာ နားမလည်တာ အမှန်ပါပဲ ခင်ဗျာ"

သူ၏အခက်အခဲကို ဖွင့်ဟဝန်ခံလိုက်လေသည်။

ကောင်းကျင်းစန်း ပြုံးလိုက်သည်။

"အဲဒါ ယိထင်းကျောက်ရဲ့ သိုင်းကွက်တွေပဲကွဲ့"

"ဗျာ"

ယိထင်းကျောက်သည် ကောင်းကျင်းစန်းအား ဒုက္ခပေးခဲ့သည့် မဟာရန်သူတော်ကြီး ဖြစ်ကြောင်း လွှဖုံး သိရှိထားပြီး ဖြစ်သည်။

ယိထင်းကျောက်၏ သိုင်းကွက်များကို အဘယ်ကြောင့် သူ့အား သင်ကြားပေးရပါသနည်း။

ကောင်းကျင်းစန်း၌ အကြံအစည်တစ်ခု ရှိမည်ဟု တစ်ဆက်တည်း တွေးလိုက်မိလေသည်။

လွှဖုံးက ကောင်းကျင်းစန်းကို ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျင်းစန်း တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"ယိထင်းကျောက်ရဲ့ နောက်ဆုံး သိုင်းသုံးကွက်ဟာ နားလည်ရခက်အောင် ရှုပ်ထွေးပွေလီတယ်၊ တစ်ဘက်လူ မျက်စိလည် ရှုပ်ထွေးသွားအောင် တမင် ဖန်တီးထားတဲ့ သိုင်းကွက်တွေပါ၊ သည်သိုင်းကွက်တွေကို အာရုံစူးစိုက်မိပြီဆိုတာနဲ့ သူ့ရဲ့ထောင်ချောက်ထဲ ရောက်သွားပြီလို့ မှတ်ထားလိုက်ပေတော့"

လွှေဖုံးသည် ကောင်းကျင်းစန်း၏စကားကို သေသေချာချာ နားထောင်ပြီး ဆင်ခြင်လိုက်ရာ ဆိုလိုသည့် အဓိပ္ပါယ်ကို နားလည်သွားလေသည်။

"ယိထင်းကျောက်က ပဟေဠိဆန်တဲ့ သိုင်းသုံးကွက်ကို ထုတ်ဖော်ပြီး ရန်သူကို ဆွဲဆောင်လိုက်တယ်၊ ရန်သူက အာရုံစူးစိုက်လိုက်တဲ့ အချိန်မှာ တခြားနည်းလမ်းတစ်ခုကို အသုံးပြုပြီး အနိုင်ယူလိုက်တယ်ဆိုတဲ့သဘော မဟုတ်လား ဆရာ"

ကောင်းကျင်းစန်း ကျေနပ်သွားလေသည်။

"မှန်တယ်၊ သည်သဘောပဲ၊ ပဟေဠိဆန်တဲ့ သိုင်းကွက်တွေကြောင့် စိတ်အာရုံရှုပ်ထွေးသွားချိန်မှာ သူက တခြားနည်းလမ်းတစ်ခုကို အသုံးပြုပြီး ပြိုင်ဘက်ကို အနိုင်ယူတာပဲ၊ ငါကိုယ်တိုင် အဒိုက်မိခဲ့တာ"

လွှေဖုံးက...

"ကျွန်တော် မှတ်သားထားပါ့မယ်၊ ယိထင်းကျောက်နဲ့ ရင်



ဆိုင်တဲ့အခါ သူ့ရဲ့ထောင်ချောက်ထဲ မဝင်မိအောင် သတိထားပါ့မယ်"

ကောင်းကျင်းစန်းက...

"အေး...မင်း နောက်ထပ် သတိပြုရမယ့် အချက်နှစ်ချက် ရှိသေးတယ်"

လွှေဖုံးက...

"ဟုတ်ကဲ့၊ ပြောပါ ဆရာ"

ကောင်းကျင်းစန်းက...

"သူ့ရဲ့ ရှုပ်ထွေးပွေလီတဲ့ သိုင်းသုံးကွက်ဟာ ပြိုင်ဘက်ကို ထောင်ချောက်ဆင်ဖို့ သက်သက်ဖန်တီးထားတာလား၊ ဒါမှမဟုတ် တကယ်ပဲ အစွမ်းထက်မြက်သလားဆိုတာ ခုချိန်အထိ ငါ မဝေခွဲနိုင်သေးဘူး၊ သိုင်းကွက်အတုဖြစ်ရင် ထောင်ချောက်ကို သတိထားဖို့ပဲ ရှိတယ်၊ ဒါပေမယ့် သိုင်းကွက်အစစ် ဖြစ်နေရင်တော့ သူ့ရဲ့ထောင်ချောက်ထဲ မရောက်ခင် ချေဖျက်ပြီး အနိုင်ယူဖို့ ကြိုးစားရမယ်"

လွှေဖုံး ငိုင်သွားလေသည်။

ယိထင်းကျောက်သည် အလွန်ပရိယာယ်များသော အမှောင်ထိပ်သီး သိုင်းအဓိပတိကြီးတစ်ဦး ဖြစ်ကြောင်း ထင်ရှားနေလေသည်။

သိုင်းပညာထက်မြက်ခြင်း၊ ဉာဏ်နီဉာဏ်နက်များခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းတို့ကြောင့်လည်း အမှောင်အဓိပတိကြီး ဖြစ်လာခဲ့သည် မဟုတ်ပါလား။

www.burmeseclassic.com



ကောင်းကျင်းစန်းက...

"ငါက သူ့ရဲ့ သိုင်းသုံးကွက်အကြောင်း စဉ်းစားခဲ့တာ နှစ်အတော်ကြာသွားပြီ၊ ဒါပေမယ့် ခုချိန်အထိ အဖြေမှန် ရှာမတွေ့သေးဘူး။ ဒါကြောင့် သူ့ကို ထိပ်တိုက်တုန့်ပြန်တဲ့ နည်းလမ်း ရွေးချယ်ဖို့ နောက်ဆုံး ဆုံးဖြတ်ခဲ့တာ"

ထိုစကားက ယိထင်းကျောက်နှင့် ထပ်မံရင်ဆိုင်ရပါက နောက်မဆုတ်စတမ်း သူသေကိုယ်သေ ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားကြောင်း ထင်ရှားနေပါတော့သည်။

ကောင်းကျင်းစန်း စကားဆက်လိုက်လေသည်။

"ပဟေဠိဆန်တဲ့ သိုင်းသုံးကွက်ကို ဖောဖယ်လိုက်ရင် အန္တရာယ်ပေးမယ့် ထောင်ချောက်ကို ဆက်ပြီး ရင်ဆိုင်ရလိမ့်မယ်"

လွှေဖုံးက...

"ယိထင်းကျောက်ဟာ ပဟေဠိဆန်တဲ့ သိုင်းသုံးကွက်နဲ့ လှည့်စားပြီး လက်နက်ပုန်းနဲ့ အလစ်တိုက်ခိုက် ဒုက္ခပေးတာ မဟုတ်လား ဆရာ"

ကောင်းကျင်းစန်းက...

"သူက လက်နက်ပုန်းသုံးမယ်၊ လက်တွေ့တိုက်ခိုက်မယ်၊ နှစ်မျိုးစလုံး ဖြစ်နိုင်တယ်၊ ငါက သူ့ရဲ့ လက်နက်ပုန်းထိခဲ့တာ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် လက်နက်ပုန်းကို လက်နဲ့ပစ်တာလား၊ ခြေထောက်နဲ့ ပစ်တာလား၊ ဒါမှမဟုတ် တခြားနည်းလမ်း သုံးလိုက်တာလား၊ ငါ မခွဲခြားနိုင်ခဲ့ဘူး"



ယခု...

ယိထင်းကျောက်မှာ သူမျှော်လင့်ထားသည်ထက် ပိုပြီး ကြောက်စရာကောင်းသူ ဖြစ်ကြောင်း လွှေဖုံး နားလည်သွားလေတော့သည်။

ကောင်းကျင်းစန်းက...

"ငါက ဘာကြောင့် မင်းကို ခုလို ပြောပြနေသလဲဆိုတာ တွေးမိသလား"

လွှေဖုံးက ကောင်းကျင်းစန်းအား ကြည့်လိုက်ပြန်သည်။

ကောင်းကျင်းစန်းက အလေးအနက် ပြောလိုက်သည်။

"ယိထင်းကျောက်က သိုင်းလောကကို လွှမ်းမိုးဖို့ အစွမ်းကုန် ကြိုးစားနေတယ်၊ မကြာခင် သူက အေးချမ်းတောင်ကြားကို တိုက်ခိုက်တော့မယ်"

"ဩော်"

"အေးချမ်းတောင်ကြားသာ သူ့လက်အောက် ရောက်သွားရင် သိုင်းလောက တစ်ဝက်ကို သူချုပ်ကိုင်နိုင်သွားလိမ့်မယ်၊ ဒါဆိုရင် သိုင်းလောကတစ်ခုလုံးကို သိမ်းပိုက်ဖို့ဆိုတာ သိပ်ပြီး ခက်ခဲတော့မှာ မဟုတ်ဘူးကွဲ့"

လွှေဖုံးက...

"အေးချမ်းတောင်ကြားဟာ သခင်လေးကျူးစုစင်းနဲ့ ပေါ်သက်နေတာပဲ၊ ပြီးတော့ အေးချမ်းတောင်ကြားထဲမှာ ရှိနေကြတဲ့ လူတွေဟာ သိုင်းပညာ မခေကြပါဘူး၊ ယိထင်းကျောက် ကြိုးစား

www.burmeseclassic.com



ရင်လဲ တကယ်တမ်း သိမ်းပိုက်နိုင်ဖို့ မလွယ်ကူသေးပါဘူး”

ဟု ကောက်ချက်ချလိုက်လေသည်။

ကောင်းကျင်းစန်းက...

“ဘာပဲဖြစ်ဖြစ် အေးချမ်းတောင်ကြားကို ဖျက်ဆီးနိုင်ရင် သိုင်းလောကကို ဒုက္ခပေးချင်တဲ့ သူ့ရဲ့ အကြံအောင်မြင်သွားမှာပဲ၊ ငါ့စိတ်ထဲမှာတော့ သူဟာ အေးချမ်းတောင်ကြားကို သိမ်းပိုက်ဖို့ထက် ဖျက်ဆီးဖို့ ပိုပြီး စိတ်အားထက်သန်လိမ့်မယ်လို့ ယူဆထားတယ်”

လွှေဖုံးက...

“အေးချမ်းတောင်ကြားမှာ နေထိုင်ကြသူ အများစုဟာ တစ်ချိန်က အမှောင်လောကသားတွေကို ဆုံးမခဲ့တဲ့ အဖြူရောင်သိုင်းသမားတွေ ဖြစ်ပါတယ်၊ သူတို့က ခုချိန်မှာတော့ အေးအေးဆေးဆေး အနားယူနေကြပြီး သိုင်းလောကထဲကို သိပ်မထွက်ကြတော့ပါဘူး”

မှန်ပေသည်။

အေးချမ်းတောင်ကြားသည် နာမည်နှင့်လိုက်အောင် အေးချမ်းသာယာသော တောင်ကြားတစ်ခု ဖြစ်လေသည်။

တောင်ကြားထဲ၌ မှီတင်းနေထိုင်ကြသူများသည် တစ်ချိန်က သိုင်းလောက၌ ကျင်လည်ကျက်စားကာ အနက်ရောင်သိုင်းသမားများ၊ ဒုစရိုက်သမားများအား ဆုံးမနှိမ်နင်းခဲ့ကြသူများ ဖြစ်လေ သည်။

နောက်ပိုင်း၌ သွေးထွက်သံယို တိုက်ပွဲများ၊ ရှုပ်ထွေးပွေလီမှုများကို စိတ်ပျက်ကာ အနားယူပြီး အေးချမ်းတောင်ကြား၌ သွားရောက်နေထိုင်ခဲ့ကြလေသည်။



အနက်ရောင်သိုင်းသမားများသည် အေးချမ်းတောင်ကြားထဲ၌ နေထိုင်ကြသူများနှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ခဲ့ကြသူများ ဖြစ်လေသည်။

အနက်ရောင်သိုင်းလောကသားများသည် ရန်ငြိုးထားကြပြီး သူတို့နှင့် ပြဿနာ ဖြစ်ခဲ့ဖူးသူများအား ဒုက္ခပေးလိုကြလေ သည်။

ထို့ကြောင့်...

အနက်ရောင်သိုင်းလောကသားများ၏ဆန္ဒကို ဖြည့်ဆည်းပေးသည့် အနေဖြင့် ယိထင်းကျောက်က အေးချမ်းတောင်ကြားအား ဖျက်ဆီးဖို့ စီစဉ်ခြင်း ဖြစ်လေသည်။

အေးချမ်းတောင်ကြားကို ဖျက်ဆီးပြီး အနက်ရောင်လောကသားများ၏ ထောက်ခံမှုကို ပိုမိုခံယူကာ သိုင်းလောကအား ဆက်လက်ဒုက္ခပေးရန် ကြံစည်ကြိုးစားခြင်း ဖြစ်ပါတော့သည်။

ကောင်းကျင်းစန်းက...

“ငါတို့က သည်တောင်ပေါ်မှာချည်း နေလို့ မဖြစ်တော့ဘူး။ ဂိုဏ်းချုပ်လျူရှီဆီကို သွားရလိမ့်မယ်၊ ယိထင်းကျောက်က အေးချမ်းတောင်ကြားကို တိုက်ခိုက်မယ်ဆိုရင် ခြသေ့်ဂိုဏ်းကိုလဲ ချမ်းသာပေးမှာ မဟုတ်ဘူး”

လွှေဖုံး စိတ်လှုပ်ရှားလာလေသည်။

ကောင်းကျင်းစန်းက...

“ပွဲစားကြီးရှမ်းထိုက်က ခြသေ့်ဂိုဏ်းနဲ့ ယိထင်းကျောက်ရဲ့ သတင်းတွေကို ယူလာပေးလိမ့်မယ်၊ ငါတို့ ကြိုတင်ပြင်ဆင်ထားရ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်"

လှေဖုံးက...

"ဆရာ သခင်လေးကျူးစုစင်းကကော"

ကောင်းကျင်းစန်း ပြုံးလိုက်သည်။

"မပူနဲ့၊ အချိန်တန်ရင် သူရောက်လာပါလိမ့်မယ်"

ဟု ပြောလိုက်လေသည်။

* * *



## ပွဲစား

ပွဲစားကြီးရှမ်းတိုက်...။

ပွဲစားကြီးရှမ်းတိုက်သည် ယိထင်းကျောက်၏ဂိုဏ်းတစ်ရာ ဂိုဏ်းအတွက် စားနပ်ရိက္ခာနှင့် ဆေးဝါးပေးသွင်းနေသော ပွဲစားကြီး တစ်ဦး ဖြစ်လေသည်။

ဂိုဏ်းတစ်ရာဂိုဏ်း၏ အကျိုးတော်ဆောင်ကြီးအဖြစ် ထင်ရှားသူ ဖြစ်သည်။

သူ၏မွေးစားသမီးမှာ ချောမောလှပသော မိန်းကလေး တစ်ဦး ဖြစ်သည်။

ပွဲစားကြီး၏မွေးစားသမီးကို ယိထင်းကျောက်က မျက်စိကျ သွားသောအခါ ပွဲစားကြီးက သဘောတူ ကြည်ဖြူခဲ့သည်။

ပွဲစားကြီး၏သမီးမှာ ယိထင်းကျောက်၏အငယ်အနှောင်း တစ်ယောက် ဖြစ်သွား၏။

ပွဲစားကြီး၏သမီးကို ယိထင်းကျောက် အားထားရသည့် လူယုံတော်တစ်ဦးကလည်း သဘောကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com



မွေးစားသမီးသည် ယိထင်းကျောက်နှင့် လူယုံတော်တို့ နှစ်ယောက်စလုံးကို ရင်းနှီးစွာ ပေါင်းသင်းကာ ဂိုဏ်းတစ်ရာဂိုဏ်း၏ သတင်းများရယူပြီး ပွဲစားကြီးထံ ပို့ပေး၏။

ပွဲစားကြီးက ထိုသတင်းများကို ကောင်းကျင်းစန်းနှင့် ခြသေ့ဂိုဏ်းချုပ် လျူရိုထံသို့ တဆင့်ပို့ပေး၏။

ကောင်းကျင်းစန်းမှာ ယိထင်းကျောက်နှင့် မဟာပြိုင်ဘက်ကြီးတစ်ဦးဖြစ်ပြီး ခြသေ့ဂိုဏ်းချုပ်က အေးချမ်းတောင်ကြား၌ နေထိုင်သည့် သိုင်းလောကသားများ အကာအကွယ်ပေးနေသူ ဖြစ်သည်။

ယိထင်းကျောက်က အေးချမ်းတောင်ကြားကို ဒုက္ခပေးမည်ဆိုလျှင် ခြသေ့ဂိုဏ်းအား ဦးဆုံးဖြိုခွဲပစ်ရမည် ဖြစ်လေသည်။

ပွဲစားကြီးရှမ်းထိုက်သည် ယိထင်းကျောက်က အင်အားအလုံးအရင်းဖြင့် ခြသေ့ဂိုဏ်း တည်ရှိသည့် အေးချမ်းမြို့သို့ ဦးတည်လာနေပြီ ဖြစ်ကြောင်း သတင်းပို့လိုက်ပြီ ဖြစ်လေသည်။

ထိုသတင်းကို ကောင်းကျင်းစန်းနှင့် ခြသေ့ဂိုဏ်းချုပ်တို့ လက်ခံရရှိလိုက်ကြသောအခါ ယိထင်းကျောက်အား ရင်ဆိုင်နိုင်ရန် အလျင်အမြန် စီမံဆောင်ရွက်ကြလေတော့သည်။

* * *



## ခြသေ့မျက်ရည်

အေးချမ်းမြို့...။

အေးချမ်းသာယာနေသော အေးချမ်းမြို့ကလေး၏ အရှေ့ပိုင်း၌ ခြသေ့ဂိုဏ်း တည်ရှိနေခြင်း ဖြစ်လေသည်။

ခြသေ့ဂိုဏ်းချုပ်လျူရိုက သူ၏စာဖတ်ခန်းထဲ၌ တစ်ယောက်ထဲထိုင်ကာ တွေးတောစဉ်းစားနေ၏။

သူ၏စားပွဲပေါ်၌ ပေစာရွက်လေးငါးရွက်မျှ ရှိနေလေသည်။

ထိုပေစာရွက်များတွင် ဂိုဏ်းတစ်ရာဂိုဏ်း ချီတက်လာနေသည့် သတင်းကို အဆင့်ဆင့်ပေးပို့ထားသည့် အကြောင်းအရာများ ဖော်ပြထားသည်။

ရောက်ရှိလာသည့် သတင်းများအရ ဂိုဏ်းတစ်ရာဂိုဏ်းသည် အေးချမ်းမြို့နှင့် တစ်စထက်တစ်စ နီးကပ်လာပြီး မကြာမီ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာတော့မည် ဖြစ်လေသည်။

ဂိုဏ်းချုပ်လျှူရှိ သက်ပြင်းချလိုက်သည်။

ထိုစဉ်...

ခြေသံများ ထွက်ပေါ်လာကာ လူသုံးယောက် ရောက်ရှိလာကြလေသည်။

ထိုလူသုံးယောက်မှာ ဂိုဏ်းချုပ်လျှူရှီ၏မွေးစားသား 'ဖန်းလီ'၊ အကြီးပေး 'ရှောင်ယု'နှင့် ကိုယ်ရံတော် 'ထိန်လင်း'တို့ ဖြစ်လေသည်။

ဂိုဏ်းချုပ်လျှူရှီက...

"မင်းတို့ ရောက်လာတာနဲ့ အတော်ပဲ၊ ယိထင်းကျောက်က နောက်သုံးရက်ဆိုရင် အေးချမ်းမြို့ကို ရောက်လာတော့မယ်"

ဟု ပြောလိုက်၏။

မွေးစားသားဖန်းလီက...

"ယိထင်းကျောက် ရောက်မလာခင် ကျွန်တော်တို့ မြို့ပြင်ထွက်ပြီး ရင်ဆိုင်ချင်ပါတယ် ဖေဖေ"

ဟု ပြောလေသည်။

အကြီးပေးရှောင်ယုက...

"ယိထင်းကျောက် မြို့ထဲ ဝင်လာရင် မြို့သူမြို့သားတွေ ထိခိုက်နိုင်ပါတယ်၊ ဒါကြောင့် မြို့ပြင်ထွက်ပြီး ရင်ဆိုင်လိုက်တာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ် ဂိုဏ်းချုပ်ကြီး"

ကိုယ်ရံတော်ထိန်လင်းကလည်း သဘောတူလေသည်။



"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ မြို့ပြင်မှာ ရန်သူကို ရင်ဆိုင်ဖို့ အနေအထားကောင်းတဲ့ နေရာတွေ ရှိပါတယ်၊ ဒါကြောင့် ကျုပ်တို့ မြို့ပြင်ထွက်ပြီး ရင်ဆိုင်ခုခံခွင့်ပြုစေချင်ပါတယ် ခင်ဗျာ"

ဂိုဏ်းချုပ်လျှူရှီက...

"မဖြစ်နိုင်ဘူး ထင်တယ်၊ ယိထင်းကျောက်က အေးချမ်းတောင်ကြားကို ဖျက်ဆီးမယ်လို့ ကတ်ပေးပြီး စည်းရုံးသိမ်းသွင်းခဲ့တာကြောင့် အမှောင်လောကသားတွေ အလုံးအရင်းနဲ့ ပါလာတာ၊ အေးချမ်းတောင်ကြားကို ချေမှုန်းနိုင်ရင် အမှောင်လောကရဲ့ အောင်ပွဲပဲ မဟုတ်လား။ သူတို့ အင်အားကြီးမားလှတော့ ရုတ်တရက် ရင်ဆိုင်ဖို့ဆိုတာ.."

"ကျုပ်တို့က ဒေသခံတွေပါ။ ပထဝီ အနေအထားကို သူတို့ထက် ပိုပြီး ကျွမ်းကျင်ပါတယ်"

"သူတို့ကို အငိုက်ဖမ်းပြီး ချေမှုန်းနိုင်မှာပါ"

"ဟုတ်ပါတယ်၊ ယိထင်းကျောက်က ဘဝင်မြင့်နေပါတယ်၊ ဒါကြောင့် အငိုက်ဖမ်းပြီး တိုက်ခိုက်နိုင်ရင် သူတို့ ကျိန်းသေ အထိနာသွားမှာပါ၊ ဒါဆို အေးချမ်းမြို့ကို ဆက်ပြီး ချီတက်လာဖို့ဆိုတာ နှောင့်နှေးကြန့်ကြာသွားမှာ သေချာပါတယ်"

ဖန်းလီတို့သုံးယောက်က ဝိုင်းပြောကြလေသည်။

ဖန်းလီတို့သည် မြို့ပြင်ထွက်ကာ ယိထင်းကျောက်တို့အုပ်စုအား ရင်ဆိုင်ဖို့ စိတ်အားထက်သန်နေပါတော့သည်။

ဂိုဏ်းချုပ်လျှူရှီ သက်ပြင်းချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရန်သူကို ဆုံးမနိုင်မယ် ထားပါဦး၊ ကိုယ့်ဘက်က ဆုံးရှုံးနစ်နာမှုတွေ ရှိလာနိုင်တယ်ဆိုတာကိုလဲ ထည့်သွင်းစဉ်းစားရလိမ့်မယ်"

ဖန်းလီတို့ ဘာမှ မပြောကြပါ။

သူတို့အား တားဆီးဖို့ ခက်ခဲနေပြီဖြစ်ကြောင်း လျူရှီ သဘောပေါက်လိုက်လေသည်။

ယခင်ကလည်း ခြသေ့ဂိုဏ်းအား ဒုက္ခပေးမည့်သူများ ပေါ်ပေါက်လာပါက ဖန်းလီတို့သုံးယောက်ကပင် ရှေ့ဆုံးမှ ထွက်ကာ ဆုံးမနှိမ်နင်းပြီး အောင်ပွဲခံလေ့ ရှိကြသည် မဟုတ်ပါလား။

လျူရှီက...

"မင်းတို့ စဉ်းစားကြရင် ကောင်းမယ်"

ဟု ပြောလိုက်၏။

ဖန်းလီ ဦးညွှတ်လိုက်သည်။

"ကျွန်တော်တို့ စဉ်းစားပြီးပါပြီ၊ တိုင်ပင်ဆွေးနွေးပြီးပါပြီ၊ အေးချမ်းမြို့သူမြို့သားတွေ ဘေးအန္တရာယ်ကင်းရှင်းစေဖို့ မြို့ပြင်ထွက်ပြီး ရန်သူကို ရင်ဆိုင်တာ အကောင်းဆုံးနည်းလမ်း ဖြစ်တယ်လို့ ကျွန်တော်တို့သဘောတူကြပါတယ်"

လျူရှီက သက်ပြင်းချလိုက်ပြန်လေသည်။

"ကောင်းပြီလေ၊ မင်းတို့ တိုင်ပင်ဆွေးနွေးပြီးပြီ၊ အမီအစဉ် လုပ်ပြီးပြီဆိုရင် ဖေဖေ ဘာမှ မပြောချင်တော့ပါဘူး၊ အားလုံးသတိဝီရိယထားပြီး ဆောင်ရွက်ကြပါ"

သူက သဘောတူ ခွင့်ပြုလိုက်ခြင်းကြောင့် ဖန်းလီတို့ ဝမ်း



သာသွားကြလေတော့သည်။

ဖန်းလီက...

"ဖေဖေ ကျွန်တော်တို့ အချိန်ဆွဲနေလို့ မဖြစ်တော့တာကြောင့် အခုပဲ သွားခွင့်ပြုပါ ဖေဖေ"

လျူရှီ ခေါင်းညိတ်လိုက်လေသည်။

အားလုံး ဆုံးဖြတ်ပြီးကြပြီ ဖြစ်ရကား လာမယ့်ဘေးပြေးတွေ့လိုက်ခြင်းက အကောင်းဆုံးပင် မဟုတ်ပါလား။

လျူရှီ ခွင့်ပြုလိုက်လျှင် ဖန်းလီတို့ ချက်ချင်း ထွက်သွားကြလေတော့သည်။

လျူရှီသည် အားတက်သရော ထွက်သွားကြသော ဖန်းလီတို့ကို ငေးကြည့်ရင်း မကောင်းသော အတိတ်နိမိတ်များ ခံစားလာရလေသည်။

ဖန်းလီတို့က ယိတင်းကျောက်ကို တားဆီးနိုင်ကြပါမည်လော။

ဖန်းလီတို့ ဟန့်တားနိုင်ခဲ့မည်ဆိုပါက မဟာအောင်ပွဲကြီး ဖြစ်ပေလိမ့်မည်။

သို့သော်...

ထိုကိစ္စသည် စိတ်ကူးယဉ်သက်သက်မျှသာ ဖြစ်ပေလိမ့်မည်။

အင်အားကြီးမားလှသော ယိယင်းကျောက်အား ဆုံးမနိုင်ဖို့ လွယ်ကူမည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



လျှူရီက...

"ဖန်းလီတို့ မတားနိုင်ဘူးဆိုရင် ခြသေ့်ဂိုဏ်းကို ခြေရာပျောက်လိုက်မှ မြို့သူမြို့သားတွေ သက်သာကြလိမ့်မယ်"

ဟု ရေရွတ်လိုက်လေသည်။

* * *



ကြယ်ဖြူအာမခံဌာန...။

ကြယ်ဖြူအာမခံဌာနမှာ ခြသေ့်ဂိုဏ်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်လေသည်။

ခြသေ့်ဂိုဏ်း၏ ကုန်ကျစရိတ်များကို ကာမိစေရန် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပြီး ဝင်ငွေရှာဖွေရလေသည်။

ကြယ်ဖြူအာမခံဌာန၏ ဝင်ငွေသည် ခြသေ့်ဂိုဏ်း၏ ကုန်ကျစရိတ် လေးပုံတစ်ပုံကို တာဝန်ယူ ဖြေရှင်းပေးလျက် ရှိသည်ဟု ဆိုနိုင်၏။

ကြယ်ဖြူအာမခံဌာနအား တာဝန်ယူဦးဆောင်ရသူမှာ ကျောက်ဖား ဖြစ်သည်။

ကျောက်ဖားသည် ခြသေ့်ဂိုဏ်း၏လူယုံတော် ဌာနမှူးတစ်ဦးလည်း ဖြစ်လေသည်။

ယနေ့...

ကျောက်ဖားက ကြယ်ဖြူအာမခံဌာန၌ ရှိနေစဉ် ကျယ်လောက်သော မြင်းခွာသံများနှင့်အတူ မြင်းစီးသမားသုံးယောက် ရောက်ရှိလာလေသည်။

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

ဆူဆူညံညံ မြင်းခွာသံများသည် အာမခံဌာန ရှေ့၌ ရပ်တန့်သွားလေသည်။

အေးချမ်းမြို့သို့ ယိယင်းကျောက်တို့လူစုက ဦးတည်ချီ

www.burmeseclassic.com

www.burmeseclassic.com



တက်လာနေပြီဆိုသော သတင်းကြောင့် လူတိုင်းလူတိုင်း ထိတ်လန့်တုန်လှုပ်နေကြ၏။

ပြင်းထန်သော တိုက်ပွဲကြီးများ ဖြစ်ပေါ်လာမည့် အရေးကို တွေးကာ စိုးရိမ်ပူပန်နေကြ၏။

အာမခံဌာနခေါင်းဆောင် ကျောက်ဖားက အပူပန်ဆုံး ဖြစ်လေသည်။

သူက ခြသေ့်ဂိုဏ်းနှင့် ပတ်သက်နေသည် မဟုတ်ပါလား။

ကြယ်ဖြူအာမခံဌာနသည် အေးချမ်းမြို့ပြင် ဈေးသည်များကျေးရွာ၌ ဖွင့်လှစ်ထားခြင်း ဖြစ်လေသည်။

ဈေးသည်များကျေးရွာသည် ခရီးသွားလမ်းဆုံ တစ်နေရာ၌ ခရီးသွားများအား ဈေးသည်များက ကုန်ပစ္စည်းများ၊ စားသောက်စရာများ လာရောက်ရောင်းချရင်း အခြေချခဲ့ကြရာမှ ကျေးရွာကလေးသဖွယ် ဖြစ်လာပြီး ဈေးသည်ကျေးရွာဟု အမည်တွင်ခဲ့ခြင်း ဖြစ်သည်။

ကျောက်ဖားက တိုင်ရာမှထလိုက်စဉ် အာမခံဌာန အတွင်းသို့ လူသုံးယောက် ဝင်ရောက်လာကြလေသည်။

ထိုလူသုံးယောက်မှာ ဖန်းလီ၊ ရှောင်ယုနှင့် ယိန်ထင်းတို့ ဖြစ်လေသည်။

ခြသေ့်ဂိုဏ်းမှ အရေးပါ အရာရောက်သူများ ရောက်ရှိလာကြခြင်းကြောင့် ကျောက်ဖား ပိုပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။



"သခင်လေးတို့ ထိုင်ကြပါ"

ချက်ခြင်းပင် နေရာထိုင်ခင်း ပြင်ဆင်ပေးပြီး စားသောက်ဖွယ်ရာများ စီမံရန် တပည့်များအား အမိန့်ပေးလိုက်လေသည်။

သို့သော် ဖန်းလီ လက်ကာပြလိုက်သည်။

"ဆရာကျောက်ဖား ဘာမှ လုပ်မနေနဲ့တော့၊ ကျုပ်တို့ အခုပဲ သွားကြတော့မှာ ဆရာကျောက်ဖားရဲ့ ဌာနက လူတစ်ချို့ကို ခေါ်သွားမယ်"

"ဟုတ်ကဲ့ သခင်လေး"

ကျောက်ဖား သဘောတူကာ သူ၏အာမခံဌာန၌ တာဝန်ထမ်းဆောင်နေသည့် ခြသေ့်ဂိုဏ်းသားများထဲမှ အားထားရသူများကို ချက်ချင်းခေါ်ယူကာ စုစည်းစေလိုက်လေသည်။

ဖန်းလီတို့က ချီတက်လာနေသော ယိထင်းကျောက်တို့လူစုအား သွားရောက်ဟန့်တားကြမည် ဖြစ်ကြောင်း သိရှိထားပြီး ဖြစ်လေသည်။

ကြယ်ဖြူအာမခံဌာနသည်လည်း မကြာမီ ဖြစ်ပေါ်လာတော့မည့် တိုက်ပွဲများကြောင့် အာမခံလုပ်ငန်းများကို ကြိုတင်ရပ်ဆိုင်းထားလိုက်ပြီ မဟုတ်ပါလား။

ထို့ကြောင့် ကြယ်ဖြူအာမခံဌာန၌ တာဝန်ထမ်းဆောင်နေကြသူများ အားလပ်နေကြပါတော့သည်။

ကျောက်ဖားက စီစဉ်ပေးလိုက်လျှင် ဖန်းလီက...

"ဆရာကျောက်ဖားတို့လဲ သတိဝီရိယနဲ့ နေကြ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မှာကြားပြီး ကြယ်ဖြူအာမခံဌာနမှ ခြသေ့်ဂိုဏ်းသားများကို ခေါ်ကာ ရောင်ယု၊ ထိန်လင်းတို့နှင့်အတူ ပြန်လည်ထွက်ခွာသွားလေတော့သည်။

* * *

"ခွပ်ခွပ်…ခွပ်ခွပ်"

"ခွပ်ခွပ်…ခွပ်ခွပ်"

ထွက်ပေါ်လာသော မြင်းခွာသံများမှာ ကျယ်လောင်မြည်ဟီးကာ မြေကြီးများပင် တုန်ခါသွားသည် ထင်မှတ်ရလေတော့သည်။

ဖန်းလီတို့သုံးယောက်နှင့်အတူ ကြယ်ဖြူအာမခံအဖွဲ့သားများ လိုက်ပါသွားခြင်း ဖြစ်လေသည်။

ကျောက်ဖားက အာမခံဌာန အပြင်ဘက်သို့တိုင် လိုက်လံပို့ဆောင်ပေးလိုက်ခြင်း ဖြစ်သည်။

မြင်းဒုန်းစိုင်း စီးနင်းသွားကြသူများကြောင့် လမ်းပေါ်၌ ဖုန်တထောင်းထောင်း ထသွားလေသည်။

မကြာပါချေ။

မြင်းခွာသံများ တဖြည်းဖြည်း တိုးတိတ်သွားသကဲ့သို့ ဖုန်များလည်း လွင့်ပါးသွားလေသည်။

ကျောက်ဖား သက်ပြင်းချလိုက်လေသည်။



မကြာမီ…

ဖန်းလီတို့လူစုက တိုက်ပွဲဝင်ကြတော့မည် ဖြစ်ပေတော့သည်။

တိုက်ပွဲကြီး ပေါ်ပေါက်လာတော့မည်မှာ မြေကြီးလက်ခတ် မလွဲပါချေ။

ဖြစ်ပေါ်လာမည့် တိုက်ပွဲကြီးက ကျောက်ဖားအား စိတ်လှုပ်ရှားစေပါသည်။

ဖန်းလီတို့လူစုက ယိထင်းကျောက်တို့အား ဟန့်တားနိုင်ခြင်း မရှိခဲ့ပါလျှင် ယိထင်းကျောက်တို့သည် ဈေးသည်ရွာကလေးသို့ ကျိန်းသေရောက်ရှိလာကြမည် ဖြစ်လေသည်။

ယိထင်းကျောက်တို့နှင့် ရင်ဆိုင်ရမည်မှာ သူ၏တာဝန်သာ ဖြစ်လေသည်။

ကျောက်ဖားက သူ၏သားဖြစ်သူ အကြောင်း တွေးလိုက်မိသည်။

သူ့တွင် သားတစ်ယောက် ရှိပါသည်။

သူ၏သားကို အဝေးသို့ လွှတ်ကာ ပညာသင်ကြားစေသည်။

ယခုလို အချိန်မျိုး၌ သူ၏သားဖြစ်သူ အဝေးသို့ ရောက်နေသဖြင့် ကံကောင်းသည်ဟု ဆိုရမည် မဟုတ်ပါလား။

"ငါ့သားကို အဝေးလွှတ်ထားမိတာ ကံကောင်းတာပဲ"

ကျောက်ဖား တီးတိုးရေရွတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ...

ယိထင်းကျောက်မှာ အလွန်ကြောက်စရာကောင်းပြီး တစ်ချိန်ချိန်၌ သူ့အား ကောင်းကောင်းကြီး ဒုက္ခပေးလာမည်ကိုသာ ကျောက်ဖား ကြိုတင်သိရှိနိုင်ခဲ့မည်ဆိုပါလျှင်...

ကျောက်ဖားက ကံကောင်းသည်ဟု ယူဆ ဖြစ်တော့မည် မဟုတ်ချေ။

* * *



## ရန်ကြွေး

ဖန်းလီတို့လူစုသည် ယိထင်းကျောက်တို့အား ဟန့်တားဖို့ ထွက်သွားကြပြီ ဖြစ်လေသည်။

ခြသေ့်ဂိုဏ်း၌ တိတ်ဆိတ်ခြောက်သွေ့သွားသည်ဟု ဂိုဏ်းချုပ်လျူရှီ ခံစားရလေသည်။

သို့သော်...

ထိုတိတ်ဆိတ်ခြောက်သွေ့ခြင်း၊ ငြိမ်သက်ခြင်းက တခဏတာမျှသာ ဖြစ်ပြီး မကြာမီ ရေအိုးကဲ့သို့ ပွက်ပွက်ဆူလောင်လာလိမ့်မည်ဟု လျူရှီ နားလည်ထားလေသည်။

မကြာမီ တိုက်ပွဲသတင်းများကို ကြားရတော့မည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



လျှူရီက အထောက်တော်များ၊ ဆက်သားများကို အသုံးပြု ကာ သတင်းများ အဆက်မပြတ် ထောက်လှမ်းနေခဲ့သည်။

ယခုလည်း လျှူရီထံသို့ အထောက်တော်တစ်ယောက် ရောက်ရှိလာလေသည်။

လျှူရီက အထောက်တော်အား လှည့်ကြည့်လိုက်ပြီး...

"ဘာတွေ ထူးသလဲဟေ့"

ဟု မေးလိုက်လေသည်။

အထောက်တော်က...

"သခင်လေးဖန်းလီတို့ဟာ တောင်ကုန်းတွေဆီကို ရောက်ရှိ သွားပြီး ရန်သူကို သုံးဘက်သုံးတန်က ဝိတ်ဆို့တိုက်ခိုက်နိုင်အောင် နေရာယူထားပြီးပါပြီ"

လျှူရီ ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်..ကောင်းတယ်၊ ရန်သူရဲ့ အခြေအနေကော ဘယ်လိုလဲ ပြောပါဦး"

အထောက်တော်က...

"ရန်သူက အပြင်းချီတက်နေကြပါတယ်၊ ယိထင်းကျောက် က မြင်းလှည်းကြီးတစ်စီးနဲ့ လိုက်ပါလာပါတယ်၊ သူ့အားထားရတဲ့ လက်ရုံးအားလုံးနီးပါးလဲ လိုက်ပါလာပါတယ်၊ အဲသည်အထဲမှာ 'ချူး ကျန့်'ဆိုတဲ့လူတစ်ယောက်လဲ ပါလာတယ်လို့ သိရပါတယ်"

"ဘာ"

လျှူရီ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။



"ချူးကျန့် ဟုတ်လား"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

လျှူရီသည် စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ကာ...

"ကောင်းပြီလေ၊ အားလုံးသတိဝီရိယ ရှိကြပါ၊ ရန်သူက အင်အားကြီးတော့ အခြေအနေ မဟန်ရင် ရှောင်တိမ်းသွားဖို့ ကျုပ် အမိန့်ထုတ်လိုက်တယ် ပြောပါ"

"ဟုတ်ကဲ့"

လျှူရီ လက်ဝှေ့ယမ်းပြလိုက်လျှင် အထောက်တော်လည်း အရိုအသေပေးကာ ချက်ချင်းပြန်ထွက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဘောက်တော် ထွက်သွားပြီ ဖြစ်သည်။

လျှုရိက ထိုင်ခုံပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

သူ၏နှုတ်ခမ်းများ ကလှုပ်လှုပ် ဖြစ်နေကာ…

"ချူးကျန့်"

ဟု ရေရွတ်နေ၏။

ချူးကျန့်…။

ချူးကျန့်ဆိုသူ အကြောင်းကို လျှုရိ ကောင်းကောင်းကြီး သိနေပါ၏။

အဘယ်ကြောင့်ပါနည်း။

လျှုရိသည် ချူးကျန့်ဆိုသူ အကြောင်းကို တွေးတောစဉ်းစားနေမိလေတော့သည်။

* * *



လွန်ခဲ့သော ငါးနှစ်ခန့်က ဖြစ်သည်။

လျှုရိသည် ခြသေ့်ဂိုဏ်းကို ထူထောင်ကာ သိုင်းလောကအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်ခဲ့လေသည်။

တစ်နေ့…

ခြသေ့်ဂိုဏ်းသို့ ဧည့်သည်တစ်ယောက် ရောက်ရှိလာလေသည်။

လျှုရိသည် ရောက်လာသည့် ဧည့်သည်ကို မြင်လျှင် အံ့သြဝမ်းသာသွားလေသည်။

"ဟာ…နောင်ကြီးအိုရန်၊ ဘယ်က ဘယ်လို မျက်စိလည်လမ်းမှားပြီး ရောက်လာတာလဲဗျ"

ဧည့်သည်မှာ လျှုရိနှင့် ညီရင်းအစ်ကိုပမာ ရင်းနှီးပြီး လျှုရိ ခြသေ့်ဂိုဏ်း ထူထောင်ရာ၌ အားတက်သရော ဝိုင်းဝန်းကူညီဆောင်ရွက်ကာ လိုလေသေးမရှိ ပံ့ပိုးပေးခဲ့သည့် အိုရန်ဖုံးဆိုသူ ဖြစ်လေသည်။

အိုရန်ဖုံးသည်လည်း အများအကျိုး၊ သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်နေသည့် အဖြူရောင်သိုင်းသမားတစ်ဦး ဖြစ်လေသည်။

အိုရန်ဖုံးက…

"ကျုပ်က လူသတ်ဓားပြတိုက် ဆိုးချင်တိုင်း ဆိုးသွမ်းနေတဲ့ ချူးကျန့်ဆိုတဲ့လူဆိုးတစ်ယောက်ကို ဆုံးမဖို့ ခြေရာခံလိုက်ခဲ့ရင်း သည်ဘက်ကို ရောက်လာတာနဲ့ ခင်ဗျားကို သတိရလို့ ဝင်လာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



လျှူရီက…

“ချူးကျန့်က အတော်သတင်းကြီးနေတာပဲ၊ ကျုပ်လဲ သူ့ကို ဆုံးမချင်နေတာပါ၊ နေပါဦး၊ သူက သည်နယ်ဘက်ကို ရောက်လာတယ်၊ သတင်းကြားမိလို့လားဗျာ”

အိုရန်ဖုံးက…

“မကြာသေးခင်က သည်နယ်ဘက်ကို ရောက်လာတယ်လို့ ကြားမိတယ်၊ ဒါပေမယ့် သိပ်တော့ မသေချာဘူး”

လျှူရီက…

“ဘာပဲဖြစ်ဖြစ် သည်နယ်ထဲ ရောက်လာတယ်ဆိုရင် ကျုပ်လည်း လက်ပိုက်ကြည့်မနေပါဘူးဗျာ”

နှစ်ယောက်သား လူဆိုးချူးကျန့်အကြောင်း၊ သိုင်းလောက အကြောင်း၊ ခြသေ့်ဂိုဏ်းအကြောင်း စသည်ဖြင့် ရောက်တတ်ရာရာ ပြောဆိုဆွေးနွေးကြသည်။

လျှူရီက လိုလေသေး မရှိအောင် ဧည့်ခံပြုစုလေသည်။

အိုရန်ဖုံးသည် ခြသေ့်ဂိုဏ်း၌ တစ်ရက်နေထိုင်ပြီး နောက် တစ်နေ့တွင် လျှူရီကို နှုတ်ဆက်ကာ ချူးကျန့်၏သတင်းကို စုံစမ်းရန် ထွက်ခွာသွားလေတော့သည်။

* * *



လျှူရီသည် ခြသေ့်ဂိုဏ်း၏ကိစ္စများဖြင့် အိုရန်ဖုံးအား မေ့လျော့သွားလေသည်။

သို့သော်…

များမကြာမီ သတင်းတစ်ခု ကြားလိုက်ရ၏။

သတင်းဆိုး ဖြစ်သည်။

အိုရန်ဖုံးတစ်ယောက် လူဆိုးချူးကျန့်၏လက်ချက်မိကာ သေဆုံးသွားသည်ဆိုသည့် သတင်းဖြစ်သည်။

လျှူရီ ခံပြင်းဒေါသထွက်၍ မဆုံး ဖြစ်သွားလေတော့သည်။

“ချူးကျန့်၊ မင်းလွတ်အောင် ပြေးပေတော့”

ဟု ကြုံးဝါးပြီး ချူးကျန့်အား ဆုံးမရန် စီစဉ်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်၏အရက်ဆိုင်လေးမှာ အမြဲတမ်း လူစည်ကားနေတတ်သော ဆိုင်လေး ဖြစ်သည်။

သို့သော် ယနေ့တွင် မုတ်ဆိတ်၏အရက်ဆိုင်လေးထဲ၌ လူရှင်းနေ၏။

အရက်သောက်နေသူ တစ်ယောက်သာ ရှိသည်။

ထိုလူကြောင့်လည်း အခြားအရက်သောက်မည့်သူများ မလာဝံ့ကြသဖြင့် လူရှင်းနေရခြင်း ဖြစ်ပါတော့သည်။

ဆိုင်ရှင်မုတ်ဆိတ် အပါအဝင် အားလုံးက ထိုလူအား ကြောက်ရွံ့ထိတ်လန့်နေကြသည် မဟုတ်ပါလား။

ထိုလူကလည်း အမှန်ပင် ကြောက်စရာကောင်းသူတစ်ဦး ဖြစ်နေပါတော့သည်။

ဆိုင်ရှင်မုတ်ဆိတ်က ဆိုင်အလယ်တည့်တည့်ရှိ စားပွဲ၌ ထိုင်ကာ အရက်သောက်နေသည့် ထိုလူကို ကြည့်ပြီး ထိုလူ ဆိုင်ထဲ ဝင်ရောက်လာပြီး ပြဿနာရှာခဲ့ပုံကို ပြန်လည်မြင်ယောင်လာလေ သည်။

ထိုအချိန်က အရက်ဆိုင်လေးထဲ၌ ထိုင်စရာနေရာ မရှိအောင် လူစည်ကားပြည့်ကျပ်နေချိန် ဖြစ်သည်။

ထိုလူသည် ဆိုင်ထဲ ရောက်လာသည်နှင့် တစ်ချက်ဝေ့ကြည့်ပြီး အသံသြသြကြီးဖြင့် ပြောလိုက်လေသည်။

"အားလုံး ဆိုင်ထဲက ထွက်သွားကြစမ်း"

သူ၏စကားသံက ဆွဲဆွဲညည်ညံ့ ရှိနေသော အသံဗလံ အားလုံးကို ဖုံးလွှမ်းကာ မိုးခြိမ်းသံအလား ထွက်ပေါ်လာလေသည်။



ဆိုင်ထဲ၌ မိုးကို ရေဖြန်းငြိမ်းသတ်လိုက်သည့်အလား ချက်ချင်းတိတ်ဆိတ်သွားလေသည်။

အားလုံးသည် ဆိုင်ထဲ ဝင်လာသူကို လှမ်းကြည့်လိုက်ကြလေသည်။

ထိုလူက...

"ပြောနေတာ မကြားဘူးလား။ ထွက်သွားကြစမ်း"

ဟု ထပ်မံအော်ဝေါက်လိုက်သည်။

ယခုတစ်ကြိမ် တဆိုင်လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေတော့သည်။

"ဇော်ကားလုချည်လား"

"မင်းက ဘာကောင်လဲ"

"သေချင်ပြီ ထင်တယ်"

လူသုံးယောက်က ဝုန်းခနဲ ထရပ်လိုက်ကြ၏။

ထိုလူသုံးယောက်မှာ မုတ်ဆိတ်၏အရက်ဆိုင်လေး၌ သွေးအဆိုးဆုံးလူများဟု သတ်မှတ်ခံထားရသူများ ဖြစ်လေသည်။

ထိုလူသုံးယောက်က အော်ဝေါက်ရင်း ဆိုင်ထဲ ဝင်လာသူ အနီးသို့ ချက်ချင်းရောက်ရှိသွားကြပြီး ရန်ပြုလိုက်ကြလေသည်။

လက်သွက်သူများ ဖြစ်ကြသည့်အတိုင်း ဆိုင်ထဲဝင်လာ သူအား တိုက်ခိုက်ပြီးသား ဖြစ်သွားလေသည်။

မုတ်ဆိတ် သက်ပြင်းချလိုက်သည်။

ဆိုင်ထဲဝင်လာသူမှာ ယနေ့မှ ရောက်လာသော မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



စိမ်းတစ်ယောက် ဖြစ်သည်။

အကြောင်း မသိသေးသော မျက်နှာစိမ်းက ဤနေရာ၌ လာရောက်လေကျယ်ခဲ့ခြင်းကြောင့် ဒုက္ခရောက်ရတော့မည်ဟု တွေးလိုက်မိလေသည်။

သို့သော်...

မျက်နှာစိမ်းက လှုပ်ရှားလိုက်သောအခါ မုတ်ဆိတ်၏ အထင်နှင့်အမြင် တလွဲတခြား ဖြစ်သွားရလေတော့သည်။

မျက်နှာစိမ်းက ခါး၌ချိတ်ဆွဲထားတာဓားကို ဆွဲထုတ်လိုက်သည်။

သူ၏ဓားကိုင်ထားသော လက်ကို ဝှေ့ယမ်းလိုက်သည်နှင့် ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာကာ...

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေတော့သည်။

မျက်နှာစိမ်း၏လက်ချက်ဖြင့် တိုက်ခိုက်သူ သုံးယောက်မှာ ကြမ်းပြင်ပေါ် ပုံလျက်သား လဲကျသွားကြလေသည်။

သွေးအိုင်ထဲ လဲကျကာ မလှုပ်မယှက် ငြိမ်သက်သွားကြလေတော့သည်။

"ဟင်"



"ဟာ"

မုတ်ဆိတ်အပါအဝင် အားလုံးသောလူများ အထိတ်တလန့် ဖြစ်သွားကြလေတော့သည်။

မျက်နှာစိမ်းက...

"ထွက်သွားကြစမ်း"

ဓားကို ပြန်လည်သိမ်းဆည်းပြီး စိတ်မရှည်သလို အော်ပြောလိုက်လေသည်။

ယခုတစ်ကြိမ်...

ဆိုင်ထဲ ရှိနေသူများမှာ မျက်နှာစိမ်း၏စကားကို အမှုမထားဘဲ မနေနိုင်ကြတော့ပါ။

မျက်နှာစိမ်းအား တိုက်ခိုက် ရန်ပြုဖို့လည်း မဝံ့ရဲကြတော့ပါ။

အားလုံး ထိုင်ရာမှထကာ ဆိုင်အပြင်ဘက်သို့ အလုအယက် ထွက်သွားကြတော့သည်။

မုတ်ဆိတ် သက်ပြင်းချလိုက်ပြန်သည်။

အရက်သောက်နေသော မျက်နှာစိမ်းကို တစ်ချက်ကြည့်လိုက်မိပြန်သည်။

အလောင်းသုံးလောင်းက ဆိုင်ထဲ၌ ရှိနေဆဲ။

မုတ်ဆိတ်သည် မျက်နှာစိမ်းအား မောင်းမထုတ်ဝံ့ဘဲ လိုလေသေးမရှိ လုပ်ကိုင်ဆောင်ရွက် ပေးလိုက်ရလေတော့သည်။

မုတ်ဆိတ်က မျက်နှာစိမ်း အရက်သောက်ပြီး ဆိုင်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်ထွက်သွားပါစေဟု ဆုတောင်းနေမိတော့သည်။

ထိုအချိန်မှာပင် မျက်နှာစိမ်းက ထိုင်ရာမှ ထလိုက်လေသည်။

မုတ်ဆိတ် ဝမ်းသာသွားလေသည်။

"မိတ်ဆွေလေး အရက်သောက်လို့ ဝပြီး မဟုတ်လား၊ သွားတော့မယ် မဟုတ်လား၊ ကျုပ်က မိတ်ဖြစ်ဆွေဖြစ် အရက်အလကား တိုက်လိုက်ပါ့မယ်၊ ပိုက်ဆံ မယူပါဘူး၊ နောက်လည်း လာခဲ့ပေါ့ဗျာ"

ဟု လှမ်းပြောလိုက်လေသည်။

မျက်နှာစိမ်းက ဘာမှမပြောဘဲ မုတ်ဆိတ်ရှေ့သို့ လှမ်းလာပြီး ခြေစုံရပ်လိုက်သည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင်မိလိုက်သောအခါ မုတ်ဆိတ် ပိုပြီး ထိတ်လန့်သွားရလေတော့သည်။

အကြောင်းမှာ...

မျက်နှာစိမ်းသည် အလွန်ကြောက်စရာကောင်းသည့် လူသတ်သမားတစ်ယောက်အသွင် ရှိနေသည် မဟုတ်ပါလား။

မျက်နှာစိမ်းက မုတ်ဆိတ်ကို စိုက်ကြည့်ပြီး အေးတိအေးစက် ပြောလေသည်။

"သည်အရပ်ဒေသမှာ ဓားပြတိုက်လို့ ကောင်းမယ့် နေရာဘယ်မှာ ရှိသလဲ"

"ဗျာ"

"ဓားပြတိုက်ဖို့ ကောင်းမယ့် နေရာကို မေးနေတာ"



"ဒါ..ဒါက"

ထိုစဉ်...

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

ဆိုင်ရှေ့သို့ မြင်းစီးသမားသုံးယောက် ရောက်ရှိလာကြလေသည်။

မုတ်ဆိတ်ဝမ်းသာသွား၏။

"ဟော..အရက်သောက်မယ့် လူတွေ ရောက်လာပြီ"

မျက်နှာစိမ်း အာရုံပြောင်းသွားအောင် ပြောလိုက်၏။

မျက်နှာစိမ်းလည်း အာရုံပြောင်းသွားလေသည်။

ဆိုင်အပေါက်ဝသို့ လှည့်ကြည့်လိုက်၏။

မြင်းစီးသမားသုံးယောက်က ဆိုင်ထဲ လှမ်းဝင်လာကြလေသည်။

ထိုလူသုံးယောက်ကား လျှူရှီ စေလွှတ်လိုက်သည့် လက်ရွေးစင်သိုင်းသမားများ ဖြစ်လေသည်။

မျက်နှာစိမ်းမှာ လူဆိုးချူးကျန့် ဖြစ်သည်။

လျှူရှီ၏လူများသည် ချူးကျန့်အား ရှာဖွေတွေ့ရှိသွားကြပြီ ဖြစ်လေသည်။

မုတ်ဆိတ်က အသံတိုးတိုးဖြင့် ပြောလိုက်၏။

"သူတို့က ဝတ်ကောင်းစားလှ ဝတ်ထားကြတယ်၊ အသက်

www.burmeseclassic.com



တန်းလွှာက ဖြစ်မယ်၊ သူတို့ကို စားပြတိုက်လို့ ရတာပေါ့"

မျက်နှာစိမ်း(ဝါ)ချူးကျန့် ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်"

ချက်ချင်းပင် လျူရီ လွှတ်လိုက်သူသုံးယောက်ထံသို့ လှမ်းသွားလိုက်လေသည်။

လျူရီ လွှတ်လိုက်သူများမှာ သတင်းစုံစမ်းထား၍ ချူးကျန့်အား ကောင်းစွာ သိရှိထားကြပြီး ဖြစ်လေသည်။

ချူးကျန့်က သူတို့ထံ လှမ်းလာနေသည်ကို မြင်လျှင်...

"သတိထား"

အချင်းချင်း တီးတိုးသတိပေးလိုက်ပြီး ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြလေသည်။

ချူးကျန့်က...

"မင်းတို့ ဘယ်သူတွေပဲဖြစ်ဖြစ် ပါလာတဲ့ ပိုက်ဆံအားလုံး ထားခဲ့၊ မင်းတို့ စီးလာတဲ့ မြင်းတွေကိုလဲ ထားခဲ့ပြီး ထွက်သွားကြစမ်း"

ဟု ငေါက်လိုက်လေသည်။

လျူရီ၏လူသုံးယောက် မေ့ါသထွက်သွားကြလေသည်။

"ချူးကျန့် မင်းက ဂိုဏ်းချုပ်လျူရီရဲ့ မိတ်ဆွေ အိုရန်ဖုံးကို သတ်ပစ်လိုက်တာ ဒုက္ခရောက်ချင်လို့ပဲ"

"ဂိုဏ်းချုပ်က မင်းကို ဆုံးမဖို့ ငါတို့ကို လွှတ်လိုက်တာပဲ"

"သေဖို့ပြင်ထား"



အော်ငေါက်ကာ ဝိုင်းပြီး တိုက်ခိုက်လိုက်ကြလေတော့သည်။

ချူးကျန့် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဤနယ်တဝိုက်၌ ခြင်္သေ့ဂိုဏ်း ကြီးစိုးထားကြောင်း သတင်းကြားထားပြီး ဖြစ်သည်။

အိုရန်ဖုံးက သူ့အား လိုက်လံဒုက္ခပေးနေသဖြင့် သုတ်သင်ရှင်းလင်းပစ်လိုက်ခြင်း ဖြစ်သည်။

ခြင်္သေ့ဂိုဏ်းချုပ်လျူရီနှင့် အိုရန်ဖုံးတို့မှာ ခင်မင်ရင်းနှီး သော မိတ်ဆွေများ ဖြစ်နေကြသည်ကို ယခုမှ သိလိုက်ရလေသည်။

ခြင်္သေ့ဂိုဏ်းချုပ်လျူရီမှာ အမှောင်လောကသားများ အတွက် ကြောက်စရာကောင်းသူ ဖြစ်နေသည်။

ချူးကျန့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပါ။

"မင်းတို့လဲ သေချင်လို့ပဲ ဖြစ်မယ်"

ဟု အော်ငေါက်ကာ တိုက်ခိုက်လိုက်လေတော့သည်။

လျူရီ၏လက်ရွေးစင် သိုင်းသမားသုံးယောက်ကလည်း လက်နက်များ ဆွဲထုတ်ကာ ပြန်လည်ရင်ဆိုင်လိုက်ကြ၏။

အရက်ဆိုင်လေးထဲ၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လျှုရှီ၏လက်ရွေးစင်သုံးယောက်မှာ အားကိုးအားထား ပြုရသူများ ဖြစ်လေသည်။

ထိပ်တန်းသိုင်းပညာ ရှိကြသူများလည်း ဖြစ်ကြလေသည်။

သုံးယောက်ပေါင်းလိုက်သောအခါ သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေပါတော့သည်။

"ဟိတ်"

"ယား"

"ဝှစ်..ဝှစ်..ဝှစ်"

ညာသံပေးသံများ တိုက်ခိုက်သံများက ဆိုင်ထဲ ဖုံးလွှမ်းသွား၏။

လူရိပ်များ ရှုပ်ထွေးသွားပြီး...

"အား"

စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာကာ လျှုရှီ၏လက်ရွေးစင်သိုင်းသမားတစ်ယောက်မှာ ချူးကျန့်၏လက်ချက်မိကာ လဲကျသွားတော့သည်။

ချူးကျန့်က လျှုရှီ၏လက်ရွေးစင် သိုင်းသမားတစ်ဦးအား သတ်ပစ်လိုက်ပြန်ပြီ ဖြစ်လေသည်။

ထို့အပြင်...

ကျန်လက်ရွေးစင်သိုင်းသမားနှစ်ယောက်ကိုလည်း ဒဏ်ရာရသွားစေခဲ့လေသည်။

ထို့အတူ ချူးကျန့်လည်း ဒဏ်ရာတစ်ချက် ရရှိသွားလေ



တော့သည်။

ချူးကျန့်ကော လက်ရွေးစင်သိုင်းသမား နှစ်ယောက်ပါ နောက်ဆုတ်လိုက်ကြလေသည်။

ထိုအချိန်မှာပင်...

"ဟိတ်"

လူတစ်ယောက်က ဆိုင်ထဲခုန်ဝင်လာပြီး ချူးကျန့်အား တိုက်ခိုက်လိုက်လေတော့သည်။

* * *

"ဟူး"

"ဝှစ်..ဝှစ်..ဝှစ်"

ဆိုင်ထဲ ခုန်ဝင်လာသည့်လူ၏ ပြင်းထန်သော ဓားချက်များက နောက်ဆုတ်လိုက်သည့် ချူးကျန့်အား ပိတ်ဆို့တိုက်ခိုက်ပြီးသား ဖြစ်သွားလေသည်။

"ဟင်"

ချူးကျန့် ရင်ထိတ်သွား၏။

ကပျာကယာ အပေါ်ခုန်တက်ကာ ရှောင်တိမ်းလိုက်ရ၏။

သို့တိုင်...

"ဝုန်း"

ခေါင်မိုး၌ အပေါက်ကြီးတစ်ပေါက် ဖြစ်ပေါ်လာကာ လူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ခုန်ဆင်းလာလေသည်။

ထိုလူကား လျှိုရီ အားထားရသည့် ကိုယ်ရံတော်ကျောက်ဖား ဖြစ်လေသည်။

ချူးကျန့်အား သုတ်သင်ဖို့ ရောက်ရှိလာသူများတွင် ကျောက်ဖား၏သိုင်းပညာ အမြင့်မားဆုံး ဖြစ်လေသည်။

ကျောက်ဖားက ခေါင်မိုးပေါ်မှ ခုန်ချလာရင်း အပေါ်စီးယူကာ ချူးကျန့်အား တိုက်ခိုက်လိုက်လေသည်။

"ဟာ"

ချူးကျန့် ဗိုပြီး ထိတ်လန့်သွားလေသည်။

ကပျာကယာ ဓားကို အပေါ်ဝှေ့ယမ်းကာ ခံလိုက်၏။

"ခြွမ်း"

ဓားနှစ်လက် ပြင်းထန်စွာ ထိတွေ့မိပြီး မီးပွင့်ကလေးများပင် ထွက်ပေါ်လာလေသည်။

ထိုအချိန်လေးမှာပင်...

"ဝှစ်...ဝှစ်...ဝှစ်"

အောက်ဘက်၌ ရှိနေသော လျှိုရီ၏လူများက လက်နက်ပုန်းလေးများဖြင့် ဝှစ်ခနဲတိုက်ခိုက်လိုက်ကြလေသည်။

ချူးကျန့် ချောင်ပိတ်မိသွားခြင်း ဖြစ်လေသည်။

"ခြွမ်း"

ချူးကျန့်၏လက်ထဲမှ ဓား လွင့်စဉ်သွား၏။

အောက်ဘက်သို့ ပြန်ခုန်ဆင်းဖို့ မဖြစ်နိုင်တော့သကဲ့သို့ ဝဲ



ယာတစ်ဘက်တစ်ချက် ခုန်ထွက်ရှောင်တိမ်းဖို့လည်း မဖြစ်နိုင်တော့ပါချေ။

အန္တရာယ် စက်ကွင်းထဲ ရောက်ရှိနေပြီ ဖြစ်ရကား...

"ယား"

ချူးကျန့် ညာသံပေးကာ မိုက်မဲစွာ အပေါ်ဘက်သို့ ဆက်လက်ခုန်တက်သွားလေသည်။

ကျောက်ဖားက အပေါ်မှ အောက်သို့ ခုန်ဆင်းလာခြင်း ဖြစ်သည်။

ထို့ကြောင့်...

ချူးကျန့်က အပေါ်ဘက်သို့ ဆက်လက်ခုန်တက်လာလေသောအခါ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ချူးကျန့်က သေမထူး နေမထူး သဘောဖြင့် မိုက်မိုက်မဲမဲ တိုက်ခိုက်လာသောအခါ ထိတ်လန့်တုန်လှုပ်သွားရလေသည်။

"ဟူး..ဟူး"

ကျောက်ဖားက လေထဲ၌ ခန္ဓာကိုယ်တွန့်လိန်ကာ ရှောင်ပြီး အောက်ဘက်သို့ ဆက်ဆင်းသွားပြီး ဓားဦးကို အပေါ်ထောင်ကာ နောက်ပြန်ထိုးသွင်းလိုက်လေသည်။

ချူးကျန့်က အပေါ်ဆက်၍ ခုန်တက်သွားခြင်းကြောင့် နှစ်ဦးသား လူချင်း ကွဲသွား၏။

ထိုသို့ လူချင်းကွဲမသွားမီ တဒင်္ဂအချိန်လေးမှာပင် ကျောက်ဖား၏ဓားက ချူးကျန့်အား ရှပ်ထိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အား"

ချူးကျန့် ကံဆိုးသွား၏။

ကျောက်ဖား၏ဓားက သူ၏မျက်နှာကို ကန့်လန့်ဖြတ် လှီးဖြတ်လိုက်သကဲ့သို့ ဖြစ်သွားခြင်းတည်း။

ချူးကျန့်၏မျက်နှာတစ်ခုလုံး သွေးချင်းချင်း နီရဲသွားလေတော့သည်။

ချူးကျန့်က အပေါ်ဘက်သို့ ဆက်လက်ခုန်တက်သွားရာ ကျောက်ဖား ခုန်ဆင်းလာသည့် အပေါက်မှတဆင့် ခေါင်မိုးပေါ်သို့ ရောက်သွားတော့သည်။

ကျောက်ဖားက ဆိုင်အောက်ဘက် ရောက်သွားကာ ကြမ်းပြင်ပေါ် ခြေချမိသည်နှင့်…

"မြန်မြန်လာ"

သူ၏လူများကို ခေါ်ကာ ဆိုင်အပြင်ဘက် ပြေးထွက်သွားလေသည်။

အားလုံး ဆိုင်အပြင်ဘက် ရောက်သွားကြပြီး ခေါင်းမိုးပေါ် မော့ကြည့်လိုက်ကြသည်။

ချူးကျန့်ကား ခေါင်မိုးပေါ်၌ ရှိမနေတော့ဘဲ ပျောက်ချင်းမလှ ပျောက်သွားပြီ ဖြစ်သည်။

"တောက်"

ကျောက်ဖား မကျေမနပ်ဖြင့် တက်ခေါက်လိုက်၏။

"ဘာငိုင်နေကြတာလဲ လိုက်ရှာကြစမ်း"



သူ၏လူများကို အော်ခေါ်ကာ ကိုယ်တိုင်လည်း အနီးပတ်ဝန်းကျင်၌ လိုက်လံရှာဖွေလိုက်လေသည်။

သို့သော်…

ချူးကျန့်၏အရိပ်အရောင်ပင် မတွေ့ရတော့ချေ။

* * *

ဂိုဏ်းချုပ်လျူရီ ပင့်သက်ရှိုက်လိုက်သည်။

ချူးကျန့်မှာ ကြောက်စရာကောင်းသူ ဖြစ်ကြောင်း အိုရန်ဖုံးအား ယတ်ပစ်လိုက်ခြင်းနှင့် ကိုယ်တိုင် ရင်ဆိုင်ခဲ့ရသည့် ကျောက်ဖားတို့ ပြောစကားများအရ သိရှိခဲ့ရသည် မဟုတ်ပါလား။

ထို့အပြင်…

ချူးကျန့်သည် ဒဏ်ရာရကာ မုတ်ဆိတ်၏အရက်ဆိုင်လေးမှ ထွက်ပြေးသွားပြီးနောက် ရှောင်တိမ်းမသွားမီ အင်အားနည်းပါးသော ခြင်္သေ့ဂိုဏ်းဌာနခွဲတစ်ခုအား ဝင်ရောက်တိုက်ခိုက် ဖြိုခွဲသွားသေးသည် မဟုတ်ပါလား။

ထို့ကြောင့်လည်း ချူးကျန့်မှာ အလွန်ကြောက်စရာကောင်းသူ ဖြစ်ကြောင်း ဂိုဏ်းချုပ်လျူရီ လက်ခံထားခြင်း ဖြစ်လေသည်။

ချူးကျန့် ဒဏ်ရာရကာ ထွက်ပြေးတိမ်းရှောင်သွားပြီးနောက် ရန်ငြိုးထားကာ တစ်ချိန်ချိန်၌ ဒုက္ခပေးလာနိုင်ကြောင်းလည်း နားလည်ထားသဖြင့် ခြင်္သေ့ဂိုဏ်းသားများအား လိုက်လံရှာဖွေခိုင်းခဲ့

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ချူးကျန့်၏သတင်းကို လိုက်လံစုံစမ်းစေခဲ့သည်။

ဤတွင်...

ချူးကျန့်သည် ရက်စက်ကြမ်းကြုတ်လှသော လူသတ်သမား'ဆားကျင်းမင်'ကဲ့သို့ ကြောက်စရာကောင်းသူ ဖြစ်ကြောင်း အဖြူရောင်သိုင်းသမားများ အလိုအရှိဆုံး လူသတ်သမား စာရင်း၌ ပါဝင်နေသူ ဖြစ်ကြောင်း သိရှိခဲ့ရသည်။

ယခု...

ချူးကျန့်သည် ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက်နှင့် ပေါင်းမိနေပြီ ဖြစ်သည်။

ခြသေ့်ဂိုဏ်းအား ဒုက္ခပေးတော့မည် ဖြစ်သည်။

ဂိုဏ်းချုပ်လျူရှီသည် ရင်ဆိုင်ရမည့် အခက်အခဲ အန္တရာယ်များကိုတွေးရင်း ရင်မောလာလေတော့သည်။

* * *



## ရှေ့ပြေး

သာသာယာယာရှိသော နေ့တစ်နေ့ ဖြစ်သည်။

နေရောင်ခြည်အောက်၌ စိမ်းလန်းသော သစ်တောများ၊ ပန်းပေါင်းစုံ ဝေဝေဆာဆာ ဖူးပွင့်နေသော တောင်ကုန်းတောင်ပူစာလေးများက နေရာယူထားလေသည်။

အေးမြသော လေပြည်လေညှင်းများက တသုန်သုန် တိုက်ခတ်နေပြီး အဝေးမှ မြင်းခွာသံများကို သယ်ဆောင်လာလေသည်။

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများက တစထက်တစ ကျယ်လောင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တောလမ်းအတိုင်း မြင်းစီးသမားနှစ်ယောက် ဒုန်းစိုင်းနှင်လာနေသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

ထိုမြင်းစီးသမားနှစ်ယောက်ကား ဆရာကြီးကောင်းကျင်းစန်းနှင့် တပည့်ရွှေဖုံးတို့ ဖြစ်လေသည်။

ကောင်းကျင်းစန်းသည် ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက်က ခြသေ့ဂိုဏ်းအား တိုက်ခိုက်တော့မည် ဖြစ်ရကား ခြသေ့ဂိုဏ်းအားကူညီရန် ယိထင်းကျောက်ကို တားဆီးရန် အမြန်ဆုံးခရီးနှင်လာကြခြင်း ဖြစ်လေသည်။

ဆရာတပည့်နှစ်ယောက် ခရီးနှင်လာရင်း တောင်ကုန်းလေးတစ်ခုကို ကွေ့ပတ်ဖြတ်ကျော်လိုက်သည်နှင့် ရှေ့တူရူမှ ဒုန်းစိုင်းနှင်လာသည့် မြင်းစီးသမားတစ်ဦးအား တွေ့လိုက်ရလေသည်။

ရွှေဖုံးက...

"ရှေ့က မြင်းစီးသမားဟာ ပွဲစားကြီးရှမ်းထိုက်ပါလား"

ဟု ရေရွတ်လိုက်လေသည်။

ကောင်းကျင်းစန်း ပြုံးလိုက်သည်။

"ပွဲစားကြီးကတော့ အတော်ကို တာဝန်ကျေတာပါပဲ"

ဟုလည်း ချီးကျူးစကား ပြောလိုက်လေသည်။

မကြာပါချေ။

ကောင်းကျင်းစန်းတို့ ဆရာတပည့်နှစ်ယောက်နှင့် ပွဲစားကြီးရှမ်းထိုက်တို့ တွေ့ဆုံမိလိုက်ကြလေသည်။

"ဟေး...ဟေး"



သုံးယောက်သား မြင်းများကိုဇောက်ကာ ရပ်တန့်လိုက်ကြလေသည်။

အသီးသီး မြင်းပေါ်မှဆင်းလိုက်ကြလေသည်။

ပွဲစားကြီးရှမ်းထိုက်က...

"ဆရာကြီးကို ဂါရဝပြုပါတယ်"

ဟု ဦးညွှတ်ကာ ပြောလိုက်လေသည်။

ကောင်းကျင်းစန်းက...

"ပွဲစားကြီးက ကျုပ်တို့ကိုလာပြီး ဆီးကြိုတာလား"

ဟု မေးလိုက်သည်။

ပွဲစားကြီးရှမ်းထိုက်က...

"ဟုတ်ပါတယ်၊ ဂိုဏ်းတစ်ရာဂိုဏ်းက ခြသေ့ဂိုဏ်းနဲ့အေးချမ်းတောင်ကြားကို ဖျက်ဆီးပစ်တော့မှာ ကျိန်းသေလို့ ဆရာကြီးကို အမြန်ဆုံး အသိပေးချင်လို့ပါ"

ကောင်းကျင်းစန်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ယိထင်းကျောက်ကို မဖြစ်မနေ ဟန့်တားရမယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါကြောင့် ကျုပ်တို့ဆရာတပည့်နှစ်ယောက် လာခဲ့ကြတာပေါ့"

ကောင်းကျင်းစန်းက ခြသေ့ဂိုဏ်းနှင့်အေးချမ်းတောင်ကြားဘက်မှ ရပ်တည်ကာ ဂိုဏ်းတစ်ရာဂိုဏ်းချုပ်ယိထင်းကျောက်အား ရင်ဆိုင်တော့မည်ဖြစ်ရာ ပွဲစားကြီးရှမ်းထိုက် ကျေနပ်သွားလေသည်။

ကောင်းကျင်းစန်းက...

www.burmeseclassic.com

www.burmeseclassic.com



"ခြင်္သေ့ဂိုဏ်းချုပ်ရဲ့ အခြေအနေကော ဘယ်လိုရှိသလဲ၊ ပြောပါဦး"

ဟု မေးလိုက်သည်။

ပွဲစားကြီးရှမ်းထိုက်က...

"ခြင်္သေ့ဂိုဏ်းချုပ်ရဲ့ မွေးစားသားနဲ့ လိပ်သီးလက်ရုံးနှစ်ယောက်ဟာ ဂိုဏ်းတစ်ရာဂိုဏ်းကို ဆီးကြိုဟန့်တားဖို့ ထွက်သွားကြပါပြီ၊ သူတို့က ဟန့်တားနိုင်ခြင်းမရှိဘူးဆိုရင် ခြင်္သေ့ဂိုဏ်းချုပ်က.."

ကောင်းကျင်းစန်းက ကြားဖြတ်ပြောလိုက်သည်။

"သူက ယိထင်းကျောက်ကို ရင်မဆိုင်ဘဲ ရှောင်ရှားသွားသင့်တယ်"

ပွဲစားကြီးရှမ်းထိုက် ခေါင်းညိတ်လိုက်လေသည်။

"ဂိုဏ်းချုပ်ကြီးကလည်း သည်လိုစီစဉ်ထားပါတယ်၊ ဆခင်လေးဖန်းလီတို့ရဲ့ အခြေအနေကို စောင့်ကြည့်ပြီး ဆုံးဖြတ်မှာပါ"

လွှေဖုံးက ကြားဝင်မေးလိုက်လေသည်။

"သည်လိုဆိုရင် နောက်ကျမနေဘူးလား"

ပွဲစားကြီးရှမ်းထိုက်က...

"ဂိုဏ်းချုပ်ကြီးက ကြိုတင်ပြင်ဆင်ပြီးဖြစ်တာကြောင့် နောက်မကျနိုင်ပါဘူးဗျာ"

"ဒါဆို တော်သေးတာပေါ့"

လွှေဖုံး ကျေနပ်သွား၏။

ကောင်းကျင်းစန်းက...



"ဒါထက် ယိထင်းကျောက်မှာ ဘယ်လိုအကြံအစည်များရှိနေသလဲ၊ ပွဲစားကြီး စုံစမ်းသိရှိထားတယ်ဆိုရင် ပြောပြပါဦး"

ဟု မေးလိုက်လေသည်။

ပွဲစားကြီးရှမ်းထိုက်က...

"ယိထင်းကျောက်က အေးချမ်းတောင်ကြားကို ဖျက်ဆီးပစ်မယ်လို့ သူစည်းရုံးသိမ်းသွင်းထားတဲ့ အမှောင်လမ်းကလူတွေကို ကတိပေးထားပါတယ်၊ သူက ဘာကြောင့် အမှောင်လမ်းကလူတွေရဲ့ဆန္ဒကို လိုက်လျောခဲ့ရသလဲဆိုရင် သူ့လက်အောက်မှာ ရောက်နေတဲ့ အမှောင်ဂိုဏ်းတွေဟာ အတော်များနေပါပြီ၊ တစ်ဂိုဏ်းချင်းတကွဲတပြားရှိနေစဉ်က အကြောင်းမဟုတ်ပေမယ့် ခုချိန်မှာ ယိထင်းကျောက်လက်အောက်မှာ အားလုံးစုစည်းမိသလို ဖြစ်နေပါတယ်"

ကောင်းကျင်းစန်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ကျုပ် သဘောပေါက်ပြီ၊ အမှောင်လမ်းကလူတွေဟာ ဘယ်သူ့ဩဇာမှ ခံချင်ကြတာ မဟုတ်ဘူး၊ တစ်ဂိုဏ်းတစ်ဖွဲ့ချင်းမှာ ယိထင်းကျောက်ကို မလွန်ဆန်နိုင်လို့ ခေါင်းငုံ့နေခဲ့ကြရပေမယ့် သူတို့ချင်း စုစည်းမိသွားတဲ့အခါ ယိထင်းကျောက်ကို အချိန်မရွေး အာခံနိုင်ကြတာပေါ့"

ပွဲစားကြီးရှမ်းထိုက်က...

"ဟုတ်ပါတယ်၊ ယိထင်းကျောက်ဟာ ရေရှည်မှာ အမှောင်လမ်းကလူတွေကို ထိန်းသိမ်းထားနိုင်ဖို့ မလွယ်ဘူးဆိုတာ သူလည်း

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်နေပါပြီ၊ ကြာရင် သူ့အတွက် အန္တရာယ်ဖြစ်လာတော့မယ်ဆိုတာလည်း သိနေပါပြီ၊ ဒါကြောင့် အေးချမ်းတောင်ကြားကို ဖျက်ဆီးပြီးတာနဲ့ သူမွေးတဲ့မီးကို သူပြန်ပြီး ငြိမ်းသတ်မယ့်သဘောရှိနေပါတယ်"

ကောင်းကျင်းစန်း စိတ်ဝင်စားသွားလေသည်။

"သူမွေးတဲ့မီးကို သူပြန်ပြီး ငြိမ်းသတ်လိမ့်မယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"အမှောင်ဂိုဏ်းတွေကို သူပဲ စုစည်းခဲ့ပြီး သူပဲပြန်ပြီး ဖျက်ဆီးပစ်မယ့်သဘောပေါ့"

"သည်လို ဖြစ်ပါလိမ့်မယ်"

ကောင်းကျင်းစန်း ခေါင်းခါယမ်းလိုက်လေသည်။

"ယိထင်းကျောက်ရဲ့သဘောကို ကျုပ်နားမလည်နိုင်တော့ပါဘူးလေ"

ပွဲစားကြီးရှမ်းထိုက်က...

"ယိထင်းကျောက်ဟာ အင်မတန် အငြိုးကြီးတဲ့လူတစ်ယောက်ပါ၊ ကျုပ်က အနီးကပ်ပေါင်းကြည့်မှ သူဟာ သိုင်းလောကကိုစိုးမိုးဖို့ထက် သူ့ရဲ့ရန်သူတွေကို တစ်ယောက်မကျန် သုတ်သင်ရှင်းလင်းပစ်ဖို့ အာသီသကြီးမားတဲ့လူပါ၊ ကျုပ်သိတာက အေးချမ်းတောင်ကြားကို ဖျက်ဆီးပစ်မယ်၊ ဆရာကြီးကိုလည်း..."

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်ခြင်းကြောင့် ကောင်းကျင်းစန်းက ပြောလိုက်သည်။



"ပြောစရာရှိတာ ပြောပါ၊ ကျုပ်ကို အားနာစရာမလိုပါဘူး"

ပွဲစားကြီးရှမ်းထိုက်က...

"ဆရာကြီးကိုလည်း သူက ရန်ငြိုးထားနေပါတယ်"

ကောင်းကျင်းစန်း ပြုံးလိုက်သည်။

"ကျုပ်ကလည်း သူ့ကို သဘောမကျပါဘူး၊ တစ်ဦးမေတ္တာတစ်ဦးမှာပေါ့ဗျာ"

ဟု ရယ်စရာပြောလိုက်လေသည်။

ပွဲစားကြီးရှမ်းထိုက်က...

"အရင်က သူရန်ငြိုးထားတာ ဆရာကြီးနဲ့ အေးချမ်းတောင်ကြားပါပဲ၊ ခုတော့ နောက်ထပ် လူတစ်စု တိုးလာပါတယ်"

ကောင်းကျင်းစန်းက...

"သူစည်းရုံး သိမ်းသွင်းထားတဲ့လူတွေ ဆိုပါတော့"

ပွဲစားကြီးရှမ်းထိုက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ယိထင်းကျောက်ဟာ သူစည်းရုံးသိမ်းသွင်းထားတဲ့လူတွေက သူ့ကိုပြန်ပြီး အာခံကြလိမ့်မယ်ဆိုတာ နားလည်နေတယ်လေ၊ ဒါကြောင့် ပညာပေးရမယ်လို့ ကြုံးဝါးနေတာကို ကျုပ်ရဲ့ မွေးစားသမီးက ကြားမိခဲ့ပြီး ကျုပ်ကို ပြန်ပြောပြုပါတယ်"

ကောင်းကျင်းစန်း သက်ပြင်းချလိုက်လေသည်။

ပွဲစားကြီးရှမ်းထိုက်က...

"သူ အားထားနေရတဲ့ လက်ရုံးနှစ်ယောက်ဖြစ်တဲ့ ချူးကျင်းနဲ့ဆားကျင်းမင်တို့ကိုလည်း သဘောမကျဖြစ်နေပါသေးတယ်၊ ဆား

www.burmeseclassic.com

www.burmeseclassic.com



ကျင်းမင်ကို ကျုပ်ရဲ့မွေးစားသမီးက ဖြားယောင်းပြီး ယိထင်းကျောက်ကို ဆန့်ကျင်ခိုင်းခဲ့တာ၊ အောင်မြင်သွားတဲ့သဘောပါ"

ကောင်းကျင်းစန်းက...

"သိုင်းလောကအန္တရာယ်ကို ကာကွယ်တားဆီးဖို့ ပွဲစားကြီးတို့သားအဖနှစ်ယောက်ရဲ့ စွန့်စားဆောင်ရွက်မှုကို လေးစားပါတယ်ဗျာ"

ပွဲစားကြီးရှမ်းထိုက်က...

"ဆရာကြီးကို ကျုပ်သတိပေးချင်ပါတယ်"

"ပြောပါ"

"ဆားကျင်းမင်က ယိထင်းကျောက်နဲ့ အဆင်မပြေဘူးဆိုပေမယ့် ဆရာကြီးကို ရင်ဆိုင်ဖို့တာဝန်ယူထားရတယ်လို့ သိရပါတယ်၊ သူဟာ ကြောက်စရာကောင်းတဲ့ လူသတ်သမားတစ်ယောက်ပါပဲ"

ကောင်းကျင်းစန်းက...

"ပွဲစားကြီး စေတနာနဲ့ သတိပေးတာကို ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်သတိထားပါ့မယ်"

မှန်ပေသည်။

ဆားကျင်းမင်နှင့်ချူးကျုန်တို့မှာ အလွန်ကြောက်စရာကောင်းသော လူသတ်သမားများဖြစ်ကြောင်း အားလုံးသိရှိထားကြလေသည်။

အဖြူရောင်သိုင်းသမားတိုင်းက ဆားကျင်းမင်တို့ကို တွေ့



သည်နှင့် သုတ်သင်ရှင်းလင်းပစ်ရန် ဖုံးဖြတ်ထားကြပြီး ဖြစ်လေသည်။

ကောင်းကျင်းစန်း မေးလိုက်သည်။

"ကျုပ်တို့ ရောက်လာမယ့်အကြောင်းကို ဂိုဏ်းချုပ်လျူရိ သိထားပြီး ကြိုတင်အစီအစဉ်တွေ လုပ်ထားမယ်ထင်ပါတယ်"

ပွဲစားကြီးရှမ်းထိုက်က...

"ဟုတ်ပါတယ်၊ ဆရာကြီးတို့အတွက် စီစဉ်ထားပါတယ်"

"ဘယ်လိုများလဲ၊ ပြောပါဦး"

ပွဲစားကြီးရှမ်းထိုက်က အစီအစဉ်များကို ပြောပြလိုက်၏။

ကောင်းကျင်းစန်း သေသေချာချာ နားထောင်ပြီး စဉ်းစားလိုက်သည်။

ပြီးမှ...

"သည်အစီအစဉ် ကောင်းပါတယ်၊ ကျုပ်တို့ သည်အတိုင်းဆောင်ရွက်ကြတာပေါ့"

ဟု သဘောတူလိုက်လေသည်။

ပွဲစားကြီးရှမ်းထိုက် ကျေနပ်သွားပြီး...

"ကျုပ်နဲ့လိုက်ခဲ့ပါ"

ဟုပြောကာ လမ်းပြခေါ်ဆောင်သွားလေတော့သည်။

ကောင်းကျင်းစန်းနှင့် လွေဖုံးတို့လည်း လိုက်ပါသွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဓားစာခံ

မြို့ပြင်တောင်ကုန်းတစ်ခုပေါ်၌ သိုင်းဆရာကြီးတစ်ဦးနေထိုင်လေသည်။

ထိုသိုင်းဆရာကြီးမှာ ခြသေ့်ဂိုဏ်း၌ တာဝန်ထမ်းဆောင်နေသည့် ကျောက်ဖားနှင့် သွေးမျိုးတော်စပ်သူ ဖြစ်လေသည်။

ကျောက်ဖားသည် သူ၏သားဖြစ်သူ အရွယ်ရောက်လာသောအခါ သွေးမျိုးတော်စပ်သည့် သိုင်းဆရာကြီးထံသို့ ပို့ဆောင်ကာ သိုင်းပညာ သင်ခိုင်းခဲ့လေသည်။

ကျောက်ဖား၏သား ကျောက်ယီကလည်း ဖခင်စကားကိုနားထောင်ကာ ပညာသင်ယူခဲ့လေသည်။

ယနေ့...



ယနေ့သည် ကျောက်ယီအတွက် အားလပ်သောနေ့ရက်ဖြစ်လေသည်။

သိုင်းဆရာကြီးက တစ်လလျှင်တစ်ရက် အားလပ်ခွင့်ပေးလေ့ရှိသည်။

ကျောက်ယီက အားလပ်ရက်၌ မြို့ထဲသွားကာ လိုအပ်သည့်ပစ္စည်းပစ္စယများ ဝယ်ယူပြီး မြို့တစ်ပတ် လည်ပတ်လေ့ရှိလေသည်။

ယနေ့လည်း ကျောက်ယီက ဆရာကြီးထံ ခွင့်ပန်ကာ မြို့ဘက်ထွက်ခဲ့သည်။

တောင်ကုန်းလေးပေါ်မှ ဆင်းလာပြီး တောလမ်းကလေးမှ ဖြတ်သန်းလာစဉ်...

"ငါ့တူ..ခဏနေပါဦး"

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျောက်ယီ ကြည့်လိုက်သောအခါ သစ်ပင်များကြားမှ လှမ်းထွက်လာသူ တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် လျင်မြန်စွာဖြင့် ကျောက်ယီရှေ့သို့ ရောက်ရှိလာလေသည်။

ကျောက်ယီ အလန့်တကြားဖြစ်ကာ နောက်ဆုတ်လိုက်လေသည်။

ထိုလူ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ပါနဲ့ကွာ၊ မင်းဟာ ကျောက်ဖားရဲ့သား မဟုတ်လား"

"ဗျာ"

"ငါမေးတာ ဖြေစမ်းပါဦး၊ မင်းဟာ ကျောက်ဖားရဲ့သား ကျောက်ယီ မဟုတ်လား"

"ဟုတ်..ဟုတ်ပါတယ်"

ကျောက်ယီ အံ့ဩသွားပြီး မေးလိုက်လေသည်။

"ဦးက ကျွန်တော့်အဖေနဲ့ သိကျွမ်းနေလို့လား ခင်ဗျာ"

ထိုလူ ခေါင်းညိတ်လိုက်သည်။

"သိတာပေါ့၊ ငါတို့ဟာ အင်မတန် ရင်းနှီးကြတဲ့ သူငယ်ချင်းတွေပဲ၊ အခုလည်း သူအကူအညီတောင်းလိုက်လို့ မင်းဆီကို လာခဲ့တာ"

ကျောက်ယီက...

"ဖေဖေက ဘယ်လိုအကူအညီများ တောင်းလိုက်လို့လဲ ခင်ဗျာ"

ထိုလူက...

"သူက အတော်လေး မကျန်းမမာဖြစ်နေတဲ့အကြောင်း မင်းကို ပြောခိုင်းလိုက်တာ"

"ဗျာ"

ကျောက်ယီ ထိတ်လန့်သွားလေသည်။

"ဖေဖေ နေမကောင်းဘူး ဟုတ်လား"



"အေး မင်းအဖေ အသည်းအသန်ဖြစ်နေတာကွ"

"ဒုက္ခပါပဲ"

ဖခင်ကြီး အသည်းအသန်ဖြစ်နေသည်ဆို၍ ကျောက်ယီ ဗျာများသွားလေသည်။

ထိုလူက...

"မင်းအဖေက မင်းကို သွားခေါ်ပေးဖို့ ကျုပ်ကိုလွှတ်လိုက်တာ"

ကျောက်ယီက...

"ဒါဖြင့် ကျွန်တော် လိုက်ခဲ့ပါ့မယ်"

ထိုလူ ကျေနပ်သွား၏။

"ကဲ...သွားကြမယ်"

ကျောက်ယီက...

"ခုချက်ချင်း လိုက်လို့မဖြစ်သေးဘူး၊ ဆရာကြီးကို အကျိုးအကြောင်း သွားပြောရဦးမယ်ဗျ"

ထိုလူက...

"ထားလိုက်စမ်းပါကွာ၊ မင်းအဖေက ဝိုပြီးအရေးကြီးပါတယ်၊ သွားကြရအောင်"

ကျောက်ယီက...

"မဖြစ်ဘူး၊ ဆရာကြီးက.."

ထိုလူက...

"ထားလိုက်၊ သွားကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တိုးလာပြီး ကျောက်ယီ၏လက်ကို လှမ်းဆွဲလိုက်လေသည်။

ကျောက်ယီမှာ ဉာဏ်ပညာရှိသော လူငယ်တစ်ဦးဖြစ်ပါသည်။

ထိုလူမှာ သူတစ်ခါမျှ မတွေ့ဖူးသော မျက်နှာစိမ်းတစ်ဦးဖြစ်နေ၏။

ထိုလူ၏ပုံပန်းသဏ္ဌာန်နှင့် ပြောဆိုဟန်မှာ ခက်ထန်ပြီး ရက်စက်ကြမ်းကြုတ်မည့် အသွင်ရှိနေသည်။

ဆရာကြီးထံ သွားပြောပြမည်ဆိုခြင်းကို လက်မခံသဖြင့် သက်ဝမကောင်းဖြစ်လာတော့သည်။

"ကျွန်တော် မလိုက်နိုင်သေးဘူး"

ပြောရင်း လက်ကိုဆောင့်ရုန်းလိုက်လေတော့သည်။

ထိုလူက...

"ကျောက်ယီ..မင်းဘယ်လိုဖြစ်နေတာလဲ၊ မင်းရဲ့အဖေကိုတောင် စိတ်မပူတော့ဘူးလား"

ကျောက်ယီက...

"ခင်ဗျား ဘယ်သူလဲဆိုတာ အရင်ပြောပါဦး"

"ငါက ချူးကျန့်"

"ကျွန်တော့်အဖေရဲ့ မိတ်ဆွေထဲမှာ ချူးကျန့်ဆိုတဲ့လူ တစ်ယောက်မှမရှိဘူးဗျ"

လူသတ်သမားချူးကျန့်က ကျောက်ဖား၏သား ကျောက်ယီထံသို့ ရောက်ရှိလာခြင်းဖြစ်သည်။



ကျောက်ဖား၏လက်ချက်ဖြင့် မျက်နှာတွင် ကန့်လန့်ဖြတ်ဓားဒဏ်ရာအမာရွတ်ကြီး ရရှိခဲ့သည်ကို ချူးကျန့် ဘယ်တော့မှ မေ့သွားလိမ့်မည် မဟုတ်ပါ။

ချူးကျန့်က ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယီထင်းကျောက်ထံ၌ တာဝန်ထမ်းဆောင်နေပြီ ဖြစ်ပါသည်။

ယီထင်းကျောက်က လျူရီ၏ခြသေ့်ဂိုဏ်းကို တိုက်ခိုက်ချေမှုန်းတော့မည် ဖြစ်သည်။

ခြသေ့်ဂိုဏ်းချုပ်လျူရီမှာ ထိပ်တန်းသိုင်းသမားတစ်ဦးဖြစ်ရကား ရုတ်တရက် အနိုင်ယူရန် ခက်ခဲသူဖြစ်သည်။

လျူရီကို ဒုက္ခပေးဖို့ ရန်ငြိုးရန်စရှိထားသော ချူးကျန့်အား ယီထင်းကျောက်က တာဝန်ပေးလိုက်လေသည်။

ချူးကျန့်က ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်လေသည်။

လျူရီအား ဒုက္ခပေးရန်၊ သူ၏မျက်နှာ၌ အမာရွတ်ကြီးဖြစ်စေခဲ့သော ကျောက်ဖားကို ဆုံးမရန် ချူးကျန့် အကြံထုတ်ပြီးနောက် ကျောက်ဖား၏သား ကျောက်ယီထံသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်လေသည်။

ကျောက်ယီကို ဖမ်းဆီးကာ ကျောက်ဖားကို အကြပ်ကိုင်ပြီး လျူရီကို ဒုက္ခပေးဖို့ ကြံစည်ထားခြင်းဖြစ်ပါတော့သည်။

ချူးကျန့်သည် ရက်စက်ကြမ်းကြုတ်သော လူသတ်သမား တစ်ယောက်ဖြစ်သလို စိတ်မရှည်ဘဲ ဒေါသကြီးသူလည်း ဖြစ်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျောက်ယိက သူ့အား သက်မကောင်းဖြစ်လာလျှင် ရှည်ရှည်ဝေးဝေးစဉ်းစားမနေဘဲ…

"အေး ငါက မင်းအဖေရဲ့ မိတ်ဆွေမဟုတ်ဘူး၊ မင်းအဖေကို ဒုက္ခပေးမလို့ကွ၊ ကဲ ငါနဲ့အေးအေးဆေးဆေး လိုက်ခဲ့စမ်း"

ချူးကျန့် ရှေ့တိုးလိုက်သောအခါ ကျောက်ယိက နောက်ဆုတ်လိုက်လေသည်။

"ခင်..ခင်ဗျား"

"မင်းသေချင်ပြီ ထင်တယ်"

ချူးကျန့် ဒေါသထွက်လာလေသည်။

ကျောက်ယိလည်း ကြောက်ရွံ့ထိတ်လန့်ပြီး ချာခနဲလှည့်ထွက်ပြေးသွားလေတော့သည်။

ချူးကျန့် နှာခေါင်းရှုံ့လိုက်သည်။

"မင်း ပြေးလို့လွတ်မလား"

မြေပေါ်ခြေဆောင့် ခုန်ထွက်လိုက်သည်။

သူ၏လက်တစ်ဘက်က ဓါးမှာဓားကိုလည်း ဆွဲထုတ်ပြီးသားဖြစ်သွားလေသည်။

ချူးကျန့်သည် ကျောက်ယိအနီးသို့ ချက်ချင်းရောက်ရှိသွားပြီး ဓားဖြင့် ခုတ်ချလိုက်လေသည်။

ဝင်းလက်သောဓားရောင်များ ထွက်ပေါ်လာပြီးလျှင်…

"အား"

ကျောက်ယိ စူးရှစွာ အော်ဟစ်ရင်း မြေပေါ်လဲကျသွားလေ



တော့သည်။

ချူးကျန့် မဲ့ပြုံးပြုံးလိုက်သည်။

"ကဲ..မင်းပြေးနိုင်သေးသလား"

သူက ကျောက်ယိအား သတ်ပစ်လိုက်သော်လည်း နောင်တ မရပါချေ။

ကျောက်ယိ မရှိတော့သည့်တိုင် အထောက်အထားတစ်ခုခုရလျှင်ပင် လုံလောက်ပြီ မဟုတ်ပါလား။

ချူးကျန့်က လဲကျသေဆုံးနေသော ကျောက်ယိ၏ခန္ဓာကိုယ်ပေါ်၌ ရှာဖွေကြည့်လိုက်၏။

ထို့နောက်…

ကျောက်ယိ၏ လည်ဆွဲပြားကို သဘောကျသွားပြီး…

"သည်ဆွဲပြားလေးကိုပဲ ယူသွားမယ်"

ဟုရေရွတ်လိုက်၏။

ဘာမှအပြစ်မရှိသော ကျောက်ယိမှာ ချူးကျန့်ကြောင့် သေဆုံးသွားရပြီ ဖြစ်သည်။

ချူးကျန့်သည် ကျောက်ယိ၏အလောင်းကို လုံးဝအမှုမထားဘဲ ကျောနိုင်းထွက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ရှေ့တော်ပြေး

ချယ်ရီတောင်ကုန်း...။

ချယ်ရီတောင်ကုန်းသည် အေးချမ်းမြို့ကလေးသို့သွားသည့် အဓိကလမ်းမကြီးပေါ်၌ တည်ရှိသော တောင်ကုန်းတစ်ခုဖြစ်လေသည်။

အနီးပတ်ဝန်းကျင်၌ တောအုပ်များ၊ တောင်ပူစာလေးများ ဝန်းရံလျှက်ရှိလေသည်။

ထိန်လင်း၊ ရှောင်ယုနှင့် သခင်လေးဖန်းလီတို့က ချယ်ရီတောင်ကုန်းပေါ်၌ ရောက်ရှိနေကြလေသည်။

သုံးယောက်သား ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ကြပြီးလျှင် ကိုယ်ရံတော်ထိန်လင်းက စကားစလိုက်လေသည်။



"သခင်လေး..ရန်သူတွေဟာ အင်အားအလုံးအရင်းနဲ့ လာကြမှာဆိုတော့ သွားရေးလာရေး လွယ်ကူတဲ့ လမ်းမကြီးကိုပဲ ရွေးချယ်ကြမှာ သေချာသလောက်ရှိပါတယ်"

အကြီပေးရှောင်ယု ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက်က မြင်းလှည်းအိမ်ကြီးမားတဲ့ မြင်းလှည်းကြီးတစ်စီးနဲ့ ကိုယ်တိုင်လိုက်ပါလာတယ်လို့ သတင်းရထားပြီးပါပြီ၊ ဒါကြောင့် မြင်းလှည်းကြီးလွယ်လင့်တကူ သွားလာလို့ရတဲ့ အဓိကလမ်းမကြီးအတိုင်း ချီတက်လာကြမှာ သေချာပါတယ်"

ယိထင်းကျောက်တို့လူစု ချီတက်လာမည့် လမ်းကြောင်းကို သေချာစွာ တွက်ချက်ပြီးမှ ခုခံရင်ဆိုင်နိုင်မည် မဟုတ်ပါလား။

သခင်လေးဖန်းလီက...

"ကောင်းပြီလေ၊ သူတို့ဟာ အဓိကလမ်းမကြီးအတိုင်းလာကြမှာပဲဆိုတော့ ကျုပ်တို့ကလည်း တောင်ကုန်းသုံးခုကနေ ဆီးကြိုဟန့်တားကြတာပေါ့။ ပထမတောင်ကုန်းကို နောင်ကြီးထိန်လင်းက တာဝန်ယူပါ၊ ဒုတိယတောင်ကုန်းကိုတော့ ဆရာရှောင်ယုက တာဝန်ယူပါ၊ ကျုပ်က တတိယတောင်ကုန်းမှာ နေရာယူမယ်"

ဟု နေရာချပေးလိုက်သည်။

တဖန်...

"နောင်ကြီးထိန်လင်းက ရှေ့ပြေးကင်းအဖွဲ့တွေဖွဲ့ပြီး ရန်သူ့သတင်းကို ထောက်လှမ်းပါ၊ ရန်သူ ချီတက်လာရာလမ်းကြောင်း

www.burmeseclassic.com



တခုလျှောက်မှာ နှောင့်နှေးကြန့်ကြာအောင် အခက်အခဲကြုံရအောင် အနှောက်အယှက်ပေးဖို့ စီစဉ်ပါ"

"ဆရာရှောင်ယုကတော့ ရန်သူကိုမျှားခေါ်ပြီး လူစုကွဲသွားအောင် ဆောင်ရွက်ပါ။ အခွင့်အရေးရရင် အဖွဲ့ခွဲလေးတွေခွဲပြီး ကြားဖြတ်တိုက်ခိုက်ပါ"

"ကျုပ်က သောင်ချောက်ထဲဝင်လာတဲ့ ရန်သူကို ချေမှုန်းပစ်ဖို့ ပြင်ဆင်ထားမယ်"

ဟူ၍တာဝန်ခွဲဝေပေးလိုက်လေသည်။

"ကောင်းပါပြီ"

ထိန်လင်းနှင့်ရှောင်ယုတို့လည်း လက်ခံလိုက်ကြ၏။

ထို့နောက်…

သုံးဦးသား ပူးပေါင်းကာ ရန်သူကို ပြတ်ပြတ်သားသား ရင်ဆိုင်ဖို့ ဆက်လက်တိုင်ပင် ဆွေးနွေးလိုက်ကြလေတော့သည်။

* * *



ထိန်လင်းသည် ခြသေ့်ဂိုဏ်းချုပ် အားထားရသော ကိုယ်ရံတော်တစ်ဦး ဖြစ်လေသည်။

သူ၏အဖွဲ့ကို ပထမဆုံး တောင်ကုန်း၌ နေရာချထားလိုက်သည်။

တဖန်…

သုံးယောက်တစ်တွဲ၊ နှစ်ယောက်တစ်တွဲ အဖွဲ့ကလေးများ ခွဲကာ ရန်သူချီတက်လာမည့် လမ်းတလျှောက်၌ နေရာချထားလိုက်သည်။

ညအချိန်ရောက်လျှင် ရန်သူကို ကြားဖြတ်တိုက်ခိုက်ရန် အခြားအစီအစဉ်များလည်း ပြုလုပ်လိုက်လေသည်။

ထို့နောက် တိုက်ပွဲဝင်ရန် အသင့်ပြင်ထားလိုက်လေသည်။

ယိထင်းကျောက်တို့လူစုကလည်း သတင်းများအတိုင်း ချီတက်လာကြပြီး အေးချမ်းမြို့ကလေးနှင့် တစ်စထက်တစ်စ နီးကပ်လာကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ည...။

ကောင်းကင်ပေါ်၌ လခြမ်းပဲ့ကလေးသာ ရှိနေ၏။

မသဲမကွဲ ကြယ်ရောင် လရောင်အောက်၌ အစိကလမ်းမကြီးမှာ တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေ၏။

ညသန်းခေါင်အချိန်သည်လည်း တစ်စထက်တစ်စ နီးကပ်လာပြီမဟုတ်ပါလား။

ထိန်လင်းက ညအမှောင်ကို အကာအကွယ်ယူကာ သူ၏ကင်းသမားများအား လိုက်လံစစ်ဆေးခဲ့လေသည်။

ထိန်လင်းက ရှေ့ဆုံးက ကင်းသမားများထံရောက်သွားသောအခါ အန္တရာယ်အငွေ့အသက်ကို စတင်ခံစားလိုက်ရလေတော့သည်။

ရှေ့ဆုံးကင်းပုန်း၌ ကင်းသမားနှစ်ယောက်သာ လားရှိခဲ့သည်။

ထိန်လင်းရောက်ရှိသွားသောအခါ ကင်းသမားနှစ်ဦးစလုံး အသက်ပျောက်နေသည်ကို တွေ့လိုက်ရလေသည်။

ထိန်လင်း ရင်ထိတ်သွား၏။

"ရန်သူလက်ဦး သွားပြီကိုး"

ထိန်လင်းက ချက်ချင်းနောက်ကြောင်း ပြန်လှည့်လိုက်လေသည်။

သူစီစဉ်ထားသော ကင်းပုန်းငါးခုကို အလျှင်အမြန်စစ်ဆေးလိုက်လေသည်။



ထိုအခါ ကင်းပုန်းငါးခုစလုံးမှာ ရန်သူလက်ချက်မိသွားပြီဖြစ်ကြောင်း တွေ့ရှိလိုက်ရလေတော့သည်။

ထိန်လင်းသည် သေဆုံးသွားကြသော ကင်းသမားများ၏အလောင်းများကို စစ်ဆေးကြည့်ရင်း...

"လူသတ်သမားက တစ်ယောက်ထဲပဲ"

ဟု မှတ်ချက်ချလိုက်လေသည်။

ယိထင်းကျောက်လက်အောက်၌ ကြောက်စရာကောင်းသောလူသတ်သမားနှစ်ယောက် ရှိနေ၏။

ချူးကျန့်နှင့် ဆားကျင်းမင်တို့ ဖြစ်သည်။

"ချူးကျန့်လား ဆားကျင်းမင်လား"

ထိန်လင်းက သူတာဝန်ယူထားသည့်တောင်ကုန်းဆီသို့ အပြေးပြန်လာခဲ့လေသည်။

သူ၏လူများအား စီမံကွပ်ကဲရမည်ဖြစ်သလို သခင်လေးဖန်းလီထံသို့ အမြန်ဆုံး သတင်းပို့ရမည် မဟုတ်ပါလား။

ထိန်လင်း တောင်ကုန်းပေါ်ရောက်သွားသည်နှင့် ဆောက်တည်ရာမရအောင် တုန်လှုပ်ချောက်ခြားသွားရလေတော့သည်။

မသဲမကွဲ လရောင်ဖြင့် မြေပေါ်၌ အတုန်းအရုန်းလဲကျသေဆုံးနေသော အလောင်းများကို တွေ့လိုက်ရသည် မဟုတ်ပါလား။

ရန်သူက အလျှင်လျှင်မြန်စွာ တိုက်ခိုက်လာခဲ့ပြီဖြစ်လေသည်။

မိမိအတွက် အန္တရာယ်ရှိနေပြီဖြစ်ကြောင်း ထိန်လင်း တွေး

www.burmeseclassic.com

www.burmeseclassic.com



မိလိုက်၏။

"သခင်လေးဆီကို အမြန်ဆုံးသတင်းပို့မှပဲ'

တောင်ကုန်းပေါ်မှဆင်းသွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"ခင်ဗျားရဲ့လူတွေအတွက် စိတ်မကောင်းဖြစ်နေတာလား"

အေးတိအေးစက် မေးမြန်းသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

ထိန်လင်း ရင်ထိတ်သွား၏။

စကားသံ ထွက်ပေါ်လာရာဆီသို့ ကြည့်လိုက်လျှင် မလှမ်းမကမ်း၌ ရပ်နေသူတစ်ဦးအား တွေ့လိုက်ရလေသည်။

ထိုလူက လက်နှစ်ဘက်နောက်ပစ်ကာ ကောင်းကင်ပေါ်မှ လခြမ်းပုံကလေးအား ငေးကြည့်နေ၏။

ထိန်လင်း လွှတ်ခနဲ ရေရွတ်လိုက်သည်။

"ချူးကျန့်"

ထိုလူကား ချူးကျန့်ဖြစ်နေပါတော့သည်။

ချူးကျန့် ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"မင်း"

"ခြင်္သေ့ဂိုဏ်းအတွက် အခွင့်အရေးမရှိတော့ဘူး"

ထိန်လင်း အံကြိတ်လိုက်သည်။



"ကျုပ်က မင်းကို ကြောက်နေရမှာလား"

ချက်ချင်းပင် လှံတိုနှစ်ချောင်းဆွဲကိုင်ကာ ချူးကျန့်အား တိုက်ခိုက်လိုက်လေသည်။

ချူးကျန့် သက်ပြင်းချလိုက်သည်။

"ခင်ဗျားရဲ့ပညာ မဆိုးပါဘူး၊ ဒါပေမယ့် ကျုပ်ကိုတော့ တတ်နိုင်မှာမဟုတ်ဘူးဗျ"

ထိန်လင်း၏ တိုက်ခိုက်မှုကို အသာအယာရှောင်တိမ်းပေးလိုက်ပြီး လက်တစ်ဘက် ဆန့်ထုတ်လိုက်လေသည်။

သူ၏လက်ထဲ ဓားတစ်လက် ရောက်ရှိလာသည်။

သူ၏ဓားသည် လှံတိုနှစ်ချောင်းကြားမှတဆင့် ထိန်လင်း၏ ရင်ဝသို့ တိုးဝင်သွားလေသည်။

"အွန့်"

ထိန်လင်း မသဲမကွဲ ညည်းတွားလိုက်၏။

ထိုတဒင်္ဂအတွင်း သူ၏လှုပ်ရှားမှုဟူသမျှ ရပ်ဆိုင်းသွားလေသည်။

ရင်ဝမှလည်းကောင်း၊ နှုတ်ခမ်းထောင့်မှလည်းကောင်း သွေးများ စီးကျလာလေသည်။

ချူးကျန့်က ဓားကိုင်ထားသောလက်ကို ရုပ်သိမ်းလိုက်သည်။

ထိန်လင်း၏ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားပြီး...

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်လဲကျကာ မလှုပ်မယှက် ဖြစ်သွားတော့သည်။

ချူးကျန့်က...

"သူ့အလောင်းကို သယ်လာခဲ့"

ဟု ပြောလိုက်၏။

အမှောင်ရိပ်ထဲမှ ဂိုက်းတစ်ရာဂိုဏ်းသားအချို့ ပြေးထွက်လာပြီး ထိန်လင်း၏အလောင်းကို မ,ယူသယ်ဆောင်သွားကြလေသည်။

ထို့နောက် အားလုံး တောင်ကုန်းပေါ်မှဆင်းကာ ပျောက်ကွယ်သွားကြလေတော့သည်။

* * *



ညသန်းခေါင်အချိန်ကို ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။

ညသည် အေးမြနေ၏။

သို့တိုင်...

ဆရာရှောင်ယု၏ နဖူးပေါ်မှ ချွေးများစို့နေသည်။

သူ၏ရင်ထဲ ပူလောင်နေသည် မဟုတ်ပါလား။

ဆရာရှောင်ယုက အရှေ့ဘက်ဆီသို့ မျှော်ကြည့်နေ၏။

အရှေ့ဘက်၌ ထိန်လင်းတာဝန်ယူထားရသည့် တောင်ကုန်းရှိနေသည် မဟုတ်ပါလား။

ခါတိုင်းဆိုလျှင် ညသန်းခေါင်အချိန်၌ ထိန်လင်းက အချက်ပြမီးကျည်ပစ်လွှတ်ကာ အချက်ပြနေကျဖြစ်သည်။

ယနေ့ည...

ညသန်းခေါင်ကျော်သွားပြီ ဖြစ်သော်လည်း ထိန်လင်း၏ အချက်ပြမီးကျည် ထွက်ပေါ်မလာခြင်းကြောင့် စိုးရိမ်ပူပန်နေမိခြင်း ဖြစ်လေသည်။

"ထိန်လင်းက အချက်ပြဖို့မေ့လျော့နေမှာ မဟုတ်ပါဘူး။ အကြောင်းတစ်ခုခုရှိလို့ ဖြစ်လိမ့်မယ်"

ထိန်လင်း၌ မည်သို့သော ပြဿနာဖြစ်ပေါ်နေပါသနည်း။

ရန်သူများ ရောက်လာပြီလော။

ရန်သူရောက်လာပါက ယခုကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေမည် မထင်ပါချေ။

ဆရာရှောင်ယု မတွေးတတ်အောင် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး စိတ်ချရသည့် တပည့်နှစ်ယောက်ကိုခေါ်ကာ

"မင်းတို့ထိန်လင်းရဲ့တောင်ကုန်းကို သွားကြည့်လိုက်ကြစမ်း"

"ဟုတ်ကဲ့"

တပည့်နှစ်ယောက်ကလည်း အလျင်အမြန် ထွက်သွားကြလေသည်။

မကြာမီ ထိန်လင်း၏ အကြောင်းကို သိရတော့မည်ဟု ဆရာရှောင်ယု ယုံကြည်ထားလေသည်။

သူက စိတ်အေးအေးထားမည် ကြံရွယ်ရုံရှိသေးသည်။

"အွန့်"

"အင့်"

မလှမ်းမကမ်း အမှောင်ရိပ်ထဲမှ မသဲမကွဲညည်းတွားသံ များ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

ဆရာရှောင်ယု ရင်ထိတ်သွား၏။

"ဘာဖြစ်တာပါလိမ့်"

တွေးပြီး တပည့်နှစ်ယောက် ထွက်သွားသည့်အသံဗလံများ ထွက်ပေါ်လာသည့် အမှောင်ရိပ်သို့ ကြည့်လိုက်လေသည်။

ထိုအခါ...

အမှောင်ရိပ်ထဲ၌ ရပ်နေသူတစ်ဦးကို မသဲမကွဲ တွေ့လိုက်ရလေသည်။



"ဘယ်သူလဲ"

ဆရာရှောင်ယု လွှတ်ခနဲ မေးလိုက်၏။

အမှောင်ရိပ်ထဲမှလူ၏ နှာခေါင်းရှုံ့သံ ထွက်ပေါ်လာ၏။

မသဲမကွဲလရောင်အောက်သို့ လှမ်းထွက်လာလေသည်။

ထိုလူ၏မျက်နှာပေါ်၌ ဓားဒဏ်ရာ အမာရွတ်ကြီးက အထင်းသားရှိနေ၏။

ဆရာရှောင်ယု မျက်နှာပျက်သွား၏။

"ချူးကျန့်"

ထိုလူကား ချူးကျန့်ဖြစ်နေပါသည်။

ချူးကျန့်က...

"ခင်ဗျားတို့က ကျုပ်ကို သိနေကြတာကိုး"

ရှောင်ယုက...

"ခြသေ့ဂိုဏ်းက မင်းကို သေဒဏ်ချမှတ်ထားတာပါ။ ခြသေ့ဂိုဏ်းသားတိုင်း မင်းကိုတွေ့တဲ့နေရာမှာ သုတ်သင်ပစ်ကြမှာ"

ချူးကျန့် ခပ်အုပ်အုပ် ရယ်မောလိုက်သည်။

"အခုတော့ ကျုပ်ကပဲ ခြသေ့ဂိုဏ်းသားတွေကို ဆုံးမနေနိုင်တာ ခက်နေတာပေါ့ဗျာ"

"မင်း"

"ခင်ဗျားက ထိန်လင်းရဲ့အခြေအနေကို သိချင်နေတယ် မဟုတ်လားဗျာ"

ရှောင်ယု ဘာမှမပြောဘဲ နေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးကျန့်က…

"ထိန်လင်းအကြောင်း သိချင်လို့ လူနှစ်ယောက်ကိုတောင် လွှတ်လိုက်သေးတာပဲဗျာ"

ရှောင်ယု ခံပြင်းသွား၏။

"ငါ့လူနှစ်ယောက်ကို မင်းဘာလုပ်လိုက်သလဲ"

ချူးကျန့်က…

"သူတို့ မပင်ပန်းတော့အောင် လုပ်ပေးလိုက်တာလေ"

"မင်း"

"သူတို့ သေသွားပြီဗျ"

"တောက်..မင်း..မင်း"

ရှောင်ယု၏လက်တစ်ဘက်က ခါးမှာချိတ်ထားသော ဓားရိုးသို့ရောက်သွား၏။

ချူးကျန့် ပမာမခန့် ဆက်ပြော၏။

"ထိန်လင်းတို့လူစုလည်း တစ်ယောက်မှ မကျန်တော့ပါဘူးဗျာ"

"ခွိမ်း"

ရှောင်ယု ဆက်လက်သည်းမခံနိုင်တော့ဘဲ ခါးမှဓားကို ဆွဲထုတ်လိုက်လေသည်။

ချူးကျန့်က…

"ခင်ဗျားကို အခွင့်အရေးတစ်ခုတော့ ပေးလိုက်မယ်၊ ခင်ဗျားက ဂိုဏ်းတစ်ရာဂိုဏ်းချုပ်ရှေ့မှာ ဒူးထောက်အညံ့ခံပြီး သစ္စာခံ



ယူလိုက်မယ်ဆိုရင် ခင်ဗျားရဲ့အသက်က အာမခံရသွားနိုင်တယ်ဗျာ"

ရှောင်ယုက မြေပေါ်တံတွေး ထွေးချလိုက်လေသည်။

"ကျုပ်ကို အညံ့ခံမယ့်လူစားမျိုးများ ထင်နေသလား"

ချူးကျန့်က…

"ဂိုဏ်းချုပ်ကတော့ ခင်ဗျားတို့သုံးယောက်စလုံးကိုသတ်ပြီး ခင်ဗျားတို့ရဲ့အလောင်းတွေကို ခြသေ့ဂိုဏ်းချုပ်ဆီကို ပို့ပေးဖို့ အမိန့်ထုတ်ထားတာ"

ရှောင်ယု အံကြိတ်လိုက်သည်။

"ဘယ်သူက သတ်နိုင်မလဲ ကြည့်သေးတာပေါ့"

မြေပေါ်ခြေဆောင့်ကာ ခုန်ထွက်သွားပြီး ချူးကျန့်အား တိုက်ခိုက်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ယုက ချူးကျန့်အား တိုက်ခိုက်လိုက်လေတော့သည်။

ထိုအချိန်မှာပင် တောင်ကုန်းပေါ်သို့ တိတ်တဆိတ်ရောက်လာကြသော ဂိုဏ်းတစ်ရာဂိုဏ်းသားများက ရှောင်ယု၏လူများကို တိုက်ခိုက်လိုက်ကြလေသည်။

ချူးကျန့်နှင့် ဂိုဏ်းတစ်ရာဂိုဏ်းသားများသည် ထိန်လင်းနှင့် ပထမတောင်ကုန်းအား တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ရှောင်ယု၏ဒုတိယတောင်ကုန်းအား ဆက်လက်တိုက်ခိုက်ကြခြင်း ဖြစ်လေသည်။

တောင်ကုန်းအား ဦးစွာဝိုင်းရံထားလိုက်ကြသည်။

တဖန်...

စောင့်ကြပ်နေသော ကင်းသမားများအား စီးနင်းတိုက်ခိုက်ကာသုတ်သင်ပစ်လိုက်သည်။

သတိပေးတားဆီးမည့် ကင်းသမားများ မရှိတော့သည့်နောက် တောင်ကုန်းပေါ်သို့ အတားအဆီးမဲ့ တက်ရောက်လာနိုင်ခဲ့ကြခြင်း ဖြစ်ပေတော့သည်။

ရှောင်ယု၏လူများကလည်း ချက်ချင်းခုခံတိုက်ခိုက်ကြရာ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

"ဝုန်း"

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသောအော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေ



တော့သည်။

ဂိုဏ်းတစ်ရာဂိုဏ်းသားများ အင်အားကောင်းသလို သိုင်းပညာမြင့်မားသူများဖြစ်ရကား ခြသေ့်ဂိုဏ်းသားများ အရေးနိမ့်သွားလေတော့သည်။

ဂိုဏ်းသားများကဲ့သို့ပင် ခေါင်းဆောင်ရှောင်ယုမှာလည်း ချူးကျန့်အား မယှဉ်နိုင်အောင် ဖြစ်နေ၏။

"ဝှစ်...ဝှစ်"

ချူးကျန့်၏ဓားချက်များက သူ၏တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်လေသည်။

ရှောင်ယု ထိတ်လန့်လာသည်။

နောက်ဆုတ်၍ မဖြစ်နိုင်သကဲ့သို့ ခြသေ့်ဂိုဏ်းသားများအရေးနိမ့်နေပြီဖြစ်ရကား မထူးတော့ဟု သဘောထားပြီး သူသေကိုယ်သေ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်တော့သည်။

"ယား"

ရှောင်ယုက ကြုံးသံပေးကာ ချူးကျန့်ထံသို့ ခုန်ဝင်သွားလေသည်။

ချူးကျန့်က...

"ခင်ဗျား သေချင်ပြီထင်တယ်"

သူက ရှောင်တိမ်းခြင်းမပြုဘဲ လက်တစ်ဘက်ဝှေ့ယမ်းလိုက်လေသည်။

"ဝှစ်...ဝှစ်...ဝှစ်"

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ပုန်းလေးများက ပျားပိတုန်းကလေးများအလား ပစ်လွှင့်သွားပြီး ရှောင်ယု၏ရင်ဝ၌ စိုက်ဝင်သွားတော့သည်။

ရှောင်ယုမှာ ချူးကျန့်အား ဆက်ပြီးတိုက်ခိုက်နိုင်ခြင်း မရှိတော့ပါချေ။

လက်နက်ပုန်းများ ထိမှန်သွားလျှင်...

"အား"

တစ်ချက်အော်ဟစ်လိုက်၏။

သူ၏ခန္ဓာကိုယ်မှာ လေထဲတုန့်ခနဲဖြစ်သွားပြီး...

"ဝုန်း"

မြေပေါ် အရုပ်ကြိုးပြတ်ပုံလျက်သား ကျသွားတော့၏။

ထိုစဉ်...

"အား"

"အမယ်လေး"

"ဝုန်း"

စူးရှသောအော်ဟစ်သံများ တခဲနက်ထွက်ပေါ်လာလေသည်။

ခြင်္သေ့ဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးသွားကြပြီးနောက် ချူးကျန့်တို့လူစုက တောင်ကုန်းအား သိမ်းပိုက်လိုက်လေတော့သည်။

* * *



အရှေ့ဘက်၌ အရုဏ်ဦး၏ရောင်နီများ ထွက်ပေါ်လာပြီ ဖြစ်သည်။

တစ်ညတာ ကုန်ဆုံးကာ တစ်မိုးသောက်တော့မည် ဖြစ်သည်။

သခင်လေးဖန်းလီသည် တစ်ညလုံး အိပ်မပျော်နိုင်ခဲ့ပါ။

ထိန်လင်းနှင့်ဆရာရှောင်ယုတို့၏ တောင်ကုန်းများဘက်မှ အဆက်အသွယ် အချက်ပြမီးများ ထွက်ပေါ်လာသည်ကို မတွေ့ရခြင်းကြောင့် ဖြစ်သည်။

သခင်လေးဖန်းလီသည် တစ်ညလုံး အောင့်အည်းနေခဲ့ရပြီး မိုးလင်းကာနီးသည်နှင့်...

"မင်းတို့ သတိဝီရိယနဲ့နေကြ"

သူ၏လူများကို မှာကြားကာ တောင်ကုန်းပေါ်မှ ဆင်းလာခဲ့လေသည်။

အလင်းရောင်က တစ်စထက်တစ်စ အားကောင်းလာသည်။

အမှောင်ထုက တစ်စထက်တစ်စ ပါးသွားလေသည်။

ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်လာသည်။

သခင်လေးဖန်းလီလည်း တောင်ကုန်းအောက်သို့ ရောက်ရှိလာလေသည်။

နံနက်ခင်း၏ အေးမြသောလေပြည်လေညှင်းလေး ဝှေ့ယမ်းတိုက်ခတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့နေသည်။

ကျေးငှက်ကလေးများကလည်း ဟိုမှသည်ပျံဝဲကာ ဘာသာဘာဝ တေးသီကျူးနေကြသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါတော့သည်။

သခင်လေးဖန်းလီမှာ သာယာလှပသော ပတ်ဝန်းကျင်ကြောင့် ရင်ထဲမှပူပင်သောကများ လျော့ပါးသွားသည်ဟု ခံစားလိုက်ရလေသည်။

သို့သော်...

စိမ်းလန်းသော သစ်ပင်များ အစီအရီရှိနေသည့်နေရာတစ်ခုသို့ရောက်ရှိလာလျှင် သခင်လေးဖန်းလီ ခြေလှမ်းတုန့်ခနဲ ရပ်တန့်သွားလေတော့သည်။

အကြောင်းကား...

သစ်ပင်တစ်ပင်အောက်၌ အနက်ရောင်အခေါင်းတစ်လုံး ရှိနေသည်ကို တွေ့လိုက်ရလေသည်။

နံနက်စောစောအချိန် မင်္ဂလာ မရှိသော အခေါင်းတစ်လုံးကို တွေ့လိုက်ရခြင်း ဖြစ်လေသည်။

သခင်လေးဖန်းလီက အခေါင်းကို တစ်ချက်ကြည့်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

အခေါင်းက သူ့အလိုလို ရောက်ရှိလာမည် မဟုတ်ပါ။

တစ်စုံတစ်ယောက်က လာထားသွားခြင်း ဖြစ်ရပေမည်။

မည်သူက လာထားသွားပါသနည်း။



သခင်လေးဖန်းလီ ရှာဖွေကြည့်လိုက်လျှင် သစ်ပင်တစ်ပင်အောက်၌ ရပ်နေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ချူးကျန့် ဖြစ်သည်။

ချူးကျန့်က...

"သခင်လေးက ဘာများ ရှာနေတာလဲဗျာ"

ဟု မေးလိုက်လေသည်။

သခင်လေးဖန်းလီက...

"ခင်ဗျားကို ရှာနေတာ"

ချူးကျန့်က ရယ်မောလိုက်လေသည်။

"ကျုပ်က သခင်လေးအတွက် လက်ဆောင်လာပို့ပေးတာပါ"

"ခေါင်းတစ်လုံး ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ သခင်လေးတစ်ယောက်ဟာ မြေပေါ်မှာ ခွေးသေဝက်သေ သေသွားမှာထက် ခေါင်းထဲမှာ သေရတာက ပိုမကောင်းဘူးလားဗျာ"

"ဟား..ဟား..ဟား"

သခင်လေးဖန်းလီက ဟားတိုက်ရယ်မောလိုက်လေသည်။

ချူးကျန့် ပြုံးလိုက်သည်။

"သခင်လေးက အတော်သတ္တိကောင်းတာပဲ၊ သခင်လေးနေရာမှာ တခြားတစ်ယောက်ဆိုရင် သည်လို ရယ်မောနိုင်မှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သခင်လေးဖန်းလီက...

"ကျုပ်က သေရမှာ ကြောက်တဲ့လူမှ မဟုတ်တာပဲဗျာ"

ချူးကျန့်က...

"ဝိုဏ်းတစ်ရာဂိုဏ်းနဲ့ ရင်ဆိုင်ရပြီဆိုရင် သေရမှာကြောက်တဲ့လူကော မကြောက်တဲ့လူကော တစ်ယောက်မကျန် သေရမှာ ပဲဗျ"

သခင်လေးဖန်းလီက...

"ကိုယ်ရံတော်ထိန်လင်းနဲ့ ဆရာရှောင်ယုတို့က ခင်ဗျားတို့ လက်ချက်မိသွားပြီ ဟုတ်လား"

ချူးကျန့်က...

"ခြသေ့ဂိုဏ်းချုပ်လျူရိလဲ ကျုပ်တို့လက်က လွတ်မှာ မဟုတ်ပါဘူးဗျာ"

သခင်လေးဖန်းလီ ခေါင်းခါယမ်းလိုက်လေသည်။

"ခြသေ့ဂိုဏ်းကို လွယ်လွယ်နဲ့ရမှာ မဟုတ်ဘူးဗျ"

ချူးကျန့်က...

"ဒါကတော့ သခင်လေးက ကိုယ့်ကိုကိုယ် အထင်ကြီးနေတာပါပဲဗျာ"

သခင်လေးဖန်းလီက...

"ကျုပ်ကတော့ ခင်ဗျားသာ ကိုယ့်ကိုကိုယ် အထင်ကြီးနေတဲ့ လူတစ်ယောက်လို့ သုံးသပ်မိတယ်"

"ဟား..ဟား..ဟား"

ချူးကျန့်က ခွက်ထိုးခွက်လန် ရယ်မောလိုက်ပြီးမှ...



"ကျုပ်က ကိုယ့်ကိုကိုယ် ယုံကြည်မှု ရှိတာပါဗျာ"

သခင်လေးဖန်းလီက...

"ကောင်းပြီ၊ ခင်ဗျားက ကျုပ်တို့ကို အနိုင်ရမယ်လို့ ယုံကြည်ထားရင် လက်တွေ့စမ်းကြည့်နိုင်ပါတယ်ဗျာ"

ဟု စိန်ခေါ်လိုက်လေသည်။

ချူးကျန့်က...

"ဒါဆိုရင် သခင်လေး သတိထားပါ"

စကားဆုံးလျှင် လှျပ်တစ်ပြက် ရှေ့တိုးလာပြီး သခင်လေးဖန်းလီအား တိုက်ခိုက်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချူးကျုန့်မှာ အလွန်ကြောက်စရာကောင်းသော လူသတ်သမားတစ်ဦး ဖြစ်သည်။

သူ၏တိုက်ကွက်များသည် ရက်စက်ကြမ်းကြုတ်မှုများ လွှမ်းမိုးနေပြီး သေကွင်းသေကွက်များကိုသာ ဦးတည်တိုက်ခိုက်ခြင်း ဖြစ်လေသည်။

"ဝှစ်...ဝှစ်"

ကြောက်မက်ဖွယ်ကောင်းသော ဓားချက်များက သခင်လေးဖန်းလီအား လွှမ်းမိုးထားလိုက်လေသည်။

ဓားတစ်ချက် ထိလိုက်သည် ချက်ချင်းလဲကျ သေဆုံးသွားရမည် ဖြစ်လေသည်။

သခင်လေးဖန်းလီကလည်း သတိကြီးစွာထားကာ သူ၏အထက်မြက်ဆုံး ဓားကွက်များ ထုတ်ဖော်လိုက်လေသည်။

နှစ်ယောက်သား နောက်မဆုတ်စတမ်း ထိပ်တိုက်ရင်ဆိုင်လိုက်ကြခြင်း ဖြစ်သည်။

ဤတွင်...

ချူးကျုန့်၏ရက်စက်သော ဓားချက်များက သခင်လေးဖန်းလီ၏ ဓားချက်များထက် ပို၍ ထိရောက်မှု ရှိကြောင်း ပေါ်လွင်လာလေတော့သည်။

"ဝှစ်"

သခင်လေးဖန်းလီ၏ဓားတစ်ချက်က ချူးကျုန့်၏လက်မောင်းကို ရှပ်ပြီး ခုတ်ချမိလိုက်လေသည်။



ထို့အတူ...

ချူးကျုန့်၏ဓားချက်က သခင်လေးဖန်းလီ၏ရင်ဝကို ထိုးစိုက်မိသွားတော့သည်။

"အား"

သခင်လေးဖန်းလီ လဲကျသွားတော့သည်။

ထိုအချိန်မှာပင်...

ချူးကျုန့်၏လူများက သစ်ပင်များ နောက်ကွယ်မှ အလျှိုအလျှို ထွက်ပေါ်လာကြပြီး သခင်လေးဖန်းလီ၏အလောင်းကို မ,ယူကာ အခေါင်းထဲ ထည့်လိုက်ကြသည်။

ပြီးလျှင် အခေါင်းကို သယ်ဆောင်သွားကြတော့သည်။

ခြသေ့်ကြီးလျူရှီ၏ သူရဲကောင်းသုံးယောက်ကား လူသတ်သမားချူးကျုန့်၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ကြပြီ ဖြစ်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## သံယောဇဉ်ကြိုးတစ်ချောင်း

"ခွပ်ခွပ်…ခွပ်ခွပ်"

"ခွပ်ခွပ်…ခွပ်ခွပ်"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်နေ၏။

ဂိုဏ်းတစ်ရာဂိုဏ်းချုပ်ကြီး ယိထင်းကျောက် စီးနင်းလာသော မြင်းလှည်းသည် အေးချမ်းမြို့လေးသို့ ဦးတည်ခရီးနှင်နေ၏။

ယိထင်းကျောက်နှင့်အတူ အမှောင်ဂိုဏ်းသားများ လိုက်ပါလာကြလေသည်။

ယိထင်းကျောက် ဦးဆောင်သော ဂိုဏ်းတစ်ရာဂိုဏ်းသည် အေးချမ်းမြို့နှင့် အေးချမ်းတောင်ကြားအား တိုက်ခိုက်ချေမှုန်းရန် အင်အားအလုံးအရင်းဖြင့် ချီတက်လာကြခြင်း ဖြစ်လေသည်။



ယိထင်းကျောက်က မြင်းလှည်းအိမ်ကြီးထဲ၌ လိုက်ပါလာလေသည်။

ယိထင်းကျောက်သည် သိုင်းလောက၌ ပြန်လည်ခေါင်းထောင်လာခဲ့ပြီးနောက် ဂိုဏ်းတစ်ရာဂိုဏ်းချုပ်ကြီးအဖြစ် အမှောင်လောကသားများအား ဦးဆောင်ကာ သိုင်းလောကအား ခြိမ်းခြောက်နိုင်သူ ဖြစ်လာသည်။

သို့သော်…

အမှောင်လောကသားများအား ထိန်းချုပ်ရသည်မှာ လွယ်ကူသောကိစ္စ မဟုတ်ကြောင်း ယိထင်းကျောက် တဖြည်းဖြည်း နားလည်သဘောပေါက်လာပြီ ဖြစ်လေသည်။

ထို့ကြောင့် သူက ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

သူမွေးခဲ့သည့်မီးကို သူကိုယ်တိုင် ပြန်လည်ငြိမ်းသတ်လိုက်ရန် ဖြစ်လေသည်။

အေးချမ်းတောင်ကြား၌ မှီတင်းနေထိုင်ကြသော သိုင်းသမားများသည် တစ်ချိန်က သူ့အား ဒုက္ခပေးခဲ့ဖူးကြသူများ ဖြစ်သလို သူ၏လက်အောက်မှ လူများအား ဒုက္ခပေးခဲ့ဖူးကြသူများလည်း ဖြစ်သည်။

ခြသေ့ဂိုဏ်းချုပ် လျူရီကလည်း သူ၏ရန်သူတော်ကြီးတစ်ယောက် ဖြစ်သည်။

ခြသေ့ဂိုဏ်းနှင့် အေးချမ်းတောင်ကြားအား ဖျက်ဆီးရင်း တစ်ချိန်တွင် သူ့ကို အာခံလာကြမည့် အမှောင်လမ်းမှ လူများကိုပါ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးမရန် ဆုံးဖြတ်လိုက်၏။

ရုတ်တရက်ဆိုလျှင် သူ့အား ရူးသွပ်နေသူဟု ဆိုကြမည် ဖြစ်သည်။

ယိထင်းကျောက် ရူးသွပ်ခြင်း မရှိပါ။

သူ အဓိကထားသည်မှာ ဆရာကြီးကောင်းကျင်းစန်း ဖြစ်ပါသည်။

ကောင်းကျင်းစန်းအား သုတ်သင်ပစ်ဖို့က သူ၏အဓိက ရည်ရွယ်ချက် ဖြစ်သည်။

သိုင်းလောကအား စိုးမိုးဖို့၊ ဩဇာထူထောင်ဖို့ စသည်တို့သည် ကောင်းကျင်းစန်းအား သုတ်သင်ရှင်းလင်းဖို့လောက် အရေးမကြီးဟု ခံယူထားလေသည်။

ယိထင်းကျောက်က မြင်းလှည်းအိမ်ထဲ၌ ထိုင်ကာ သက်တောင့်သက်သာ လိုက်ပါလာခဲ့လေသည်။

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများက စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေသည်။

ယိထင်းကျောက်သည် ပြတင်းပေါက်အနီး၌ ထိုင်ကာ လိုက်ပါလာရင်း ရွာကလေးတစ်ရွာသို့ ရောက်ရှိလာလေသည်။

ထိုရွာကလေးမှ လူများသည် တိုက်ပွဲများ ဖြစ်ပွားလာတော့မည်ဆိုသည့် သတင်းများကြောင့် ထွက်ပြေးရှောင်တိမ်းသွားကြပြီ



ဖြစ်သည်။ ထွက်မပြေးနိုင်သူများကလည်း အိမ်ထဲ၌ ပုန်းအောင်းနေကြလေသည်။

ယိထင်းကျောက်တို့က ဤရွာကလေး၌ ရပ်နားဖို့ အစီအစဉ်မရှိသဖြင့် ရှေ့ဆက်ခရီးနှင်သွားကြသည်။

သို့ဖြင့် ရွာစွန်ပိုင်းသို့ ရောက်ရှိလာသောအခါ အမျိုးသမီးတစ်ယောက်သည် ကလေးငယ်တစ်ယောက်အား လက်ဆွဲကာ အိမ်ကြိုအိမ်ကြားသို့ ပြေးဝင်သွားသည်ကို တွေ့လိုက်ရလေသည်။

ထိုမြင်ကွင်းကြောင့် ယိထင်းကျောက်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

အမျိုးသမီးနှင့် ကလေးကား မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေသည်။

ယိထင်းကျောက်က ထပ်မံတွေ့မြင်ရနိုးဖြင့် ရှာဖွေကြည့်ပါသော်လည်း မတွေ့ရတော့ချေ။

ယိထင်းကျောက် သက်ပြင်းချလိုက်လေသည်။

အမျိုးသမီးနှင့် ကလေးငယ်ကြောင့် သူ့စိတ်လှုပ်ရှားသွားရသည်မှာ အဘယ်ကြောင့်ပါနည်း။

ယိထင်းကျောက်က မျက်လုံးမှိတ်ထားလိုက်၏။

သို့တိုင်...

အမျိုးသမီးနှင့် ကလေးငယ်တို့အား မြင်ယောင်မိဆဲ...

သို့သော် သူမြင်ယောင်နေသည်မှာ အိမ်ကြိုအိမ်ကြားသို့ ပြေးဝင်သွားကြသူများ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အခြားအမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ယောက်တို့ ဖြစ်လေသည်။

သူတို့သည် တစ်ချိန်က ယိထင်းကျော်နှင့် ပက်သက်ခဲ့ကြသူများ မဟုတ်ပါလား။

ယိထင်းကျော်၏စိတ်အစဉ်မှာ အတိတ်က အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်နေမိလေတော့သည်။

* * *

လွန်ခဲ့သော ဆယ့်ငါးနှစ်ခန့်က ဖြစ်သည်။

ယိထင်းကျော် ဦးဆောင်သော အနက်ရောင်သိုင်းသမား တစ်စုသည် ရွာကလေးတစ်ရွာအား ဝင်ရောက်တိုက်ခိုက်ခဲ့ကြလေသည်။

ထိုရွာကလေး၏ ရွာသူကြီးက ရွာသားများအား ဦးဆောင်ကာ ပြန်လည်ခုခံခဲ့လေသည်။

ယိထင်းကျော် ဒေါသချောင်းချောင်း ထွက်သွားလေသည်။

"တစ်ရွာလုံးကို မီးရှို့လိုက်၊ တစ်ယောက်မှ မလွတ်စေနဲ့၊ အကုန်သတ်"

သူ၏အမိန့်ကြောင့် နောက်လိုက်များသည် မီးကုန်မီး ကုန် ယမ်းကုန် သောင်းကျန်းကြတော့သည်။



ရွာကို မီးရှို့ကာ မည်းမည်းမြင်သမျှ အကုန်သတ်ကြလေတော့သည်။

ယိထင်းကျော်တို့၏ လက်ချက်ဖြင့် ရွာသူကြီး အပါအဝင် တစ်ရွာလုံး သေဆုံးသွားကြလေတော့သည်။

* * *

နောက်တစ်နေ့နံနက်...

အဖြူရောင်သိုင်းသမားများက ရွာကလေး၏ အဖြစ်ဆိုးကို သိရှိသွားကာ ယိထင်းကျော်တို့အား လိုက်လံရှာဖွေကြတော့သည်။

ထိုသတင်းကြားလျှင် ယိထင်းကျော်က...

"တို့တတွေ လူစုခွဲပြီး ခဏရှောင်နေမှ ဖြစ်မယ်၊ အခြေအနေ အေးချမ်းသွားမှ ပြန်ပြီးစုစည်းကြမယ်"

ဟု ပြောကာ လက်အောက်ငယ်သားများအား ငွေများ ခွဲဝေပေးပြီး လူစုခွဲလိုက်လေသည်။

သူကိုယ်တိုင်လည်း တောင်ပိုင်းဒေသသို့ ရှောင်တိမ်းလာခဲ့လေသည်။

တောင်ပိုင်းဒေသမှာ တရားဥပဒေလက်တံနှင့် အလှမ်းဝေးသော အရပ်ဒေသတစ်ခု မဟုတ်ပါလား။

ယိထင်းကျော် တောင်ပိုင်းဒေသသို့ ရောက်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်…

ရွာအနောက်ပိုင်းမှ အော်ဟစ်သံများနှင့်အတူ မီးခိုးလုံးများ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

မရှေးမနှောင်းမှာပင်…

"ခွပ်ခွပ်…ခွပ်ခွပ်"

"ဟေး…ဟေး"

မြင်းစီးသမား လူဆိုးများက မြင်းခုန်းစိုင်းကာ ထမင်းဆိုင်ရှေ့မှ ဖြတ်ပြီး ရွာအပြင်ဘက် ပြန်ထွက်သွားကြသည်ကို တွေ့လိုက်ရလေသည်။

ဆိုင်ရှင်က…

"ရပ်ရွာကောင်းကျိုးဆောင်ရွက်နေတဲ့ ဆရာလေးသန်းဖုံးတော့ ဒုက္ခရောက်ပါပြီ"

ဟု တဖျစ်တောက်တောက် ညည်းတွားနေတော့သည်။

ယိထင်းကျောက်လည်း စားသောက်ပြီးသွားပြီမို့ ကျသင့်ငွေ ပေးချေကာ ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။

* * *



ရွာကလေးကို ကျောခိုင်းထွက်လာသည့် ယိထင်းကျောက်သည် ရွာကလေးနှင့် မလှမ်းမကမ်းရှိ တောအုပ်တစ်ခုသို့ ရောက်ရှိလာလေသည်။

သူက တစ်လမ်းလုံး လူဆိုးဓားပြများ၊ ဆရာလေးသန်းဖုံးနှင့် ရွာသူရွာသားများ အကြောင်း တွေးတောစဉ်းစားလာမိလေသည်။

ဆရာလေးသန်းဖုံးက အများအကျိုး ဆောင်ရွက်ခဲ့သူ ဖြစ်ရကား တစ်ရွာလုံးက ချစ်ခင်လေးစားကြလေသည်။

လူဆိုးဓားပြများကြောင့် ဒုက္ခရောက်ခဲ့ရသည့် ဆရာလေးသန်းဖုံးအတွက် အားလုံး ဝမ်းနည်းကြေကွဲခဲ့ကြသလို လူဆိုးဓားပြများကိုလည်း ဒေါသထွက်ကြလေသည်။

လူဆိုးများနှင့် တိုက်ပွဲတွင် အင်အားမမျှသဖြင့် ဆရာလေးသန်းဖုံး အသတ်ခံလိုက်ရလေသည်။

သန်းဖုံးက အသက်စွန့် ရင်ဆိုင်ခဲ့ခြင်းကြောင့် ဇနီးသည်နှင့် သားဖြစ်သူ လွတ်မြောက်သွားသည်ဟု သိရလေသည်။

ယိထင်းကျောက်က တောလမ်းမှ ဖြတ်လာစဉ် ရုတ်တရက် ငိုရှိုက်သံများ ကြားလိုက်ရသဖြင့် အတွေးနယ်ချဲ့နေရာမှ သတိဝင်လာလေသည်။

သတိထားပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ငိုရှိုက်သံသည် ဝဲဘက်တစ်နေရာရှိ ချုံပုတ်များနောက်မှ ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ မေမေဟာ လူဆိုးတွေ လက်ချက်နဲ့ ဒဏ်ရာရခဲ့တာ"

ပြောရင်း မျက်ရည်များ စီးကျလာပြီး…

"မေမေ"

မိခင်၏ အလောင်းကိုဖက်ကာ ငိုကြွေးလိုက်လေတော့သည်။

ယီထင်းကျောက်သည် ကောင်လေးကို ကြည့်ရင်း သူ၏ ဘဝကို သတိရလာလေသည်။

ငယ်စဉ်က သူတို့ ရွာအား လူဆိုးများက ဓားပြဝင်တိုက်ခဲ့ရာ ခုခံခဲ့သည့် သူ၏မိသားစုကို လူဆိုးများက ရက်ရက်စက်စက် သတ်ပစ်ခဲ့ရာ သူတစ်ယောက်သာလျှင် ကံကောင်းထောက်မပြီး အသက်ရှင် လွတ်မြောက်ခဲ့သည် မဟုတ်ပါလား။

ရပ်ဓားသို့ ထွက်ပြေးခဲ့ပြီး လမ်းပေါ်၌ ငတ်တစ်လှည့် ပြတ်တစ်လှည့်ဖြင့် တဖြည်းဖြည်း ကြီးပြင်းလာခဲ့ခြင်း ဖြစ်သည်။

ခါးသီးသော ဘဝကြောင့် လူဆိုးလေးတစ်ယောက် ဖြစ်လာပြီး နောက်ပိုင်း၌ လက်စွမ်းထက်သူ ဖြစ်လာသည်။

အပေါင်းအဖော်များလည်း ရှိလာပြီး အမှောင်သိုင်းသမားတစ်ယောက်ထံမှ ပညာသင်ယူပြီးလျှင် မိဘများအား သတ်ပစ်ခဲ့သူများကို ရှာဖွေဖော်ထုတ်ကာ လိုက်လံသုတ်သင်ပစ်ခဲ့သည်။

နောက်ပိုင်းတွင် ပို၍ အတင့်ရဲလာကာ လူဆိုးကြီးလုံးလုံး ဖြစ်သွားခဲ့သည် မဟုတ်ပါလား။



သူနှင့် ဘဝပေးချင်း တူညီနေသည့် ကောင်လေးအား ယီထင်းကျောက် စိတ်ဝင်စားသွားသကဲ့သို့ ကူညီလိုစိတ်များ ဖြစ်ပေါ်လာလေတော့သည်။

"မင်းရဲ့အမေက သေသွားပြီကွ"

ကောင်လေးက…

"လူဆိုးတွေကို ကျွန်တော် မကျေနပ်ဘူး"

ယီထင်းကျောက်က…

"သိပ်ကောင်းတာပေါ့၊ လူဆိုးတွေကို ဆုံးမနိုင်အောင် ငါ ကူညီပေးမယ်ဆိုရင်ကော"

"ဦးလေး တကယ် ပြောတာလား"

"တကယ်ပေါ့"

ယီထင်းကျောက်က…

"မင်းကို သိုင်းပညာသင်ပေးမယ်၊ လူဆိုးတွေကို ဆုံးမနိုင်အောင် ကူညီမယ်၊ ကဲ… ငါနောက်ကို လိုက်ခဲ့မယ် မဟုတ်လား"

ကောင်လေးလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ သဘောတူလိုက်လေသည်။

"ကျွန်တော်လိုက်မယ်"

"ကောင်းပြီ၊ မင်းအမေရဲ့အလောင်းကို အရင်ဆုံး မြှုပ်နှံသင်္ဂြိုလ်ကြမယ်"

ယီထင်းကျောက်သည် ကောင်လေး၏မိခင်အား မြှုပ်နှံသင်္ဂြိုလ်ရန် ဦးဆောင်လုပ်ကိုင်ပေးလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ ကျင်းဝှက်ဆိုသော ကောင်လေးသည် ယိထင်းကျောက် နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါသွားတော့သည်။

ယိထင်းကျောက်က ကျင်းဝှက်အား သားအမှတ်ဖြင့် မွေးစားခဲ့သည်။

လိုလေသေး မရှိအောင် စောင့်ရှောက်ခဲ့သည်။

ငယ်စဉ်ကပင် သိုင်းပညာ သင်ပေးခဲ့သည်။

သို့ဖြင့် အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်နှင့်အမျှ ကျင်းဝှက်လည်း အရွယ်ရောက် ကြီးပြင်းလာတော့သည်။

* * *

ယိထင်းကျောက်သည် အမှောင်လောက၌ တစ်စထက် တစ်စ နာမည်ရလာသည်။

လူဆိုး အဓိပတိကြီးတစ်ဦး ဖြစ်လာသည်။

ယိထင်းကျောက်က အမှောင်ရာဇာကြီး ဘဝကို ကျေနပ်အားရနေသော်လည်း ကျင်းဝှက်ရှေ့၌ လူကြီးလူကောင်းတစ်ယောက်အဖြစ် ဝိဝိရိရိ ဟန်ဆောင်နေခဲ့လေသည်။

သို့သော် ကျင်းဝှက်က တစ်နေ့တွင် ယိထင်းကျောက်၏ ဘဝမှန်ကို သိရှိသွားတော့သည်။

* * *



နေဝင်သွားပြီ ဖြစ်သည်။

အလင်းရောင် ပျောက်ကွယ်ကာ အမှောင်ထု စိုးမိုးလာသော်လည်း ယိထင်းကျောက်၏ သီးသန့်အခန်းတွင်း၌ မီးရောင်များ ထိန်ထိန်ညီးအောင် ထွန်းညှိထားလေသည်။

ကျင်းဝှက်သည် ဟုန်စိန်ဘုံကျောင်း၌ ဘုရားပွဲရှိရကား သွားရောက်လည်ပတ်လို၍ ဖခင်ကြီးထံ ခွင့်တောင်းဖို့ လာခဲ့လေသည်။

ယိထင်းကျောက်၏အခန်း အနီးသို့ ရောက်လျှင် အခန်းထဲမှ ကျယ်လောင်သော စကားသံများကို ကြားလိုက်ရသဖြင့် စိတ်ဝင်စားသွားလေသည်။

တံခါး မခေါက်သေးဘဲ တံခါးကြားမှတဆင့် အခန်းတွင်းသို့ ချောင်းကြည့်လိုက်လေသည်။ ထိုအခါ ယိထင်းကျောက်က ဒေါသတကြီး ဖြစ်ကာ လူ သုံးယောက်အား ဆူပူကြိမ်းမောင်းနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသုံးယောက်မှာ ယိထင်းကျောက် အားထားရသည့် ကိုယ်ရံတော်ငါးယောက်၌ ပါဝင်သူများ ဖြစ်လေသည်။

ယိထင်းကျောက်က...

"မင်းတို့ငါးယောက်သွားတာ နှစ်ယောက်ကျဆုံးသွားတယ်ဆိုတော့ ဘယ်လောက် အသုံးမကျသလဲ ပြောစမ်း၊ သည်ဘာမဟုတ်တဲ့ သိုင်းဆရာရှမ်းလုံကိုတောင် မဆုံးမနိုင်ဘူးလား"

ကိုယ်ရံတော်တစ်ယောက်က...

www.burmeseclassic.com

www.burmeseclassic.com



"ရှမ်းလုံက လက်ဦးမှုယူပြီး တိုက်ခိုက်ခဲ့လို့ ကျွန်တော်တို့ဘက်က နစ်ယောက် ကျဆုံးခဲ့ရတာပါ။ သူက ကျွန်တော်တို့ လာမယ်ဆိုတာ ကြိုတင်သိနေပါတယ်"

ယီထင်းကျောက်က…

"သိတာပေါ့၊ ငါ့ရဲ့ လုပ်ငန်းတွေကို မနှောင့်ယှက်ဖို့၊ နှောင့်ယှက်ရင် တစ်မိသားစုလုံး အသတ်ခံရမယ်လို့ ငါသတိပေးထားတာပဲ၊ သူက ဂရုမစိုက်ဘဲ ဆက်လုပ်နေပြီ၊ ငါက လူလွှတ် တိုက်ခိုက်လိမ့်မယ်ဆိုတာ သူ မသိဘဲနေမလား"

"ကျွန်တော်တို့လူနစ်ယောက် ကျဆုံးသွားခဲ့ပေမယ့် သိုင်းဆရာရှမ်းလုံကို လက်ရဖမ်းဆီးခေါ်လာနိုင်ခဲ့ပါတယ် ခင်ဗျာ"

ယီထင်းကျောက်က…

"ရှမ်းလုံဆိုတဲ့နာမည်ကို ငါ မကြားချင်တော့ဘူး၊ သူ့ကို ရှင်းပစ်လိုက်၊ ကဲ..မင်းတို့ သွားကြတော့"

ဟု ပြောကာ လက်ဝှေ့ယမ်းပြလိုက်လေသည်။

ကိုယ်ရံတော်သုံးယောက်လည်း ဦးညွှတ်ဂါရဝပြုပြီး ထွက်သွားကြလေသည်။

ကျင်းဝှက်က သူ့အား မတွေ့သွားအောင် အခန်းအပြင်ဘက် အမှောင်ရိပ်ထဲ၌ ပုန်းကွယ်နေလိုက်ပြီး ကိုယ်ရံတော်များ အဝေးသို့ ရောက်သွားတော့မှ ယီထင်းကျောက်၏အခန်းထဲ လှမ်းဝင်လိုက်လေတော့သည်။

* * *



ယီထင်းကျောက်သည် ခြေသံပြင်းပြင်းနှင်းကာ အခန်းထဲ လှမ်းဝင်လာသည့် ကျင်းဝှက်ကို မြင်လျှင် အံ့ဩသွားလေသည်။

"ငါ့သား ဘာများ အရေးကြီးလာတာလဲ"

ဟု မေးလိုက်လေသည်။

ကျင်းဝှက်က…

"ဖေဖေ ရှမ်းလုံဆိုတာ အများအကျိုး ဆောင်ရွက်နေတဲ့ သိုင်းဆရာကြီးကိုပြောတာ မဟုတ်လား။ ဟိုတလောကတောင် လူဆိုးဓားပြ အချို့ကို ဆုံးမလိုက်လို့ အများက ချီးကျူးမဆုံးဖြစ်နေကြသေးတယ်လေ"

ယီထင်းကျောက်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"သူက.."

"အားလုံး ကြည်ညိုလေးစားကြတဲ့ ဆရာကြီးရှမ်းလုံကို ဖေဖေ ဘာကြောင့် မုန်းတီးနေတာလဲဟင်"

"မင်း.."

"ကျွန်တော်သိပြီ၊ ဆရာကြီးရှမ်းလုံကို ဆုံးမလိုက်တာ ဖေဖေရဲ့လူတွေ မဟုတ်လား"

"ကျင်းဝှက်၊ မင်း ဘာတွေ ပြောနေတာလဲ"

"ကျွန်တော် အားလုံးကို သိလိုက်ပါပြီ ဖေဖေ"

ယီထင်းကျောက်သည် ကျင်းဝှက်ကို ကြည့်ပြီး သက်ပြင်းချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဇုက်က...

"ဖေဖေကိုယ်တိုင် လူဆိုးဓားပြတွေရဲ့ ခေါင်းဆောင်ကြီး တစ်ဦး ဖြစ်နေတာပဲ မဟုတ်လား"

ယီထင်းကျောက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ငါက လူဆိုးကြီးတစ်ယောက်ပေါ့၊ အဲဒါ ဘာဖြစ်သလဲ"

"ဖေဖေ"

"ငါဟာ ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ် ငါက မင်းရဲ့အဖေပဲ၊ မင်း ခုလို လူလားမြောက် ကြီးပြင်းလာတာ ငါ့ရဲ့ကျေးဇူးကြောင့်ပဲ မဟုတ်လား"

ကျင်းဇုက် ငိုင်သွား၏။

ယီထင်းကျောက်က...

"မင်းရဲ့မိဘတွေကို သတ်ဖြတ်သွားတဲ့ လူဆိုးတွေကို ဆုံးမနိုင်ခဲ့တာလဲ ငါ့ကြောင့်ပဲ မဟုတ်လား"

ကျင်းဇုက်က...

"ဖေဖေ့ရဲ့ ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ ဆပ်လို့မကုန်အောင် ရှိနေပါတယ်၊ ဒါပေမယ့် ဖေဖေဟာ လူဆိုးကြီးတစ်ယောက်ပါပဲ"

ယီထင်းကျောက် ခေါင်းညိတ်လိုက်သည်။

"အေး..ငါက ဘယ်တုန်းကမှ လူကောင်းတစ်ယောက် မဟုတ်ခဲ့ဘူး၊ ကဲ..မင်း ဘာပြောဦးမလဲ"



"ဖေဖေ"

"ကျင်းဇုက်၊ မင်းက ငါ့ကို အာခံချင်တာလား"

"ကျွန်တော်.."

ကျင်းဇုက် မကျေနပ်သော်လည်း ဆက်မပြောတော့ဘဲ ခေါင်းငုံ့ထားလိုက်လေသည်။

ယီထင်းကျောက်က...

"ကျင်းဇုက်၊ မင်းကို သည်မှာ ထားလို့ မဖြစ်တော့ဘူး၊ မင်း တိဘက်ကို သွားရမယ်"

"ဗျာ"

"တိဘက်မှာ ငါ့ရဲ့မိတ်ဆွေတစ်ယောက် ရှိတယ်၊ သူ့ဆီကို သွားပြီး သိုင်းပညာသင်ရမယ်"

"ကျွန်တော်"

"ငါ့ရဲ့ကျေးဇူးကို နားလည်တယ်ဆိုရင် ငါ့စကား နားထောင်ရမယ်၊ တိဘက်ကို မင်းသွားရမယ်"

ယီထင်းကျောက်က ပြတ်ပြတ်သားသား ပြောလိုက်ခြင်း ဖြစ်လေသည်။

ကျင်းဇုက် သက်ပြင်းချလိုက်လေသည်။

"ကောင်းပါပြီ ဖေဖေ၊ မကောင်းမှုတွေကို ကျွန်တော် သဘောမကျပေမယ့် ဖေဖေရဲ့ ကျေးဇူးကို ထောက်ထားပြီး တိဘက်ကို ကျွန်တော်သွားပါ့မယ်"

ယီထင်းကျောက်က...

www.burmeseclassic.com

www.burmeseclassic.com



"မင်းအမြန်ဆုံး သွားဖို့ ပြင်ဆင်ထားပါ"

"ဟုတ်ကဲ့ ဖေဖေ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ကျင်းဗုက်က ဦးညွှတ်ပြီး အခန်းတွင်းမှ ပြန်ထွက်သွားလေတော့သည်။

* * *

ကျင်းဗုက် ထွက်သွားပြီ ဖြစ်သည်။

ကျင်းဗုက်နှင့် ပတ်သက်ပြီး စိတ်ရှုပ်သွားသော ယိထင်းကျောက်က သူ၏အကြံပေးဖြစ်သော ပုထုံကို ခေါ်ယူလိုက်လေသည်။

ပုထုံ ချက်ချင်း ရောက်ရှိလာပြီး ဦးညွှတ်လိုက်၏။

"အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

ယိထင်းကျောက်က...

"ကျင်းဗုက်က ကျုပ်ရဲ့အကြောင်း သိသွားပြီ"

ပုထုံက...

"သူဟာ လူတော်လူကောင်းလေးတစ်ယောက်ပါ၊ ဂိုဏ်းချုပ်ကြီးရဲ့ ကျေးဇူးတရားကိုလည်း သိတတ်တဲ့ လူတစ်ယောက်ပါ၊ သူ့ရဲ့ဘဝပေး အခြေအနေကြောင့် သူ့ရဲ့စိတ်ခံစားချက် တစ်မျိုးတဖုံ ဖြစ်နေတာပါ ဂိုဏ်းချုပ်ကြီး"

ယိထင်းကျောက်က...



"ကျုပ်နားလည်တယ်၊ သူ့စိတ်ထဲ ကျုပ်နဲ့ ပတ်သက်ပြီး ဘယ်လိုမှ မခံစားစေချင်ဘူး၊ ဒါကြောင့် သူ့ကို တိဘက်က ကျုပ်မိတ်ဆွေတစ်ယောက်ဆီကို လွှတ်လိုက်ဖို့ ဆုံးဖြတ်လိုက်တာ"

ပုထုံက...

"သည်အကြံ ကောင်းပါတယ် ဂိုဏ်းချုပ်ကြီး"

သူက ယိထင်းကျောက်ကို တစ်ချက်ကြည့်လိုက်သည်။

ယိထင်းကျောက်က...

"မင်း ဘာပြောချင်လို့လဲ ပြောပါ၊ ကျုပ်ကို ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်"

ပုထုံက...

"ကျင်းဗုက်ဟာ ဘယ်တော့မှ ဂိုဏ်းချုပ်ကြီးရဲ့ သားအရင်း တစ်ယောက် ဖြစ်လာမှာ မဟုတ်ပါဘူး"

သူ၏စကားက အဓိပ္ပါယ်ပြည့်ဝလှပါတော့သည်။

ယိထင်းကျောက် ငေးငိုင်သွား၏။

သူကလည်း ဘယ်တော့မှ လူကောင်း ဖြစ်မလာနိုင်သော လူဆိုးကြီးတစ်ယောက် ဖြစ်သည်။

တစ်နေ့တွင် ကျင်းဗုက်သည် သူ၏ခြေရာနင်းမည့်သူ ဖြစ်လာစေလိုသည်။

သို့သော်...

ကျင်းဗုက်က ဘယ်တော့မှ လူဆိုး ဖြစ်လာမည် မဟုတ်သည့် လူကောင်းတစ်ယောက် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ခံယူချက်ခြင်း၊ သဘောထားခြင်း ဆန့်ကျင်ဘက် ဖြစ်နေရကား သဟဇာတ ဖြစ်ဖို့ မလွယ်တော့ချေ။

ပုထုံက...

"ဂိုဏ်းချုပ်ကြီးခင်ဗျာ သခင်လေးကျင်းဝှက်ကို မေ့ထားလိုက်တာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ် ခင်ဗျာ"

ဟု သူ၏သဘောထားကို ပြောလိုက်လေသည်။

ယိထင်းကျောက်က...

"အင်း...သူက တိဘက်ကို ရောက်ပြီး သဘောထား ပြောင်းလဲသွားပါစေလို့ ဆုတောင်းရတော့မှာပဲ၊ တိဘက်က ကျုပ် မိတ်ဆွေဟာ တစ်ချိန်က ကျုပ်လို လူဆိုးဓားပြတစ်ယောက်ပါပဲ၊ သူက တိဘက်ကိုသွားပြီး ဓာတ်မြုပ်နေလိုက်တာ၊ အင်းလေ ကျင်းဝှက်ကို တိဘက်လွှတ်ပြီး အခြေအနေ စောင့်ကြည့်ရတော့မှာပေါ့"

သူက ကျင်းဝှက် တိဘက်သွားဖို့ ကိစ္စအား ပုထုံကိုပင် တာဝန်ပေးလိုက်လေသည်။

* * *



ကျင်းဝှက်က တိဘက်သို့ သွားရတော့မည် ဖြစ်သည်။

ခရီးထွက်ကာနီး၌ ယိထင်းကျောက်အား လာရောက်တွေ့ဆုံ နှုတ်ဆက်လေသည်။

"ဖေဖေ ကျွန်တော် သွားပါတော့မယ်"

ယိထင်းကျောက် သက်ပြင်းချလိုက်သည်။

"တိဘက်က ငါ့မိတ်ဆွေဟာ မင်းကို လိုလေသေး မရှိ ကူညီစောင့်ရှောက်ပါလိမ့်မယ်၊ သူ့ဆီက ပညာကုန်ရအောင် သင်ယူပါ"

"ဟုတ်ကဲ့ ဖေဖေ"

"အေး...မင်းက လူကောင်းတစ်ယောက် ဖြစ်ချင်တယ်၊ ငါက သိုင်းလောက လူဆိုးတစ်ယောက် ဖြစ်နေတယ်၊ ငါတို့နှစ်ယောက် ဘယ်လိုမှ ပြုပြင်နိုင်ကြမှာ မဟုတ်ဘူး။ သည်တော့ တိဘက်မှာ မင်းပညာစုံလို့ မင်းရဲ့ဆရာက ပြန်ခွင့်ပြုလိုက်ပြီဆိုတာနဲ့ မင်းဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ့်ဘဝ၊ ကိုယ့်ကြမ္မာ၊ ကိုယ့်ဘာသာဖန်တီးပေတော့"

"ဗျာ"

ပြတ်သားလှသည့် ယိထင်းကျောက်၏စကားကြောင့် ကျင်းဝှက် အံ့သြတကြီး ဖြစ်သွားလေသည်။

ယိထင်းကျောက်က...

"ဒါပေမယ့် မင်းက ငါ့ကို အဖေတစ်ယောက်လို့ သတိမှရရင်တော့ ငါ့ဆီကို အချိန်မရွေး ပြန်လာနိုင်ပါတယ်"

ကျင်းဝှက်က...

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေရဲ့ ခံယူချက် ရပ်တည်ချက်တွေကို မမြင်တော့ဘူး လားဟင်"

ယိထင်းကျောက် ခေါင်းခါယမ်းလိုက်သည်။

"ငါဟာ ဘယ်တော့မှ လူကောင်းတစ်ယောက် ဖြစ်လာမှာ မဟုတ်ဘူးဆိုတာ ပြောပြီးပြီလေ"

ကျင်းဇုက် စိတ်ပျက်သွား၏။

"ကောင်းပါပြီ၊ တိဘက်က ပြန်လာရင် ဖေဖေ့ကို လာတွေ့ ပါ့မယ်၊ ခုတော့ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေး..အေး မင်းကောင်းကောင်းသွားပေါ့"

"ဟုတ်ကဲ့ ဖေဖေ"

ကျင်းဇုက်လည်း နှုတ်ဆက်ကာ ထွက်သွားတော့၏။

ယိထင်းကျောက်က...

"မင်းကိုယ်မင်း လူကောင်းတစ်ယောက် ဖြစ်အောင် ကြိုး စားပါ၊ ငါတို့ ရေစက်ကုန်ပြီ"

ဟု တီးတိုးရေရွတ်လိုက်လေတော့သည်။

* * *



"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများဖြင့် ယိထင်းကျောက် ၏ မြင်းလှည်းကြီးက အေးချမ်းမြို့သို့ ဦးတည်ခရီးနှင်နေဆဲ ဖြစ် သည်။

ယိထင်းကျောက်က ပြတင်းပေါက်အနီး၌ ထိုင်ကာ တွေး တောငေးမောရင်း လိုက်ပါလာ၏။

ရုတ်တရက်...

"ဟေး..ဟေး"

"ဘေးဖယ်လိုက်ကြစမ်း"

ညာသံပေးသံ၊ အော်ဝေါက်သံများနှင့်အတူ မြင်းစီးသမား တစ်ဦးက ယိထင်းကျောက်၏မြင်းလှည်း အနီးသို့ ရောက်ရှိလာလေ သည်။

ယိထင်းကျောက်က ပြတင်းပေါက်အနီး၌ ထိုင်နေသည် ဖြစ်ရာ အနီးသို့ ရောက်လာသည့် မြင်းစီးသမားကို သတိပြုမိသွား လေသည်။

"ချူးကျန့်ပါလား"

ချူးကျန့်က ဦးညွှတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်"

ယိယင်းကျောက်က...

"မင်း ဘာပြောချင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ချူးကျန့်က...

"ခြင်္သေ့ဂိုဏ်းချုပ် လျှုရီက ကျုပ်တို့ကို ဟန့်တားဖို့ လက်ရုံးသုံးယောက်ကို စေလွှတ်ထားပါတယ်"

ယီထင်းကျောက် ပြုံးလိုက်သည်။

"သူ့လူသုံးယောက်က ဘာလုပ်နိုင်မှာတဲ့လဲ"

ချူးကျန့်က...

"လျှုရီရဲ့လူသုံးယောက်ကို ကျုပ်ရှင်းပစ်လိုက်ပါပြီ"

"ကောင်းတယ်"

ယီထင်းကျောက်က...

"လျှုရီ မှတ်သွားအောင် သူလွှတ်ထားတဲ့ လူသုံးယောက်ရဲ့ အလောင်းကို သူ့ဆီကို ပြန်ပို့ပေးလိုက်ပြီးရင် အစီအစဉ်အတိုင်း ဆက်လုပ်"

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

ချူးကျန့်လည်း ယီထင်းကျောက်ကို ဦးညွှတ်ကာ ထွက်သွားလေတော့သည်။

* * *



မရဏာမြင်းလှည်း

ရွာကလေးတစ်ရွာ ဖြစ်သည်။

သို့သော်...

အိမ်ခြေပေါင်း နှစ်ရာခန့်ရှိပြီး မြို့ကလေးတစ်မြို့နီးပါး စည်ကားသာယာလှပေသည်။

ထိုရွာကလေးဆီသို့ သွားသော လမ်းမကြီးနံဘေးတွင် စားသောက်ဆိုင်ငယ်လေးတစ်ဆိုင် ရှိသည်။

ဤစားသောက်ဆိုင်မှာ ဖြစ်သလို ဆောက်ထားသော ဆိုင်တစ်ဆိုင်ပင် ဖြစ်သည်။

ဆိုင်ထဲရှိ စားပွဲကုလားထိုင်များမှာ ပေရေညစ်ပတ်နေလေသည်။

ဆိုင်ပိုင်ရှင်မှာ အသက်ခြောက်ဆယ်ခန့် ရှိသော အဘိုးအိုတစ်ယောက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆိုင်ရှင်အဘိုးအို၏အမည်မှာ ဦးလေးကောင်း ဖြစ်သည်။

သူသည် ဆိုင်အလုပ်အားလုံးကို ဆိုင်လုလင်ကိုသာ လွှဲထားသည်။

ဦးလေးကောင်းသည် ဆေးတံတစ်လက်ဖြင့် အတွင်းခန်းထဲရှိ ကုလားထိုင်ပေါ်တွင်သာ သက်သောင့်သက်သာ ထိုင်နေတတ်သည်။

ဤနေရာသည် အလွန်ခေါင်သောနေရာ ဖြစ်သည့်အတွက် ခရီးသည်များမှာလည်း အလွန်နည်းပါးလေသည်။

ထို့ကြောင့်...

ဆိုင်လုလင်တစ်ယောက်တည်းနှင့်ပင် နိုင်နင်းလေသည်။

ထိုဆိုင်လုလင်သည် အလွန်အလုပ်ကြိုးစားသော လူရွယ်တစ်ယောက်ပင် ဖြစ်လေသည်။

သူ၏ဆက်ဆံရေးမှာလည်း ပြေပြစ်လှပေသည်။

ဦးလေးကောင်းသည် ထိုဆိုင်လုလင်အား လုံးဝယုံကြည်စိတ်ချသည့်အတွက် ဆိုင်လုပ်ငန်းအားလုံးကို လွှဲအပ်ထားလေတော့သည်။

* * *



ယနေ့လည်း...

ဦးလေးကောင်းသည် ဆေးတံတစ်လက်ဖြင့် အတွင်းခန်းရှိ ကုလားထိုင်ပေါ်တွင် သက်သောင့်သက်သာ ထိုင်နေလေသည်။

ထိုစဉ်မှာပင်...

"ဝုန်း"

ဟူသော အသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ထိုအသံကြောင့် ဦးလေးကောင်း မျက်လုံးပြူးသွားလေသည်။

သူသည် ကုလားထိုင်ပေါ်မှ ထပြီး အခန်းအပြင်သို့ ကမူးကယာ လှမ်းထွက်လိုက်သည်။

ထိုအခါ အလွန်သန်မာထွားကျိုင်းသော လူတစ်ယောက်သည် ဆိုင်လုလင်အား လည်ကုပ်မှ ကြက်ကလေး ငှက်ကလေးပမာ ဖမ်းကိုင်ထားသည်ကို တွေ့မြင်လိုက်ရလေသည်။

စားပွဲတစ်လုံးမှာ ကျိုးပဲ့၍ ကြမ်းပြင်ပေါ်သို့ ပြိုလဲကျနေသည်ကိုလည်း တွေ့မြင်လိုက်ရလေသည်။

သူသည် ရင်ထိတ်သွားလေသည်။

"ဟေ့...ဟေ့ ဒါ ဘာလုပ်တာလဲဗျ"

ဟု လွှတ်ခနဲ အော်လိုက်မိလေသည်။

ထိုအခါ လူသန်ကြီးသည် ဦးလေးကောင်းဘက်သို့ လှည့်ကြည့်လိုက်၏။

"ခင်ဗျားက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကောင်းက ခေါင်းညိတ်လိုက်ပြီး...

"ကျုပ်က သည်ဆိုင်ပိုင်ရှင်ပါ"

ထို့နောက် သူသည် ဆိုင်လုလင်အား ညွှန်ပြလိုက်ပြီး...

"မင်း သည်လူငယ်ကို လွှတ်လိုက်ပါ"

"ဟား...ဟား...ဟား"

လူသန်ကြီးသည် အသံကျယ်လောင်စွာဖြင့် ရယ်မောလိုက်သည်။

"ခင်ဗျားက ဆိုင်ပိုင်ရှင်ကိုး၊ ကောင်းပြီ၊ ခင်ဗျားတို့ ဆိုင်မှာ ကျုပ်သောက်ဖို့ အရက် မရှိဘူးဗျ"

ဦးလေးကောင်းသည် ဟိုရှိလူသန်ကြီးမှာ အရက်သောက်လို၍ ယခုကဲ့သို့ ဆူပူနေခြင်းဖြစ်မှန်း သိလိုက်ရလေသည်။

ထို့ကြောင့်...

"မင်း အရက်သောက်မယ်ဆိုရင် ကျုပ် စီစဉ်ပေးမှာပေါ့၊ သည်လူငယ်ကို လွှတ်လိုက်ပါ"

လူသန်ကြီးသည် ပြုံးလိုက်ပြီး...

"သည်လိုဆိုရင်လဲ ပြီးရော"

သူသည် ယင်းသို့ ပြောပြီးသည်နှင့် ဆိုင်လုလင်အား ကြမ်းပြင်ပေါ်သို့ လွှတ်ချလိုက်လေသည်။

"ကဲဗျာ၊ ဘယ်မှာလဲ အရက်၊ မြန်မြန်ပေးစမ်းပါ"

ထိုအခါ ဦးလေးကောင်းသည် ငွေသိမ်းစားပွဲအောက်မှ အရက်အိုးတစ်လုံးအား ညွှန်ပြလိုက်ပြီး...



"ဟိုမှာ အရက်အိုး၊ ငွေနှစ်ဆယ်တော့ ပေးရလိမ့်မယ်"

"ရပါတယ်ဗျာ"

လူသန်ကြီးသည် အိမ်ထဲမှ ငွေတုံးလေးတစ်တုံးကို ယူပြီး ဦးလေးကောင်းထံ ပစ်ပေးလိုက်လေသည်။

ထို့နောက်...

အရက်အိုးကို ယူပြီး သူ၏စားပွဲပေါ်သို့ တင်လိုက်သည်။

ယခုမှ ဦးလေးကောင်းသည် ဆိုင်ထဲတွင် ရှိနေသော ဧည့်သည်များကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ဆိုင်ထဲတွင် စုစုပေါင်း လူရှစ်ယောက် ရှိ၏။

ဝဲဘက်အစွန်ဆုံး စားပွဲတွင် အရက်အလွန်အကျွံဖြင့်သောက်၍ မူးပြီး စားပွဲပေါ်တွင် မှောက်အိပ်နေသော လူနှစ်ယောက်ကို တွေ့ရလေသည်။

လူသန်ကြီးမှာမူ အဖော်နှစ်ယောက် ပါလာသေးသည်ကို တွေ့လိုက်ရသည်။ လူသန်ကြီးသည် အရက်အိုး၏အဖုံးကို ဖွင့်ကြည့်လိုက်ပြီး အရက်ကို ခွက်ထဲသို့ ထည့်ရန် ဟန်ပြင်လိုက်သည်။

ထိုအခါ...

ဆိုင်လုလင်လေးက ကပျာကယာ ဟန့်တားလိုက်သည်။

"ဆရာကြီး သည်အရက်ကို မသောက်ပါနဲ့"

သူ၏စကားသံကြောင့် လူသန်ကြီးက ဒေါသတကြီးဖြင့်...

"ဘာကွ ကျုပ်က သည်အရက်ကို မသောက်ရဘူး ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်က ခေါင်းညိတ်လိုက်သည်။

"သည်အရက်ကို သောက်လို့ မဖြစ်လို့ပါ"

လူသန်ကြီးမှာ မျက်မှောင်ကြုတ်သွားလေသည်။

"ဘာဖြစ်လို့လဲ"

ဆိုင်လုလင်က လေးနက်စွာဖြင့်...

"သည်အရက်ထဲမှာ အဆိပ်ခတ်ထားလို့ပါ"

သူ၏စကားကြောင့် လူသန်ကြီးသည် တဟားဟား ရယ်မောလိုက်သည်။

"တော်စမ်းပါကွာ၊ မင်းက သည်အရက်ကို ဘယ်သူ့အတွက် ချန်ထားမလို့လဲ"

ဆိုင်လုလင်က ပခုံးတစ်ချက် တွန့်လိုက်ပြီး...

"ဘယ်သူ့အတွက်မှ ချန်ထားတာ မဟုတ်ဘူး၊ ကျွန်တော်က အမှန်အတိုင်း ပြောပြနေတာပါ"

လူသန်ကြီးသည် ဆိုင်လုလင်၏စကားကို အရေးမစိုက်ဘဲ အရက်ကိုသာ မော့သောက်လိုက်လေသည်။

သူသည် အရက်တစ်ခွက် သောက်ချလိုက်သောအခါ မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

"ဟင်...အဆိပ်"

သူသည် စကားကို ဆုံးအောင်ပင် မပြောနိုင်တော့ဘဲ မြေပေါ်သို့ လဲကျသွားလေတော့သည်။

* * *



မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ဆိုင်ပိုင်ရှင် ဦးလေးကောင်းသည် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

လူသန်ကြီးနှင့် ပါလာသော အဖော်နှစ်ယောက်သည် ထိုင်ရာမှ ဆတ်ခနဲထလိုက်ပြီး...

"ခြိမ်း"

စားပွဲကိုယ်စီ ဆွဲထုတ်လိုက်လေ၏။

သူတို့သည် ဆိုင်လုလင်ထံသို့ လျှောက်သွားရင်း...

"မင်းက ဘာဖြစ်လို့ တို့လူကို အဆိပ်ခတ်သတ်ရတာလဲ ပြောစမ်း"

ဆိုင်လုလင်သည် နောက်သို့ ခြေလှမ်းဆုတ်ရင်း...

"ကျွန်...ကျွန်တော် ခတ်တာ မဟုတ်ပါဘူး"

ဟု ကြောက်လန့်တကြားဖြင့် ပြန်ဖြေလိုက်သည်။

"ဒါဖြင့် မင်းက ဘာဖြစ်လို့ အရက်ထဲမှာ အဆိပ်ပါတယ်ဆိုတာ သိတာလဲ"

"ကျွန်တော်က အရက်အိုးထဲ အဆိပ်ခတ်နေတဲ့လူကို တွေ့လိုက်လို့ပေါ့ဗျ"

ဆိုင်လုလင်၏စကားကြောင့် ဦးလေးကောင်း ပို၍ အံ့အားသင့်သွားလေသည်။

လူသန်ကြီး၏အဖော်နှစ်ယောက်သည် ဆိုင်လုလင်အား စေ့စေ့ကြည့်လိုက်ပြီး...

"ပြောစမ်း၊ ဘယ်သူ အဆိပ်ခတ်တာလဲဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်သည် အစွန်ဆုံး စားပွဲမှ အဘိုးအိုသုံးယောက်အား ညွှန်ပြလိုက်သည်။

"ဟိုစားပွဲမှာ ထိုင်နေတဲ့လူပေါ့"

သူညွှန်ပြလိုက်သော အဘိုးအိုမှာ အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုဖြစ်သည်။ ထိုအဘိုးအိုသည် ဆိုင်လုလင်၏စကားများကို မကြားလိုက် သကဲ့သို့ တုတ်တုတ်မျှ မလှုပ်ပါချေ။

လူသန်ကြီး၏အဖော်နှစ်ယောက်သည် ထိုအဘိုးအိုထံသို့ ချဉ်းကပ်သွားပြီး...

"သည်မှာ ဆိုင်လုလင်ပြောတဲ့ စကားကို ခင်ဗျားကြားသလား"

အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုသည် သူ့အား အေးစက်စွာဖြင့် ကြည့်လိုက်ပြီး...

"ကြားသားပဲ၊ အဲဒါ ဘာဖြစ်သလဲ"

"ဘာဖြစ်ရမှာလဲ၊ ခင်ဗျားက အရက်အိုးထဲကို ဘာဖြစ်လို့ အဆိပ်ခတ်ရတာလဲ"

အဘိုးအိုသည် ဆိုင်လုလင်အား လှမ်းကြည့်လိုက်ပြီး...

"ငါ အဆိပ်ခတ်နေတာကို မင်းတွေ့လိုက်တာကိုး"

လူသန်ကြီး၏အဖော်များသည် အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုအား အကဲခတ်သလို ကြည့်လိုက်ပြီး...

"ခင်ဗျားက ဘာရန်ငြိုး ရှိလို့ ကျုပ်တို့ကို အဆိပ်ခတ် လုပ်ကြံရတာလဲ"



အဘိုးအိုက မဲ့ပြုံးပြုံးလိုက်ပြီး...

"မင်းတို့ စားသုံးဖော်ဟာ စားပြတိုက် လူသတ်နေတဲ့ လူဆိုးတွေဆိုတော့ ကျုပ်က ကြည့်မရလို့ပေါ့"

ထိုစကားကြောင့် လူသန်ကြီး၏အဖော်နှစ်ယောက်သည် ဓားကိုယ်စီ ထုတ်လိုက်ပြီး...

"သေပေတော့"

ဟု ပြိုင်တူ ကြိမ်းဝါးပြီး အဘိုးအိုအား ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

* * *

အဘိုးအိုသည် အနည်းငယ်မျှ စိုးရွံ့ခြင်း မရှိပါချေ။

သူသည် တိုက်ခိုက်နေသော လူနှစ်ယောက်၏ တိုက်ကွက်ကို ရှောင်တိမ်းလိုက်ရင်း...

"သည်မှာ မင်းတို့နှစ်ယောက် ထပ်မသေချင်ရင် သည်နေရာက အမြန်ဆုံး ထွက်သွားပါ၊ နို့မဟုတ်ရင် မင်းတို့ရဲ့ အသက်အန္တရာယ်ကို တာဝန်မယူဘူး"

ထိုလူနှစ်ယောက်သည် အဘိုးအိုအား သဲသဲမဲမဲ တိုက်ခိုက်လိုက်သော်လည်း အဘိုးအိုမှာ မည်သို့မျှ မမှုသည်ကို တွေ့လိုက်ရသဖြင့် အခြေအနေ မဟန်မှန်း အကဲခတ်မိလေသည်။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် တိုက်ခိုက်နေရာမှ ရပ်တန့်လိုက်ပြီး အဖော်ဖြစ်သူ လူသန်ကြီး၏အလောင်းကို ထမ်းကာ ထွက်ခွာသွားလေတော့သည်။

* * *

စားသုံးဖော်တို့ ထွက်ခွာသွားပြီးနောက် စားသောက်ဆိုင်ကလေးမှာ ပြန်လည်ငြိမ်သက်သွားလေသည်။

အဘိုးအိုသုံးယောက်တို့မှာ အနက်ရောင်၊ အပြာရောင်၊ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားကြလေသည်။

စားသုံးဖော်အား အဆိပ်ခတ်ခဲ့သူမှာ အဖြူရောင်အဝတ်အစားဝတ်ဆင်ထားသော အဘိုးအို ဖြစ်သည်။

သူသည် ဆိုင်လုလင်အား စေ့စေ့ကြည့်လိုက်ပြီး...

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

ဆိုင်လုလင်က ပြုံးလိုက်ပြီး...

"ကျွေ့စုပါ ခင်ဗျာ"

အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုသည် အနက်ရောင်ဝတ်ဆင်ထားသော အဘိုးအိုဘက်သို့ လှည့်လိုက်ပြီး...

"ကျုပ် လူ မမှားဘူး မဟုတ်လား"

ဟု အဓိပ္ပါယ်ပါသော စကားလုံးဖြင့် မေးလိုက်လေသည်။

ထိုအခါ...



အနက်ရောင်ဝတ်ဆင်ထားသော အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျား မဆိုးဘူး"

အပြာရောင်ဝတ်ဆင်ထားသော အဘိုးအိုသည် စဉ်းလဲစွာပြုံးလိုက်ပြီး...

"အင်း...သခင်ကြီးယိ ရောက်လာကာနီးပါပြီ၊ သူတို့ရဲ့ အသက်တွေ ကြာကြာခံတော့မှာ မဟုတ်ပါဘူးကွာ"

ဦးလေးကောင်းသည် ထိုအဘိုးအိုသုံးယောက်တို့ ပြောဆိုနေသော စကားများမှာ မည်သည့် အဓိပ္ပါယ်ကို ရည်ညွှန်းပြောဆိုနေမှန်း မသိသော်လည်း မိမိတို့အပေါ် ကောင်းသော လက္ခဏာမဟုတ်မှန်း နားလည်လိုက်သည်။

သူသည် ပို၍ သေချာစေရန် မေးမြန်းမည် အပြုတွင် ရုတ်တရက် လမ်းမကြီး၏တစ်ဖက်အစွန်းတွင် မြင်းလှည်းတစ်စီးကို တွေ့လိုက်ရလေသည်။

ဦးလေးကောင်းသည် သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"အင်း...သည်နေ့တော့ အကုသိုလ် ဝင်ဦးမယ် ထင်တယ်"

ဟု တစ်ယောက်တည်း ရေရွတ်လိုက်မိလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသော မြင်းလှည်းကြီးသည် တရွေ့ရွေ့ဖြင့် စားသောက်ဆိုင်ကလေး ရှေ့သို့ ရောက်ရှိလာလေသည်။

ထိုအခါ အဘိုးအိုသုံးယောက်သည် ဆိုင်အပြင်သို့ ထွက်လာကြပြီး ရှိသေစွာဖြင့် တန်းစီကာ မတ်တတ်ရပ်နေကြသည်။

မြင်းလှည်းကြီး ရပ်တန့်သွားသောအခါ မြင်းလှည်းပေါ်မှ အသက်သုံးဆယ်ခန့်ရှိသော လူတစ်ယောက် ဆင်းလာလေသည်။

သူ၏ပုံပန်းမှာ အေးတိအေးစက် နိုင်လှသည်။

သူ၏လက်တစ်ဖက်တွင် သံချွန်ကြီးများ အပြည့် တပ်ဆင်ထားသော သံဘုတ်တစ်ခုကို ကိုင်ဆောင်ထားလေသည်။

သူ့အမည်မှာ အနက်ရောင်သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ကြေးစားလူသတ်သမားဝမ်းဟိုဝင် ဖြစ်သည်။

* * *

မြင်းလှည်းကြီးသည် ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက်၏ မြင်းလှည်းကြီးပင် ဖြစ်သည်။

ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက်သည် မည်သည့်အတွက်ကြောင့် ဤစားသောက်ဆိုင်ကလေးရှေ့သို့ ရောက်လာပါသနည်း။

* * *



ယိထင်းကျောက်သည် သိုင်းလောကမှ ဂိုဏ်းပေါင်းများစွာကို သူ၏လက်အောက်သို့ သိမ်းသွင်းထားပြီး ဖြစ်သည်။

ယခု စားသောက်ဆိုင်လေး ရှေ့တွင် ရှိသေစွာ မတ်တတ်ရပ်ကာ ကြိုဆိုနေသော အဘိုးအိုသုံးယောက်မှာ သိုင်းလောကတွင် နာမည်ကျော်ကြားနေသော မိုးပြာဂိုဏ်းနှင့် အလံဂိုဏ်းတို့မှ ဂိုဏ်းချုပ်များ ဖြစ်ကြလေသည်။

အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအို၏အမည်မှာ ဟူကျင်း ဖြစ်ပြီး ကျန်လူများမှာ မောက်လုနှင့် ဝူးစိုက်တို့ပင် ဖြစ်သည်။

သူတို့သည် ယိထင်းကျောက်၏ အမိန့်အရ ဤနေရာသို့ လာရောက်စောင့်နေခြင်း ဖြစ်ပေသည်။

* * *

ဝမ်းဟိုသည် မြင်းလှည်းအိမ်ပေါ်မှ ဆင်းလာသောအခါ သူ၏နောက်တွင် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသော လူဆယ့်ငါးယောက်လည်း လိုက်ပါလာလေသည်။

အဘိုးအိုသုံးယောက်တို့သည် ထိုလူများအား ဆိုင်ကလေးထဲသို့ ကြိုဆိုကာ ခေါ်ဆောင်သွားလေသည်။

ဝမ်းဟိုသည် ဆိုင်ကလေးထဲသို့ ရောက်ရှိလာသည်နှင့် သူ၏မျက်လုံးအစုံသည် ဆိုင်ရှင်ဦးလေးကောင်းအား စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကောင်းကလည်း သူ့အား ပြန်လည်ကြည့်လိုက်ပြီး

"မင်းတို့ လာကြပြီကိုး"

ဟု မေးလိုက်လေသည်။

ဝမ်းဟိုက အေးစက်သော လေသံဖြင့်...

"ဘာလဲ ကျုပ်တို့ မလာရတော့ဘူးလား"

ဦးလေးကောင်းက ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"သခင်ကြီးယိကော နေကောင်းရဲ့လား"

"နေကောင်းပါတယ်ဗျာ၊ အခုဆို သူဟာ ဘာမဆို စားနိုင်ပါတယ်ဗျ"

"ဟုတ်လား၊ သူက အေးချမ်းမြို့ကိုတောင် မျှချင်ပြီနဲ့ တူတယ်"

ဝမ်းဟိုက အေးစက်စွာ ပြုံးလိုက်ပြီး...

"ဒါတော့ မျှသင့်ရင် မျှရမှာပဲဗျ"

"ဒါဖြင့် ကျုပ်တို့ ဆိုင်ကလေးကိုကော သိမ်းပိုက်ဖို့ စိတ်မကူးဘူးလား"

"သည်ဆိုင်ကိုတော့ မလိုချင်ပါဘူး၊ ဒါပေမယ့် သည်ဆိုင်က လွှေဖုံးကိုတော့ လိုချင်တယ်"

သူသည် ယင်းသို့ ပြောရင်း မျက်လုံးအစုံမှာ ဆိုင်လုလင်ဘက်သို့ ရောက်ရှိသွားလေသည်။

ဆိုင်လုလင်သည် ငြိမ်သက်စွာဖြင့် ဦးလေးကောင်း၏အနီးတွင် ရပ်နေသည်။



လွှေဖုံးဟူသော အမည်သည် သူနှင့် လုံးဝအကျွမ်းမဝင်ဟု ထင်ရလေသည်။

ဦးလေးကောင်းက တစ်ချက်ပြုံးလိုက်ပြီး...

"ကဲ... ဝမ်းဟို၊ မင်း ရှင်းရှင်းပြောစမ်းပါ၊ ကျုပ်တို့ကို သတ်ဖို့လာတာ မဟုတ်လား"

"ဟုတ်တယ်"

ဦးလေးကောင်း၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားလေသည်။

အဘိုးအိုသုံးယောက်သည် ဦးလေးကောင်းနှင့် ဆိုင်လုလင်အား ဝိုင်းရံထားလိုက်ကြသည်။

ဆိုင်လုလင်က မဲ့ပြုံးပြုံးလိုက်ပြီး...

"ဘာလဲ ခင်ဗျားတို့ သေကာနီး လူသုံးယောက်က ကျုပ်တို့ကို ဘာလုပ်ဦးမလို့လဲ"

အဘိုးအိုသုံးယောက်သည် စကားမပြောဘဲ သူတို့၏ခြေလှမ်းများကို ရှေ့သို့ တစ်လှမ်းချင်း လှမ်းလိုက်ကြသည်။

ဝမ်းဟိုသည် တဟားဟား ရယ်မောလိုက်၏။

သူ၏ရယ်မောသံ ဆုံးသွားသည်နှင့် သူ၏လက်ထဲမှ သံတူဖြင့် လျှပ်တစ်ပြက် ဦးလေးကောင်းထံသို့ တိုက်ခိုက်လိုက်လေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဟိုရှု၏ သံဆူးကြိုးများဖြင့် ပြုလုပ်ထားသော သံတူ သည် ကြီးမားသည် မဟုတ်သော်လည်း အလွန်လေးလံလှပေသည်။

အကယ်၍...

တစ်ဖက်လူသည် သူ၏သံတူကို ရှောင်တိမ်းနိုင်ခဲ့လျှင် အခြားသော လက်တစ်ဖက်မှ ဓားကိုမူ ရှောင်တိမ်းနိုင်မည် မဟုတ်ချေ။

အခြားသော ဓားတစ်လက်သည် သူ၏ဝဲဘက်လက်ဖြင့် တိတ်တဆိတ် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ယခင်ကဆိုလျှင် သူသည် သံတူလက်နက်ဖြင့်သာ တိုက်ခိုက်ပါက လုံလောက်နိုင်ပေ၏။

ယခုမူ...

သူရင်ဆိုင် တိုက်ခိုက်နေသော လူမှာ ခေသူတစ်ယောက် မဟုတ်ပါချေ။

အကြောင်းမှာ...

ဦးလေးကောင်းဟူသော လူမှာ နာမည်ကျော်ကြားသော ကောင်းကျင်းစန်း ဖြစ်နေသောကြောင့် မဟုတ်ပါလော။

* * *



ဆရာနှင့် တပည့်

ဤစားသောက်ဆိုင်ကလေး၏ ပိုင်ရှင် ဦးလေးကောင်း သည် နာမည်ကျော်ကြားသော ကောင်းကျင်းစန်း ဖြစ်နေသည်ကိုမူ မည်သူကမျှ မသိရှိကြချေ။

သို့သော်...

သူသည် မည်သို့ပင် အမည်ဝှက်ထားသော်လည်း ပိုထီး တစ်ရာပိုထီးချုပ် ယိထင်းကျောက်သည် စုံစမ်းသိရှိသွားလေသည်။

ထို့ကြောင့်...

ယခုကဲ့သို့ ဤဆိုင်ကလေးသို့ လာရောက်ပြီး ကောင်းကျင်း စန်းအား သုတ်သင်ပစ်ရန် ဖြစ်သည်။

ထို့အပြင်...

ဆိုင်လုလင်မှာလည်း ဓားသမားလွှေဖုံးပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက်သည် ကောင်းကျင်းစန်းနှင့် လွေဖုံးတို့ ဤနေရာ၌ ရှိနေသည်ကို သိရှိလိုက်သည်နှင့် ယခုကဲ့သို့ အင်အားအပြည့်အစုံနှင့် လာရောက်ခဲ့ခြင်း ဖြစ်သည်။

ဝမ်းဟို၏တိုက်ခိုက်မှုသည် အလွန်ပြင်းထန်နေသည်။

သို့သော်...

အမှန်တကယ် ကြောက်စရာကောင်းသည်မှာ သူ၏ဝဲဘက်လက်မှ တိတ်တဆိတ် တိုက်ခိုက်လာသော ဓားပင် ဖြစ်သည်။

သို့သော်...

ကောင်းကျင်းစန်းသည် အတွေ့အကြုံ ရင့်ကျက်သော သိုင်းသမားတစ်ယောက် ဖြစ်သည်။

ဝမ်းဟို၏အကြောင်းကိုလည်း သူက ကြားသိခဲ့ရဖူးသည်။

ထို့ကြောင့်...

သူသည် ဝမ်းဟို တိုက်ခိုက်လာသော သံဘုနောက်ကွယ်မှ တိုက်ခိုက်လာသော ဓားကို ရိပ်ခနဲ တွေ့မြင်လိုက်ရသည်နှင့် နောက်သို့ ငါးပေခန့် ရှောင်တိမ်းလိုက်လေသည်။

ငါးပေဟူသော အကွာအဝေးမှာ အလွန်ဝေးကွာသော အကွာအဝေး မဟုတ်ပါ။

သို့သော်...

ဝမ်းဟို၏ဓားကိုမူ ကောင်းစွာ ရှောင်တိမ်းနိုင်လေသည်။

ဝမ်းဟိုသည် သူထင်ထားသည့်အတိုင်း ဖြစ်မလာသဖြင့် ဒေါသခြောင်းခြောင်း ထွက်လာလေသည်။



သူသည် ညာဘက်လက်မှ သံတူ၊ ဘယ်ဘက်မှ ဓားဖြင့် ကောင်းကျင်းစန်းအား သဲသဲမဲမဲ တိုက်ခိုက်လိုက်လေသည်။

သို့သော်...

ကောင်းကျင်းစန်းသည် သူမိထားသော အဆိပ်များ လုံးဝပျောက်ကင်းခြင်း မရှိသည့်တိုင်အောင် ဝမ်းဟိုကဲ့သို့သော လူသတ်သမားတစ်ယောက်ကိုမူ ကောင်းစွာ ထိန်းနိုင်ခဲ့သည်။

သူသည် ဝမ်းဟို၏တိုက်ခိုက်မှုကို ရှောင်တိမ်းရင်း ဝမ်းဟို၏ ဟာကွက်တစ်ကွက်ကို တွေ့လိုက်လေသည်။

ထိုအခါ...

သူသည် လက်တစ်ဖက်ဖြင့် သံတူ၏သံကြိုးကို ဆွဲထားလိုက်လေသည်။

ဝမ်းဟိုသည် သူ၏ဓားဖြင့် ကောင်းကျင်းစန်း၏ညာဘက်လက်ကို ခုတ်ချလိုက်သည်။

သူ၏အတွေးမှာ ဝမ်းဟိုက သံတူကို လက်လွှတ်လိုက်ပြီး ရှောင်တိမ်းလိမ့်မည်ဟု ထင်ထားသည်။

သို့သော်...

သူ မှားသွားလေပြီ။

ကောင်းကျင်းစန်းသည် သံတူဆွဲထားသော လက်ကို မလွှတ်ပါ။

ဝမ်းဟို၏ဓားက လက်ပေါ်သို့ ခုတ်ချလိုက်၏။

သွေးများသည် ဖြာခနဲ စီးကျလာလေသည်။

www.burmeseclassic.com



သို့သော်...

ကောင်းကျင်းစန်းသည် မမှုပါချေ။

သူသည် ဝမ်းဟိုကိုပင် ပြုံး၍ ကြည့်နေသည်။

ဝမ်းဟို၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားလေသည်။

သူ၏ခန္ဓာကိုယ်မှာ နောက်သို့ ယိမ်းယိုင်သွားလေသည်။

ယခု...

ကြေးစားလူသတ်သမားဝမ်းဟို၏ ရင်ဝတွင် ဓားပါးတစ်လက် စိုက်ဝင်နေသည်ကို တွေ့မြင်လိုက်လေသည်။

သူတို့သည် ထိုဓားပါးပစ်သူမှာ လွှဖုံး ဖြစ်နေသည်ကို တွေ့လိုက်ရလေတော့သည်။

* * *

ဝမ်းဟိုသည် မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ဆိုင်လုလင်(ဝါ)လွှဖုံးအား စိုက်ကြည့်နေသည်။

"ဝှန်း"

ထို့နောက်...

သူ၏ခန္ဓာကိုယ်မှာ မြေပေါ်သို့ လဲကျသွားလေတော့သည်။

အဘိုးအိုသုံးယောက်တို့သည် မျက်နှာပျက်သွားကြလေသည်။

ကောင်းကျင်းစန်း၏လက်တွင် ဒဏ်ရာရရှိသွားသော်လည်း



သူ၏ရည်ရွယ်ချက်မှာ လွှဖုံး ပစ်မည့်ဓားကို ဝမ်းဟို မတွေ့မမြင်ရအောင် အာရုံခွဲယူလိုက်ခြင်း ဖြစ်သည်။

ယခု...

သူမျှော်လင့်ထားသည့်အတိုင်း လွှဖုံးက သူ၏တာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့လေသည်။

ပွှုးစိုက်က မဲ့ပြုံးပြုံးလိုက်ပြီး...

"ကောင်းကျင်းစန်းဆိုတဲ့ နာမည်နဲ့ လိုက်အောင် ဉာဏ်နီဉာဏ်နက်တွေ အတော်များနေတာကိုး"

ကောင်းကျင်းစန်းက ပြုံးလိုက်ပြီး...

"ကျုပ်က အသက်ခြောက်ဆယ်ပြည့်ဖို့ နှစ်နှစ်ပဲ လိုတော့တယ်ဗျ။ ဉာဏ်ကလေး ရှိလို့သာ ကျုပ်က သည်အသက်အရွယ်အထိ အသက်ရှင်နေနိုင်တာပေါ့ဗျ"

ပွှုးစိုက်က နှုတ်ခမ်းကို တွန့်မဲ့လိုက်ပြီး...

"ခင်ဗျားက ဘယ်လောက်ပဲ ဉာဏ်ကောင်းကောင်း သည်နေ့တော့ ခင်ဗျားအသက်ချမ်းသာရာရမှာ မဟုတ်ဘူးဆိုတာ ကျုပ်ပြောရဲတယ်ဗျ"

ကောင်းကျင်းစန်းက မျက်မှောင်ကြုတ်လိုက်ပြီး...

"ခင်ဗျား ဘာကြောင့် သည်လို ပြောနိုင်ရတာလဲ"

ပွှုးစိုက်က မဲ့ပြုံးပြုံးလိုက်ပြီး...

"သခင်ကြီးယိရဲ့ လက်ရွေးစင်ဓားသမားပုထုံ မကြာခင် ရောက်လာပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျောင်းစန်း၏မျက်နှာသည် ကွက်ခနဲ ပျက်သွားလေသည်။

"ပုထုံ ရောက်လာလိမ့်မယ် ဟုတ်လား"

ထိုစဉ်မှာပင် အေးစက်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်ရောက်နေပါတယ်"

* * *

မြင်းလှည်းပေါ်မှ လူတစ်ယောက် အေးဆေးစွာ ဆင်းလာခဲ့လေသည်။

သူကား သခင်ကြီးယိ၏ အားအထားရဆုံးသော လက်ရွေးစင်ဓားသမား ပုထုံပင် ဖြစ်သည်။

ယခု...

ဆိုင်ကလေးထဲသို့ ပုထုံတစ်ယောက်တည်း ဝင်ရောက်လာခြင်း မဟုတ်ပါ။

သူ၏နောက်တွင် လက်ရွေးစင်ဓားသမားနှစ်ယောက် ပါလာလေသည်။

ပုထုံသည် ဆိုင်ကလေးထဲသို့ ရောက်လာသည်နှင့် လက်ခုပ်တစ်ချက် တီးလိုက်သည်။

လက်ခုပ်သံဆုံးသွားသည်နှင့် မြင်းလှည်းအိမ်ပေါ်ရှိ အနက်



ရောင်ဝတ်ဆင်ထားသော လူတစ်ယောက်သည် ပန်းပွားများ တပ်ဆင်ထားသော လှံရှည်ကြီးကို ယူဆောင်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထို့နောက်...

ထိုလူသည် ပုထုံ ရှေ့သို့ ရောက်ရှိလာသောအခါ လှံကို ရိုသေစွာ လှမ်းပေးလိုက်သည်။

ပုထုံသည် ထိုလှံရှည်အား လှမ်းယူလိုက်သည်။

ကောင်းကျောင်းစန်းက ပုထုံအား စေ့စေ့ကြည့်လိုက်ပြီး...

"ဒါ မင်းလက်နက် မဟုတ်လား"

ပုထုံ ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး သူ၏လှံရှည်ဖြင့် ကောင်းကျောင်းစန်းအား တိုက်ခိုက်လိုက်လေသည်။

တစ်ချိန်တည်းမှာပင်...

အဘိုးအိုသုံးယောက်တို့မှာလည်း လွှေဖုံးအား တိုက်ခိုက်လိုက်ကြလေသည်။

လွှေဖုံးက မဲ့ပြုံးပြုံးလိုက်ပြီး...

"ခင်ဗျားတို့ မရှက်ဘူးလား။ လူကြီးသုံးယောက်က လူငယ်တစ်ယောက်ကို ဝိုင်းတိုက်တာ တရားသလား"

သူက နှုတ်မှ ယင်းသို့ ပြောဆိုနေသော်လည်း အခြေအနေမဟန်မှန်း နားလည်လိုက်လေသည်။

အထူးသဖြင့်...

ဟူကျောင်း၏ဓားသည် လွှေဖုံး၏ရင်ဝသို့ ဦးတည်၍ တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။

တစ်ဖက်တွင်လည်း ကောင်းကျင်းစန်းနှင့် ပုထုံတို့သည် သဲသဲမဲမဲ တိုက်ခိုက်နေကြသည်။

လွှေဖုံးက မဲ့ပြုံးပြုံးလိုက်ပြီး...

"ခင်ဗျားတို့ မရှက်ဘူးလား၊ လူကြီးသုံးယောက်က လူငယ်တစ်ယောက်ကို ဝိုင်းတိုက်နေကြတယ်"

ကောင်းကျင်းစန်းသည် လွှေဖုံး၏အခြေအနေ ဆိုးရွားနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထို့ကြောင့်...

သူသည် ဝင်ရောက်ကယ်တင်ရန် တစ်ဖက်သို့ လှည့်လိုက်သည်။

သို့သော်...

ပုထုံ၏လုံရှည်က သူ့အား တရကြမ်း တိုက်ခိုက်နေလေသည်။

ထို့ကြောင့်...

သူသည် လွှေဖုံးအား မည်သို့မျှ အကူအညီ မပေးနိုင်ပါ ချေ။

အထူးသဖြင့် ဟူကျင်း၏ဓားမှာ အဆိပ်လူးထားလေသည်။

ဟူကျင်းသည် လွှေဖုံးအား အသေအချာ ချိန်ရွယ်ပြီးမှ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

လွှေဖုံးသည် ကျန်အဘိုးအိုနှစ်ယောက်၏ ဝိုက်ဆို့တိုက်ခိုက်ခြင်းကို ခံရသဖြင့် တိမ်းရှောင်နိုင်စွမ်း မရှိပါချေ။



လွှေဖုံးသည် ဟူကျင်း၏တိုးဝင်လာသော ဓားကို တွေ့မြင်လိုက်ရသော်လည်း မည်သို့မျှ ရှောင်တိမ်းနိုင်ခြင်း မရှိမှန်း သိလိုက်သဖြင့် ရင်ထိတ်သွားလေ၏။

ဟူကျင်းသည် ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်၏။

မည်သို့မျှ မလှုပ်သာသော လွှေဖုံး၏ရင်စသို့ ထိုးသွင်းလိုက်လေသည်။

လွှေဖုံးမှာ သေဆုံးရတော့မည်မှအပ မည်သို့မျှ ရှောင်တိမ်းနိုင်စွမ်း မရှိပါချေ။

* * *

ဟူကျင်း၏ဓားသည် လွှေဖုံး၏ရင်ဝသို့ ထိုးသွင်းလိုက်သည့် တခဏ်အတွင်း လွှေဖုံး၏ခန္ဓာကိယ်မှာ ရုတ်တရက် ပျောက်ကွယ်သွားလေတော့၏။

ဟူကျင်း၏ဓားသည် လေထဲသို့ ထိုးမိသွားသဖြင့် ရင်ထိတ်သွား၏။

သူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေ၏။

သူ၏မြင်ကွင်းရှေ့မှ လွှေဖုံးသည် အဘယ်ကြောင့် ပျောက်ကွယ်သွားရပါသနည်း။

သူသည် အံ့ဩနေစဉ်မှာပင် ရုတ်တရက် ဓားတစ်လက်နှင့် လက်တစ်ဖက်ကို တွေ့လိုက်ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ရင်းလက်မှာ လွှေဖုံး၏လက် မဟုတ်ပါ။

ထိုဓားမှာလည်း အရောင်တဖိတ်ဖိတ် တောက်နေသော ဓား ဖြစ်သည်။

ထိုဓားမှာ ရုတ်တရက် ပေါ်လာခြင်းဖြစ်၍ သူ၏ဓားကို သေချာစွာ မမြင်တွေ့ရမီ လျှင်မြန်စွာ နောက်သို့ ဆုတ်လိုက်ရလေ၏။

သို့သော်...

ထိုဓားသည် သူ့ထံသို့ လျှင်မြန်စွာ ရောက်ရှိလာ၏။

တစ်ချိန်တည်းမှာပင်...

"အား"

ဟူကျင်း၏စူးရှသော အော်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဓားတစ်လက်သည် သူ၏ရင်ဝသို့ စိုက်ဝင်သွားလေသည်။

ဓားကို ပြန်ဆွဲနုတ်လိုက်သောအခါ သူ၏ခန္ဓာကိုယ်မှာ ရုပ်သေးကြိုးပြတ်ပမာ လဲကျသွားလေတော့၏။

အဖြစ်အပျက်သည် မြန်ဆန်လွန်းသဖြင့် ပူးစိုက်နှင့် မောက်လုတို့၏မျက်လုံးအစုံသည် ပြူးကျယ်ဝိုင်းစက်သွားလေ၏။

"ကျူးစုစင်း"

ဟု လွှတ်ခနဲ ခေါ်လိုက်မိလေ၏။

ထိုအခါ...

အရက်မူးသမားအဖြစ် ဟန်ဆောင်နေသော လူငယ်က ပြုံး



၍ ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ပါတယ်၊ ကျုပ်နာမည် ကျူးစုစင်းပါ"

* * *

ကောင်းကျင်းစန်းနှင့် ပုထုံတို့ သဲသဲမဲမဲ တိုက်ခိုက်နေ၏။

သူ၏ညာဘက် ခြေထောက်တွင် ပုထုံ၏လှံချက် မိသွားလေသည်။

ထို့ကြောင့်...

ကောင်းကျင်းစန်းသည် မြေပေါ်သို့ လဲကျသွားလေ၏။

ပုထုံသည် ထိုအခွင့်အရေးကို လက်လွှတ်မခံပါချေ။

သူသည် ရှေ့သို့ တစ်လှမ်းတိုးလာပြီးလျှင် လှံရှည်ဖြင့် ကောင်းကျင်းစန်း၏ရင်ဝသို့ ထိုးချလိုက်လေသည်။

ကောင်းကျင်းစန်းသည် တိုက်ပွဲပေါင်း မရေတွက်နိုင်အောင် ဆင်နွှဲခဲ့ဖူးသောကြောင့် အတွေ့အကြုံ ရင့်ကျက်နေပြီ ဖြစ်၏။

သူသည် အခြေအနေ မဟန်မှန်း သိလိုက်သည်နှင့် မြေပေါ်သို့ လိမ့်ကာ ဆိုင်ကလေး၏အပြင်ဘက်သို့ ပြေးထွက်ရန် ဟန်ပြင်လိုက်၏။

သို့သော်...

ပုထုံက အလွှတ်မပေးပါချေ။

နောက်မှ ထပ်ကြပ်မကွာ လိုက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျင်းစန်းသည် လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ ဓားပါးကလေးတစ်လက်မှာ ပုထုံ၏ရင်ဝသို့ လွင့်လာလေသည်။

သို့သော်...

ပုထုံသည် ခေသူတစ်ယောက် မဟုတ်ပါ။

သူသည် ကောင်းကျင်းစန်းအား တရကြမ်း တိုက်ခိုက်လိုက်လေ၏။

ဤတစ်ကြိမ်တွင် ကောင်းကျင်းစန်းသည် မတ်တတ်ရပ်နိုင်စွမ်း မရှိတော့ပါ။

မြေပေါ်သို့ လူးလိမ့်၍သာ ရှောင်တိမ်းနေရလေ၏။

သူသည် ကြာရှည်စွာ ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါ။

ပုထုံသည် မြေပေါ်တွင် လဲကျနေသော ကောင်းကျင်းစန်းအား...

"ကဲ.. ကောင်းကျင်းစန်း၊ ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

သူသည် ယင်းသို့ ပြောရင်း လှံရှည်ကို အပေါ်သို့ မြှောက်လိုက်လေ၏။

ထို့နောက်...

ကောင်းကျင်းစန်း၏ရင်ဝသို့ တအားထိုးသွင်းလိုက်လေတော့၏။

* * *



"အား"

ကောင်းကျင်းစန်း၏အသံ မဟုတ်ပါ။

လေ့ဖုံး၏ထိတ်လန့်တကြား အော်ဟစ်လိုက်သော အသံ ပင်ဖြစ်ပါသည်။

ရုတ်တရက်...

ဓားရောင်သည် ဖွေးခနဲ လင်းလက်သွားလေသည်။

ဓားတစ်လက်သည် ပုထုံ စိုက်ချလိုက်သော လှံအား ခုတ်ထုတ်လိုက်ခြင်း ဖြစ်၏။

ပုထုံသည် မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် ခေါင်းမော့ကြည့်လိုက်၏။

ထိုအခါ...

သူ၏ရှေ့တွင် အသက်ဆယ့်ရှစ်နှစ် အရွယ်ခန့် ရှိသော လူငယ်လေးတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူငယ်လေးအား တွေ့မြင်လိုက်ရသောအခါ ပုထုံ၏မျက်လုံးအစုံသည် ပြူးကျယ်ဝိုင်းစက်သွားလေသည်။

"ကျူးစုစင်း"

* * *

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်ကလေးမှာ အလွန်ကျဉ်းမြောင်းသော်လည်း ယခုအခါ စည်ကား၍ နေလေသည်။

တိုက်ပွဲသည် တစ်စခန်း ရပ်သွားပြီ ဖြစ်သည်။

ပုထုံသည် မဲ့ပြုံးပြုံးလိုက်ပြီး…

"အေးအေးဆေးဆေး မနေချင်ဘူး ထင်တယ်"

ကောင်းကျင်းစန်း ပြုံးလိုက်၏။

"ခင်ဗျားကော ကွမ်းကျိုးမြို့မှာ အေးအေးဆေးဆေး မနေဘဲ သည်ကို လာတာဟာ သေချင်လို့နဲ့ တူတယ်"

ပုထုံက တိုက်ခိုက်ရန် လှံရှည်အား အသင့်ပြင်ထားလိုက်သည်။

"ကဲ…စကားသိပ်မပြောနဲ့တော့ ဘယ်သူ သေမလဲဆိုတာ ကြည့်ကြသေးတာပေါ့"

ကောင်းကျင်းစန်းကလည်း ဓားကို တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

ထိုအချိန်တွင်…

"တုံ…တုံ…တုံ"

ရုတ်တရက် မောင်းသံသုံးချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျူးစုစင်းသည် ထိုမောင်းသံမှာ မည်သည့်အဓိပ္ပါယ်ဆောင်နေသည်ကို မသိရသဖြင့် မျက်မှောင်ကြုတ်ကာ ကြည့်နေလိုက်သည်။



မောင်းသံသုံးချက်ကို ကြားလိုက်ရပြီးနောက် မြင်းလှည်းအိမ်ပေါ်မှ ဆိုင်ကလေးသို့ ရောက်ရှိနေသော လူအားလုံးမှာ ချက်ချင်းပင် ပြန်ဆုတ်သွားလေသည်။

ဤမောင်းသံမှာ သူတို့လူစုအား ပြန်လည်ဆုတ်ခွာရန် အချက်ပေးသော အသံပင် ဖြစ်လေသည်။

ပုထုံသည် မလှုပ်မယှက် ရပ်လျက် ရှိနေသေးသည်။

ထိုမောင်းသံမှာ ပုထုံနှင့် မသက်ဆိုင်၍လော။

သခင်လေးကျူးစုစင်းသည် ပုထုံအား စေ့စေ့ကြည့်လိုက်ပြီး

"ခင်ဗျားတို့လူတွေ အားလုံး ဆုတ်ခွာသွားပြီ၊ ခင်ဗျားက ဘာဖြစ်လို့ မသွားသေးတာလဲ"

ပုထုံက အေးတိအေးစက်ဖြင့်…

"သခင်ကြီးယိက ငါတို့ကို ဆုတ်ခွာဖို့ အမိန့်ပေးနေပြီ၊ နောင်များမှ မင်းနဲ့ တွေ့ကြတာပေါ့"

ပုထုံသည် ယင်းသို့ ပြောပြီးသည်နှင့် မြင်းလှည်းအိမ်ပေါ်သို့ ခြေလှမ်းသုတ်သုတ်ဖြင့် တက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## မြို့စားကြီး

ဤနေရာမှာ မြို့ဟု ခေါ်ဆိုရမည့်အစား အလွန်စည်ကားလှသော ကုန်ရောင်းကုန်ဝယ် ကုန်သည်များ စုစည်းရာ ဈေးကြီးတစ်ဈေးဟု ခေါ်သည်က ပို၍ မှန်ကန်မည် ဖြစ်သည်။

အကြောင်းမှာ...

အေးချမ်းမြို့တွင် အိမ်ခြေပေါင်း သုံးရာခန့် ရှိသည့်အနက် အိမ်တိုင်းလိုလိုသည် ကုန်ရောင်းကုန်ဝယ် ကုန်သည်များ၊ ဈေးရောင်းကြသူများသာ ဖြစ်သည်။

ထို့ကြောင့်...

အေးချမ်းမြို့တွင် လူဦးရေ မများသော်လည်း ဈေးဆိုင်ခန်းများ များပြားလှသည်။



အေးချမ်းမြို့၌ အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံး စားသောက်ဆိုင်ကြီးတစ်ဆိုင် ရှိလေသည်။

ထိုစားသောက်ဆိုင်၏ အမြင်မှာ အေးချမ်းလွင်ပြင် ဖြစ်၏။

အေးချမ်းလွင်ပြင် စားသောက်ဆိုင်မှာ အေးချမ်းမြို့ကြီး၏ အရှင်သခင် ခြသေ့ဂိုဏ်းချုပ်လျူရှီ၏ ဆိုင်ပင်ဖြစ်သည်။

ယနေ့...

အေးချမ်းမြို့တွင် မိုးများ သည်းထန်စွာ ရွာသွန်းနေသောကြောင့် လမ်းမကြီးများပေါ်တွင် မိုးရေများ ဖုံးလွှမ်းနေလေသည်။

ခြသေ့ဂိုဏ်းချုပ် လျူရှီသည် အပေါ်ထပ် ဝရံတာတွင် ထိုင်ကာ သဲသဲမဲမဲ ရွာနေသော မိုးအား အဓိပ္ပါယ်မဲ့ ငေးကြည့်နေမိသည်။

သူ၏စိတ်အစဉ် လှုပ်ရှားနေလေသည်။

အကြောင်းမှာ...

ယိထင်းကျောက်၏ တိုက်ခိုက်ရေး မြင်းလှည်းသည် အေးချမ်းမြို့သို့ ဦးတည်လာနေသော သတင်းကြောင့် ဖြစ်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လှည်းတစ်စီးသည် သစ်လွင်သော ခေါင်းသုံးလုံးအား သယ်ဆောင်လာသည်။

ထိုခေါင်းသုံးလုံးအား သယ်ဆောင်လာသူမှာ အဘိုးအိုတစ်ယောက် ဖြစ်သည်။

အဘိုးအိုသည် ယင်းခေါင်းသုံးလုံးအား အဘယ်ကြောင့် အေးချမ်းလွင်ပြင် စားသောက်ဆိုင်သို့ သယ်ဆောင်လာရပါသနည်း။

* * *

ခြသေ့ဂိုဏ်းချုပ် လျှူရီသည် အသေးစိတ် လိုက်လံစုံစမ်းသောအခါ ယင်းခေါင်းသုံးလုံးမှာ အေးချမ်းမြို့နှင့် ဆယ်မိုင်ခန့် ကွာဝေးသော ခေါင်းဆိုင်တစ်ဆိုင်က ရောင်းလိုက်သော ခေါင်း ဖြစ်သည်ကို သိရှိရလေသည်။

လျှူရီသည် ခေါင်းထဲရှိ လူသေအလောင်းကို ဖွင့်ကြည့်လိုက်၏။

ထိုအခါ...

ပထမအလောင်းမှာ အနည်းငယ် ရုပ်ပျက်နေပြီ ဖြစ်သော်လည်း ထိန်လင်း၏အလောင်း ဖြစ်သည်ကို မှတ်မိလိုက်လေသည်။

ဒုတိယအလောင်းမှာ သူ၏အကြီးပေး အရာရှိ ရှောင်ယုပင် ဖြစ်၏။

နောက်ဆုံး ခေါင်းထဲတွင် အသက်နှစ်ဆယ်ကျော်ခန့် ရှိ



သော လူရွယ်တစ်ယောက်၏ အလောင်းပင် ဖြစ်၏။

ထိုအလောင်းအား တွေ့မြင်လိုက်ရသောအခါ လျှူရီသည် ခံပြင်းလွန်း၍ ဒေါသခြောင်းခြောင်း ထွက်လာလေသည်။

အကြောင်းမှာ...

ထိုလူငယ်သည် သူ၏သိုင်းပညာ အမွေကို အကုန်ရရှိထားပြီး သူအားအထားရဆုံးသော ဖန်းလီပင် ဖြစ်၏။

ထို့အပြင်...

သားသမီး မရှိသောကြောင့် လျှူရီသည် ဖန်းလီအား သားအဖြစ် မွေးစားခဲ့သည်မှာ အေးချမ်းမြို့တစ်မြို့လုံးက သိရှိကြလေသည်။

ယခု သူ အချစ်ရဆုံးသော သားဖြစ်သူ ဖန်းလီသည် ရန်သူ့လက်ချက်နှင့် အသက်ပျောက်နေပြီ မဟုတ်ပါလော။

လျှူရီသည် အချိန်အတော်ကြာမျှ အလောင်းများကို ကြည့်ရှုစစ်ဆေးလေသည်။

လွန်ခဲ့သော ငါးရက်ခန့်က ထိုသုံးယောက်မှာ တစ်ယောက်ပြီးတစ်ယောက် ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့လေ၏။

လူသတ်တရားခံမှာ တစ်ယောက်တည်းသာ ဖြစ်၏။

လူသတ်တရားခံသည် ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယီထင်းကျောက်၏လူသာ ဖြစ်ရမည်ဟု တစ်ထစ်ချယုံကြည်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ခြေရာဖျောက်

ညနေအချိန်တွင် မိုးရွာသွန်းခြင်းမှ ရပ်တန့်သွားလေ၏။

ထိုအချိန်တွင်...

လျှူရီထံသို့ သတင်းတစ်ခု ရောက်ရှိလာလေ၏။

"ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက်ရဲ့ မြင်းလှည်း အေးချမ်းမြို့နဲ့ တစ်မိုင်ခန့် အကွာသို့ ရောက်ရှိနေပါတယ်"

မြို့စားကြီးလျှူရီသည် ထိုသတင်းကို ကြားလိုက်ရသော အခါ ရက်စက်ကြမ်းကြုတ်သော အပြုံးဖြင့် ပြုံးလိုက်လေသည်။

ထို့နောက်...

သူသည် ထိုခေါင်းသုံးလုံးအား သူ၏အိပ်ခန်းထဲသို့ ပို့ရန် အမိန့်ပေးလိုက်လေ၏။



သူ၏ထူးဆန်းသော အမိန့်ကြောင့် လက်အောက်ငယ်သား များပင် အံ့အားသင့်သွားကြ၏။

လျှူရီသည် အဘယ်ကြောင့် ယင်းခေါင်းသုံးလုံးအား သူ၏ အိပ်ခန်းထဲသို့ ပို့ခိုင်းရပါသနည်း။

* * *

လျှူရီ၏အိပ်ခန်းမှာ အလွန်ကျယ်ဝန်းသည်။

ယခု...

ခေါင်းသုံးလုံးအား အိပ်ခန်း၏အလယ်တွင် ထားခဲ့ပြီး အား လုံး ပြန်လည်ထွက်ခွာသွားကြလေ၏။

လျှူရီသည် အခန်းတံခါးအား သေသေချာချာ ပိတ်လိုက် ၏။

ထို့နောက်...

သူ၏မျက်လုံးအစုံသည် နံရံထောင့်တွင် မတ်တပ်ရပ် အနေ အထားဖြင့် ရှိနေသော ကြေးရုပ်တုပေါ်သို့ ရောက်ရှိသွားလေ၏။

ရုတ်တရက်...

ခြသေ့ဂိုဏ်းချုပ် လျှူရီသည် သူ၏လက်ကို ဆန့်တန်းလိုက် ပြီး ထိုကြေးရုပ်ထုအား တအားတွန်းလိုက်လေသည်။

ကြေးရုပ်ထုမှာ နောက်သို့ အနည်းငယ် ရွေ့လျားသွားလေ ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင်…

အိပ်ခန်းနံရံသည် ဝဲဘက်သို့ ရွေ့လျားသွားလေ၏။

နံရံတစ်ဝက်ခန့် ရွေ့လျားသွားသောအခါ တံခါးပေါက်တစ်ပေါက် ထွက်လာလေ၏။

ယင်းတံခါးပေါက်မှာ လူတစ်ရပ်ခန့် မြင့်၏။

လျှုရှီသည် ခေါင်းသုံးလုံးအား မ၍ တံခါးပေါက်ထဲသို့ ထည့်လိုက်၏။

ထို့နောက်…

သူသည် တံခါးပေါက်ထဲသို့ လှမ်းဝင်လိုက်၏။

သူသည် အတွင်းသို့ ဝင်သွားပြီး အချိန်အနည်းငယ် အကြာတွင် နံရံတံခါးပေါက်အား ပြန်လည်ပိတ်ထားလိုက်လေ၏။

အကယ်၍သာ…

တစ်ဦးတစ်ယောက်က ယခုအချိန်တွင် ခြသေ့်ဂိုဏ်းချုပ် လျှုရှီ၏ အိပ်ခန်းထဲသို့ ဝင်ရောက်လာမိပါလျှင် သူတို့သည် လျှုရှီနှင့် ခေါင်းသုံးလုံးမှာ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားသည်ကို အံ့ဩစွာ တွေ့မြင်လိုက်ရမည် ဖြစ်၏။

* * *



ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက်၏ မြင်းလှည်းအိမ်ကြီးသည် အေးချမ်းမြို့ထဲသို့ တဖြည်းဖြည်း ဝင်ရောက်လာလေ၏။

ထိုမြင်းလှည်းကြီးအား တွေ့မြင်ရသော လူတိုင်းမှာ အံ့ဩထိတ်လန့်ကြမည်မှာ မလွဲပေ။

ယခု…

ဤမြင်းလှည်းကြီးသည် အေးချမ်းမြို့၏ အကျယ်ဝန်းဆုံးသော လမ်းမကြီးပေါ်သို့ ရောက်ရှိလာပြီ ဖြစ်၏။

ပို၍ ထူးခြားသည်မှာ ထိုမြင်းလှည်းကြီးသည် အေးချမ်းလွင်ပြင် စားသောက်ဆိုင်ရှေ့တွင် ရပ်တန့်လိုက်ခြင်း ဖြစ်သည်။

လျှုရှီ၏ လက်အောက်ငယ်သားများမှာ တိုက်ခိုက်ခြင်း မပြုပါ။

လျှုရှီ၏လူများက ခုခံခြင်း မပြုသည်ကို မြင်းလှည်းကြီးပေါ်မှ လူများသည် အံ့ဩသွားကြလေသည်။

ပို၍ ထူးခြားသည်မှာ လျှုရှီမှာ ပျောက်ခြင်းမလှ ပျောက်နေသောကြောင့် ဖြစ်၏။

* * *

မြင်းလှည်းကြီးသည် တိတ်ဆိတ်စွာဖြင့် အေးချမ်းလွင်ပြင် စားသောက်ဆိုင်ရှေ့တွင် ရပ်တန့်ထားလေသည်။

ဤနေရာမှာ မူလက အလွန်စည်ကားသော နေရာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု...

ထိုမြင်းလှည်းကြီး ရောက်ရှိလာသောအခါ လူများသည် ပြေးလွှားတိမ်းရှောင်ကုန်သဖြင့် အလွန်ခြောက်ကပ်နေလေသည်။

မြင်းလှည်းအိမ်၏ဦးပိုင်းတွင် ပိုးဖဲအဝတ်အစားများ ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ထွက်ပေါ်လာလေသည်။

သူ၏မျက်လုံးအစုံသည် အေးချမ်းစားသောက်ဆိုင်၏ ဆိုင်းဘုတ်ကို ငေး၍ ကြည့်နေရင်း...

"လျှူရီ တကယ်ပဲ ထွက်ပြေးသွားတယ် ဟုတ်လား"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ မြို့ထဲအနှံ့ လိုက်ရှာပါတယ်၊ လျှူရီကို လုံးဝ မတွေ့ပါဘူး"

အဖြေပေးသူမှာ အသက်သုံးဆယ်ခန့် ရှိသော အဝါရောင် ဝတ်ဆင်ထားသော လူတစ်ယောက်ပင် ဖြစ်၏။

ပိုးဖဲအဝတ်အစားများ ဝတ်ဆင်ထားသော အဘိုးအိုမှာ ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက်ပင် ဖြစ်သည်။

ယိထင်းကျောက်သည် အဝါရောင်ဝတ်ဆင်ထားသော လူအား စိုက်ကြည့်လိုက်ပြီး...

"ဘာပဲဖြစ်ဖြစ်၊ လျှူရီကိုတော့ မရရအောင် ကြိုးစားပြီး ရှာရလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"

* * *



## လှို့ဝှက်ချက်

ညဉ့်နက်လှပြီ ဖြစ်သည်။

အေးချမ်းမြို့ပြင်မှ စားသောက်ဆိုင်ကလေးမှာ ပိတ်ထားလိုက်ပြီ ဖြစ်သည်။

ကောင်းကျင်းစန်း၏ ခြေထောက်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိထားသော်လည်း ဆေးဝါးများ ထည့်ပြီးသောအခါ သက်သာလာပြီ ဖြစ်သည်။

ယခု...

ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက် ဤနေရာမှ ထွက်ခွာသွားသည် ဖြစ်သော်လည်း စိတ်ချရပြီဟု မဆိုသာချေ။

အကြောင်းမှာ...

www.burmeseclassic.com

www.burmeseclassic.com



သခင်လေးကျူးစုစင်းသည် ယိထင်းကျောက်၏လူများမှာ ဆိုင်ကလေး၏ ပတ်ဝန်းကျင်တွင် လျှို့ဝှက်စွာ နေရာချထားသည်ကို တွေ့ရှိရသောကြောင့် ဖြစ်သည်။

* * *

ညဉ့်သန်းခေါင်အချိန်ပင် ရောက်ရှိလာပြီ ဖြစ်လေသည်။

ဆိုင်ကလေး၏နံဘေး၌ ကြက်ခြံတစ်ခြံ ရှိလေသည်။

ကြက်ခြံမှ ကြက်များ၏အော်သံများကို ကြားလိုက်ရလေသည်။

ကြက်ခြံထဲမှ ကြက်အော်သံများသည် ကြားနေကျ အသံများသာဖြစ်သည်။

သို့သော်...

ကောင်းကျင်းစန်းသည် ထိုကြက်အော်သံကို ကြားလိုက်ရသည်နှင့် သူ၏မျက်နှာတစ်ခုလုံးမှာ ရွှင်ပျမ်းသာသွားလေသည်။

သခင်လေးကျူးစုစင်းသည် အသာအယာ ပြုံးလိုက်လေသည်။

"သည်ကြက်အော်သံက အတော်ထူးခြားနေပါလား"

ကောင်းကျင်းစန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ဒါ ကြက်အော်သံ မဟုတ်ဘူး၊ သခင်လေး၊ လူက အချက်ပြသံပါ"



ကျူးစုစင်း၏မျက်လုံးအစုံမှာ ပြူးကျယ်ဝိုင်းစက်သွားလေသည်။

"လူက အော်တာ ဟုတ်လား၊ ဘယ်သူများပါလိမ့်"

ကောင်းကျင်းစန်းက ပြုံးလိုက်ပြီး...

"အဲဒါ ပွဲစားကြီးရှမ်းထိုက်ရဲ့ အသံပါ သခင်လေး"

ကျူးစုစင်းမှာ ပို၍ အံ့အားသင့်သွားလေ၏။

"အလို ပွဲစားကြီးရှမ်းထိုက်က ဘယ့်နှယ် ကြက်ခြံထဲ ရောက်နေရတာလဲ"

ကောင်းကျင်းစန်းက ခေါင်းခါယမ်းလိုက်သည်။

"သူက ကြက်ခြံထဲမှာ မဟုတ်ဘူး၊ ကြက်ခြံအောက်မှာပါ"

ကောင်းကျင်းစန်းသည် ယင်းသို့ ပြောဆိုပြီး မီးအိမ်တစ်လုံး ထွန်းကာ ကြက်ခြံကလေးထဲသို့ လျှောက်သွားလေသည်။

လွှေဖုံးနှင့် သခင်လေးကျူးစုစင်းတို့ကလည်း နောက်မှ လိုက်သွားကြသည်။

သူတို့သည် ကြက်ခြံအတွင်းသို့ ချဉ်းနင်းဝင်ရောက်သွားသောအခါ ကြက်ခြံ၏မြေအောက်တွင် ဖယောင်းတိုင်မီး၏ အလင်းရောင်များကို တွေ့လိုက်ရလေသည်။

ကောင်းကျင်းစန်းသည် ကြက်စာခွက်များကို ရွှေ့လျားလိုက်သောအခါ မြေအောက်သို့ ဆင်း၍ ကျဉ်းမြောင်းသော လှေကားထစ် များကိုတွေ့လိုက်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် မြေအောက်ခန်းတစ်ခု ပြုလုပ်ထားလေသည်။

ပွဲစားကြီးရှမ်းထိုက်က မြေအောက်ခန်းထဲ၌ ရှိနေ၏။

ပွဲစားကြီးရှမ်းထိုက်သည် ကောင်းကျင်းစန်းအား တွေ့လိုက်ရသောအခါ ပြုံးလိုက်ပြီး...

"ဘယ့်နှယ်လဲ၊ ဂိုဏ်းတစ်ရာဂိုဏ်းချုပ်တို့ သွားကြပြီလား"

ကောင်းကျင်းစန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သူတို့က အေးချမ်းမြို့ကို သွားကုန်ကြပြီ"

ရှမ်းထိုက်က ခေါင်းညိတ်လိုက်ပြီး အနောက်ဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်။

ကောင်းကျင်းစန်းကလည်း သူ့နောက်သို့ လိုက်သွားသည်။

အတွင်းဘက်တွင် ရှည်လျားသော လိုဏ်ခေါင်းလမ်းတစ်ခု ရှိလေသည်။

ထိုလိုဏ်ခေါင်းထဲတွင် စိုထိုင်းပြီး လေပိတ်ဆို့နေသဖြင့် သခင်လေးကျူးစုစင်းနှင့် လွေဖုံးတို့မှာ တစ်ကိုယ်လုံး ချွေးပြန်နေကြသည်။

ရှမ်းထိုက်သည် ရှေ့ဆုံးမှ သွားနေသည်။

သူတို့သည် အတန်ကြာ လျှောက်သွားသောအခါ လိုဏ်ခေါင်းလမ်းမှာ တဖြည်းဖြည်း ကျယ်ဝန်းလာသည်။

အဝေးမှ မီးရောင်များကိုလည်း လှမ်း၍ မြင်တွေ့ရလေသည်။



တစ်စထက်တစ်စ မီးရောင်များ ပို၍ လင်းထိန်လာသည်။

မကြာမီ...

လိုဏ်ခေါင်းလမ်း ဆုံးသွားလေတော့သည်။

သူတို့သည် ကျယ်ဝန်းသော မြေအောက်ခန်းတစ်ခုသို့ ရောက်ရှိလာကြသည်။

ထိုကျယ်ဝန်းသော မြေအောက်ခန်းတွင် ခေါင်းသုံးလုံး ရှိသည်ကို အံ့သြစွာ တွေ့လိုက်ရလေသည်။

ယင်းခေါင်းသုံးလုံး၏ နံဘေးတွင် လူတစ်ယောက် အေးဆေးစွာ ထိုင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ ခြသေ့်ဂိုဏ်းချုပ် လျူရီပင် ဖြစ်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြေအောက်ခန်းထဲတွင် မီးရောင်များ ထိန်ထိန်လင်းနေလေသည်။

သို့သော်...

ခြသေ့ဂိုဏ်းချုပ် လျူရှီ၏မျက်နှာမှု ရှုံ့မဲ့နေလေသည်။

ကျူးစုစင်းသည် သူ့အား တစ်ချက်ကြည့်လိုက်ပြီး...

"ဂိုဏ်းချုပ်ကြီး၊ ယိထင်းကျောက် အေးချမ်းမြို့ထဲကို ရောက်နေပြီလား"

လျူရှီ ခေါင်းညိတ်လိုက်သည်။

"ရောက်နေပါပြီ သခင်လေး"

"မြို့စားကြီးက မခုခံဘူးလား"

လျူရှီက ခေါင်းခါယမ်းလိုက်သည်။

သခင်လေးကျူးစုစင်း အံ့ဩဟန်ဖြင့်...

"ဒါဖြင့် ဂိုဏ်းချုပ်ကြီးက အေးချမ်းမြို့ကို လက်လွှတ်လိုက်တယ်ဆိုပါတော့"

ဂိုဏ်းချုပ်ကြီးလျူရှီ မချိပြုံးပြုံးလိုက်သည်။

"ကျုပ်ရဲ့ အင်အားဟာ ယိထင်းကျောက်ကို ခုခံနိုင်လိမ့်မယ်လို့ သခင်လေး ယူဆသလား"

သခင်လေးကျူးစုစင်းက ပခုံးတစ်ချက် တွန့်လိုက်ပြီး...

"ဂိုဏ်းချုပ်ကြီးမှာ အင်အား ဘယ်လောက် ရှိတယ်ဆိုတာ ဂိုဏ်းချုပ်ကြီး အသိဆုံးပါ၊ ကျုပ် ဘယ်လိုမှ မခန့်မှန်းနိုင်ပါဘူး"

လျူရှီ ခေါင်းညိတ်လိုက်ပြီး...



"ဟုတ်တယ်၊ ကျုပ်မှာ ရှိသင့်သလောက် အင်အားတော့ ရှိပါတယ်"

ကျူးစုစင်းက လျူရှီအား တစ်ချက်ကြည့်လိုက်ပြီးနောက်...

"ကျုပ်သိသလောက် ပြောရမယ်ဆိုရင် ဂိုဏ်းချုပ်ကြီး လက်အောက်မှာ ထိပ်တန်းဓားသမား သုံးရာကျော်လောက် ရှိတယ်လို့ သိရပါတယ်၊ ယိထင်းကျောက်ကို ခုခံမယ်ဆိုရင်လဲ မခံနိုင်သည့်တိုင်အောင် အေးချမ်းမြို့ကို အလွယ်တကူ ရနိုင်မှာ မဟုတ်ပါဘူး"

လျူရှီက ပြုံးလိုက်သည်။

"သခင်လေးက ကျုပ်ရဲ့ အင်အားကို တော်တော်သိထားတာကိုး"

ကျူးစုစင်းက စကားဆက်လိုက်သည်။

"တကယ်တမ်း ပြောရမယ်ဆိုရင်တော့ ယိထင်းကျောက်တို့ဟာ အေးချမ်းမြို့ကို တော်ရုံတန်ရုံ ထိုးဖောက်ဝင်ရောက်နိုင်မှာ မဟုတ်ဘူး"

လျူရှီသည် ဘာမှပြန်မပြောပါချေ။

ကျူးစုစင်းက...

"ဂိုဏ်းချုပ်ကြီးက ဘာဖြစ်လို့ အေးချမ်းမြို့ကို အလွယ်တကူ စွန့်လွှတ်လိုက်ရတယ်ဆိုတာ ကျုပ်သိချင်တယ်"

လျူရှီက သူ့အား အတန်ကြာ စိုက်ကြည့်လိုက်ပြီး...

"ရင်ဆိုင်တိုက်ပွဲမှာ ကျုပ်က မရှုံးမှန်းတော့ တွက်ထားမိပါတယ် သခင်လေး"

www.burmeseclassic.com

www.burmeseclassic.com



ကျူးစုစင်းက ကျေနပ်စွာ ပြုံးလိုက်သည်။

"ကျုပ်သဘောပေါက်ပါပြီ၊ ဂိုဏ်းချုပ်ကြီးဟာ အလွယ်တကူနဲ့ အညံ့ခံမယ့် လူစား မဟုတ်ဘူးဆိုတာ ကျုပ်ယုံကြည်ပါပြီ"

ကောင်းကျင်းစန်းက ကြားဖြတ်ပြောဆိုလိုက်ပြန်သည်။

"ဂိုဏ်းချုပ်ကြီးရဲ့ အကြံဟာ ယီထင်းကျောက်တို့အားလုံးကို မျှားခေါ်ပြီးမှ တဖြည်းဖြည်း ပြန်ပြီး တိုက်ခိုက်မယ် မဟုတ်လား"

လျူရီက ခေါင်းညိတ်လိုက်သည်။

"ယီထင်းကျောက်တို့ဟာ အေးချမ်းမြို့ကို အမှန်တကယ်ပိုင်စိုးနိုင်တာ မဟုတ်သေးပါဘူး၊ သူတို့ဟာ ထောင်ချောက်တစ်ခုထဲကို တိုးဝင်နေတာပါ"

သူ၏မျက်လုံးအစုံမှာလည်း အောင်နိုင်ခြင်း၏ အရိပ်အယောင်များ ပေါ်လွင်ထင်ဟပ်လာလေသည်။

သခင်လေးကျူးစုစင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း..ဂိုဏ်းချုပ်ကြီးရဲ့ အကြံကတော့ သင့်မြတ်လှပါပေတယ်၊ ဒါပေမယ့် အေးချမ်းမြို့ဟာ ယီထင်းကျောက် လက်ထဲကို ကျရောက်သွားတာနဲ့ ပထမဆုံး ခြိမ်းခြောက်ခံရမှာက အေးချမ်းတောင်ကြားပဲ"

သူ၏စကားကြောင့် အားလုံးမှာ ပါးစပ်ပိတ်သွားလေတော့သည်။

* * *



သခင်လေးကျူးစုစင်း၏ ခန့်မှန်းချက်မှာ အလွန်မှန်ကန်လှပေသည်။

အကြောင်းမှာ...

ဝီတောင်းသည် သူတို့ထံသို့ ရောက်ရှိလာခြင်းကြောင့် ဖြစ်သည်။

သူသည် အသက်နှစ်ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေးသောကြောင့် သိုင်းလောကတွင် သူ့အား လူငယ်သိုင်းသမားဟု ခေါ်ဝေါ်ကြလေသည်။

ဂိုဏ်းချုပ်ကြီးလျူရီသည် ဝီတောင်းအား နေရာထိုင်ခင်းပေးပြီးနောက် ယီထင်းကျောက်နှင့် ပတ်သက်သော သတင်းများကို မေးမြန်းလိုက်သည်။

ဝီတောင်းက အနည်းငယ် စဉ်းစားလိုက်ပြီး...

"ကျုပ်အထင် ပြောရမယ်ဆိုရင် ယီထင်းကျောက်တို့ သုံးရက်အတွင်း ကျုပ်တို့ရဲ့ အေးချမ်းတောင်ကြားကို တိုက်ခိုက်လာလိမ့်မယ်လို့ ထင်ပါတယ်"

လျူရီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ယီထင်းကျောက်က အေးချမ်းတောင်ကြားကို တိုက်ခိုက်မယ်ဆိုတာ ကျုပ်လဲ ကြိုတင်တွက်ဆပြီးသားပါ"

ဝီတောင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ယီထင်းကျောက် အခုလို အေးချမ်းမြို့ကို လာပြီး တိုက်ခိုက်တာဟာ ရည်ရွယ်ချက် အများကြီး ရှိတယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



လျှုရှိက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ရန်သူက အင်အားနဲ့ လာတယ်ဆိုတော့ ကျုပ်က သူနဲ့ ရင်ဆိုင်ပြီး မတိုက်ခိုက်ချင်ဘူး။ ဒါကြောင့် အေးချမ်းတောင်ကြားမှာရှိတဲ့ အင်အားကို အလွန်လျှို့ဝှက်တဲ့ နေရာတစ်ခုဆီကို ပို့ထားခဲ့ရတယ်"

သခင်လေးကျူးစုစင်းက မဲ့ပြုံးပြုံးလိုက်ပြီး…

"ဟုတ်တယ်၊ သည်အင်အားဟာ ယိထင်းကျောက်အတွက် တော်တော်သင်ခန်းစာ ရသွားလိမ့်မယ်"

ဝီတောင်းက အနည်းငယ် စဉ်းစားလိုက်ပြီး…

"ယိထင်းကျောက်ရဲ့ အင်အားဟာ တော်တော်ကလေးတော့ တောင့်တင်းပါတယ်၊ ဒါပေမယ့် အေးချမ်းမြို့နဲ့ အေးချမ်းတောင်ကြားကိုတော့ လွယ်လွယ်နဲ့ ရမသွားနိုင်ဘူး"

လျှုရှိက အံကို တင်းတင်းကြိတ်လိုက်ပြီး…

"တစ်နေ့တော့ ယိထင်းကျောက်ဟာ ကျုပ်တို့ အကြောင်းကို သိရစေမှာပေါ့ဗျာ"

* * *



## သိဟောင်းကျွမ်းဟောင်း

ခြောက်လပိုင်း၊ ကိုးရက်…။

ရာသီဥတု ကြည်လင်သာယာသော နေ့တစ်နေ့ ဖြစ်သည်။

ယမန်နေ့က မိုးရွာသွန်းခဲ့သောကြောင့် သစ်ပင်များသည် စိမ်းလန်းစိုပြည်နေသည်။

အေးချမ်းမြို့၏ အနောက်ဘက် ဆယ့်ငါးမိုင်ခန့် အကွာတွင် ငါးရက်ဈေး တစ်ဈေးရှိသည်။

ဈေးထဲမှ ကြယ်ဖြူအာမခံဌာနမှူး၏ အာမခံဌာနမှာ ကြီးကျယ်လှသည် မဟုတ်သော်လည်း သေးငယ်သည်ဟုလည်း မဆိုနိုင်ပါချေ။

ကြယ်ဖြူအာမခံဌာနမှ ဌာနမှူးသည် အသက်လေးဆယ် ကျော် … သွားကျိုးသူတစ်ယောက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အမည်မှာ ကျောက်ဖား ဖြစ်သည်။

သူအသုံးပြုသော လက်နက်မှာ အလွန်ပါးလွှာပြီး ထက်မြက်လှသည့် ဓားပျော့တစ်ချောင်းပင် ဖြစ်ပေသည်။

သူသည် ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်သောအခါ ဓားတစ်ကွက်ကိုသာ အသုံးပြုသည်။

ဓားတစ်ကွက်တည်းနှင့် အရှုံးအနိုင် ဆုံးဖြတ်ရလေသည်။

သူသည် ကြယ်ဖြူအာမခံဌာနကို တည်ထောင်လာသော သက်တမ်းတစ်လျှောက်တွင် သူ့အား အောင်နိုင်သောသူ တစ်ယောက်မျှ မရှိသေးပါချေ။

ကြယ်ဖြူအာမခံဌာနတွင် ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် ခြံဝင်းတစ်ခု ရှိသည်။

ထိုခြံဝင်းပိုင်ရှင်မှာ အသက်အရွယ် အိုမင်းရင့်ရော်နေပြီ ဖြစ်သော အဘိုးအိုနှင့် အဘွားအိုတို့ ဖြစ်သည်။

ယနေ့ ညနေခင်းတွင်…

မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ကြီးမားသော ခမောက်ကြီးကို ဆောင်းထားသည့် လူတစ်ယောက်သည် ထိုမွေးမြူရေးခြံသို့ ရောက်ရှိလာလေသည်။

ခမောက်ကို ခပ်နိမ့်နိမ့်ဆောင်းထားသဖြင့် သူ၏မျက်နှာအား မတွေ့ရချေ။

ခြံဝင်းပိုင်ရှင် အဘိုးအိုနှင့် အဘွားအိုတို့သည် မီးခိုးရောင်ဝတ်ဆင်ထားသောသူက သူတို့ခြံဝင်းထဲသို့ ဝင်ရောက်လာသည်ကို



တွေ့သောအခါ အံ့အားသင့်သွားလေသည်။

အဘွားအိုသည် ခြံဝင်းတံခါးကို ဖွင့်ပေးလိုက်သည်။

ထို့နောက်…

ခမောက်ဆောင်းထားသူ၏မျက်နှာကို မော့ကြည့်လိုက်သည်။

ထိုအခါ…

ထိုသူ၏ဖြူဖွေးသော မျက်နှာကို တွေ့လိုက်ရလေသည်။

ထိုသူသည် အသက်သုံးဆယ်ကျော်ခန့်သာ ရှိမည် ဖြစ်သည်။

သူ၏မျက်နှာပေါ်တွင် ကန့်လန့်ဖြတ် အနေအထားတွင် ရှိသော ဓားဒဏ်ရာရရှိထားသည့် အမာရွတ်ကြီးတစ်ခု ရှိနေသည်ကို တွေ့ရ၏။

အလွန်အကျည်းတန်သော မျက်နှာ ဖြစ်သည်။

"ဘာကိစ္စ ရှိလို့လဲ"

အဘွားအိုက အရဲစွန့်ပြီး မေးလိုက်ခြင်း ဖြစ်သည်။

ထိုလူက အေးစက်သော လေသံဖြင့်…

"ကနေ့ည ကျုပ် သည်မှာ တည်းခိုချင်တယ်"

ထိုအခါ…

အဘိုးအိုက ခြံ၏ဝဲဘက်အရပ်သို့ ညွှန်ပြလိုက်ပြီး…

"သည်နေရာက သွားရင် တည်းခိုခန်းတစ်ခုကို တွေ့ရပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ခေါင်းယမ်းလိုက်သည်။

"ကျုပ် တည်းခိုခန်းမှာ မတည်းချင်ဘူး၊ ကျေးဇူးပြုပြီး ကျုပ်ကို တစ်ညတာ သည်မှာ တည်းခိုခွင့်ပြုပါ"

အဘိုးအိုက ပခုံးတစ်ချက် တွန့်လိုက်ပြီး....

"ကျုပ်တို့ဆီက ကြက်ချေးနံ့တွေ နံတယ်၊ ညစ်ပတ်တယ်၊ ဒါကြောင့်မို့ မင်းကို အားနာလို့ပါ"

ထိုလူက အေးစက်စွာ ပြုံးလိုက်ပြီး....

"ရပါတယ်၊ ဒါတွေကို ကျုပ် မမှုပါဘူး"

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ဒါဆိုရင်လဲ မင်း သည်မှာ တစ်ည တည်းခိုပေါ့"

ထိုလူသည် အဘိုးအိုအား တစ်ချက် ပြုံးပြလိုက်ပြီး ခြံဝင်း ထဲသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းဝင်သွားလေတော့သည်။

* * *



မီးခိုးရောင်ဝတ်ဆင်ထားသော သူသည် အနည်းငယ်မျှ အားနာမှု မရှိပါ။

သူသည် အဘိုးအို၏ခြံဝင်းအား မိမိပိုင်ဆိုင်သော ခြံဝင်း ပမာ နေထိုင်လေသည်။

သူ့အား မြင်ရှင် အဘိုးအိုနှင့် အဘွားအိုတို့သည် အစစအရာ ရာ ဧည့်ဝတ်ပြုရလေသည်။

ထိုလူသည် ရတ်တရက် ရွှေတုံးတစ်တုံးကို ယူ၍ ဟောင်း နွမ်းသော စားပွဲပေါ် ချထားလိုက်၏။

အဘိုးအိုနှင့် အဘွားအိုတို့မှာ ထိုရွှေတုံးကို တွေ့ရသော အခါ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ထိုလူသည် အေးတိအေးစက်ဖြင့် သူတို့အား စိုက်ကြည့် လိုက်ပြီး....

"ယူသွား"

ဟု လေသံပြတ်ဖြင့် ပြောလိုက်သည်။

အဘိုးအိုနှင့် အဘွားအိုတို့မှာ ကြောင်အမ်းအမ်း ဖြစ်နေကြ လေသည်။

သူတို့၏နားများကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားလေ သည်။

ထိုလူသည် စားပွဲကို တစ်ချက်ပုတ်လိုက်ပြီး....

"ခင်ဗျားတို့ ဘာဖြစ်လို့ မယူကြတာလဲ နည်းလို့လား"

ထိုစကားကြောင့် အဘိုးအိုသည် ထိတ်လန့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အဘွားအိုအား တစ်ချက်ကြည့်လိုက်ပြီး ခွေတုံးကလေးကို တုန်ယင်စွာဖြင့် လှမ်းယူလိုက်လေသည်။

သူသည် ခွေတုံးကို လက်ထဲတွင် ချိန်ဆကြည့်လိုက်၏။

"သည်ခွေတုံးဟာ အနည်းဆုံး နှစ်ဆယ်ကျပ်သားလောက် ရှိမယ်"

ဟုလည်း ရင်ထဲ၌ ကျိတ်၍ ရေရွတ်မိလေသည်။

အဘိုးအို၏လက်များမှာ တုန်တုန်ယင်ယင်ဖြင့် ခွေတုံးကလေးကိုယူကာ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

သူသည် အံ့သြဝမ်းသာစွာဖြင့် ထိုလူအား မော့ကြည့်လိုက်သည်။

ထိုလူသည် အေးစက်စွာဖြင့်...

"သည်ခွေတုံးက ခင်ဗျားတို့ဆီက ကြက်တစ်ကောင် ဝယ်ချင်လို့ပါ"

"ဗျာ တစ်ကောင် ဟုတ်လား"

"ဟုတ်ပါတယ်"

အဘိုးအိုသည် အင်္ကျီအိတ်ထဲသို့ ထည့်ထားသော ခွေတုံးကို ပြန်ယူကြည့်လိုက်သည်။

ဤခွေတုံးကလေးမှာ အလွန်လေးလံနေသည်။

ဤခွေတုံးသည် ကြက်အကောင် မည်မျှ ဝယ်နိုင်ပါမည်နည်း။

အဘိုးအိုသည် မရေတွက်နိုင်တော့ပါ။



ယခုမှာမူ...

ဤဧည့်သည်က ခွေတုံးကလေးဖြင့် ကြက်တစ်ကောင်သာ လိုချင်သည်ဟု ပြောသည်။

ဤသို့ဆိုလျှင်...

ထိုလူမှာ ရူးနေ၍လော။

ထိုလူ တစ်ချက်ပြုံးလိုက်ပြီး...

"ရမယ် မဟုတ်လား"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ"

သူသည် ကြက်ခြံထဲသို့ ဆင်းသွားပြီးလျှင် အလွန်သန်မာသော ကြက်တစ်ကောင်ကို ရွေးချယ်ပြီး ယူလာခဲ့လေသည်။

ထိုလူသည် ကြက်ဖကြီးကို တစ်ချက်ကြည့်လိုက်ပြီး ကျေနပ်သွားလေသည်။

"အင်း...မဆိုးဘူး၊ ကျုပ်ရှေ့မှာ ချထားလိုက်ပါ"

အဘိုးအိုသည် ထိုလူ ပြောသည့်အတိုင်း ကြက်ဖကြီးကို သူ့ရှေ့တွင် လွှတ်ချလိုက်လေသည်။

ကြက်ဖကြီးသည် သူစိမ်းရှေ့သို့ ရောက်ရှိလာသဖြင့် အတောင်တဖျပ်ဖျပ် ခါနေလေသည်။

ရုတ်တရက် အပေါ်သို့ ခုန်ပျံတက်လာသောအခါ ထိုလူသည် လျှပ်တပြက် ခါးကြားမှ ဓားကို ဆွဲထုတ်လိုက်ပြီး တစ်ချက်ဝှေ့ယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားရောင်မှာ တစ်ချက်ဝင်းလက်သွားလေသည်။

ကြက်ဖကြီးမှာ ထက်ပိုင်းဖြတ်ကာ မြေပေါ်သို့ ကျသွားလေသည်။

အဘိုးအိုနှင့် အဘွားအိုတို့မှာ ထိုအချင်းအရာအား တွေ့မြင်လိုက်ရသည်နှင့် ထိတ်လန့်တုန်လှုပ်သွားလေသည်။

* * *

ထိုလူ၏မျက်နှာမှာ အေးစက်မာကျောနေသည်။

သူသည် ကြမ်းပြင်ပေါ်တွင် ကျပြီး သေဆုံးနေသော ကြက်ဖကြီးကို ကောက်ယူလိုက်သည်။

ထို့နောက်...

သေသေချာချာ စစ်ဆေးကြည့်ရှုလိုက်သည်။

အတန်ကြာ ကြည့်ရှုပြီးသောအခါ သူ၏မျက်နှာတစ်ခုလုံးမှာ ကျေနပ်ဟန် ပေါ်လွင်လာသည်။

သူသည် အဘိုးအိုအား ကြည့်လိုက်ပြီး...

"ကဲ...သည်ကြက်ဖကြီးကို အာမခံဌာနမှူး ကျော်ဖားဆီသွားပို့ပေးပါ၊ သူက ခင်ဗျားတို့ကို ဆုလာဘ်တွေ ပေးပါလိမ့်မယ်"

"ဘာ...သည်ကြက်ဖကြီးကို ယူပြီးတော့ အာမခံဌာနမှူးဆီကို သွားပေးရင် ဆုတွေရမယ် ဟုတ်လား"

ထိုလူက ပြုံးလိုက်ပြီး...



"ဟုတ်တယ်၊ ခင်ဗျားကို ရဲရဲတင်းတင်းသာ သွားပေးပါ၊ သူက ခင်ဗျားတို့ကို ဆုပေးမယ်ဆိုတာ ကျုပ်ပြောရဲပါတယ်၊ သူ့ကို ပြောပြဖို့ ကျုပ်စကားလက်ဆောင် ပါးလိုက်ပါ့မယ်"

အဘိုးအိုသည် ထိုလူပြောသည့် စကားများကို အယုံအကြည် မရှိပါ။

သို့သော်...

သူသည် ပြန်၍ မပြောရဲချေ။

ထိုလူ ပေးခိုင်းသော စာတစ်စောင်ကိုလည်း ယူထားလိုက်ရသည်။ ထို့နောက်...

သေဆုံးနေသော ကြက်ဖကြီးကိုယူကာ အဘွားအိုနှင့်အတူ အာမခံဌာနသို့ သွားကြလေသည်။

သူတို့သည် အိမ်ရှေ့သို့ ရောက်ရှိလာသောအခါ ထိုလူသည် သူတို့အား ဟန့်တားလိုက်ပြန်သည်။

"ခဏနေပါဦး"

အဘိုးအိုနှင့် အဘွားအိုတို့မှာ ခြေလှမ်းတုန့်ခနဲ ရပ်သွားကြသည်။

သူတို့သည် ထိုလူအား လှည့်ကြည့်လိုက်သောအခါ သူက ပြုံးပြနေသည်ကို တွေ့မြင်ရလေသည်။

"ခင်ဗျားတို့က ကျုပ်နာမည်ကို ဘာဖြစ်လို့ မမေးတာလဲဗျ"

အဘိုးအိုနှင့် အဘွားအိုတို့သည် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ကြည့်လိုက်ပြီးမှ အဘိုးအိုက...

www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည် ဘယ်လိုခေါ်သလဲ"

ထိုလူက ပြုံးလိုက်ပြီး...

"ချူးကျန့်ပါ"

* * *

ကြယ်ဖြူအာမခံဌာနမှူး ကျောက်ဖားၡ၏မျက်နှာသည် သွေးရောင်မရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေလေသည်။

သူသည် ထက်ပိုင်းပြတ်နေသော ကြက်ဖကြီးကို မယုံကြည်နိုင်စွာ ငေးကြည့်နေလေသည်။

အဘိုးအိုနှင့် အဘွားအိုတို့သည် ကြယ်ဖြူအာမခံဌာန၏ ဧည့်ခန်းအတွင်း ခေါင်းငုံ့ကာ ရပ်နေကြလေသည်။

သူတို့သည် ချူးကျန့် စေခိုင်း၍ ရောက်လာရခြင်း ဖြစ်သည်။

ယခု...

သူတို့သည် ဌာနမှူး ကျောက်ဖားတစ်ယောက် မျက်နှာပျက်နေသည်ကို မြင်လိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားလေသည်။

ကျောက်ဖား၏မျက်နှာသည် အလွန်လေးနက် တည်ကြည်သောအသွင်သို့ ပြောင်းလဲသွားလေသည်။

ကြယ်ဖြူအာမခံဌာန၏ လက်ထောက်ဌာနခွဲမှူး ငါးယောက် ရှိသည်။

ယခု...

ထိုဌာနခွဲမှူး ငါးယောက်တို့မှာ ဧည့်ခန်းတွင် အစုံအလင် ရှိနေကြသည်။

ဌာနခွဲမှူး ငါးယောက်အနက် စိတ်အမြန်ဆုံးနှင့် အဆင့်အမြင့်ဆုံး ဖြစ်သူမှာ ဌာနခွဲမှူး စုအင်းပင် ဖြစ်သည်။

စုအင်းမှာ အရပ်ခြောက်ပေကျော် မြင့်သည်။

အလွန်သန်မာထွားကျိုင်းပြီး ရုတ်တရက် ကြည့်လျှင် လူဝံကြီးတစ်ယောက်နှင့် တူလှသည်။

သူသည် ဌာနခွဲမှူး၏မျက်နှာ မကြည်မသာ ဖြစ်နေသည်ကို တွေ့လိုက်ရသောအခါ အဘိုးအို၏လည်ကုပ်မှ အင်္ကျီစကို ဆွဲလိုက်ပြီး...

"ခင်ဗျားက သည်ကြက်ဖအသေကြီးကို ဘာဖြစ်လို့ ယူလာရတာလဲ ပြောစမ်း"

အဘိုးအို၏မျက်နှာတစ်ခုလုံး သွေးရောင်ပင် မရှိတော့ချေ။

သူသည် ထိတ်လန့်တုန်လှုပ်နေသဖြင့် မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်နေစဉ် ကျောက်ဖားက စုအင်းအား ဟန့်တားလိုက်၏။

"စုအင်း၊ သူ့ကို ဘာမှ မလုပ်နဲ့၊ သူနဲ့ ဘာမှ မဆိုင်ဘူးလေ"

စုအင်းက ဒေါသကြီးစွာဖြင့်...

"သည်အဘိုးကြီး ကျုပ်မေးနေတယ်လေ"

ကျောက်ဖားက...



www.burmeseclassic.com

www.burmeseclassic.com



"မင်းပါးစပ် ပိတ်ထားလိုက်စမ်း"

စုအင်း၏မျက်နှာတစ်ခုလုံးမှာ နီမြန်းသွား၏။

သို့သော်...

ကျော်ဖား၏အမိန့်ကိုမူ မလွန်ဆန်ရဲပါ။

သူသည် နောက်သို့ ဆုတ်သွားရလေသည်။

ကျော်ဖားက သက်ပြင်းချလိုက်သည်။

သူသည် အဘိုးအိုအား ပျော့ပျောင်းသော လေသံဖြင့် မေးလိုက်သည်။

"ခင်ဗျား အိမ်မှာ ဧည့်သည် ရောက်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"သူ့နာမည်ကော"

"ချူးကျန့်လို့ ပြောပါတယ်"

"အခုကော သူ ခင်ဗျားတို့ အိမ်ထဲမှာ ရှိနေသလား"

"ဟုတ်ကဲ့၊ သူက ကျုပ် အိမ်မှာ တည်းခိုမယ်လို့ ပြောပါတယ်"

ကျော်ဖားက...

"သူက ခင်ဗျားကို သည်ကြက်ဖ လာပို့ခိုင်းရုံပဲလား။ တခြား ဘာမှာလိုက်သေးသလဲ"

အဘိုးအိုသည် ခေါင်းငုံ့ထားလိုက်သည်။

"ဟုတ်ကဲ့၊ သူက မှာလိုက်ပါသေးတယ်"

"သူက ဘာတွေ မှာလိုက်သေးလဲ"



အဘိုးအိုသည် ကျော်ဖားအား မော့ကြည့်လိုက်ပြီး မဝံ့မရဲဖြင့်...

"သူက သည်ကြက်ဖကို ပို့ပြီး ဆုငွေတောင်းခဲ့ဖို့ ပြောပါတယ်"

ကျော်ဖားသည် သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

ထို့နောက်...

သူသည် စုအင်းဘက်သို့ လှည့်လိုက်ပြီး...

"စုအင်း၊ မင်း ငွေထိန်းဆီမှာ ဆုငွေယူပြီး သူ့ကို ပေးလိုက်ပါ"

"ဗျာ"

စုအင်းသည် အံ့အားသင့်စွာဖြင့်...

"ဆုငွေ ဟုတ်လား"

ကျော်ဖား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူတို့ကို ဆုချလိုက်ပါ"

* * *

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုနှင့် အဘွားအိုတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။

သူတို့သည် အသက်အရွယ် အိုမင်းရင့်ရော်နေပြီ ဖြစ်သော်လည်း နားနှင့် မျက်စိမှာမူ အလွန်ကောင်းမွန်သူများ ဖြစ်ကြသည်။

ယခု...

သူတို့ ကြားလိုက်ရသော စကားနှင့် စုအင်း လာရောက်ပေးပို့သော ရွှေများကို တွေ့ရှိနေရပြီ ဖြစ်သည်။

သို့သော်...

သူတို့သည် ကြားနေရသော စကားကို မယုံနိုင် ဖြစ်မိ၏။

ထို့အတူ...

မြင်တွေ့နေရသော မျက်စိကိုလည်း မယုံကြည်နိုင်ပါချေ။

သို့သော် မယုံကြည်၍ မရပါ။

ယခု...

သူတို့၏လက်ထဲတွင် အမှန်တကယ် ဝင်းဝါနေသော ရွှေတုံးကလေးများ ရောက်ရှိနေပြီ မဟုတ်ပါလော။

အဘိုးအိုနှင့် အဘွားအိုတို့မှာ တစ်နေ့နှင့် တစ်ညအတွင်း ဤမျှ များပြားသော ရွှေများကို ရရှိလိုက်သည့်အတွက် သူတို့သည် အတိုင်းမသိ ဝမ်းသာသွားကြသည်။

* * *



နံနက်ခင်း အချိန် ဖြစ်သည်။

အဘိုးအိုသည် ချူးကျုန့် တည်းခိုရာ ကြက်ခြံ၏ အနောက်ဘက် အိမ်ကလေးဆီသို့ ရောက်လာခဲ့သည်။

သို့သော် အိမ်ကလေးထဲတွင် ချူးကျုန့်ကို မတွေ့ရတော့ချေ။

ထို့ကြောင့် အဘိုးအိုသည် ခြံဝင်းအနှံ့ လိုက်ရှာလေသည်။

သို့သော်...

ချူးကျုန့်၏အရိပ်အယောင်ပင် မတွေ့ရတော့ပါချေ။

* * *

ဆည်းဆာနေရောင်ခြည်သည် သာယာလှပပေသည်။

ထို့အတူ...

ရာသီဥတုမှာလည်း အစစအရာရာ ကောင်းမွန်နေပေသည်။

ကျောက်ဖား၏မျက်နှာမှာ တစ်စက်ကလေးမျှပင် ကြည်ကြည်လင်လင် မရှိပါ။

သူသည် အာမခံဌာနတွင် ရှိမနေပါ။

ယခု...

သူသည် သေးငယ်သော တောင်ကုန်းတစ်ခုပေါ်တွင် ကြောက်မက်ဖွယ်ရာကောင်းသော ပြိုင်ဘက်တစ်ယောက်နှင့် မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာချင်းဆိုင် ရပ်လျက် ရှိနေသည်။

သူရင်ဆိုင်ရမည့်သူမှာ ချူးကျန့်ပင် ဖြစ်သည်။

ယမန်နေ့ညက ချူးကျန့်သည် ကျောက်ဖားအား ကြက်ဖ တစ်ကောင် ပေးလိုက်သည်။

ကြက်ဖကြီး၏ဒဏ်ရာကို ကြည့်လိုက်သည်နှင့် ချူးကျန့်၏ ဓားပညာ မည်မျှ တိုးတက်လာသည်ကို သူနားလည်သည်။

ကျောက်ဖားသည် ကျော်ကြားသော ဓားသမားတစ် ယောက် ဖြစ်သည်။

သူအသုံးပြုသော လက်နက်မှာ ပါးလွှာပြီး ထက်မြက်သော ဓားပါးတစ်လက်ပင် ဖြစ်သည်။

သူသည် ရန်သူနှင့် ရင်ဆိုင်သောအခါ ဓားကွက်တစ်ကွက်မျှ သာ အသုံးပြုခဲ့သည်။

ဓားတစ်ချက်တည်းနှင့် အနိုင်အရှုံးကို ဆုံးဖြတ်နိုင်ခဲ့သည်။

သူသည် ယနေ့အထိ တစ်ကြိမ်တစ်ခါမျှ ရှုံးနိမ့်ခဲ့ဖူးခြင်း မရှိ သေးပါ။

သို့သော်...

လောကတွင် ချက်ယွင်းချက် မရှိဘဲ ပြီးပြည့်စုံသော ဓား သမားဟူ၍ မရှိနိုင်ပါ။

ကျောက်ဖားသည် သူ၏ဓားကွက်များတွင် ဖြစ်နေသော ချွတ်ယွင်းချက်ကို သိထားသော်လည်း အကယ်၍သာ...

သူ၏ဟာကွက်များကို တစ်ယောက်ယောက်က သိခဲ့လျှင်



သူက သေရမည်သာ ဖြစ်သည်။

မနေ့က ကြက်သေတစ်ကောင်ကို သူတွေ့ခဲ့ရသည်။

ထိုကြက်သေကို တွေ့မြင်လိုက်ရသည်နှင့် သူ၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

ကျောက်ဖားကဲ့သို့ ကျော်ကြားသော ဓားသမားတစ် ယောက်သည် ကြက်သေတစ်ကောင်ကို တွေ့မြင်လိုက်ရုံနှင့် မျက်နှာ ပျက်သွားစရာအကြောင်း မရှိပါ။

သို့သော်...

ကျောက်ဖားသည် ထိုကြက်သေကို တွေ့မြင်လိုက်ရသော အခါ ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားမှုတစ်မျိုးကို ခံစားလိုက်ရ လေသည်။

အကြောင်းမှာ...

သူသည်လည်း ကြက်ဖကြီးကဲ့သို့ အသတ်ခံရမည်လောဟု တွေးမိလိုက်သောကြောင့် ဖြစ်သည်။

* * *

ပါးလွှာသော ဓားပျော့ကို ကျောက်ဖားသည် သူ၏ခါးပတ် သဖွယ် ပတ်ထား၏။

ကျောက်ဖားသည် မိမိ၏ဓားပညာကို ယုံကြည်စိတ်ချမှု အပြည့်ရှိသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

ယနေ့တွင် သူသည် စိတ်လှုပ်ရှားနေသည်။

သူရင်ဆိုင်ရမည့် ပြိုင်ဘက်ကို သူအနိုင်ရပါမည်လော။

သူသည် မိမိကိုယ်ကိုပင် မယုံကြည်နိုင်တော့ပါ။

သို့သော်...

သူသည် ဤနေရာသို့ ရောက်အောင် လာခဲ့လေသည်။

ချူးကျန့်သည် အရှေ့ဘက်၌ နေရာယူ၍ ရပ်နေသည်။

သူ၏မျက်နှာပေါ်တွင် ရက်စက်ကြမ်းကြုတ်သည့် အပြုံးရိပ်က ထင်ဟပ်နေသည်။

"သည်မှာ ကျောက်ဖား၊ ခင်ဗျားက ကတိတည်သားပဲ"

ကျောက်ဖားသည် သူ၏ခါးတွင် ပတ်ထားသော ဓားမြှောကို ဆွဲယူလိုက်သည်။

ဓားမြှောသည် သူ၏လက်ထဲတွင် တဆတ်ဆတ် တုန်ခါနေလေသည်။

ချူးကျန့်က မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားရဲ့ ဓားပညာဟာ ပြိုင်ဘက်ကင်းတယ်လို့ ကျုပ်ကြားခဲ့တယ်"

"ဟုတ်တယ်၊ မင်း စမ်းချင်လို့လား"

"ကျုပ် မစမ်းချင်ပါဘူး"

ကျောက်ဖားသည် ထိုစကားကို ကြားလိုက်ရသောအခါ အံ့အားသင့်သွားလေသည်။



"ဒါဖြင့် မင်းက ဘာဖြစ်လို့ ကျုပ်ကို သည်နေရာ ချိန်းရတာလဲ"

ချူးကျန့်က လက်ကာပြလိုက်သည်။

"သည်လိုပါ ကျုပ်တို့နှစ်ယောက် ယှဉ်ပြိုင်ရင်း တစ်ယောက်ယောက် သေမှာ သေချာတယ်၊ ကျုပ်က ခင်ဗျားကို မသတ်ချင်ဘူး၊ ခင်ဗျားက ကျုပ်ကို သတ်တာလဲ မခံချင်ဘူး"

ကျောက်ဖားမှာ မျက်မှောင်ကြုတ်သွားလေသည်။

"ဒါဖြင့် ကျုပ်ကိုဘာကြောင့် ချိန်းရတာလဲ"

ချူးကျန့်သည် အတန်ကြာ တိတ်ဆိတ်နေရာမှ ရုတ်တရက် မေးလိုက်သည်။

"ခင်ဗျားသား ဘယ်မှာလဲ"

ကျောက်ဖားက နားမလည်ဟန်ဖြင့်...

"ကျုပ်သားက ခွန်လွှန်ရသေ့ကြီးဆီမှာ စာပေပညာ သင်ယူနေတယ်လေ၊ ဘာဖြစ်လို့လဲ"

ချူးကျန့်က စဉ်းလဲစွာ ပြုံးလိုက်ပြီး...

"ခင်ဗျားသား ကျောက်ယီကို ကျုပ်က လျှို့ဝှက်တဲ့ နေရာတစ်ခုမှာ ခေါ်ထားတယ်ဗျ"

ထိုစကားကို ကြားလိုက်ရသောအခါ ဒေါသချောင်းချောင်း ထွက်သွားလေသည်။

"ကျုပ် မယုံဘူး"

ရုတ်တရက်...

www.burmeseclassic.com

www.burmeseclassic.com



ချူးကျန့်သည် အင်္ကျီအိတ်ထဲမှ ဆွဲပြားတစ်ခုကို ထုတ်ပြလိုက်သည်။

ထိုဆွဲပြားမှာ တန်ဖိုးကြီးမားလှသည့် ဆွဲပြားတစ်ခု ဖြစ်သည်။

ကျောက်ဖားၢ်ခန္ဓာကိုယ်သည် ဆတ်ခနဲ တုန်ခါသွားလေသည်။

သူ၏မျက်လုံးအစုံမှာလည်း စိုးရိမ်ပူပန်သော အရိပ်အယောင်များ ထင်ဟပ်လာလေသည်။

"ဟား..ဟား..ဟား"

ချူးကျန့်သည် သဘောကျစွာ တဟားဟား ရယ်မောလိုက်သည်။

သူ၏ရယ်သံမှာ ကြောက်မက်ဖွယ်ရာကောင်းသည်ဟု ထင်ရလေသည်။

သူသည် ချူးကျန့်အား စေ့စေ့ကြည့်လိုက်ပြီး...

"သည်ဆွဲပြားဟာ ခင်ဗျားသားကျောက်ယီရဲ့ ဆွဲပြားမဟုတ်လား"

ကျောက်ဖား၏နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ စီးဆင်းကျလာလေသည်။

အတန်ကြာမှ...

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ကဲ..ပြောစမ်း၊ မင်းက ဘာလိုချင်လို့လဲ"



ချူးကျန့်က အေးစက်သော အပြုံးဖြင့်...

"ကျုပ်က လူတစ်ယောက်ရဲ့ ခေါင်းကို လိုချင်တယ်"

ကျောက်ဖား မျက်မှောင်ကြုတ်လိုက်ပြီး...

"ဘာလဲ မင်းက ကျုပ်ရဲ့ခေါင်းကို လိုချင်တယ် ဟုတ်လား"

ချူးကျန့်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူ့ခေါင်းကို လိုချင်လို့လဲ"

ချူးကျန့်က တည်ကြည်လေးနက်စွာဖြင့်...

"မင်းရဲ့ဆရာ ဂိုဏ်းချုပ်လျူရှီရဲ့ ဦးခေါင်းကို လိုချင်တယ်"

ကျောက်ဖားသည် ထိုစကားကို ကြားလိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားသည်။

"ဘာကွ၊ ကျုပ်ဆရာရဲ့ ဦးခေါင်းကို လိုချင်တယ် ဟုတ်လား"

"ဟုတ်ပါတယ်"

ကျောက်ဖားသည် ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"မဖြစ်ဘူး..မဖြစ်ဘူး၊ ကျုပ်ဆရာဟာ ကျုပ်ရဲ့ ကျေးဇူးရှင်တစ်ယောက်ပဲ"

ထိုအခါ ချူးကျန့်က စဉ်းလဲစွာ ပြုံးလိုက်ပြီး...

"ခင်ဗျားသေသေချာချာ စဉ်းစားပါ၊ ခင်ဗျားသားရဲ့ အသက်က အရေးကြီးသလား၊ ခင်ဗျားဆရာရဲ့ အသက်က အရေးကြီးသလား"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ယင်းသို့ ပြောပြီးသည်နှင့် လက်ထဲမှ ဆွဲပြားကို အပေါ်သို့ ပစ်တင်လိုက်သည်။

ဆွဲပြား ပြန်ကျလာသောအခါ ချူးကျန့်သည် ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်လိုက်ပြီးလျှင် ဆွဲပြားကို ခုတ်ချလိုက်သည်။

ထိုအခါ ဆွဲပြားကလေးမှာ ထက်ပိုင်းပြတ်သွား၏။

ထိုအချင်းအရာအား တွေ့မြင်လိုက်ရသောအခါ ကျောက်ဖားမှာ ထိတ်လန့်တုန်လှုပ်သွားလေသည်။

ယခု သူနားလည်လိုက်သည်မှာ...

ချူးကျန့်၏ဓားသိုင်းပညာမှာ မိမိထက် အဆင့်မြင့်နေပြီ မဟုတ်ပါလော။

* * *

နေမင်းကြီးသည် ဦးခေါင်းပေါ်သို့ ရောက်ရှိနေပြီ ဖြစ်၏။

ချူးကျန့်သည် ဤနေရာမှ ထွက်ခွာသွားပြီ ဖြစ်သည်။

သို့သော်...

ကျောက်ဖားမှာမူ ထိုနေရာတွင်ပင် မလှုပ်မယှက်ရပ်လျက် ရှိနေလေသည်။

* * *



ဈေးသည်ကျေးရွာကလေးသည် အေးချမ်းတောင်ကြား၏ ဘံခါးဝပင် ဖြစ်လေသည်။

အကယ်၍သာ...

လူများသည် အရှေ့မှ အနောက်သို့ အေးချမ်းတောင်ကြားတို့ သွားရောက်လိုပါက ဈေးသည်ရွာကလေးကို ဖြတ်ကျော်သွားရမည်သာ ဖြစ်သည်။

ယနေ့တွင် ရာသီဥတု ကြည်လင်သာယာလျက် ရှိသော်လည်း ဈေးသည်ကျေးရွာကလေးမှာ ခြောက်သွေ့နေလေသည်။

ထိုနေ့...

မွန်းတည့်ချိန်သို့ ရောက်ရှိလာသောအခါ ဂိုဏ်းတစ်ရာဝိုဏ်းချုပ် ယိထင်းကျောက်၏ မြင်းလှည်းသည် ဈေးသည်ကျေးရွာလေးသို့ ရောက်ရှိလာလေတော့၏။

* * *

ယိထင်းကျောက်၏ တိုက်ခိုက်ရေး မြင်းလှည်းကြီးသည် ဈေးသည်ကျေးရွာကလေးသို့ မရောက်မီ အချိန်အတွင်းမှာပင် အေးချမ်းကျေးရွာမှ မြို့စားကြီးလျူရှီသည် သူ၏သီးသန့်ခန်းတစ်ခုတွင် ရှိနေလေသည်။

ထိုသီးသန့်ခန်းမှာ အေးချမ်းလွင်ပြင် စားသောက်ဆိုင်၏ ခြေအောက်ခန်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လိုအချိန်တွင်...

သီးသန့်အခန်းထဲ၌ အဖြူရောင်ပဝတ်ဆင်ထားသော စား သမားဆယ့်ခြောက်ယောက်သည် မြို့စားကြီးလျူရှီ၏ အမိန့်ကို စောင့်ဆိုင်းနေကြသည်။

ယင်းစားသမားဆယ့်ခြောက်ယောက်သည် လူစုဆယ့် ခြောက်စု ခွဲထားလေသည်။

စားသမားတစ်ယောက်လျှင် လက်အောက်ငယ်သား အယောက်နှစ်ဆယ်စီ ခွဲဝေပေးထားလေသည်။

ယခု...

ဂိုဏ်းချုပ်ကြီးလျူရှီသည် သူ၏လူ အားလုံးကို ဖြန့်လည်စု စည်းကာ အေးချမ်းကောင်ကြားသို့ လာရောက်တိုက်ခိုက်မည့် ယိ ထင်းကျောက်တို့အား ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားခြင်း ဖြစ်လေ သည်။

ပထမပိုင်းပြီး၏။

ဒု-ဓာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်သိပ္ပံဟအောင်

# အကြွင်းမဲ့ပြိုင်ဘက်

(ဒုတိယပိုင်း–စာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



## လုပ်ကြံခြင်း

သီးသန့်ခန်းအတွင်း၌…

အဖြူရောင်ဝတ်ဆင်ထားသော ဓားသမားဆယ့်ခြောက်ယောက်အပြင် အသက်လေးဆယ်ကျော်ခန့် သန်မာထွားကျိုင်းသော လူတစ်ယောက်လည်း ရှိနေလေသည်။

ထိုလူမှာ ကြယ်ဖြူအာမခံဌာနမှူးကျောက်ဖားပင် ဖြစ်သည်။

ဈေးသည်ကျေးရွာမှာ အေးချမ်းမြို့နှင့် အေးချမ်းတောင်ကြား၏တံတားသဖွယ် ဖြစ်နေသည်။

ထို့အတူ…

ကျောက်ဖားသည်လည်း ခြသေ့်ဂိုဏ်းချုပ်လျူရိုနှင့် အေးချမ်းတောင်ကြား၏အရှင်သခင် ဝိတောင်းတို့၏ ကွင်းဆက်တစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖားသည် အေးချမ်းတောင်ကြားနှင့် အေးချမ်းမြို့တို့၏ အဓိကအရေးပါသူ တစ်ယောက်ဖြစ်သည်။

ယခု...

ခေါင်းဆောင်များသည် လျှို့ဝှက်သီးသန့်ခန်းတွင် စုရုံးရောက်ရှိနေကြသည်။

သူတို့သည် ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက်တို့ လာရောက်တိုက်ခိုက်လျှင် ပြန်လည်ခုခံတွန်းလှန်ရန် စိတ်စောနေကြလေသည်။

ခြင်္သေ့ဂိုဏ်းချုပ်လျူရှီမှာမူ သူတို့အား စိတ်မစောရန် သတိပေးနေသည်။

အကြောင်းမှာ...

သူတို့ရင်ဆိုင်ရမည့် တိုက်ပွဲသည် အရှုံးလုံးဝမဖြစ်စေရန် ဖြစ်သည်။

အကယ်၍...

မတော်တဆ ရှုံးနိမ့်သွားပါက သူတို့လူစုသည် မည်သည့်နည်းနှင့်မျှ ပြန်လည် ခေါင်းထောင်လာနိုင်မည် မဟုတ်ချေ။

* * *



ယခု...

ဈေးသည်ကျေးရွာသည် အန္တရာယ်ကြီးမားသောနေရာတစ်ခုအဖြစ် တည်ရှိနေသည်။

ယိထင်းကျောက်တို့လူစုသည် ကြယ်ဖြူအာမခံဌာနကို လျင်မြန်စွာ သိမ်းပိုက်နိုင်ခဲ့လေသည်။

သို့သော်...

အာမခံဌာနတွင် လူသူတစ်စုံတစ်ယောက်မျှ မရှိပါချေ။

ယိထင်းကျောက်သည် မဲ့ပြုံးပြုံးလိုက်သည်။

သူသည် သူ၏ဂိုဏ်းသားများအား အေးချမ်းတောင်ကြားသို့ ဆက်လက်ချီတက်ရန် အမိန့်ပေးလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းလွင်ပြင်စားသောက်ဆိုင်၏ အပြင်ဘက်တွင် အေးချမ်းမြို့မှ တိုက်ခိုက်ရေးသမားများ စုဝေးနေကြလေသည်။

ထိုသူများထဲတွင် ကြယ်ဖြူအာမခံဌာနမှ သိုင်းသမားများလည်း ပါဝင်နေသည်။

ယခု...

လျှို့ဝှက်သီးသန့်ခန်းအတွင်းတွင် အေးချမ်းမြို့၏ ခြင်္သေ့ဂိုဏ်းချုပ်လျှူရီတစ်ယောက် အလုပ်များနေလေသည်။

ယိထင်းကျောက်တို့သည် စတင်တိုက်ခိုက်နေပြီ ဖြစ်လေသည်။

ထူထပ်သော ဝါးရုံတောအတွင်း တိုက်ပွဲများသည် ပြင်းထန်လှပေသည်။

ဤတိုက်ပွဲကား အလွန်အရေးပါသော တိုက်ပွဲဖြစ်လေသည်။

လျှူရီသည် ကိုယ်တိုင်ကိုယ်ကျ တိုက်ခိုက်ခြင်းမရှိသော်လည်း တိုက်ပွဲကို စီမံခန့်ခွဲနေရသည်။

ယခု...

သူသည် တိုက်ခိုက်ရေး နည်းဗျူဟာများကို စဉ်းစားတွေးတောနေစဉ် စားသောက်ဆိုင်အတွင်းမှ ရုတ်တရက် တိုက်ခိုက်နေသောအသံများကို ကြားလိုက်ရလေသည်။

ခြင်္သေ့ဂိုဏ်းချုပ်လျှူရီသည် ထိုအသံကိုကြားလိုက်ရသောအခါ မျက်နှာပျက်သွားသည်။



ယိထင်းကျောက်တို့လူစုသည် ဤနေရာသို့ ရောက်ရှိလာကြပြီလော။

ခြင်္သေ့ဂိုဏ်းချုပ်လျှူရီသည် လျှို့ဝှက်သီးသန့်ခန်းမှ လျင်မြန်စွာ ထွက်လာလေသည်။

သူသည် အပြင်သို့ရောက်ရှိလာသောအခါ သူ၏မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

အကြောင်းမှာ...

သူ၏လူယုံတော်ဖြစ်သော ကျောက်ဖားသည် သူ၏လူစုများကို ဦးဆောင်ပြီး မိမိ၏လက်အောက်ငယ်သားများနှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည်ကို အံ့ဩဖွယ် တွေ့ရလေသည်။

လူယုံတော်ကျောက်ဖားသည် အဘယ်ကြောင့် မိမိအပေါ် သစ္စာဖောက်ရပါသနည်း။

သူသည် မစဉ်းစားတတ်အောင် ဖြစ်သွားလေသည်။

"ဟေ့...ကျောက်ဖား၊ မင်းက ဘာဖြစ်လို့ သစ္စာဖောက်တာလဲ"

သူသည် ကျောက်ဖားအား အော်ဟစ်၍ ပြစ်တင်ပြောဆိုလေသည်။

သို့သော်...

ကျောက်ဖားသည် စကားတစ်ခွန်းမျှ မပြန်မပြောဘဲ သူ၏လက်အောက်ငယ်သားများနှင့် သဲသဲမဲမဲ တိုက်ခိုက်နေသည်။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်ဂိုဏ်းချုပ်လျူရီသည် ဆက်လက်၍ သည်းခံနိုင်စွမ်း မရှိတော့ပါ။

သူသည် အနီးရှိလှံရှည်တစ်လက်ကို ဆွဲယူကာကျောက်ဖား အား ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

* * *

တိုက်ပွဲတွင်းမှာမူ…

ကျောက်ဖားက သစ္စာဖောက်သွားသောကြောင့် အခြေအ နေတစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေတော့သည်။

ကိုယ့်လူအချင်းချင်း ပြန်လည်တိုက်ခိုက်နေရသောကြောင့် မူလအစီအစဉ်များ ပျက်ပြယ်သွားရလေသည်။

ခြသေ့်ဂိုဏ်းချုပ်လျူရီသည် မိမိ၏အားအထားဆုံးသောလူ မှာ ယခုကဲ့သို့ သစ္စာဖောက်ပြီး ပြန်လည်တိုက်ခိုက်လာသည်ကို တွေ့ ရသောအခါ ဒေါသထွက်ခြင်း၊ ခံပြင်းခြင်းစသည်များကို တပြိုင်နက် တည်းခံစားလိုက်ရသည်။

သူသည် အံကို တင်းတင်းကြိတ်ပြီး ကျောက်ဖားအား သဲ သဲမဲမဲ တိုက်ခိုက်လိုက်လေသည်။

ယခု…

ရန်သူများသည် သူတို့အား ဝိုင်းရံထားပြီး ဖြစ်လေတော့ သည်။



သူတို့သည် အစွမ်းကုန် တိုက်ခိုက်ရမည်မှအပ အခြားနည်း လမ်းမရှိတော့ချေ။

* * *

တိုက်ပွဲကား အလွန်ရှုပ်ထွေးသော တိုက်ပွဲတစ်ခု ဖြစ်သည်။

ခြသေ့်ဂိုဏ်းချုပ်လျူရီမှာ ရန်သူများဖြစ်ကြသော ယီထင်း ကျောက်တို့အား တိုက်ခိုက်နေရမည့်အစား ယခု သူတို့သည် အချင်း ချင်းတိုက်ခိုက်နေရသည်။

ထိုစဉ်မှာပင်…

မီးခိုးရောင်ဝတ်ဆင်ထားပြီး ကြီးမားသော ခမောက်တစ် လုံးကိုဆောင်းထားသော လူတစ်ယောက်သည် သူတို့ထံသို့ ရောက် ရှိလာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ရန်ငြိုး

မီးခိုးရောင် ဝတ်ဆင်ထားသောလူ၏ လက်ထဲတွင် ဓားတစ်လက်ပါရှိလာသည်။

သူ၏ဓားမှာ တစ်ပေနှင့်ခုနစ်လက်မခန့်သာ ရှိသည်။

သို့သော်...

မည်သူကမျှ ဤဓားအား အထင်သေးဝံ့မည် မဟုတ်ပါချေ။

အမှန်မှာ...

ဤဓားသည် ကြောက်မက်ဖွယ်ရာကောင်းသည်မှာ ဓားကိုဆုပ်ကိုင်ထားသောလူကြောင့်သာ ဖြစ်ပေသည်။

အေးချမ်းမြို့မှလူစုနှင့် ကြယ်ဖြူအာမခံဌာနမှ သိုင်းသမားများသည် မီးခိုးရောင်ဝတ်ဆင်ထားသောသူအား မည်သူမည်ဝါဟု မသိကြပါချေ။



သို့သော်...

ထိုလူအား တွေ့မြင်လိုက်ရသည်နှင့် သူတို့၏စိတ်တွင် ကြောက်ရွံ့ထိတ်လန့်မှုများ ပေါ်ပေါက်လာလေသည်။

ထိုလူသည် ပြင်းထန်စွာတိုက်ခိုက်နေသည့် တိုက်ပွဲအကြားမှအေးဆေးစွာဖြင့် ခြသေ့်ဂိုဏ်းချုပ်လျှုရိုထံသို့ လျှောက်သွားလေသည်။

ထိုလူကား...

ကျောက်ဖားထံသို့ လာရောက်ခဲ့သော ချူးကျုန့်ပင် ဖြစ်ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဖားသည် ခြသေ့ဂိုဏ်းချုပ်လျှုရှီနှင့် တိုက်ခိုက်လိုက်သည်နှင့် ဓားကွက်ငါးကွက်ကို တစ်ဆက်တည်း တိုက်ခိုက်လိုက်သည်။

သူသည် ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်သောအခါ မည်သည့်အခါမျှ ဓားကွက်ငါးကွက်အထိ အသုံးမပြုခဲ့ဖူးပေ။

ယခု...

သူသည် ခြသေ့ဂိုဏ်းချုပ်လျှုရှီမှာ ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဟု သိထားသောကြောင့် စတင်တိုက်ခိုက်သည်နှင့် ဓားကွက်ငါးကွက်ကို တစ်ဆက်တည်း တိုက်ခိုက်ခြင်းဖြစ်သည်။

သို့သော်...

ခြသေ့ဂိုဏ်းချုပ်လျှုရှီက လုံးဝမမှုပါချေ။

ကျော်ဖား၏ဓားချက်က သူ့အား အနည်းငယ်မျှ ထိခိုက်နိုင်စွမ်းမရှိပါချေ။

ကျော်ဖားသည် ဓားကွက်ငါးကွက်စလုံး လေထဲသို့ ခုတ်မိနေသော်လည်း သူ၏တိုက်ခိုက်မှုအားမာန်က လုံးဝယုတ်လျော့သွား ခြင်းမရှိပါချေ။

ထို့အပြင်...

သူ၏တိုက်ခိုက်မှုသည် ပို၍ပင် အရှိန်မြင့်လာလေတော့သည်။

ခြသေ့ဂိုဏ်းချုပ်လျှုရှီသည် လှံရှည်အား ပို၍တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး...



"ယား"

ဟုဩသံ တစ်ချက်ပေးကာ...

လှံရှည်သည် ကျော်ဖားအား တစ်ဆက်တည်း ဆယ့်ငါးချက်တိတိ တိုက်ခိုက်လိုက်လေသည်။

သူ၏ပြင်းထန်လှသော တိုက်ကွက်ကြောင့် ကျော်ဖား၏အားမာန်အား ဖိနှိပ်နိုင်ခဲ့လေသည်။

ခြသေ့ဂိုဏ်းချုပ်လျှုရှီသည် ထင်ထားသည်ထက်ပင် သိုင်းပညာတွင် များစွာအဆင့်မြင့်နေသည်။

ထို့ကြောင့်...

ကျော်ဖားသည် စိတ်ဓာတ်ကျလာလေတော့သည်။

သူသည် အံကိုတင်းတင်းကြိတ်ကာ ပြန်လည်တိုက်ခိုက်လျက်ရှိနေသည်။

သိုင်းကွက်ခြောက်ဆယ်မျှ ယှဉ်ပြိုင်ပြီးသောအခါ ကျော်ဖားသည် တိုက်ခိုက်နိုင်စွမ်း မရှိတော့ပါချေ။

သူ၏ဓားသည် မိမိကိုယ်ကိုသာ ပြန်လည်ကာကွယ်နေရ၏။

သိုင်းကွက်ခုနစ်ဆယ်မျှ ယှဉ်ပြိုင်ပြီးနောက်...

"ယား"

ခြသေ့ဂိုဏ်းချုပ်လျှုရှီသည် ယင်းသို့ ဩသံတစ်ချက် ပေးလိုက်ပြီး သူ၏လှံရှည်ဖြင့် ကျော်ဖား၏ပခုံးပေါ်သို့ ထိုးမိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖားၡ၏ လက်ထဲမှဓားသည် ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျသွားလေသည်။

အခွင့်အရေးကို အသုံးချတတ်သော ခြသေ့ဂိုဏ်းချုပ်လျှိုရီသည် သူ၏လှံတံရှည်ကို မြွေဟောက်တစ်ကောင်ပမာ ကျောက်ဖား၏ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

"အား"

ကျောက်ဖားသည် နာကျင်စူးရှစွာ အော်ဟစ်ရင်း ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

သူ၏မျက်လုံးအစုံက ချူးကျန့်အား မြူးကျူယ်စွာဖြင့် စိုက်ကြည့်လိုက်ပြီး...

"မင်း...မင်း ကတိတည်ပါစေ"

ဟု အားယူ၍ပြောလိုက်လေသည်။

ချူးကျန့်က သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"ခင်ဗျား စိတ်ချပါ။ ကျုပ်ရဲ့ကတိကို ဘယ်တော့မှ မဖျက်ပါဘူး"

ကျောက်ဖား၏မျက်နှာပေါ်တွင် တစ်စုံတစ်ရာကို ကျေနပ်သွားသော အရိပ်အယောင်များ ပေါ်လွင်လာပြီး အသက်ပျောက်သွားလေတော့သည်။

ယခုမှ ခြသေ့ဂိုဏ်းချုပ်လျှိုရီသည် မည်သည့်အချိန်တွင် ရောက်ရှိလာမှန်းမသိသော မီးခိုးရောင်ဝတ်ဆင်ထားသည့်လူအား တွေ့မြင်လိုက်ရလေသည်။



သူသည် ထိုလူအား အကဲခတ်ကြည့်လိုက်ပြီး...

"မင်း...ဘယ်သူလဲ"

ထိုလူက ဘာမှပြန်မပြောပါချေ။

သူ၏ကြီးမားသော ခမောက်ကြီးက မျက်နှာ၏သုံးချိုးနှစ်ချိုးခန့်ကို ဖုံးကွယ်ထားလေသည်။

ခြသေ့ဂိုဏ်းချုပ်လျှိုရီသည် လှံတံရှည်အား အသင့်ကိုင်ထားရင်း ရှေ့သို့တစ်လှမ်းချင်း လှမ်းသွားလေသည်။

ထိုအခါ...

ထိုလူသည် ဦးခေါင်းကို အနည်းငယ်မော့လိုက်သောကြောင့် သူ၏မျက်နှာပေါ်တွင်ရှိသော အမာရွတ်ကြီးအား တွေ့မြင်လိုက်ရလေသည်။

ခြသေ့ဂိုဏ်းချုပ်လျှိုရီ၏ ရှေ့တိုးသွားသော ခြေလှမ်းများမှာ နောက်သို့ ပြန်ဆုတ်သွားလေသည်။

ထိုလူက အေးစက်စွာပြုံးပြီး...

"ဘယ့်နှယ်လဲ ဂိုဏ်းချုပ်ကြီး၊ ကျုပ်ကို မမှတ်မိတော့ဘူးလား"

ခြသေ့ဂိုဏ်းချုပ်လျှိုရီက...

"မင်း ဘယ်သူလဲ၊ ကျုပ်မသိဘူး"

"ဟား...ဟား...ဟား"

ထိုလူက အသံကျယ်လောင်စွာဖြင့် ရယ်မောရင်း ဦးခေါင်းပေါ်မှ ခမောက်ကို ချွတ်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ..ဟဲ..ဟဲ..သေသေချာချာ ကြည့်ပါဦးဗျ၊ ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျား မှတ်မိပါလိမ့်မယ်"

လူရှိ၏မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။

"မင်း..မင်း..ချူးကျန့်မဟုတ်လား"

ဟု မေးလိုက်၏။

ချူးကျန့်က...

"ဟုတ်ပါ့ဗျာ၊ ကျုပ်နာမည်က ချူးကျန့်ပါပဲ"

သူသည် ယင်းသို့ပြောရင်း သူ၏မျက်နှာတစ်ခုလုံးတွင် မုန်းတီးသောအမူအရာများ ပေါ်လွင်လာလေတော့သည်။

* * *



ချူးကျန့်...။

ခြင်္သေ့ဂိုဏ်းချုပ်လူရှိသည် ထိုအမည်ကို ကြားလိုက်ရသောအခါ ခြေလက်များပင် အေးစက်လာသည်ဟု ခံစားလိုက်ရလေသည်။

သူသည် ချူးကျန့်အား စေ့စေ့ကြည့်ကာ...

"မင်း မသေသေးဘဲကိုး"

ချူးကျန့်က...

"ဟုတ်ပါတယ်ဗျာ၊ ကျုပ် မသေသေးပါဘူး"

ခြင်္သေ့ဂိုဏ်းချုပ်လူရှိက...

"ဒါဖြင့် ငါ့လူတွေကိုသတ်ပြီး အခေါင်းပါ အဖို့ခိုင်းတာ မင်းကိုး"

ချူးကျန့်က ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်ပြီးနောက်...

"ဟုတ်ပါ့ဗျာ၊ တစ်ချိန်တုန်းက ခင်ဗျားက လူအများစုနဲ့ ကျုပ်ကို အသေသတ်ဖို့ လုပ်ကြံခဲ့တယ်မဟုတ်လား။ အခုတော့ ကျုပ် အလှည့်ပဲ"

ခြင်္သေ့ဂိုဏ်းချုပ်လူရှိသည် လှံတံကို တင်းကျပ်စွာဆုပ်ကိုင်လိုက်ပြီး ရုတ်တရက် သူ၏လှံတံဖြင့် ချူးကျန့်အား တိုက်ခိုက်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဟာကွက်

ခြသေ့ဂိုဏ်းချုပ်လျှုရီ၏ လှံတံသည် မြွေဟောက်တစ်ကောင်ပမာ တွန့်လိမ်ကောက်ကွေး၍ ချူးကျန့်အား တိုက်ခိုက်လိုက်လေသည်။

ချူးကျန့်၏ဓားကလည်း တိုက်ခိုက်လာသော လှံတံကို ဟန့်တားနေသည်။

သူတို့နှစ်ယောက်သည် သဲသဲမဲမဲ တိုက်ခိုက်နေကြလေသည်။

ခြသေ့ဂိုဏ်းချုပ်လျှုရီ၏ လှံတံသည် ချူးကျန့်၏ဓားထက်များစွာရှည်နေသော်လည်း အလွန်လျင်မြန်နေသော ချူးကျန့်၏ဓားကွက်ကိုမတိုးနိုင်ပါ။

ထို့ကြောင့်...



သူတို့၏တိုက်ခိုက်မှုမှာ လက်ရည်ညီနေလေသည်။

သူသည် ရှေ့သို့တိုးသွားရန် အကြိမ်ကြိမ် ကြိုးစားနေလေသည်။

ချူးကျန့်၏ဓားသည် သူ့အား ထိထိမိမိ ပိတ်ဆို့ထားနိုင်ခဲ့သည်။

ခြသေ့ဂိုဏ်းချုပ်လျှုရီသည် အချိန်ကြာကြာ တိုက်ခိုက်လာသောအခါ စိတ်ထဲ၌ ပို၍ခံပြင်းလာသည်။

သူ၏တိုက်ကွက်များမှာလည်း ပို၍ပြင်းထန်လာလေသည်။

ရုတ်တရက်...

သူသည် ချူးကျန့်၏ဓားကွက်တွင် သေးငယ်သော ဟာကွက်ကလေးတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ထိုဟာကွက်ကလေးသည် ကြီးကျယ်သော ဟာကွက်တစ်ခုမဟုတ်ပါချေ။

ဟာကွက်ထွက်ပေါ်လာသည်နှင့် တခဏအကြာတွင် ပြန်လည်ပျောက်ကွယ်သွား၏။

ခြသေ့ဂိုဏ်းချုပ်လျှုရီသည် အတွေ့အကြုံရင့်ကျက်သော သိုင်းသမားတစ်ယောက် ဖြစ်သည်။

သူသည် ချူးကျန့်၏ဟာကွက်ကို မည်သို့အသုံးချရမည်ကို နားလည်လိုက်လေသည်။

သူသည် တရကြမ်း တိုက်ခိုက်နေသော သူ၏လှံတံကို အနည်းငယ် အရှိန်လျှော့လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အကြံမှာ ချူးကျန့်၏ဓားသိုင်းတွင် ဟာကွက်များ ထပ်မံပေါ်လာမည့်အချိန်ကို စောင့်မျှော်နေခြင်းဖြစ်သည်။

ချူးကျန့်၏ တိုက်ခိုက်မှုတွင် ဟာကွက်သာ ထပ်မံပေါ်ပေါက်ခဲ့ပါလျှင် သူ၏လှံတံဖြင့် ထိုဟာကွက်ကို အခွင့်ကောင်းယူပြီး ရင်ဝသို့ ထိုးဖောက်နိုင်မည်ဖြစ်၏။

* * *

ခြင်္သေ့ဂိုဏ်းချုပ်လျူရီသည် ရာထူးရာခံရှိသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည့်အပြင် သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော သိုင်းပညာရှင်တစ်ယောက်လည်းဖြစ်သည်။

သူသည် တိုက်ခိုက်ရာတွင် မိမိ၏တိုက်ခိုက်မှုကိုလည်း သေသေချာချာ သိထားသောအခါမှ ရန်သူကို အောင်မြင်နိုင်မည်ဟု နားလည်ထား၏။

ယခု...

သူသည် ရန်သူ၏တိုက်ခိုက်မှုကို သေသေချာချာ အကဲခတ် လေ့လာနေလေသည်။

သူ၏သုံးသပ်ချက်သည် မှန်ကန်နိုင်မည်လော။

* * *



ချူးကျန့်၏ ဆံပင်များသည် ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုကြောင့် ရှုပ်ထွေးနေသည်။

သို့သော်...

သူ၏လက်ထဲမှဓားက အနည်းငယ်မျှ ရှုပ်ထွေးခြင်းမရှိပါချေ။

သူ၏တိုက်ခိုက်မှုသည် တည်ငြိမ်၍နေသည်။

သူ၏ဓားကွက်တွင်မှ အနည်းငယ်သောဟာကွက်တစ်ခု မကြာမကြာ ပေါ်ထွက်နေ၏။

သိုင်းသမားတစ်ယောက်သည် သူ၏တိုက်ခိုက်မှုတွင် ရှိနေသောဟာကွက်များကို ရန်သူက မြင်တွေ့ပါက အလွန်အန္တရာယ်ကြီးမားသောကိစ္စတစ်ရပ် ဖြစ်ပေသည်။

ယခု...

ချူးကျန့်သည် တိုက်ခိုက်နေရင်း သူ၏ဟာကွက်များကို ဒုတိယအကြိမ်၊ တတိယအကြိမ် ဆက်တိုက်ပေါ်ထွက်နေလေသည်။

ခြင်္သေ့ဂိုဏ်းချုပ်လျူရီသည် အလွန်စိတ်ရှည်သော လူတစ်ယောက်ဖြစ်သည်။

သူသည် ချူးကျန့်၏ဓားကွက်တွင် ဟာကွက် သုံးခါတိတိ တွေ့မြင်လိုက်ရသော်လည်း တိုက်ခိုက်ခြင်းမပြုသေးပါချေ။

ပို၍သေချာစေရန် သူက အကဲခတ်နေခြင်းပင်ဖြစ်ပေသည်။

ယင်းသို့ဖြင့် ဆက်လက်တိုက်ခိုက်လာရာ ချူးကျန့်၏ဓားကွက်မှ ဟာကွက်တစ်ခု ထပ်မံပေါ်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ကြိမ်တွင်...

ခြသေ့်ဂိုဏ်းချုပ်လျူရီသည် စဉ်းစားခြင်းမပြုတော့ချေ။

သူ၏လှံတံရှည်ကို ချူးကျန့်၏ဟာဘက်ထဲသို့ ထိုးသွင်းလိုက်လေသည်။

သူ၏တိုက်ခိုက်မှုကို ချူးကျန့်က မည်သည့်နည်းနှင့်မျှ ရှောင်တိမ်းနိုင်သော အခြေအနေမရှိပါချေ။

လှံတံသည် ချူးကျန့်၏ညာဘက်ရင်ဝသို့ ထိုးသွင်းလိုက်သည်။

သို့သော်...

မဖြစ်နိုင်သည့်ကိစ္စများက ဖြစ်ပေါ်လာသည်။

ခြသေ့်ဂိုဏ်းချုပ်လျူရီ၏ လှံတံအဖျားသည် ချူးကျန့်၏ ရင်ဝသို့ထိလုနီးပါးအချိန်တွင် ချူးကျန့်၏ခန္ဓာကိုယ်သည် ငှက်တစ်ကောင်၏လျှင်မြန်ခြင်းကဲ့သို့ ခြသေ့်ဂိုဏ်းချုပ်လျူရီ၏ လှံတံဖျားမှ ခုန်ထွက်နိုင်ခဲ့လေသည်။

တိုက်ခိုက်မှုအခြေအနေသည် လျှပ်တပြက် ပြောင်းလဲသွားလေသည်။

ချူးကျန့်၏ခန္ဓာကိုယ်မှာ ခြသေ့်ဂိုဏ်းချုပ်လျူရီ၏နောက်ဘက်သို့ ရောက်ရှိသွားလေသည်။

သူ၏လက်ထဲမှဓားသည် ခြသေ့်ဂိုဏ်းချုပ်လျူရီ၏နောက်ကျောသို့ လက်ပြန်ခုတ်ချလိုက်လေတော့သည်။

ခြသေ့်ဂိုဏ်းချုပ်လျူရီသည် ရှေ့သို့ ကပျာကယာ ကျွမ်းပစ်



၍ရှောင်တိမ်းလိုက်ရလေသည်။

သူသည် ချူးကျန့်၏ဓားကို ရှောင်တိမ်းနိုင်ခဲ့လေတော့သည်။

သို့သော်...

တိုက်ခိုက်မှု အခြေအနေမှာ သိသိသာသာ ပြောင်းလဲသွားလေတော့သည်။

* * *

ယခု...

ချူးကျန့်၏တိုက်ခိုက်မှုက အပေါ်စီးမှ ရောက်နေပြီဖြစ်သည်။

သူသည် တစ်ဆက်တည်း ဓားကွက်သုံးဆယ့်နှစ်ကွက်မျှ တိုက်ခိုက်လိုက်သည်။

သူ၏ဓားက လှံတံနှင့်ထိခတ်မိသောအခါ မီးပွင့်ကလေးများထွက်ပေါ်လာသည်။

"ခြွမ်း...ခြွမ်း...ခြွမ်း"

ချူးကျန့်၏ဓားက တစ်ချက်ပြီးတစ်ချက် ဖိ၍တိုက်ခိုက်နေသည်။

ခြသေ့်ဂိုဏ်းချုပ်လျူရီသည် တိုက်ခိုက်လာသော ဓားကွက်များကို ခုခံနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခြေလှမ်းမှာလည်း နောက်သို့ တစ်လှမ်းချင်း ဆုတ်နေရသည်။

ခြင်္သေ့ဂိုဏ်းချုပ်လျူရီသည် အခြေအနေ မဟန်မှန်းသိလိုက်ရ၍ ကျောချမ်းသွားသည်။

ယခု…

သူသည် ချူးကျန့်အား မည်သို့မျှ မနိုင်ကြောင်းကို ယုံကြည်လာလေသည်။

ထို့ကြောင့်…

သူသည် လက်နက်ပုန်းနှင့်ချူးကျန့်ကို တိုက်ခိုက်ရန် သတိရလာမိသည်။

သူ၏ဖိနပ်တွင် ရန်သူများကို လျှပ်တပြက်တိုက်ခိုက်နိုင်ရန် အဆိပ်လူးထားသော အပ်ဆယ့်နှစ်ချောင်း ဝှက်ထားလေသည်။

သူသည် လက်နက်ပုန်းနှင့် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်နှင့် သူသည် နောက်သို့ခုန်ဆုတ်လိုက်သည်။

ထို့နောက်…

သူ၏လက်ထဲမှ လှံတံကို ချူးကျန့်၏ရင်ဝသို့ ပစ်သွင်းလိုက်လေသည်။

ဤသို့ပြုလုပ်ရခြင်းမှာ ချူးကျန့်အား ထိခိုက်နိုင်လိမ့်မည် မဟုတ်ဟု သူသိထားသည်။

သို့သော် ချူးကျန့်၏တိုက်ခိုက်မှုကို ဟန့်တားနိုင်မည်မှာ အမှန်ပင်ဖြစ်သည်။



သူတွေးထင်ထားသည့်အတိုင်း ချူးကျန့်၏ တိုက်ခိုက်မှုမှာ အရှိန်လျော့သွားလေသည်။

ထိုအခွင့်အရေးကို ရရှိလိုက်သည်နှင့် ခြင်္သေ့ဂိုဏ်းချုပ်လျူရီသည် ကျားသစ်တစ်ကောင်ပမာ ခုန်အုပ်လိုက်ပြီး သူ၏ဝဲဘက်ခြေထောက်ဖြင့် ချူးကျန့်၏ရင်ဝသို့ ကန်သွင်းလိုက်လေသည်။

သူသည် အမှန်တကယ် ခြေထောက်ဖြင့် ကန်လိုက်ခြင်း မဟုတ်ပါချေ။

သူ၏ခြေထောက်တွင် ဝှက်ထားသော အဆိပ်အပ်များဖြင့်သာ ပစ်သွင်းလိုက်ခြင်းဖြစ်သည်။

ဖိနပ်ကြားတွင် ဝှက်ထားသော အပ်ဆယ့်နှစ်ချောင်းက ချူးကျန့်၏ရင်ဝသို့ လွင့်စဉ်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ခြင်္သေ့ဂိုဏ်းချုပ်လျူရှီ၏ သိုင်းပညာရပ်များသည် ကျယ်ပြန့်စုံလင်လှပေသည်။

သိုင်းလောကသားတို့သည် ခြင်္သေ့ဂိုဏ်းချုပ်၏ သိုင်းပညာလမ်းကြောင်းများကို ကောင်းကောင်း သိထားကြလေသည်။

သို့သော်...

ခြင်္သေ့ဂိုဏ်းချုပ်လျူရှီမှာ အဆိပ်အပ်လက်နက်ပုန်းများရှိနေသည်ကိုမူ သိသူခပ်ရှားရှားပင် ဖြစ်လေသည်။

ယခု...

သူသည် အဆိပ်အပ်များဖြင့် အသံတိတ်ဆိတ်စွာဖြင့် ချူးကျန့်၏ရင်ဝသို့ ပစ်လွှင့်လိုက်သည်။

ထိုအခါတွင်မူ...

ချူးကျန့်သည် မည်သည့်နည်းနှင့်မျှ ရှောင်တိမ်းနိုင်လိမ့်မည်မဟုတ်ဟု သူက အခိုင်အမာ ယုံကြည်ထားသေးသည်။

ချူးကျန့်မှာ သူ၏အဆိပ်အပ်ဖြင့် သေဆုံးမည်မှာမလွဲပေ။

သို့သော်...

ချူးကျန့်က မသေပါချေ။

သူ၏ခန္ဓာကိုယ်တွင် အဆိပ်အပ် ထိမှန်ခြင်းမရှိပါ။

အဆိပ်အပ်များ ထိမှန်ခံရသူမှာ ခြင်္သေ့ဂိုဏ်းချုပ်လျူရှီပင်ဖြစ်လေတော့သည်။

* * *



မည်သို့မျှ မမျှော်လင့်ပါချေ။

ခြင်္သေ့ဂိုဏ်းချုပ်လျူရှီသည် ချူးကျန့်အား အဆိပ်အပ်ဖြင့်ပစ်လွှင့်မည်ဟု ခုန်လိုက်သည့်တခဏအချိန်တွင် ချူးကျန့်၏အဆိပ်အပ်များသည် ခြင်္သေ့ဂိုဏ်းချုပ်လျူရှီထံသို့ ကြိုတင်ပစ်လွှင့်လာခြင်းဖြစ်သည်။

ခြင်္သေ့ဂိုဏ်းချုပ်လျူရှီသည် ဖိနပ်တွင်ဝှက်ထားသော အဆိပ်အပ်များ ပစ်လွှတ်လိုက်သောအချိန်တွင် သူ၏နဖူးပေါ်၌ ချူးကျန့်၏အဆိပ်အပ်သုံးချောင်းက ထိမှန်သွားပြီဖြစ်သည်။

ထို့ကြောင့်...

သူပစ်လွှတ်လိုက်သော အဆိပ်အပ်များသည် ထိမှန်ခြင်းမရှိတော့ဘဲ အလွဲလွဲအချော်ချော် ဖြစ်သွားလေသည်။

ချူးကျန့်သည် ခြင်္သေ့ဂိုဏ်းချုပ်လျူရှီ၏အကြံအစည်ကို ကြိုတင်သိထားသည့်အလား ရှောင်တိမ်းနိုင်ခြင်းဖြစ်သည်။

ခြင်္သေ့ဂိုဏ်းချုပ်လျူရှီသည် ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်ကျသွားပြီဖြစ်သည်။

သူသည် ချူးကျန့်အား မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့်ကြည့်ကာ...

"မင်း...မင်း"

သူသည် စကားမဆက်နိုင်တော့ပါ။

ခေါင်းငိုက်စိုက်ကျကာ အသက်ပျောက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးကျန့်သည် သူ၏ဓားကို ဓားအိမ်ထဲသို့ ပြန်လည်ထိုးသွင်းလိုက်ပြီး အသက်ကင်းမဲ့နေသော ခြသေ့ဂိုဏ်းချုပ်လျူရီအား စိုက်ကြည့်နေသည်။

မိမိ၏ရန်သူကို ကလဲ့စားချေနိုင်ခဲ့ပြီဖြစ်၍ ကျေနပ်စွာဖြင့် အားရပါးရ ရယ်မောလိုက်သည်။

ထို့နောက်...

သူသည် တိုက်ခိုက်နေသော လူအုပ်ကြားမှ တိုးထွက်ကာ အဝေးသို့ လျှောက်လှမ်းသွားလေတော့သည်။

* * *



ယိထင်းကျောက်၏ မြင်းလှည်းကြီးသည် အေးချမ်းတောင်ကြားသို့ ဦးတည်သွားသော လမ်းမပေါ်တွင် တရွေ့ရွေ့ သွားနေလေသည်။

ထိုမြင်းလှည်းကြီး၏ရှေ့တွင် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသော ဂိုဏ်းတစ်ရာဂိုဏ်းသားများနှင့် သိုင်းသမားတို့သည် ခြေလှမ်းကျဲကျဲဖြင့် ချီတက်နေကြသည်။

ထိုစဉ်...

ဝါးရုံတောကြားမှ သဲသဲမဲမဲ တိုက်ခိုက်နေကြသောအေးချမ်းတောင်ကြားမှ သိုင်းသမားတို့သည် လျူရီ အသတ်ခံရသောသတင်းကိုကြားလိုက်ရသောအခါ သူတို့သည် စိတ်ဓာတ်အကြီးအကျယ် ကျဆင်းသွားကြသည်။

သူတို့သည် နောက်သို့သာ တဖြည်းဖြည်းဆုတ်နေရသည်။

သူတို့ဘက်မှ နောက်ဆုတ်နေသည်ကို တွေ့လိုက်ရသောအခါ ယိထင်းကျောက်တို့၏လူစုသည် စိတ်ဓာတ်ပို၍ တက်ကြွလာကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြသဖြင့် နောက်ဆုံး အေးချမ်းမြို့ရှိ လူစုမှာ ဖရိုဖရဲ ပြေးလွှားကြလေတော့သည်။

ထို့ကြောင့်...

ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက်၏ ဂိုဏ်းသားများသည် အေးချမ်းတောင်ကြားကို ဆက်လက်ချီတက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယခု...

www.burmeseclassic.com

www.burmeseclassic.com



သူတို့လူစုသည် အေးချမ်းတောင်ကြားသို့ အင်အားဖြင့် ချီတက်နေကြပြီဖြစ်သည်။

အေးချမ်းတောင်ကြားထဲတွင် ရှိနေကြသော သခင်လေးကျူးစုစင်းသည် ခြသေ့ဂိုဏ်းချုပ်လျူရီ ကျဆုံးသွားပြီဟူသော သတင်းကို ကြားလိုက်ရသောအခါ မယုံကြည်နိုင်ပေ။

သို့သော်...

အဆက်မပြတ် လာရောက်ပို့သော သတင်းကြောင့် သူသည် မယုံကြည်၍ မဖြစ်တော့ချေ။

အေးချမ်းတောင်ကြားသို့ တစ်စထက်တစ်စ နီးကပ်လာသော ယိထင်းကျောက်၏ ဂိုဏ်းသားများအား မည်သို့ခုခံကာကွယ်ရမည်ကို ကြိုတင်ပြင်ဆင် ထားကြရလေတော့သည်။

ဝီတောင်းသည် သူ၏သိုင်းသမားများကို အေးချမ်းတောင်ကြား၏ ဝဲယာတစ်ဘက်တစ်ချက်မှ ခုခံတိုက်ခိုက်ရန် အစီအစဉ်ပြုလုပ်ထားသည်။

ယိထင်းကျောက်၏ မြင်းလှည်းကြီးသည် အေးချမ်းတောင်ကြားသို့ ရောက်ရှိလာပြီဖြစ်သည်။

အေးချမ်းတောင်ကြားမှလူများနှင့် ယိထင်းကျောက်၏လူစုမှာ သဲသဲမဲမဲ တိုက်ခိုက်နေကြပြီဖြစ်သည်။

တိုက်ပွဲကား ပြင်းထန်လှပေသည်။

အေးချမ်းတောင်ကြားမှ လူများသည် အဆပေါင်းများစွာသာလွန်နေသော ယိထင်းကျောက်၏လူများနှင့် ရင်ဆိုင်တိုက်ခိုက်



နေရသော်လည်း စိတ်ဓာတ်ကျဆင်းခြင်း မရှိပါချေ။

သူတို့သည် အစွမ်းကုန်ခုခံနေသည်။

ထို့ကြောင့်...

ယိထင်းကျောက်၏ လူများမှာ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသော်လည်း ရှေ့သို့ခြေတစ်လှမ်းမျှ တိုးနိုင်စွမ်းမရှိပါချေ။

လေ့ဖုံးတို့သည်လည်း သူ၏လူများကို စနစ်တကျ နေရာယူစေကာ လက်နက်မျိုးစုံဖြင့် ပြန်လည်တိုက်ခိုက်နေသည်။

ထို့ကြောင့်...

အေးချမ်းတောင်ကြား တစ်ခုလုံးတွင် ဆူညံနေလေတော့သည်။

နှစ်ဘက်စလုံးမှာလည်း တစ်ယောက်ပြီးတစ်ယောက် ထိခိုက်ကျဆုံးကုန်ကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ရှုးသွပ်နေသူ

နေရောင်ခြည်သည် အေးချမ်းတောင်ကြားထဲသို့ တိုးဝင်နေသည်။

ဝန်းကျင်တစ်ခုလုံးတွင် အလင်းရောင်များ လွှမ်းမိုးနေသည်။

သို့သော်...

မြင်းလှည်းအိမ်၏ အနောက်ဘက်အခန်းထဲတွင် မှောင်မည်းနေလေသည်။

ထိုအခန်းထဲတွင် ဖယောင်းတိုင်ယဲ တစ်တိုင်သာ မီးထွန်းညှိထားသည်။

ယင်းဖယောင်းတိုင်သည် တစ်ဝက်ခန့် လောင်ကျွမ်းသွားပြီဖြစ်ရာ ဖယောင်းတိုင်မီးသည် ဝါကျင့်ကျင့်အရောင်များ ဖြစ်နေသည်။



ဖယောင်းတိုင်ထွန်းညှိထားသော စားပွဲ၏အနောက်တွင် ပိုးဖဲအဝတ်အစားများ ဝတ်ဆင်ထားသော လူတစ်ယောက် ထိုင်နေလေသည်။

သူ၏ရင်ခွင်ထဲတွင် ဗျပ်စောင်းတစ်ခုကို ယုယစွာ ထွေးပိုက်ထားသည်။

ထိုလူမှာ ယိထင်းကျောက်ပင် ဖြစ်ပေသည်။

* * *

တောင်ကြားထဲမှ တိုက်ပွဲကား ပြင်းထန်လှပေတော့သည်။

သို့သော်...

ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက် မည်သည့်အတွက်ကြောင့် ဝင်ရောက်တိုက်ခိုက်ခြင်းမရှိဘဲ ဤနေရာ၌ အေးဆေးစွာ ဗျပ်စောင်းတီးနေရပါသနည်း။

ဤကိစ္စမှာ အလွန်သဘာဝမကျသော ကိစ္စတစ်ရပ် ဖြစ်သည်။

ရုတ်တရက်...

ဗျပ်စောင်းသံသည် ရပ်တန့်သွားသည်။

ယိထင်းကျောက်သည် မျက်မှောင်ကြုတ်သွားသည်။

အကြောင်းမှာ...

သူ၏အခန်းထဲသို့ လူတစ်ယောက် ဝင်ရောက်လာသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ထိုလူကား သခင်လေးကျူးစုစင်းပင်ဖြစ်သည်။

ယိထင်းကျောက်သည် မမျှော်လင့်ဘဲ သခင်လေးကျူးစုစင်းအား တွေ့လိုက်ရသဖြင့် မျက်နှာပျက်သွားလေသည်။

သခင်လေးကျူးစုစင်းက နှုတ်ခမ်းထောင့်စွန်းနှစ်ဘက်ကို ကွေးညွတ်ကာ ပြုံးယောင်ပြု၍...

"ဘယ်လိုလဲ၊ သခင်ကြီးယိ..ကျူပ်လာတာကို သဘောမကျလို့လား"

ယိထင်းကျောက်က အတန်ကြာ တိတ်ဆိတ်နေရာမှ သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"အင်း..ငါ့မြင်းလှည်းထဲကို မင်းဘယ်လိုလုပ်ပြီး ရောက်လာနိုင်တာလဲ"

သခင်လေးကျူးစုစင်းက အေးစက်စွာပြုံးကာ...

"ကျူပ်ရောက်နေပြီပဲဗျာ၊ ပြောဖို့လိုဦးမှာလား"

ယိထင်းကျောက်သည် သူ့အားစေ့စေ့ကြည့်နေလေသည်။

သခင်လေးကျူးစုစင်း၏ မျက်လုံးအစုံသည် အခန်းထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထို့နောက်...

သူသည် တစ်ချက်ပြုံးကာ...

"ဒီမှာ သခင်ကြီးယိ...အခန်းထဲမှာ သစ်သားစည်တွေ အများကြီးပါလား။ အဲဒီအထဲမှာ ဘာပစ္စည်းများ ထည့်ထားလို့လဲ"



ယိထင်းကျောက်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒါတွေဟာ အေးချမ်းတောင်ကြားကို လောကပေါ်မှာ ပျောက်သွားအောင် ဖျက်ဆီးပစ်မယ့် ပစ္စည်းတွေပေါ့"

သခင်လေးကျူးစုစင်းသည် မျက်မှောင်ကြုတ်သွားလေသည်။

"ခင်ဗျားဆိုလိုတာက ဒီသစ်သားစည်တွေထဲမှာ မီးယမ်းတွေ ထည့်ထားတယ် ဟုတ်လား"

ယိထင်းကျောက်က ခေါင်းညိတ်လိုက်သည်။

"သိပ်ဟုတ်တာပေါ့ကွာ"

သခင်လေးကျူးစုစင်းသည် နားမလည်နိုင်သော မျက်လုံးဖြင့် သူ့အားကြည့်လိုက်ပြီး...

"ဒါနဲ့ ခင်ဗျားက ဒီမီးယမ်းတွေကို ဖောက်ခွဲလိုက်ရင် ခင်ဗျားပါ အရိုးအသား ရှာမတွေ့ဘဲဖြစ်သွားမှာပေါ့"

ယိထင်းကျောက်က တင်းမာခက်ထန်သော မျက်နှာထားဖြင့်...

"ဒါ မင်းအလုပ်မဟုတ်ဘူး သခင်လေးကျူး"

ယိထင်းကျောက်သည် ယင်းသို့ပြောပြီးသည်နှင့် ထိုင်ရာမှ ထလိုက်သည်။

ထို့နောက်...

မြင်းလှည်းကြီး၏နံဘေးရှိ ပြတင်းပေါက်တစ်ခုအား ဖွင့်လိုက်သည်။

www.burmeseclassic.com



ထိုပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်လေသည်။

တဖန်...

သူသည် သခင်လေးကျူးစုစင်းဘက်သို့ ပြန်လှည့်လိုက်သည်။

"ကဲ..သခင်လေးကျူး၊ ဒီမြင်းလှည်းပေါ်က အမြန်ဆုံးထွက်သွားမယ်ဆိုရင် ကျုပ်က မတားပါဘူး"

သခင်လေးကျူးစုစင်းက ခေါင်းခါယမ်းကာ...

"ကျုပ်က ဒီကိုလာတာ ထွက်သွားဖို့လာတာ မဟုတ်ဘူး"

ယီထင်းကျောက်က...

"ဒါဖြင့် သခင်လေးကျူးက ကျုပ်ရဲ့အကြံအစည်ကို အနှောက်အယှက်ပေးဖို့ပေါ့ ဟုတ်လားကွ"

သခင်လေးကျူးစုစင်း၏ မျက်နှာသည် တည်ကြည်လေးနက်သွားသည်။

"ဒီမီးယမ်းတွေထည့်ထားတဲ့ စည်ကြီးတွေ ပေါက်ကွဲသွားရင်တော့ သူ့လူ ငါ့လူရယ်လို့ ရွေးနေနိုင်မှာမဟုတ်ဘူး၊ အားလုံး မီးလောင်တိုက်သွင်းခံရလိမ့်မယ်၊ ဒါကြောင့် ကျုပ်က တားရလိမ့်မယ်"

သူသည် ယင်းသို့ပြောလိုက်သည်။

ထို့စဉ်...

ယီထင်းကျောက်က စားပွဲပေါ်၌ မီးထွန်းထားသော



ဖယောင်းတိုင်ရှိရာသို့ ပြေးသွားလေသည်။

သခင်လေးကျူးစုစင်းသည် ယီထင်းကျောက်၏အကြံကို သိရှိလိုက်သဖြင့် ကပျာကယာ ဟန့်တားရန် ကြိုးစားလိုက်သည်။

သို့သော်...

သူသည် နောက်ကျသွားပြီ ဖြစ်သည်။

ဖယောင်းတိုင်သည် ယီထင်းကျောက်၏လက်ထဲသို့ ရောက်ရှိသွားလေသည်။

သခင်လေးကျူးစုစင်းသည် ထိတ်လန့်တုန်လှုပ်ကာ ကြက်သေသေသွားလေသည်။

"ဟား..ဟား..ဟား"

ယီထင်းကျောက်၏ ရယ်မောသံသည် အခန်းတစ်ခုလုံးအား လွှမ်းပုံသွားလေသည်။

"ဒီမှာ သခင်လေး..အေးချမ်းတောင်ကြားထဲမှာရှိတဲ့လူတွေ အကုန်သေပါစေ၊ ကျုပ်မမှုဘူး"

သခင်လေးကျူးစုစင်းသည် ထိုစကားကို ကြားလိုက်ရသောအခါ ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်သွားလေသည်။

* * *

www.burmeseclassic.com



အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးနေသည်။

အေးချမ်းတောင်ကြားတစ်ခုလုံးတွင် ဆူညံလျက်ရှိသည်။

သံသံချင်းထိခတ်သံများ၊ စူးရှစွာအော်ဟစ်သောအသံများ စသည်တို့ ဆူညံစွာ ထွက်ပေါ်နေလေတော့သည်။

ဝီတောင်းတို့လူစုသည် မိမိတို့ထက် အင်အားတောင့်တင်းနေသော ယိထင်းကျောက်တို့၏လူစုအား အရှုံးမပေးဘဲ တွန်းလှန်တိုက်ခိုက်နေကြလေသည်။

သူသည် သခင်လေးကျူးစုစင်းအား မည်သည့်နေရာမျှ ရှာမတွေ့တော့ချေ။

သခင်လေးကျူးစုစင်းတစ်ယောက် မြင်းလှည်းကြီးပေါ်သို့ တက်ရောက်နေပြီဟု ထင်လိုက်လေသည်။

ထို့ကြောင့်...

သူသည် လွှေဖုံးဘက်သို့ လှည့်လိုက်ပြီး...

“လွှေဖုံး...သခင်လေးကျူးတစ်ယောက်တည်း မြင်းလှည်းပေါ်တက်သွားတယ်နဲ့တူတယ်၊ မင်းသွားကြည့်လိုက်ဦး”

“ဟုတ်ကဲ့”

လွှေဖုံးသည် ယင်းသို့ပြောပြီးနောက် သူတိုက်ခိုက်နေရာမှ မြင်းလှည်းကြီးရှိရာသို့ ထိုးဖောက်ထွက်သွားလေတော့သည်။

* * *



ဝန်းကျင်တစ်ခုလုံး ဆူညံနေသော်လည်း မြင်းလှည်းကြီး၏ အနောက်ဘက်အခန်းတွင်မူ တိတ်ဆိတ်နေလေသည်။

ယိထင်းကျောက်သည် ဖယောင်းတိုင်ကို လက်ထဲတွင်ကိုင်ထားပြီး ယမ်းများထည့်ထားသော သစ်သားစည်ကြီးများဆီ တစ်လှမ်းချင်း လှမ်းသွားလေသည်။

သခင်လေးကျူးစုစင်းသည် နဖူးပေါ်မှချွေးများ တစ်ပေါက်ပေါက်စီးဆင်းကျနေသည်။

သူသည် ယိထင်းကျောက်အား မည်သို့ဟန့်တားရမည်ကို စဉ်းစား၍မရပါချေ။

ရုတ်တရက်...

ယိထင်းကျောက်သည် ဖယောင်းတိုင်ဖြင့် ယမ်းထည့်ထားသော စည်ကြီးများဆီသို့ ပစ်လွှင့်လိုက်သည်။

သခင်လေးကျူးစုစင်းသည် အခြေအနေ မဟန်မှန်းသိလိုက်သည်နှင့် ပြတင်းပေါက်တံခါးမှ ခုန်ထွက်လိုက်လေသည်။

သူသည် အပြင်သို့ရောက်သည်နှင့် ပြေးလွှားလာနေသော လွှေဖုံးကို တွေ့မြင်လိုက်ရသည်။

ထို့ကြောင့်...

သူသည် အသံကျယ်လောင်စွာဖြင့်...

“လွှေဖုံး...ပြန်ဆုတ်၊ ကိုယ့်လူတွေအားလုံးကို ဆုတ်ဖို့ မြန်မြန်အချက်ပေးပါ”

ထိုစကားကြောင့် လွှေဖုံးသည် သခင်လေးကျူးစုစင်းက အ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကြောင့် ထိုသို့ပြောသည်ကို နားမလည်သော်လည်း အကြောင်းမရှိလျှင် သူက အရေးတကြီး ပြောလိမ့်မည်မဟုတ်ဟု နားလည်လိုက်မိသည်။

ထို့ကြောင့်...

သူသည် အိတ်ထဲမှ မီးကျည်ဖောက်သည့် အချောင်းငယ်ကို အပေါ်သို့ထောင်ပစ်လိုက်သည်။

မီးကျည်သည် အပေါ်သို့ထောင်တက်သွားပြီးသည်နှင့်...

"ဖောက်...ဖောက်...ဖောက်"

ဟု အချက်ပေးသံ ထွက်ပေါ်လာသည်။

တိုက်ခိုက်နေကြသော အေးချမ်းတောင်ကြားမှ လူများသည် ထိုအချက်ပေးသံကို ကြားလိုက်ရသောအခါ သူတို့သည် တိုက်ခိုက်နေသော တိုက်ပွဲအတွင်းမှထွက်ကာ ကပျာကယာ နောက်ဆုတ်သွားလေသည်။

ထိုစဉ်မှာပင်...

ကျယ်လောင်သောပေါက်ကွဲသံကြီးတစ်သံ ဆူညံစွာ ထွက်ပေါ်လာပြီး အေးချမ်းတောင်ကြားတစ်ခုလုံး တုန်ခါသွားလေတော့သည်။

ထို့နောက်...

မြင်းလှည်းအိမ်ကြီးသည် အစိတ်စိတ်အမြွှာမြွှာ ပေါက်ကွဲသွားပြီး မီးတောက်မီးလျှံများ ပျံ့လွင့်ကာ တောက်လောင်နေလေသည်။



တဒင်္ဂအချိန်အတွင်း အေးချမ်းတောင်ကြား တစ်ခုလုံးမှာ မီးဟုန်းဟုန်း တောက်လောင်နေလေသည်။

မီးတောက်မီးလျှံများသည် အေးချမ်းတောင်ကြားတွင် တိုက်ခိုက်နေသောလူများအား သေကြေပျက်စီးသွားစေလေတော့သည်။

ကံကောင်းထောက်မ၍ အသက်မသေသောလူများသည် မီးလွတ်ရာသို့ အလုအယက် ပြေးလွှားနေကြသည်။

ထိုအချိန်တွင် သူ့လူကိုယ့်လူ မခွဲခြားတော့ဘဲ အလုအယက် ပြေးလွှားသွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မီးတောက်မီးလျှံများ ငြိမ်သက်သွားပြီ ဖြစ်လေသည်။

အေးချမ်းတောင်ကြားတစ်ခွင်တွင် မြင်မကောင်းအောင် အလောင်းများဖြင့် ပြည့်လျှက်ရှိနေလေသည်။

ယိထင်းကျောက်၏ ဂိုဏ်းသားအားလုံးသည် အေးချမ်းတောင်ကြားမှလူများနှင့် ပေါင်းစည်းသွားကြပြီဖြစ်သည်။

ဦးဆောင်မည့်သူ မရှိ၍ အညှံခံလိုက်ရလေသည်။

အေးချမ်းတောင်ကြားမှ လူတို့သည် ယိထင်းကျောက်တို့အား တွန်းလှန်ဖျက်ဆီးနိုင်ခဲ့လေသည်။

သို့သော် သူတို့ပေးခဲ့ရသော အဖိုးအခမှာ ကြီးမားလှပေသည်။

မည်သို့ဆိုစေ ယိထင်းကျောက်အား အဆုံးတိုင် ဖြိုခွဲနိုင်ခဲ့သဖြင့် ဝမ်းသာရမည်သာ ဖြစ်ပေတော့သည်။

သို့သော်...

ဝီတောင်းသည် ကျန်ရှိနေသေးသောလူများအား စုစည်း၍ အေးချမ်းတောင်ကြားအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လုပ်ဆောင်ရန် ဆုံးဖြတ်လိုက်လေသည်။

သို့သော်...

သခင်လေးကျူးစုစင်းနှင့် လွေ့ဖုံးတို့သည် ကောင်းကျင်းစံန်းရှိရာသို့ပြန်ရန် ဝီတောင်းအား ပြောကြားလိုက်သည်။

ထိုအခါ...

ဝီတောင်းကလည်း ကျေးဇူးတင်စကားပြောကြားပြီးသည်



နှင့် ခွင့်ပြုလိုက်သည်။

သခင်လေးကျူးစုစင်း၏ စိတ်ထဲတွင် မရှင်းလင်းသည့် အချက်ရှိသည်။

အကြောင်းမှာ ယိထင်းကျောက်သည် အောင်နိုင်သော အခြေအနေရှိပါလျှက် မည်သည့်အတွက်ကြောင့် မီးယမ်းကို အသုံးပြုရပါသနည်း။

အထူးသဖြင့် ယိထင်းကျောက်၏ အားအထားရဆုံးသော ကိုယ်ရံတော်ဆားကျင်းမင်သည် အေးချမ်းတောင်ကြားသို့ ရောက်ရှိလာခြင်းမရှိပါ။

ဆားကျင်းမင်သည် မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။

ကောင်းကျင်းစံန်းသည် အဆိပ်မိထားသောကြောင့် ယခင်ကကဲ့သို့ ခြေလက်များ သွက်လက်ခြင်းရှိမည် မဟုတ်ပါချေ။

အကယ်၍...

ဆားကျင်းမင်သည် ကောင်းကျင်းစံန်းထံသို့ ရောက်ခဲ့သော်

* * *

www.burmeseclassic.com

www.burmeseclassic.com



## အဆုံးသတ်

မိုးသည် တဖွဲဖွဲရွာသွန်းနေလေသည်။

အခန်းတစ်ခုလုံး တိတ်ဆိတ်နေလေသည်။

ကောင်းကျင်းစန်းသည် ကုလားထိုင်ပေါ်တွင် ထိုင်နေလေသည်။

သူသည် တွေဝေနေ၏။

ယခု…

သူသည် အိမ်တွင်းရှိ အလုပ်သမားများနှင့် အိမ်ဖော်များပါမကျန် စုစုပေါင်းငါး ဆယ်ကျော်အား အခြားတစ်နေရာသို့ ပြောင်းရွှေ့ခိုင်းထားလေသည်။

သူ၏မိသားစုသည် သူ့အားခွဲခွာသွားရန် မလိုလားသော်လည်း ကောင်းကျင်းစန်း၏ အမိန့်ကိုမူ မည်သူမျှ မဗီဆန်ရဲပါချေ။



ထို့ကြောင့်…

ယခု ဤအိမ်ကြီးတွင် သူတစ်ယောက်တည်းသာ ကျန်ရှိနေခြင်းဖြစ်ပေသည်။

* * *

လေသည် ပို၍ပြင်းထန်စွာ တိုက်ခတ်နေလေသည်။

မိုးသည် ပို၍သည်းထန်လာလေသည်။

အိမ်ထဲ၌ ကောင်းကျင်းစန်းတစ်ယောက်မှအပ အခြားလူတစ်ယောက်မျှ မရှိပါ။

ကောင်းကျင်းစန်းသည် ယခုကဲ့သို့ တစ်ယောက်တည်းနေသည်မှာ တစ်စုံတစ်ယောက်အား စောင့်နေခြင်းဖြစ်သည်။

သူသည် မည်သူ့ကို စောင့်နေပါသနည်း။

ထိုစဉ်…

"ဝုန်း"

ဟူသောအသံတစ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ထိုအသံနှင့်အတူ အိပ်ခန်းတံခါးမှာလည်း ကျိုးပဲ့ပျက်စီးသွားလေသည်။

ထိုတံခါးမှာ အလွန်ခိုင်ခန့်သော တံခါးဖြစ်သည်။

ယခုကဲ့သို့ ကျိုးပဲ့ကျသွားသည်မှာ အတွင်းအားကောင်း

www.burmeseclassic.com

www.burmeseclassic.com



သော လူတစ်ယောက်က ကန့်ကွက်လိုက်သောကြောင့်ဖြစ် သည်။

တံခါးကြီးကျိုးပဲ့သွားပြီးနောက် အခန်းတွင်းသို့ လူတစ်ယောက် ဝင်လာလေတော့သည်။

ထိုလူမှာ ယိထင်းကျော်၏ ကိုယ်ရံတော်ဆားကျင်းမင်ပင် ဖြစ်ပေသည်။

* * *

တံခါးမကြီး ကျိုးပဲ့ပျက်စီးသွားသောကြောင့် အေးစိမ့်သော လေများသည် အခန်းတွင်းသို့ တိုက်ခတ်လာလေသည်။

ကောင်းကျင်းစန်းသည် သူ၏သားမွေးအင်္ကျီရှည်ကို အနည်းငယ် ဆွဲစေ့လိုက်သည်။

ထို့နောက်...

သူ၏မျက်လုံးအစုံသည် ဆားကျင်းမင်အား စူးရှစွာ စိုက်ကြည့်နေသည်။

ဆားကျင်းမင်သည် အနီရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားသည်။

ထိုအဝတ်အစားများသည် ထူထဲခြင်းမရှိသောကြောင့် အအေးဒဏ်ကို မခံနိုင်ပါ။

သို့သော်...

ဆားကျင်းမင်၏ အမူအရာမှာ အနည်းငယ်မျှ ချမ်းအေး



သည်ဟု မထင်ရပါ။

သားမွေးအင်္ကျီကို ဝတ်ဆင်ထားသော ကောင်းကျင်းစန်းကသာအေးစိမ့်နေသည်ဟု ခံစားနေရလေသည်။

သူ၏ခန္ဓာကိုယ်တွင် ချွေးများထွက်နေလေသည်။

အလွန်အေးစိမ့်သော ချွေးသီးချွေးပေါက်များ ဖြစ်လေတော့သည်။

* * *

ဆားကျင်းမင်သည် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး..

"ကဲ..ခင်ဗျားရဲ့ ဘီလူးလက်ဝါးနဲ့ တောင်ဖြိုလက်သီးသိုင်းကွက်ကို ကျုပ်ကြားခဲ့တာ ကြာပါပြီဗျာ"

ကောင်းကျင်းစန်းက ပြုံးကာ...

"မင်းက ကျုပ်ရဲ့သိုင်းကွက်ကို ကြည့်ချင်လို့လား"

ဆားကျင်းမင်က ခေါင်းညိတ်ကာ...

"ဟုတ်ပါတယ်ဗျာ"

ကောင်းကျင်းစန်းက...

"ဒီမှာ ဆားကျင်းမင်..မင်းတို့ရဲ့ပက်စက်တဲ့ အကြံကြောင့် ကျုပ် အဆိပ်မိပြီး မသေရုံတမယ် ကျန်ခဲ့တယ်ဆိုတာ မင်းသိပါ တယ်၊ ရှင်းရှင်းပြောရရင် ကျုပ်ဟာ သာမန်လူတစ်ယောက် အခြေအနေပဲ ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆားကျင်းမင်က…

"ဒီလိုဆို ကျုပ်က ခုခံမှုမရှိတဲ့လူကို သတ်ရမှာပျင်းပါတယ်"

ကောင်းကျင်းစန်းက…

"မင်းကပျင်းတယ် ယူဆရင်တော့ ခဏစောင့်ပါ၊ မင်းနဲ့ထိုက်ထိုက်တန်တန် ယှဉ်ပြိုင်မယ့်လူ ရောက်လာပါလိမ့်မယ်"

ဆားကျင်းမင်က ကောင်းကျင်းစန်းအား တစ်ချက်ကြည့်ကာ…

"ခင်ဗျားဟာ သခင်လေးကျူးစုစန်းကို စောင့်နေတာမဟုတ်လား"

ကောင်းကျင်းစန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ဆားကျင်းမင်က ခေါင်းခါကာ…

"ခင်ဗျား စောင့်မနေပါနဲ့တော့"

"ဘာဖြစ်လို့လဲ"

"သူ မလာနိုင်တော့ဘူး"

ကောင်းကျင်းစန်း၏မျက်နှာသည် ကွက်ခနဲ ပျက်သွားလေသည်။

"မင်းက ဘာကိုဆိုလိုတာလဲ"

ဆားကျင်းမင်က ပခုံးတစ်ချက်တွန့်ကာ…

"သူလာမယ်ဆိုတာ ကျုပ်ကြိုတင်သိလို့ ကျုပ်က သိုင်းသမားငါးယောက်လွှတ်ပြီး သူ့ကို ဟန့်တားခိုင်းလိုက်တယ်"



ထိုစကားကြားသောအခါ ကောင်းကျင်းစန်းသည် ဆားကျင်းမင်အား တိုက်ခိုက်လိုက်လေတော့သည်။

* * *

ကောင်းကျင်းစန်း၏နေအိမ်နှင့် ငါးမိုင်ခန့်ကွာသော နေရာတွင် စားသောက်ဆိုင်တစ်ခု တည်ရှိလေသည်။

ယခု…

ဤဆိုင်လေးတွင် လူငါးယောက်သည် အရက်ကို အေးဆေးစွာသောက်နေကြသည်။

ယင်းလူငါးယောက်မှာ လက်နက်များကိုင်ဆောင်ထားခြင်းမရှိသော်လည်း သိုင်းသမားများဖြစ်ကြသည်ကိုမူ ဆိုင်ရှင်အဘိုးအိုက အကဲခတ်မိလေသည်။

ထို့ကြောင့်…

ဆိုင်ရှင်အဘိုးအိုသည် အရက်သောက်နေသော လူငါးယောက်အား တိတ်ဆိတ်စွာ အကဲခတ်ကြည့်နေသည်။

ထိုလူငါးယောက်သည် အရက်သုံးအိုးခန့်မျှ ကုန်သွားပြီဖြစ်သည်။

ထိုအခါ…

ဆိုင်ပိုင်ရှင်သည် နောက်ထပ်အရက်အိုးကို ယူဆောင်လာပြီးချပေးထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူငါးယောက်အနက် အရပ်ရှည်ရှည်နှင့်လူက...

"ကဲ ဒီကိုလာတာ အရက်သောက်ဖို့လာတာ မဟုတ်ဘူး။ ဒါလောက်သောက်ရရင် တော်ရောပေါ့ကွာ"

ဟု ဟန့်တားထားလိုက်သည်။

ဆိုင်ပိုင်ရှင်သည် အရက်အိုးကို ပြန်လည်ယူသွားပြီးနောက် အခြေအနေ မဟန်မှန်းသိလိုက်သည်။

ထို့ကြောင့်...

သူသည် အနောက်ဘက်တံခါးမှ လျင်မြန်စွာထွက်ပြေး တိမ်းရှောင်သွားလေတော့သည်။

ထိုလူငါးယောက်မှာ သိုင်းလောကတွင် ကျော်ကြားသော အဆိပ်သိုင်းသမား ငါးဦးပင်ဖြစ်သည်။

ထိုလူငါးယောက်အနက် ခေါင်းဆောင်ဖြစ်သူမှာ အရပ်ရှည် ရှည်နှင့်လူပင် ဖြစ်သည်။

သူ၏အမည်မှာ ယုစိန်ဖြစ်သည်။

သို့သော်...

သိုင်းလောကသားများသည် သူ့အား သိန်းငှက်ခြေသည်း ဟုခေါ်ကြသည်။

အကြောင်းမှာ...

သူသည် ရန်သူနှင့်တိုက်ခိုက်သောအခါ သူ၏လက်ချောင်း များကို သိန်းငှက်ခြေသည်းပမာ အသုံးပြုတတ်သောကြောင့်ပင် ဖြစ်ပေသည်။



ယခုတွင်မူ...

ဤအရက်ဆိုင်တွင် သူတို့ငါးဦးမှာ ပိုင်းဖွဲ့၍ထိုင်နေကြလေ သည်။

သူတို့သည် မည်သူ့ကို စောင့်နေကြပါသနည်း။

ထိုစဉ်မှာပင်....

အဝေးမှ မြင်းခွာသံများကို ကြားလိုက်ရသည်။

မြင်းခွာသံများကို ကြားလိုက်ရသည်နှင့် သူတို့သည် ပြိုင်တူ ခေါင်းထောင်ကြည့်လိုက်သည်။

မြင်းခွာသံများမှာ တစ်စထက်တစ်စ နီးကပ်လာလေတော့ သည်။

မကြာပါချေ။

မြင်းခွာသံများသည် အရက်ဆိုင်ရှေ့တွင် ရပ်တန့်သွားလေ သည်။

ထို့နောက်...

"ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာသည်။

အဆိပ်သိုင်းသမား ငါးဦးတို့မှ အရပ်ပုပုနှင့်လူက...

"ဝင်ခဲ့"

ဟု အော်ပြောလိုက်သည်။

ထိုအခါ...

တံခါးပွင့်သွားပြီး လူတစ်ယောက် တံခါးဝ၌ ရပ်လျက်ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

အရပ်ပုပုနှင့်လူက တစ်ချက်ပြုံးကာ သူ၏လက်ကို ရုတ်တရက် ဖေ့ယမ်းလိုက်ရာ သံမဏိအလုံးလေးများသည် ထိုလူ၏မျက်နှာဆီသို့ ရောက်ရှိသွားလေတော့သည်။

ရုတ်တရက်...

အခန်းဝ၌ ရပ်နေသောလူ ပျောက်ကွယ်သွားလေတော့သည်။

သံမဏိအလုံးကလေးများသည် မြေပေါ်သို့ လွင့်စဉ်ကျသွားလေတော့သည်။

* * *



စားသောက်ဆိုင်ကလေးတွင် မီးရောင်များ ပို၍မှိန်သွားလေသည်။

အရပ်ပုပုနှင့်လူက...

"မင်းက ဘယ်သူလဲဟေ့"

ဟု လှမ်းအော်လိုက်သည်။

"ညှို့သည်ပါ။ ကျုပ်မိုက်ဆာလို့"

အရပ်ပုပုက...

"ဒါဖြင့် ဝင်ခဲ့ပါ"

သူ၏စကား ဆုံးသွားသည်နှင့် အခန်းထဲသို့ လူတစ်ယောက် အေးဆေးစွာ လှမ်းဝင်လာသည်ကို တွေ့ရလေသည်။

ယုစိန်က ထိုလူအားတွေ့ရသည်နှင့်...

"သခင်လေးကျူးစုစင်း"

ဟု လွှတ်ခနဲ အသံထွက်သွားလေသည်။

"ဟုတ်ပါတယ်၊ ကျုပ်က ကျူးစုစင်းပါ"

ကျူးစုစင်းဟူသောအမည်ကို ကြားလိုက်ရသည်နှင့် ကျန်လူများ ထိုင်ရာမှထလိုက်သည်။

သူတို့သည် သခင်လေးကျူးစုစင်းအား တိုက်ခိုက်ရန် အသင့်ပြင်ထားလေသည်။

သခင်လေးကျူးစုစင်းသည် သူတို့ကို မကြည့်ဘဲ....

"ဩော်..ဒါနဲ့ ဆိုင်ရှင် ဘယ်ရောက်နေသလဲ"

ယုစိန်က ပခုံးတစ်ချက်တွန့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့လာတာနဲ့ နောက်ဖေးပေါက်က ထွက်ပြေးသွားပြီဗျ"

သခင်လေးကျူးစုစင်းက သက်ပြင်းတစ်ချက်ချကာ...

"အင်း..ခင်ဗျားတို့ ဘယ်လောက်ထိအောင် နာမည်ကြီးတယ်ဆိုတာ ဆိုင်ရှင်ထွက်ပြေးသွားတာသာ ကြည့်ပေတော့"

ယုစိန်က မျက်မှောင်ကြုတ်ကာ...

"မင်းက ကျုပ်တို့ကို သိတယ်ပေါ့"

သခင်လေးကျူးစုစင်းက ရယ်မောလိုက်သည်။

"ဟုတ်ပါတယ်၊ ခင်ဗျားတို့ငါးဦး ဒီမှာလာပြီး ကျုပ်ကို စောင့်မယ်ဆိုတာလည်း သိပါတယ်"

အရုပ်ပုပုနှင့်လူက ပြုံးလိုက်သည်။

ထို့နောက်...

သူ၏ခန္ဓာကိုယ်ကို လျှပ်တပြက် လှုပ်ရှားလိုက်ပြီး သခင်လေးကျူးစုစင်းအား တိုက်ခိုက်လိုက်လေသည်။

တစ်ချိန်တည်းမှာပင်...

ယုစိန်၏လက်ချောင်းကလေးများမှာလည်း သိန်းငှက်ခြေသည်းပမာ သခင်လေးကျူးစုစင်း၏ မျက်လုံးရှိရာသို့ တိုက်ခိုက်လိုက်လေသည်။

သခင်လေးကျူးစုစင်းက ရှောင်တိမ်းလိုက်လေသည်။

ထို့နောက်...

သူသည် ခါးမှဓားကိုဆွဲထုတ်လိုက်ပြီး ပြန်လည်တိုက်ခိုက်



လိုက်သည်။

ယခု...

သူတို့သည် ငါးယောက်နှင့်တစ်ယောက် ပြင်းထန်စွာ တိုက်ခိုက်နေကြလေတော့သည်။

* * *

အေးစိမ့်သောလေများသည် တစိမ့်စိမ့် တိုက်ခတ်နေသည်။

ကောင်းကျင်းစန်း၏ ခန္ဓာကိုယ်ပေါ်တွင် အအေးဓာတ်ကို ကာကွယ်ရန် ဝတ်ဆင်ထားသော သားမွေးအင်္ကျီသည် မရှိတော့ပါ။

ပါးလွှာသော အညိုရောင်အင်္ကျီရှည်ကိုသာ ဝတ်ဆင်ထားလေသည်။

သို့သော်...

သူ၏ကိုယ်ပေါ်တွင် ချွေးများသည် တစိမ့်စိမ့်စီးဆင်းနေသည်။

သားမွေးအင်္ကျီရှည်သည် ဆားကျင်းမင်၏ဓားချက်ကြောင့် အစိတ်စိတ်အမြွှာမြွှာစုတ်ပြဲသွားပြီ ဖြစ်သည်။

ဆားကျင်းမင်သည် ကောင်းကျင်းစန်းအား ချက်ချင်းမသတ်လိုသေးပါ။

အကြောင်းမှာ...

သူသည် ကောင်းကျင်းစန်း၏ နာမည်ကျော်ကြားသော

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးလက်ဝါးနှင့် တောင်ဖြိုလက်သီးသိုင်းကွက်ကို တွေ့မြင်ချင်သောကြောင့်ဖြစ်သည်။

ထို့ကြောင့်...

သူသည် ကောင်းကျင်းစန်းကို အေးအေးဆေးဆေးပင် တိုက်ခိုက်နေသည်။

ကောင်းကျင်းစန်း၏ တိုက်ကွက်သည် တဖြည်းဖြည်း ပြင်းထန်လာသည်

ဆားကျင်းမင်က မဲ့ပြုံးပြုံးကာ...

"ဘယ့်နှယ်လဲ၊ အခုတော့ ခင်ဗျား ပညာမလျှို့နိုင်တော့ဘူး မဟုတ်လား"

သူသည် ယင်းသို့ပြောရင်း ကောင်းကျင်းစန်းအား ပြန်လည်တိုက်ခိုက်လိုက်သည်။

ကောင်းကျင်းစန်း၏ တိုက်ခိုက်မှုများသည် ကောင်းမွန်လှသော်လည်း သူသည် အဆိပ်မိထားသောကြောင့် ခြေလက်များ သွက်လက်စွာ မလှုပ်ရှားနိုင်ပါချေ။

ထို့ကြောင့်...

ကောင်းကျင်းစန်း၏ တိုက်ကွက်တွင် ဟာကွက်များစွာ ဖြစ်ပေါ်နေလေသည်။

ဆားကျင်းမင်သည် ကောင်းကျင်းစန်းအား တိုက်ခိုက်ရင်း စိတ်ထဲတွင် ရုတ်တရက် လေးလံလာလေတော့သည်။

အကယ်၍သာ...



သခင်လေးကျူးစုစင်းကို အဆိပ်သိုင်းသမားငါးဦးက လမ်းမှမတားဆီးနိုင်ခဲ့လျှင်...

ဆားကျင်းမင်သည် အတွေးကိုဖြတ်လိုက်ပြီး ကောင်းကျင်းစန်းအား အသေသတ်ရန် ဆုံးဖြတ်လိုက်လေသည်။

ကောင်းကျင်းစန်းသည် ရှောင်တိမ်းရင်း နောက်သို့ဆုတ်ရလေသည်။

ဆားကျင်းမင်သည် ဟာကွက်များဖြစ်ပေါ်နေသော ကောင်းကျင်းစန်းအား ပြင်းထန်စွာ တိုက်ခိုက်နေသည်။

ကောင်းကျင်းစန်းသည် ရှောင်တိမ်းရင်း နောက်သို့ တစ်လှမ်းချင်းဆုတ်နေရာမှ လဲကျသွားသည်။

ဤတစ်ကြိမ်တွင်...

ကောင်းကျင်းစန်းသည် မရှောင်တိမ်းနိုင်တော့ပါ။

သေမင်းသည် နီးကပ်လာပြီဟု ခံစားလိုက်ရသည်။

ဆားကျင်းမင်သည် လဲကျနေသော ကောင်းကျင်းစန်းအား အသေသတ်ရန် လက်ကိုမြှောက်လိုက်သည်။

ရုတ်တရက်...

"ရပ်လိုက်"

ဟူသောဟန့်တားသံ ထွက်ပေါ်လာလေသည်။

ဆားကျင်းမင်သည် လျှင်မြန်စွာ နောက်သို့လှည့်ကြည့်လိုက်သည်။

အသက် ဆယ့်ရှစ်နှစ်ခန့်ရှိသော လူငယ်တစ်ယောက်သည်

www.burmeseclassic.com

www.burmeseclassic.com



တံခါးဝတွင် ရပ်လျှက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

"ဟင်..သခင်လေးကျူးစုစင်း"

ဆားကျင်းမင်၏နှုတ်မှ လွှတ်ခနဲ အသံထွက်သွားလေသည်။

ထိုတဒင်္ဂမှာပင်...

ကောင်းကျင်းစန်းသည် ခန္ဓာကိုယ်ကို နှစ်ပတ်သုံးပတ်မျှ လိမ့်လိုက်ပြီး ဆားကျင်းမင်နှင့်ဝေးရာသို့ ရှောင်ထွက်သွားလေသည်။

ယခု...

သူသည် သေမင်းထံမှ တစ်ခေါက်ပြန်လာခဲ့ပြီ ဖြစ်ပေ သည်။

* * *



အခန်းတွင်းဝယ် အတန်ကြာအောင် တိတ်ဆိတ်နေလေသည်။

ဆားကျင်းမင်သည် အဆိပ်သိုင်းသမားငါးဦးမှာ အခြေအနေမဟန်မှန်း သိလိုက်လေသည်။

"ဒါကြောင့် လူတွေအားလုံးက နဂါးမာန်ဂိုဏ်းချုပ်ကြီးရဲ့ သားဟာ အရည်အချင်းပြည့်ဝတယ်ဆိုပြီး ကြည်ညိုလေးစားကြတာကိုး"

သခင်လေးကျူးစုစင်းက အေးစက်စက်ထန်စွာဖြင့်...

"ဒီမှာ ဆားကျင်းမင်..ခင်ဗျားရဲ့ဆရာ ဂိုဏ်းတစ်ရာဂိုဏ်းချုပ်ယိထင်းကျောက်လည်း ကျဆုံးသွားပြီ၊ ခင်ဗျားလည်း ပြေးစရာမြေမရှိတော့ဘူး မဟုတ်လား"

ဆားကျင်းမင်က တဟားဟား ရယ်မောလိုက်သည်။

"ဒါက သခင်လေးရဲ့အထင်ကိုး။ လက်တွေ့မှာတော့ ဘယ်သူက ပြေးစရာမြေမရှိဘူးလဲဆိုတာ သိမှာပေါ့"

သခင်လေးကျူးစုစင်းက ဘာမှပြန်မပြောပါချေ။

ဆားကျင်းမင်အနီး လျှောက်လာပြီး မျက်နှာချင်းဆိုင် ရပ်တန့်လိုက်သည်။

"ဒီမှာ ဆားကျင်းမင်..ခင်ဗျားအပြစ်တွေ ဝန်ခံပြီး တရားဥပဒေရဲ့ အဆုံးအဖြတ်ကို အေးအေးဆေးဆေး ခံယူမယ်ဆိုရင် ခင်ဗျားကို ကျူပ်ချမ်းသာပေးလိုက်မယ်၊ ဒါမှမဟုတ်ရင်တော့"

ဆားကျင်းမင်က...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ကောင်းကျင်းစန်းရဲ့ ဘီလူးလက်ဝါးနဲ့ တောင်ဖြိုလက်သီးရယ် သခင်လေးရဲ့ ဓားပညာကို လေ့လာချင်ပါသေးတယ်"

သခင်လေးကျူးစုစင်းက စကားဆက်မပြောတော့ပါချေ။

ဆားကျင်းမင်၏အကြောင်းကို သူက သိထားသောကြောင့်ဖြစ်သည်။

ထို့ကြောင့် သူသည် ဆားကျင်းမင်အား သတိထားရမည်ကို ယုံကြည်လေသည်။

ဓားအိမ်မှဓားကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်လေတော့သည်။

"ကောင်းလိုက်တဲ့ဓား"

ဆားကျင်းမင်က ချီးကျူးလိုက်သည်။

တစ်ဆက်တည်းမှာပင်...

သူ၏လက်ထဲတွင် ဓားတစ်လက်သည် အဆင်သင့် ရောက်ရှိပြီးဖြစ်လေသည်။

"ကျုပ်က ဒီလိုအခွင့်အရေးမျိုးကို စောင့်နေတာ ကြာပါပြီ၊ ကျုပ်နဲ့လက်ရည်ညီနဲ့ ဓားသမားတစ်ယောက်ကို ဒီနေ့တွေ့ရလိမ့်မယ်လို့ယုံကြည်တယ်"

ဆားကျင်းမင်သည် စကားဆုံးသွားသည်နှင့် သူ၏လက်ထဲမှဓားဖြင့် မြွေဟောက်တစ်ကောင်ပမာ တွန့်လိန်ကာ သခင်လေးကျူးစုစင်းထံသို့ လျှပ်တပြက် ထိုးသွင်းလိုက်လေသည်။

* * *



ကောင်းကျင်းစန်းမှာ ငြိမ်သက်စွာ ရပ်နေလေတော့သည်။

သူသည် ပြင်းထန်စွာ တိုက်ခိုက်နေသော သခင်လေးကျူးစုစင်းနှင့် ဆားကျင်းမင်တို့အား စိုက်ကြည့်နေလေသည်။

ယခုအချိန်တွင်...

သူသည် အဆိပ်မိသည့်ဒဏ်ရာမှာ အနည်းငယ် သက်သာလာပြီဖြစ်သည်။

သူသည် ဤအိမ်မှ ထွက်ခွာမသွားနိုင်ပါ။

သခင်လေးကျူးစုစင်းကသာ ရှုံးနိမ့်ခဲ့ပါမူ သူ၏အသက်မှာဆက်လက်ရှင်သန်နိုင်ရန် မလွယ်ကူပါ။

ယခုအချိန်တွင်...

သူသည် အဝေးသို့ ရှောင်တိမ်းသွားလျှင် အသက်ချမ်းသာရာ ရနိုင်မည်ဖြစ်သည်။

သို့သော်...

သူသည် သခင်လေးကျူးစုစင်းအား ပစ်ထား၍မသွားနိုင်ပါချေ။

သခင်လေးကျူးစုစင်းနှင့် ဆားကျင်းမင်တို့ တိုက်ခိုက်နေပုံကိုသာ ဘေးမှစူးစိုက် ကြည့်နေလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုးသွင်းလာသော ဆားကျင်းမင်း၏ဓားချက်များကို လျင်မြန်စွာ ရှောင်တိမ်းရင်းသခင်လေးကျူးစုစင်းက ဆားကျင်းမင်းအား ပြန်လည်တိုက်ခိုက်လိုက်သည်။

သိုင်းကွက်ပေါင်း ငါးဆယ်ကျော်ထိ ယှဉ်ပြိုင်ခဲ့ပြီးသော်လည်း နှစ်ယောက်စလုံးမှာ လက်ရည်တူနေလေသည်။

ဆားကျင်းမင်း၏ တိုက်ကွက်များမှာ သူသေကိုယ်သေ တိုက်ကွက်မျိုးဖြစ်သည်။

ဆားကျင်းမင်း၏ဓားချက် တစ်ချက်ကို ထိမိလိုက်ပါက သူ၏ကံကြမ္မာမှာ ဆိုးဝါးသွားမည်ဟု သိထားလေသည်။

တစ်ချက်တစ်ချက် ဆားကျင်းမင်း၏ဓားချက်များက ဒေါသကြီးစွာ သခင်လေးကျူးစုစင်းအား ခုတ်ချလိုက်သည်။

သို့ရာတွင်...

သခင်လေးကျူးစုစင်းအနီးတွင်ရှိသော စားပွဲ၊ ကုလားထိုင်များမှာ ဆားကျင်းမင်း၏ဓားချက်ကြောင့် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးသွားလေသည်။

အချိန်ကြာလာသည်နှင့်အမျှ သခင်လေးကျူးစုစင်းမှာ မောပန်းလာသည်။

သူသည် မထင်မှတ်သော တိုက်ကွက်မျိုး အသုံးပြုကာ ရန်သူအပေါ် အနိုင်ယူခဲ့သည်က များလေတော့သည်။

ယခုလည်း ဆားကျင်းမင်းအား မထင်မှတ်သည့်ဘက်မှ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။



ဆားကျင်းမင်း၏ ခုတ်ချလာသောအားကို မရှောင်တိမ်းဘဲ သူ၏ဓားကို ဝဲဘက်သို့ ခပ်စွေစွေအနေအထားဖြင့် ဆားကျင်းမင်း၏ ဝမ်းဗိုက်သို့ ခုတ်ချလိုက်သည်။

သို့သော်...

ဆားကျင်းမင်းသည် အတွေ့အကြုံ ရင့်ကျက်သော သိုင်းသမားတစ်ယောက်ဖြစ်သည်။

သူ၏ခုတ်ချလိုက်သော ဓားချက်ကို ရုတ်သိမ်းလိုက်ပြီး သခင်လေးကျူးစုစင်း၏ဓားချက်ကို ခုခံပေးလိုက်သည်။

တစ်ဆက်တည်းမှာပင်...

ဝဲဘက်လက်သီးတစ်လုံးကို သခင်လေးကျူးစုစင်းထံသို့ထိုးသွင်းလိုက်သည်။

ကျူးစုစင်း လက်သီးထိုးချက်မိကာ နောက်သို့ဆုတ်သွားရလေသည်။

ကျူးစုစင်းက...

"ခင်ဗျားက ဘယ်ဆိုးလို့လဲ"

သခင်လေးကျူးစုစင်းသည် ယင်းသို့ပြောရင်း ဆားကျင်းမင်းထံ တိုးဝင်သွားလေသည်။

ဆားကျင်းမင်းမှာ သခင်လေးကျူးစုစင်းအားကြည့်ရင်း အံ့သြသွားလေသည်။

သူ၏လက်သီးတစ်လုံး ထိမှန်သွားသော်လည်း အကြိုးမပျက်သော သခင်လေးကျူးစုစင်းအား ချီးကျူးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်လေးကျူးစုစင်းဟာ အစွမ်းထက်လို့လည်း နာမည်ကြီးတာကိုး"

သူသည် ယင်းသို့ပြောပြီး သခင်လေးကျူးစုစင်းအား အဆက်မပြတ် တိုက်ခိုက်လိုက်လေသည်။

သခင်လေးကျူးစုစင်းမှာ ဟန်လုပ်နေရသော်လည်း အခြေအနေမဟန်မှန်း သိလာလေသည်။

ထို့ကြောင့် သတိကြီးစွာထား၍ ခုခံကာကွယ်နေစဉ် ပြုလဲနေသော ကုလားထိုင်တစ်လုံးကို နင်းမိပြီး ခန္ဓာကိုယ် ယိမ်းယိုင်သွားလေသည်။

သခင်လေးကျူးစုစင်း၏ အခြေအနေ ပျက်ယွင်းသွားသည်နှင့် တပြိုင်နက် ဆားကျင်းမင်က ရရှိသော အခွင့်အရေးကို လက်လွှတ်မခံဘဲ အသုံးချလိုက်သည်။

ဆားကျင်းမင်သည် ရှေ့သို့ တစ်လှမ်းတိုးဝင်လိုက်ပြီး သခင်လေးကျူးစုစင်း၏ လည်ပင်းဆီသို့ ဓားဖြင့် ခုတ်ချလိုက်လေသည်။

ထိုစဉ်...

အလင်းရောင်တစ်ချက် ဝင်းလက်သွားပြီး ဓားပါးလေးတစ်ချောင်းက ဆားကျင်းမင်၏ရင်ဝဆီသို့ လွင့်လာလေသည်။

ဆားကျင်းမင်လည်း လျင်မြန်စွာ နောက်သို့ဆုတ်လိုက်၏။

တစ်ဆက်တည်းမှာပင်...

သူသည် နောက်ဘက်မှ လှုပ်ရှားမှုကို သတိပြုမိသော်လည်း နောက်ထပ်ပစ်လိုက်သော ဓားပါးလေးတစ်လက်ကိုမူ မကာ



ကွယ်နိုင်တော့သဖြင့် သူ၏နောက်ကျောတွင် စူးရှသော နာကျင်မှုတစ်ရပ်ကို ခံစားလိုက်ရလေသည်။

ဆားကျင်းမင်သည် ဒေါသကြီးစွာဖြင့် နောက်သို့လှည့်လိုက်လေသည်။

"ခင်...ခင်ဗျား"

တစ်ဆက်တည်းမှာပင်...

အခန်းထဲသို့ လှမ်းဝင်လာသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုလူမှာ အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိသော လူရွယ်တစ်ယောက်ဖြစ်သည်။

"ဟင်...လွှေဖုံး"

သခင်လေးကျူးစုစင်းသည် ဝမ်းသာအားရ ခေါ်လိုက်လေသည်။

ထိုအချိန်မှာပင် ဆားကျင်းမင်သည် ချာခနဲလှည့်လိုက်ပြီး သခင်လေးကျူး စုစင်းထံ ပြေးဝင်သွားလေသည်။

သို့သော်...

လွှေဖုံး၏ ဓားပါးတစ်ချောင်းက သူ၏ရင်ဝသို့ စိုက်ဝင်သွားခြင်းဖြင့် ဆားကျင်းမင်၏ လှုပ်ရှားမှုမှာ ရပ်ဆိုင်းသွားလေသည်။

ဆားကျင်းမင်သည် ရှူးရှူးရှား တစ်ချက်အော်ဟစ်လိုက်ရင်း ကြမ်းပြင်ပေါ်သို့ ပြိုလဲကျကာ အသက်ပျောက်သွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ယခု…

တစ်ချိန်က လျှမ်းလျှမ်းတောက် နာမည်ကျော်ကြားခဲ့ပြီး သိုင်းလောကမှ သိုင်းသမားတိုင်း ကြောက်ရွံ့နေရသော ဂိုဏ်းတစ်ရာဂိုဏ်းမှာ အစိတ်စိတ်အမြွာမြွာ ဖြစ်သွားလေသည်။

ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယီထင်းကျောက်မှာ သူ၏တိုက်ခိုက်ရေးမြင်းလှည်းကြီးနှင့်အတူ ပျောက်ကွယ်သွားပြီဖြစ်သည်။

ဂိုဏ်းတစ်ရာဂိုဏ်းချုပ်၏ အားအထားရဆုံးသော သားကျင်းမင်လည်း ကျဆုံးသွားပြီဖြစ်သည်။

ထိုအခါ…

ဂိုဏ်းတစ်ရာဂိုဏ်းသားတို့သည် ဦးဆောင်မည့်သူမရှိသဖြင့် ဖရိုဖရဲဖြစ်ကာ ပျက်စီးသွားကြလေတော့သည်။

ဂိုဏ်းတစ်ရာဂိုဏ်းပြိုကွဲသွားသဖြင့် သိုင်းလောကတစ်ခုလုံးမှာလည်း ရန်စတိုက်ခိုက်ခြင်းခံရမှုတို့ ကင်းဝေးသွားခဲ့လေသည်။

ထို့ကြောင့်…

သိုင်းလောကတစ်ခုလုံး ပြန်လည်ငြိမ်သက် အေးချမ်းသာယာလာလေတော့သည်။

* * *



## အနှောင့်အယှက်

ရာသီစက်ဝန်းသည် စဉ်ဆက်မပြတ် လည်ပတ်နေလေသည်။

တစ်နှစ်ဆိုသော အချိန်ကာလကို ကျော်လွန်လာပြီဖြစ်သည်။

အချိန်ကာလ၏ ကုစားမှုကြောင့် ဂိုဏ်းတစ်ရာဂိုဏ်းချုပ်ဟူသည် လူအများ၏ဦးနှောက်တွင် မရှိတော့ချေ။

ရက်စက်ကြမ်းကြုတ်သော လူသတ်သမားဆားကျင်းမင်နှင့် ကောက်ကျစ်စဉ်းလဲသော ဂိုဏ်းချုပ်ယီထင်းကျောက်တို့ကို လူအများက မေ့ပျောက်သွားပြီဖြစ်သည်။

သို့သော်…

www.burmeseclassic.com

www.burmeseclassic.com



ယင်းအဖြစ်အပျက်များကို မမေ့နိုင်သောလူတစ်ယောက်ရှိသည်။

ထိုလူမှာ ကောင်းကျင်းစန်းပင်ဖြစ်သည်။

အမှန်မှာ...

ကောင်းကျင်းစန်းသည် ထိုကိစ္စများကို မေ့ထားခဲ့ပါသည်။

သို့သော်...

ထိုအကြောင်းအရာများကို ပြန်လည်၍ မှတ်မိနိုင်စေရန် အသစ်တဖန် ပြန်လည်သတိရနိုင်စရာအကြောင်းမှာ...

ယနေ့နံနက် စောစောအချိန်တွင် ကောင်းကျင်းစန်း အိပ်ရာထသောအချိန်တွင် ဖြစ်ပေါ်လာလေသည်။

* * *



## သတင်းထူး

ယနေ့နံနက်...။

ကောင်းကျင်းစန်း အိပ်ရာမှနိုးလာသောအခါ ခေါင်းရင်းပြတင်းပေါက်အားဖွင့်ကာ ပတ်ဝန်းကျင်၏ သာယာမှုကို ငေးမောနေစဉ်...

"ခေါက်...ခေါက်...ခေါက်"

အိမ်ရှေ့တံခါးမှ တံခါးခေါက်သံ ထွက်ပေါ်လာလေသည်။

"ဘယ်သူလဲ"

"ကောင်းကျင်းစန်းဆိုတာ ဒီအိမ်မှာ ရှိပါသလား ခင်ဗျာ"

ထိုအသံကြောင့် ကောင်းကျင်းစန်း အိမ်ရှေ့တံခါးကို ဖွင့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ...

ဆယ့်နှစ်နှစ်အရွယ်ခန့်ရှိသော ကလေးငယ်တစ်ယောက်ကို တွေ့မြင်ရလေသည်။

"မင်းက ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ငါ့ကိုတွေ့ချင်ရတာလဲ"

ကလေးငယ်က အိတ်ထဲမှ စာတစ်စောင်ကို ထုတ်ယူလိုက်လေသည်။

"လူတစ်ယောက်က ကျွန်တော့်ကို စာပေးခိုင်းလိုက်လို့ပါ"

ကောင်းကျင်းစန်းက...

"ဟေ..ဘယ်သူကလဲကွ"

ကလေးငယ်က ခေါင်းခါကာ...

"အဲဒီလူ ဘယ်သူလဲဆိုတာ ကျွန်တော်မသိပါဘူး၊ ဒီစာကို သွားပေးရင် ငွေတစ်ဆယ်ကျပ်သား ပေးမယ်ဆိုလို့ ကျွန်တော်လာပေးတာပါ"

ကောင်းကျင်းစန်းသည် ကလေးငယ်၏လက်ထဲမှစာအိတ်ကို လှမ်းယူပြီး ကပျာကယာ ဖောက်ဖတ်လိုက်သည်။

စာဆုံးသွားသည်နှင့် ကောင်းကျင်းစန်း၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

"အေး..မင်းသွားနိုင်ပြီ"

"ဟုတ်ကဲ့ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ကလေးငယ်သည် ကောင်းကျင်းစန်းအား နှုတ်ဆက်ပြီး ထွက်သွားလေသည်။



ကောင်းကျင်းစန်းသည် ထိုစာကိုဖတ်ပြီးသည်နှင့် လွန်ခဲ့သောတစ်နှစ်ကျော်က အဖြစ်အပျက်များအား ပြန်လည်အမှတ်ရလာလေတော့သည်။

စာထဲတွင်...

ကောင်းကျင်းစန်း...

မင်း ကျုပ်ကို မှတ်မိသေးရဲ့လား၊ ကျုပ်က ယိထင်းကျောက်လေ၊ သခင်လေးကျူးစုစင်းဟာ သိုင်းလောကဂိုဏ်းချုပ်ရဲ့ အမွေကိုဆက်ခံမယ့်သူ ဆိုပေမယ့် သူက ကလေးသာသာပဲရှိတော့ ဘာမှနားမလည်ဘူး၊ မင်းကသာ ရှေ့ဆောင်လမ်းပြ လုပ်မပေးရင် သူကဘာမှ နားလည်မှာမဟုတ်ဘူး၊ မင်းကြောင့် ကျုပ်ရဲ့အကြံအစည်တွေအားလုံး ပျက်စီးခဲ့ရတယ်၊ ဒါကြောင့် ယူနန်တောင်တန်းကို လာခဲ့ပါ၊ ပြီးတော့ သခင်လေးနဲ့ လှေဖုံးကို ခေါ်မလာနဲ့ ဒါပဲ"

ပုံ

ဂိုဏ်းတစ်ရာဂိုဏ်းချုပ်

ယိထင်းကျောက်

ကောင်းကျင်းစန်း အံကိုတင်းတင်းကြိတ်လိုက်လေတော့သည်။

သူသည် ယိထင်းကျောက်အား တစ်ယောက်ချင်း အနိုင်ယူရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ထို့နောက်...

သူသည် လက်ထဲမှစာကို စားပွဲပေါ်သို့ တင်လိုက်ပြီး အ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်အစားကို လျင်မြန်စွာ လဲလိုက်သည်။

ပြီးနောက်...

မြင်းဇောင်းထဲမှ သန်မာထွားကျိုင်းသော မြင်းတစ်ကောင် ထုတ်ယူကာ ယူနန်တောင်တန်းသို့ လျင်မြန်စွာထွက်ခွာသွားလေတော့သည်။

* * *



## အရှုပ်အထွေး

ယနေ့နံနက်တွင်...

သခင်လေးကျူးစုစင်း စိတ်ရှုပ်ထွေးနေလေသည်။

ယခု...

သူကြားသိခဲ့ရသော သတင်းများမှာ မှန်ကန်ခဲ့ပါလျှင်...

သို့သော် ထိုသတင်းသည် လုံးဝမဖြစ်နိုင်ချေ။

ဤသတင်းများမှာ မှားယွင်းနေသည်ဟု သူယူဆထားလေသည်။

အကြောင်းမှာ...

ဂိုဏ်းတစ်ရာဝိုဏ်းချုပ် ယိထင်းကျောက်သည် အသက်မသေဘဲ ရှင်နေသည်ဟူသော သတင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်စိဖြင့် မြင်းလှည်းအိမ်ကြီး ပေါက်ကွဲသွားသည်ကို တွေ့ခဲ့ရသောကြောင့် သူသည် ထိုသတင်းကို မယုံကြည်နိုင်ပါချေ။

ထို့ကြောင့်…

ကောင်းကျင်းစန်းနှင့် လွှေဖုံးတို့ထံသို့ သွားရောက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

သူသည် ကောင်းကျင်းစန်း၏အိမ်ကို မြင်းလှည်းတစ်စီးဖြင့် ထွက်လာခဲ့လေသည်။

ကောင်းကျင်းစန်း၏အိမ်သို့ ရောက်သောအခါ ကောင်းကျင်းစန်းကို မတွေ့ရပါချေ။

ခုတင်ခြေရင်းတွင် ကောင်းကျင်းစန်း၏ ညဝတ်အင်္ကျီကို ဖရိုဖရဲ တွေ့မြင်ရလေသည်။

ခေါင်းရင်းဘက် ပြတင်းတံခါးမှာလည်း ပွင့်လျက်ရှိနေသည်။

အဘယ်ကြောင့် တံခါးကို ဖွင့်ထားပြီး အပြင်သို့ ထွက်သွားရပါသနည်း။

ထိုစဉ်မှာပင်…

သူ၏မျက်လုံးအစုံသည် ထူးခြားမှုတစ်ရပ်ကို တွေ့လိုက်ရသည်။

ကောင်းကျင်းစန်း၏ စားပွဲပေါ်တွင် ဖောက်ထားသော စာတစ်စောင်ကို တွေ့လိုက်ရခြင်းဖြစ်သည်။

သူသည် ထိုစာကို အလျင်အမြန် ဖတ်လိုက်လေသည်။



စာဆုံးသွားသောအခါ သခင်လေးကျူးစုစင်းသည် ဖြစ်ပျက်နေသော အခြေအနေကို နားလည်သွားလေတော့သည်။

“သြော်…လက်စသတ်တော့ ဒီလူယုတ်မာက မသေသေးဘဲကိုး”

သခင်လေးကျူးစုစင်းသည် အံကိုတင်းတင်းကြိတ်လိုက်ပြီးနောက်…

“ယိထင်းကျောက်…ဒီတစ်ခါတော့ ခင်ဗျား ဘယ်ပြေးမလဲ၊ ကျုပ်လက်ထဲက လွတ်အောင်ပြေးနိုင်ရင် ပြေးပေတော့”

သခင်လေးကျူးစုစင်းသည် ယင်းသို့ကြုံးဝါးလိုက်ပြီး အခန်းတွင်းမှ လျင်မြန်စွာ ထွက်လာခဲ့သည်။

ယခုအချိန်တွင်…

ကောင်းကျင်းစန်းတစ်ယောက် ယူနန်တောင်တန်းသို့သွားရာလမ်းကို ဦးတည်ကာ အပြေးမောင်းနှင်သွားနေလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ခရီးသည်

ရွက်ကြွေမြစ်သည် တရုတ်ပြည်အနောက်ပိုင်းမှ ယူနန်တောင်တန်းကို မြစ်ဖျားခံ၍စီးဆင်းလာသော မြစ်တစ်စင်းဖြစ်သည်။

ယခု...

ရွက်ကြွေမြစ်၏ ကမ်းပါးတွင် အဝါရောင်ဝတ်ဆင်ထားသော လူငယ်တစ်ယောက် မတ်တတ်ရပ်နေလေသည်။

သူ၏မျက်လုံးအစုံသည် တစ်ဘက်ကမ်းဆီသို့ မျှော်ငေးကြည့်နေသည်။

မြစ်ရေပြင်တွင် လှိုင်းကြက်ခွပ်ကလေးများ လူးလွန့်လှုပ်ရှားနေလေသည်။

ထို့နောက်...



လူငယ်သည် ကမ်းစပ်တွင် ဆိုက်ကပ်ထားသော လှေငယ်တစ်စင်းပေါ်သို့ ခုန်တက်လိုက်သည်။

ယင်းနောက်...

ဝါးလုံးတစ်လုံးဖြင့် ကမ်းစပ်ကိုထောက်ကာ လှေငယ်ကလေးဖြင့် မြစ်ကမ်းတစ်ဘက်ဆီသို့ ဦးတည်ထွက်ခွာသွားလေသည်။

လှေငယ်ကလေးသည် ကမ်းစပ်နှင့် ဝါးတစ်ရိုက်အကွာသို့ ရောက်ရှိသွားသောအခါ မြင်းဖြင့် ခရီးပြင်းနှင်လာသော သခင်လေးကျူးစုစင်းသည် ထိုကမ်းစပ်သို့ ရောက်ရှိလာလေသည်။

ထိုအခါ...

သခင်လေးကျူးစုစင်းသည် တစ်ဘက်ကမ်းသို့ကူးရန်အတွက် လှေကြုံလိုက်ရန် အဝါရောင်ဝတ်ဆင်ထားသောသူအား လှမ်းခေါ်လိုက်သည်။

"ဗျို့...နောင်ကြီး၊ လှေခဏရပ်ပေးစမ်းပါဗျာ"

ထိုအခါ...

အဝါရောင်ဝတ်ဆင်ထားသော လူငယ်သည် အသံကြားရာသို့ လှည့်ကြည့်လိုက်သည်။

သူသည် သခင်လေးကျူးစုစင်းအား တွေ့မြင်လိုက်ရသောအခါ မျက်မှောင်ကုတ်သွားလေသည်။

"ဘာလုပ်မလို့လဲဗျ"

သခင်လေးကျူးစုစင်းက တစ်ဘက်ကမ်းသို့ လက်ညှိုးညွှန်ပြကာ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဟိုဘက်ကမ်းကို လိုက်ချင်လို့ပါ"

ထိုအခါ...

အဝါရောင်ဝတ်ထားသူက စိတ်ရှုပ်ဟန်ဖြင့်...

"ဟာဗျာ၊ ခင်ဗျား တခြားလှေသွားစီးပါ၊ ဒီလှေက သေးတယ်ဗျ"

ထိုစကားကြောင့် ကျူးစုစင်းသည် ကမ်းစပ်တလျှောက် လှမ်းကြည့်လိုက်သည်။

သို့သော်...

လှေတစ်စင်းမျှ မတွေ့ရချေ။

ကျူးစုစင်းသည် အဝါရောင်ဝတ်ဆင်ထားသောလူအား လှမ်းကြည့်ကာ...

"ဒီအနီးအနားမှာ လှေတစ်စင်းမှမရှိဘူးဗျ၊ ဒါကြောင့် ကျုပ် ခင်ဗျားလှေနဲ့လိုက်ပါရစေ"

အဝါရောင်ဝတ်ဆင်ထားသောလူသည် စိတ်မရှည်နိုင်တော့ချေ။

"မရဘူး"

ကျူးစုစင်းသည် စိတ်မရှည်စွာဖြင့် လှေပေါ်ခုန်တက်လိုက်လေတော့သည်။

ထိုအခါ လှေကလေးသည် ယိမ်းယိုင်သွား၍ နစ်မြုပ်သွားလေသည်။

* * *



မိုးရွာသွန်းခြင်းသည် အနည်းငယ် ရပ်တန့်သွားပြီဖြစ်လေသည်။

လေတိုက်ခတ်သော အရှိန်မှာလည်း လျော့ကျလာလေသည်။

မြစ်ရေများကား မငြိမ်သက်သေးပါ။

ထိုစဉ်...

လှေကြီးတစ်စင်း လှော်ခတ်လာလေသည်။

ထိုလှေပေါ်တွင် မိန်းမပျိုလေးတစ်ဦး ပါလာလေသည်။

သူမသည် လှော်ခတ်ရာမှ အမှတ်မထင် မြစ်ရေပြင်သို့ကြည့်လိုက်မိသည်။

မြစ်ရေပြင်ပေါ်တွင် လူတစ်ယောက်သည် မြုပ်ချည်ပေါ်ချည်ဖြစ်နေလေသည်။

မိန်းမပျိုလေး ထိတ်လန့်သွားသည်။

သူမသည် လှေဦးကို ထိုလူထံသို့ လှည့်လိုက်သည်။

အနီးသို့ရောက်သောအခါ ထိုလူသည် အသက်မသေသေးသည်ကို တွေ့လိုက်ရလေသည်။

"ဒီမှာရှင့်..ကြိုးကိုဆွဲပါ၊ ရှင့်ကို ကျွန်မကယ်မယ်ရှင့်"

ဟုပြောကာ ကြိုးအား ပေးလိုက်လေသည်။

အဝါရောင်ဝတ်ထားသောလူသည် ကြိုးအားဆွဲကာ အပေါ်သို့တက်ရန် ကြိုးစားနေ၏။

မိန်းမပျိုကလေးသည် ထိုလူအား လှေပေါ်သို့ဆွဲတင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ လှေပေါ်သို့ ရောက်သွားသောအခါ ထိုလူသည် အဝါရောင် ဝတ်ဆင်ထားသည်ကို တွေ့မြင်ရလေသည်။

အဝါရောင် ဝတ်ဆင်ထားသောလူသည် လှေပေါ်သို့ရောက်သည်နှင့် အားအင်ချည့်နဲ့စွာဖြင့် လှဲချလိုက်လေသည်။

မိန်းမပျိုလေး ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

"ရှင် ဘာဖြစ်သွားသလဲ"

အဝါရောင်ဝတ်ဆင်ထားသော လူငယ်က ခေါင်းခါယမ်းလိုက်သည်။

မိန်းမပျိုလေးသည် မျက်မှောင်ကြုတ်ကာ ကောင်းကင်ပေါ်သို့မော့ကြည့်လိုက်သည်။

"ရာသီဥတုက သိပ်စိတ်မချရဘူး။ ရှင့်ကို ကုန်းပေါ်ရောက်အောင်ပို့ပေးမှဖြစ်မယ်"

အဝါရောင် ဝတ်ဆင်ထားသော လူငယ်က ခေါင်းညိတ်လိုက်သည်။

ထို့နောက်...

မိန်းမပျိုလေးသည် လှေကိုဆက်၍ လှော်ခတ်သွားလေသည်။

မကြာမီမှာပင်...

လှေကလေးသည် တစ်ဘက်ကမ်းသို့ ရောက်ရှိသွားလေသည်။

အဝါရောင်ဝတ်ဆင်ထားသော လူငယ်သည် ကမ်းပေါ်သို့



တက်သွားပြီးလျှင် အနီးရှိသစ်ပင်တစ်ပင်ကို မှီ၍ထိုင်ချလိုက်သည်။

သူ၏တောက်ပသော မျက်လုံးအစုံသည် လှိုင်းတံပိုးထနေသော ရေပြင်ကိုငေးကြည့်နေလေတော့သည်။

မိန်းမပျိုလေးသည် သူ့ထံသို့ လျှောက်သွားလေသည်။

"ရှင် ဘယ်လိုနေသေးလဲ"

ဟု မေးလိုက်လေသည်။

အဝါရောင် ဝတ်ဆင်ထားသောလူသည် အဖြေမပေးဘဲ တိတ်ဆိတ်ကာ နေလေသည်။

မိန်းမပျိုလေးက...

"ဒီမှာရှင့် မေးနေတာ မကြားဘူးလား"

အဝါရောင်ဝတ်ထားသူက...

"ကြားသားပဲ"

မိန်းမပျိုက...

"ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

အဝါရောင်ဝတ်ထားသူက...

"ကျင်းဝှက်ပါ"

မိန်းမပျိုက...

"ဒီမှာ ရှင်လူမှုရေး နားလည်ရဲ့လား"

ကျင်းဝှက်က...

"ဘာဖြစ်လို့လဲဗျ"

မိန်းမပျိုက...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ရှင့်အသက်ကို ကယ်တင်ခဲ့တယ်ဆိုတာ ရှင်သိတယ်မဟုတ်လား"

ဟု ပြောလိုက်သည်။

ကျင်းဇုက်က ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလေသည်။

မိန်းမပျိုလေးမှာ ဒေါသထွက်လာလေသည်။

သူသည် ကျင်းဇုက်အားကြည့်ကာ...

"ရှင့် ဒါတွေမသိဘူးလား"

ကျင်းဇုက်က...

"သိသားပဲ"

"ဒါဖြင့် ဘာလို့ ကျေးဇူးတင်စကား မပြောတာလဲ"

"ကျုပ်က ခင်ဗျားကို ကယ်နိုင်းလို့လား"

မိန်းမပျိုက...

"ဒါကတော့ ဘယ်ကယ်နိုင်းမှာလဲ"

"ဒါဖြင့် ကျုပ်က ဘာကိုကျေးဇူးတင်ရမှာလဲ"

သူ၏စကားကြောင့် မိန်းမပျိုလေးက...

"ဘာလဲ၊ ကျွန်မက ရှင့်ကိုကယ်ခဲ့တာ မှားတယ်လို့ ပြောချင်တာလား"

ကျင်းဇုက်က...

"မှားတယ်၊ မှန်တယ်ဆိုတာ ကျုပ်မပြောလိုပါဘူး၊ ဒါပေမယ့် ကျုပ်က ခင်ဗျားကိုကယ်ပါလို့ ပြောမှမပြောဘဲ၊ ဒါကြောင့် ကျေးဇူးတင်စရာမလိုဘူး"



မိန်းမပျိုလေး ပို၍ဒေါသထွက်လာသည်။

သူမသည် ဒေါသထွက်လွန်း၍ ကျင်းဇုက်အား သူမ၏လက်ဖြင့် ရိုက်ချလိုက်သည်။

ကျင်းဇုက်က ရှောင်ကာ...

"ဘာလဲ..ခင်ဗျားက ကျုပ်နဲ့ရန်ဖြစ်ချင်လို့လား"

ဟု မေးလေသည်။

မိန်းမပျိုလေးသည် စကားတစ်ခွန်းမျှ ဆက်မပြောတော့ဘဲ တိုက်ခိုက်လိုက်၏။

ကျင်းဇုက်ကလည်း ရှောင်တိမ်းလိုက်လေသည်။

"ဒီမှာ မိန်းကလေး၊ ရန်ဖြစ်ချင်ရင် ခင်ဗျား ရှုံးသွားမှာပေါ့"

မိန်းမပျိုလေးသည် အံကိုတင်းတင်းကြိတ်ပြီး ထပ်မံတိုက်ခိုက်လိုက်သည်။

ဤတစ်ကြိမ်တွင်...

ကျင်းဇုက်သည် ရှောင်တိမ်းခြင်းမပြုတော့ပါ။

သူသည် မိန်းမပျိုလေး၏ တိုက်ခိုက်လာသောလက်ကို အသာအယာ ဖမ်းဆုပ်ပြီး အနည်းငယ် တွန်းပစ်လိုက်သည်။

ထိုအခါ...

မိန်းမပျိုလေးသည် နောက်သို့ ခြေလှမ်းလေးငါးလှမ်းမျှ ဆုတ်ပြီးလျှင် လဲကျသွားလေတော့သည်။

မိန်းမပျိုလေး၏ မျက်နှာတစ်ခုလုံးမှာ ရှက်စိတ်ကြောင့် ရဲသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ရှက်စိတ်ကြောင့် ဒေါသထွက်သွားလေသည်။

သူမ၏အသားများမှာလည်း တဆတ်ဆတ် တုန်နေကာ လှေပေါ်သို့ ပြန်တက်သွား၏။

မကြာမီမှာပင်...

သူမသည် ဓားတစ်လက်ယူ၍ ပြန်လာကာ ကျင်းဝှက်အား တိုက်ခိုက်လိုက်လေသည်။

ဤမိန်းကလေးမှာ ထိပ်တန်းသိုင်းသမားတစ်ယောက် မဟုတ်စေကာမူ ဓားပညာကျွမ်းကျင်သည်ကို ကျင်းဝှက် တွေ့လိုက်ရသည်။

သူသည် နောက်သို့ဆုတ်ကာ...

"ဒီမှာ မိန်းကလေး...ခင်ဗျားရဲ့ဓားပညာဟာ တခြားသူနဲ့ တွေ့ရင်တော့ အသာရနိုင်ပါတယ်၊ ဒါပေမယ့် ကျုပ်နဲ့တွေ့တော့ ခင်ဗျားဆိုးတယ်လို့ ဆိုရမှာပဲ"

သူသည် ယင်းသို့ပြောဆိုပြီးသည်နှင့် တိုက်ခိုက်နေသော မိန်းမပျိုလေး၏ဓားကို ရှောင်တိမ်းလိုက်ရင်း သူ၏လက်တစ်ဘက်က သူမ၏လက်ထဲမှဓားအား အသာအယာ လုယူလိုက်လေသည်။

ထို့နောက် သူသည် လှေပေါ်သို့ခုန်တက်လိုက်ပြီး ဝါးလုံးနှင့် ကမ်းစပ်ကိုထောက်ကာ လှော်ခတ်လိုက်လေသည်။

သူ၏အပြုအမူကို မိန်းမပျိုလေးက ကြောင်၍ကြည့်နေစဉ် ကျင်းဝှက်က...

"ခင်ဗျားလှေကို ကျုပ်ယူသွားပြီ၊ စိတ်မရှိပါနဲ့ဗျာ"



ဟုပြောကာ ထွက်သွားလေတော့သည်။

မိန်းကလေး သတိဝင်လာ၍ ဒေါသဖြစ်ကာ ကျန်ခဲ့လေတော့သည်။

* * *

ကျူးစုစင်းသည် ရေထဲတွင် မြုပ်ချည်ပေါ်ချည်ဖြင့် မျောပါသွားသည်။

မကြာမီ...

သူသည် မျောပါလာသော ပျဉ်ပြားတစ်ချပ်ကို တွေ့ရသဖြင့် ဝမ်းသာသွားလေသည်။

ထို့နောက် သူသည် ယင်းပျဉ်ပြားအားဖက်၍ တစ်ဘက်ကမ်းသို့ တဖြည်းဖြည်း ကူးခတ်သွားလေသည်။

မကြာမီ...

သူသည် တစ်ဘက်ကမ်းသို့ ရောက်သွားလေသည်။

သို့သော် သူသည် ခြေကုန်လက်ပန်းကျကာ ကုန်းပေါ်သို့ မတက်နိုင်သေးဘဲ ကမ်းစပ်၌သာလှဲ၍ အမောဖြေနေလိုက်သည်။

အလွန်ပင်ပန်းနွမ်းနယ်လွန်းသဖြင့် သူသည် အမှတ်မထင် အိပ်ပျော်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျူးစုစင်းသည် အိပ်ရာမှနိုးသောအခါ ကောင်းကင်တစ်ခုလုံးမှာ သာယာလှျက်ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။

သူသည် အတန်ကြာ အိပ်ပျော်သွား၍ ခွန်အားပြန်လည်ပြည့်လာသည်။

ကျူးစုစင်းသည် လဲလျောင်းနေရာမှ ထထိုင်လိုက်၏။

ထို့နောက်…

ဝန်းကျင်ကို ဝေ့ဝဲအကဲခတ်ကြည့်လိုက်မိသောအခါ သူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။

အကြောင်းမှာ မိန်းကလေးတစ်ယောက်သည် ဝိုင်းစက်သောမျက်လုံးအစုံဖြင့် သူ့အားကြည့်နေသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

မိန်းမပျိုလေးသည် သူ့အား အကဲခတ်ကြည့်လိုက်ပြီး…

"ရှင် ဘယ်သူလဲ"

ကျူးစုစင်းက ကြောင်အမ်းအမ်းဖြင့်…

"ကျူးစုစင်းပါ"

မိန်းကလေးက နားမလည်ဟန်ဖြင့်…

"ရှင်က ဘာဖြစ်လို့ သည်မှာလာအိပ်နေရတာလဲ"

ကျူးစုစင်းက သက်ပြင်းချလိုက်ပြီး…

"ကျုပ် လှေမှောက်ပြီး မြစ်ရေထဲမျောပါသွားလို့ သည်ရောက်အောင် မနည်းကူးခတ်လာရတာဗျ၊ သည်ရောက်တော့ ခြေကုန်လက်ပန်းကျပြီး အိပ်ပျော်သွားတာပါ"



မိန်းကလေးက တစ်စုံတစ်ခုကို သတိရဟန်ဖြင့်…

"ဒါဖြင့် ရှင် ဟိုလူကိုသိသလား"

ကျူးစုစင်းက မျက်မှောင်ကုတ်သွားလေသည်။

"ဘယ်သူများလဲ"

မိန်းကလေးက အံကိုတင်းတင်းကြိတ်၍…

"အဝါရောင်ဝတ်ဆင်ထားတဲ့ လူပေါ့"

ထိုစကားကြားလိုက်ရသောအခါ ကျူးစုစင်း စိတ်ဝင်စားလာလေသည်။

"အဝါရောင်ဝတ်ဆင်ထားတဲ့လူ ဟုတ်လား"

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်'

ကျူးစုစင်းက အလောတကြီးလေသံဖြင့်…

"သူ အခုဘယ်မှာလဲ"

မိန်းကလေးက မကျေမနပ်လေသံဖြင့်…

"ရှင့်လူကို ကျွန်မက ကယ်လည်းကယ်ရသေးတယ်၊ ကျွန်မလှေကိုလည်း လုသွားသေးတယ်ရှင့်"

ကျူးစုစင်း ထိုင်ရာမှထလိုက်ပြီး ချောင်းဘက်သို့ လှမ်းကြည့်လိုက်သည်။

မည်သည့်လှေကိုမျှ မတွေ့ရတော့ချေ။

ထို့ကြောင့်…

သူသည် စိတ်ပျက်စွာဖြင့် ပြန်ထိုင်ချလိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"သည်အနီးအနားမှာ တည်းခိုခန်း မရှိဘူးလားဗျာ"

ဟု မိန်းမပျိုအား မေးလိုက်သည်။

မိန်းကလေးက မြောက်ဘက်သို့ လက်ညှိုးညွှန်လိုက်ပြီး..

"အဲသည်တည့်တည့်ကိုသွားရင် ရွှက်ကြွေရွာတည်းခိုခန်းကို ရောက်ပါတယ်ရှင်"

ကျူးစုစင်း၏ မျက်ဝန်းအစုံသည် ဝင်းလက်တောက်ပသွားလေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်ကို သွားခွင့်ပြုပါဦး"

သူသည် ယင်းသို့နှုတ်ဆက်စကား ဆိုပြီးသည်နှင့် ထိုင်ရာမှ ထလိုက်သည်။

ထို့နောက်...

သူသည် ရွှက်ကြွေရွာတည်းခိုခန်းရှိရာ မြောက်ဘက်ရှူးရှူးသို့ ဦးတည်ကာ ထွက်ခွာသွားလေတော့သည်။

* * *



နောက်တစ်နေ့ နံနက်တွင် ဖြစ်သည်။

ကျူးစုစင်းသည် ရွှက်ကြွေတည်းခိုခန်းတွင် ဝယ်ယူလိုက်သည့် မြင်းကြီးကိုစီးကာ ခရီးဆက်လက်ထွက်ခွာလာခဲ့လေသည်။

သူသည် ရွှက်ကြွေမြစ်ကိုအဖြတ်တွင် ခရီးကြန့်ကြာသွားသဖြင့် ကောင်းကျင်းစန်းတို့ ချိန်းဆိုသောရက်ကို အမီသွားရန်မှာ အရေးတကြီး ဖြစ်လာလေသည်။

ထို့ကြောင့်...

သူသည် မြင်းကို အပြင်းနှင်ကာ လမ်းမကြီးအတိုင်း ထွက်ခွာလာသည်။

မကြာမီ သူသည် လမ်းခွဲတစ်ခုသို့ ရောက်ရှိလာလေသည်။

လမ်းခွဲ၏ဗဟိုတွင် ယူနန်တောင်သို့သွားရန်ဟူသော ဆိုင်းဘုတ်တစ်ခုကို တွေ့ရလေသည်။

ယင်းဆိုင်းဘုတ်သည် ဘယ်ဘက်သို့ ပြထားသဖြင့် မြင်းကို ဘယ်ဘက်သို့ဦးတည်လိုက်ပြီး အပြင်းမောင်းနှင်သွား၏။

အတန်ကြာ သွားမိသောအခါ လမ်းချိုးကလေးမှာ တစ်ခ ထက်တစ်စ ကြမ်းတမ်းလာသည်။

ဝဲယာ တစ်ဘက်တစ်ချက်မှာလည်း တောအုပ်များ ထူထပ်နေလေသည်။

ကျူးစုစင်းသည် မြင်းကို အရှိန်လျှော့လိုက်ပြီး ဂရုတစိုက် မောင်းနှင်နေရလေသည်။

ဤသို့ဖြင့် အတန်ကြာ သွားမိသောအခါ...

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်…

အလင်းတန်းတစ်ခုသည် သစ်ပင်သစ်ခက်များကြားမှ သူ့ထံသို့ ပစ်လွှင့်လာလေသည်။

ကျူးစုစင်းသည် မြင်းပေါ်တွင်ဝပ်ချလိုက်ကာ ထိုအလင်းတန်းကို ရှောင်တိမ်းလိုက်ရသည်။

တစ်ဆက်တည်းမှာပင်…

မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး…

"ဟေ့…ဘယ်သူလဲကွ"

ဟု လှမ်းအော်လိုက်သည်။

ရုတ်တရက်…

လူတစ်ယောက်သည် တောအုပ်ကြားမှ ခုန်ထွက်လာပြီး စကားတစ်ခွန်းမျှ မပြောဘဲ သူ့အား တိုက်ခိုက်လိုက်လေသည်။

လူတစ်ယောက်၏ တိုက်ခိုက်မှုကို ကျူးစုစင်းက ရှောင်တိမ်းရင်း ထိုလူအား သတိပြုကြည့်မိလိုက်သည်။

ထိုအခါ…

ရှက်ကြေမြစ်ထဲတွင် သူနှင့်အတူ လှေအတူစီးခဲ့သော အဝါရောင်ဝတ်ဆင်ထားသော လူငယ်ဖြစ်နေလေသည်။

"မိတ်ဆွေ…ရပ်လိုက်"

သူသည် ကပျာကယာ ဟန့်တားလိုက်၏။

သို့သော်…

ထိုလူသည် စကားတစ်ခွန်းမျှ မပြောဘဲ ထပ်မံတိုက်ခိုက်



နေလေသည်။

ထို့ကြောင့်…

ကျူးစုစင်းမှာ သည်းမခံနိုင်တော့ပါ။

သူသည် ခါးတွင်ချိတ်ထားသော ဓားကိုထုတ်လိုက်ပြီး ပြန်လည် တိုက်ခိုက်လိုက်လေသည်။

အဝါရောင် ဝတ်ဆင်ထားသောလူ၏ တိုက်ခိုက်မှုမှာ လျင်မြန်သွက်လက်လှ၏။

ကျူးစုစင်းသည် မျက်မှောင်ကြုတ်သွား၏။

သူသည် ထိုလူအား အနိုင်ယူပြီးမှ ရှင်းပြရန် စိတ်ကိုဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့်…

သူသည် ပြန်လည်တိုက်ခိုက်လိုက်၏။

ထိုအခါ…

အဝါရောင်ဝတ်ဆင်ထားသောလူသည် မည်သို့မျှ မတတ်နိုင်တော့ချေ။

သူသည် နောက်သို့သာ ခြေလှမ်းလေးလှမ်းမျှ ဆုတ်သွားရလေသည်။

ကျူးစုစင်းသည် ဆက်လက်၍ တိုက်ခိုက်ခြင်းမပြုဘဲ ဓားကို ဓားအိမ်ထဲသို့ ပြန်လည်ထိုးသွင်းလိုက်သည်။

ထိုစဉ်မှာပင်…

အဝါရောင်ဝတ်ဆင်ထားသောလူသည် လျှပ်တပြက် လက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ငေ့ယမ်းလိုက်လေသည်။

ထိုအခါ...

သူ၏လက်ထဲမှ ဓားပါးကလေးနှစ်လက်သည် ကျူးစုစင်း၏ ရင်ဝသို့ ဝင်ရောက်လာသည်။

ကျူးစုစင်းသည် ထိုလူမှာ ဤကဲ့သို့ ပြုမူလိမ့်မည်ဟု မမျှော်လင့်ခဲ့ချေ။

ထို့ကြောင့်...

သူသည် မြေပေါ်သို့ လှဲချလိုက်ပြီး သုံးလေးပတ်မျှ လှိမ့်ကာ ရှောင်တိမ်းလိုက်ရလေသည်။

"ဟား..ဟား..ဟား"

အဝါရောင်ဝတ်ဆင်ထားသောလူသည် အားရကျေနပ်စွာ ရယ်မောလိုက်၏။

"ဘယ့်နှယ်လဲမိတ်ဆွေ၊ အဆင်ပြေရဲ့လား"

ကျူးစုစင်းသည် မြေပေါ်မှထလိုက်ပြီး အင်္ကျီပေါ်မှ ဖုန်များကိုခါချရင်း ဒေါသကြီးစွာဖြင့် ထိုလူအား စိုက်ကြည့်လိုက်သည်။

"မင်း တော်တော် ယုတ်မာတဲ့လူပဲ"

အဝါရောင်ဝတ်ဆင်ထားသူက မထီတရီ ပြုံးလိုက်ပြီး...

"ကျုပ်ကို ဘာဖြစ်လို့ ယုတ်မာတယ်လို့ ပြောနိုင်တာလဲ"

ကျူးစုစင်းက ဒေါသကြီးစွာဖြင့်...

"မင်းက ကျုပ်ကို ရင်ဆိုင် မတိုက်ခိုက်ရဲလို့ လက်နက်ပုန်းနဲ့အလစ်ဝင်တိုက်တာဟာ လူယုတ်မာလို့ မခေါ်နိုင်ဘူးလား"



ထိုလူသည် ခေါင်းခါယမ်းလိုက်သည်။

"သည်မှာမိတ်ဆွေ၊ ခင်ဗျား တော်တော် အသိဉာဏ်နည်းတဲ့လူပါလားဗျ၊ တစ်ယောက်နဲ့တစ်ယောက် ရင်ဆိုင်တိုက်ခိုက်တဲ့နေရာမှာ လက်ရုံးရည်သာမက နှလုံးရည်ပါ အသုံးပြုရတယ်ဆိုတာ ခင်ဗျား သင်ခန်းစာယူထားပါ"

သခင်လေးကျူးစုစင်းသည် မဲ့ပြုံးပြုံးလိုက်ပြီး ဓါးမှဓားကို ပြန်ဆွဲထုတ်လိုက်၏။

"ကဲ..မိတ်ဆွေ၊ ကျုပ် မင်းကိုညာနေလို့ ကျုပ်အကြောင်း မင်း မသိဘူးနဲ့တူတယ်"

အဝါရောင်ဝတ်ဆင်ထားသူက မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ်ကလည်း ကြောက်တတ်တဲ့ လူတစ်ယောက် မဟုတ်ဘူးဆိုတာ ခင်ဗျားမှတ်ထားပါ"

ကျူးစုစင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ယောင်္ကျားဆိုရင် သတ္တိရှိရမှာပေါ့"

ထို့နောက်...

သူသည် ဓားကို အနည်းငယ်မြှောက်လိုက်ပြီး..

"ကဲ..တစ်ပွဲတစ်လမ်း စမ်းကြည့်ကြရအောင်လေ"

အဝါရောင်ဝတ်ဆင်ထားသူက ဓားဖြင့် ကျူးစုစင်းအား စတင်တိုက်ခိုက်သည်။

ဤတစ်ကြိမ်တွင်...

ကျူးစုစင်းသည် ထိုလူအား ဆုံးမလိုသောဆန္ဒများဖြင့်ပြ

www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။

ထို့ကြောင့်...

သူသည် အဝါရောင်ဝတ်ဆင်ထားသောလူအား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။

သို့သော်...

ထိုလူကလည်း မခေပါချေ။

သူသည် သခင်လေးကျူးစုစင်း တိုက်ခိုက်လာသော တိုက်ကွက်များကို တစ်ကွက်မကျန် ပြန်လည်ချေပနေသည်။

ဤသို့ဖြင့်...

သူတို့သည် တိုက်ကွက်သုံးဆယ်မျှ ယှဉ်ပြိုင်သည့်တိုင်အောင် သခင်လေးကျူးစုစင်းက အသာမရပါချေ။

ဤအတိုင်းဆိုလျှင် အဝါရောင်ဝတ်ဆင်ထားသောလူနှင့် သိုင်းကွက်ပေါင်း တစ်ရာကျော်အထိ ယှဉ်ပြိုင်ရလိမ့်မည်ဟု သဘောပေါက်လာသည်။

ထိုအခါ...

သူသွားရမည့် ခရီးမှာလည်း မလိုအပ်ဘဲ ကြန့်ကြာနေဦးမည်ဖြစ်သည်။

သူသည် ယူနန်တောင်တန်းသို့ အချိန်မီသွားရမည်ဖြစ်ပေသည်။

အကယ်၍သာ...

ကျူးစုစင်းသည် အချိန်မီ မသွားရောက်နိုင်ပါက ကောင်း



ကျင်းစန်းမှာ ယိထင်းကျောက်၏ဓားချက်ဖြင့် ဒုက္ခရောက်လိမ့်မည်ဟု စိတ်ထဲတွင် စိုးရိမ်လာလေသည်။

ထို့ကြောင့်...

သူသည် ထိုလူအား အချိန်တိုတိုနှင့် အနိုင်ယူရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *

ကျူးစုစင်းသည် တိုက်ကွက်ကို ပြောင်းလိုက်လေသည်။

ယင်းတိုက်ကွက်မှာ ကောင်းကျင်းစန်း သင်ပေးထားသော ဘီလူးလက်ဝါးနှင့် တောင်ဖြိုလက်သီးသိုင်းကွက်ပင် ဖြစ်သည်။

ယခု...

သူ၏တိုက်ကွက်မှာ သိသိသာသာ နှေးကွေးလာလေ သည်။

သူ၏ညာဘက်လက်မှဓားက ဝှေ့ယမ်းလှုပ်ရှားနေသည်။

သူ၏ဝဲဘက်လက်သီးသည် ထိုဝှေ့ယမ်းလိုက်သည့် တိုက်ကွက်ကြားမှ တိတ်တဆိတ် တိုးထွက်လာပြီး အဝါရောင်ဝတ်ဆင်ထားသူ၏ရင်ဝသို့ တိုးသွင်းလိုက်သည်။

အဝါရောင်ဝတ်ဆင်ထားသူမှာ ကျူးစုစင်း၏ တိုက်ကွက်ကို မည်သို့မျှ ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါချေ။

သို့သော်...

ထိုလူမှာ ခေသူတစ်ယောက် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှောင်တိမ်းမရသည့်ကြားမှ သူ၏ခန္ဓာကိုယ်သည် ညာဘက်သို့ လျှပ်တပြက် လှည့်ပေးလိုက်သည်။

ထိုအခါ…

ကျူးစုစင်း၏လက်သီးသည် ထိုလူ၏ပခုံးသို့ မိမိရရ ထိုးမိလိုက်လေသည်။

"ဝုန်း"

ထိုလူမှာ အဝေးသို့လွင့်စဉ်ကာ.မြေပေါ်သို့ လဲကျသွားလေသည်။

သို့သော်…

ထိုလူမှာ ခေသူတစ်ယောက် မဟုတ်ပါ။

သူသည် နာကျင်စွာ လဲပြိုသွားရာမှ ကပျာကယာ ပြန်ထလိုက်သည်။

ရုတ်တရက်…

ကျူးစုစင်း၏ မြင်းပေါ်သို့ ခုန်တက်လိုက်ပြီး…

"ကျုပ်မှာ သွားစရာ အရေးကြီးနေတယ်၊ ဒါကြောင့် ခင်ဗျားမြင်းကို ကျုပ် ခဏယူသွားမယ်"

ထိုလူသည် ယင်းသို့ပြောပြီး မြင်းကို အပြင်းစီးနှင်သွားလေသည်။

"ဟေ့လူ…မလုပ်နဲ့…မလုပ်နဲ့"

သခင်လေးကျူးစုစင်းသည် ကပျာကယာ ဟန့်တားနေသော်လည်း အဝါရောင်ဝတ်ဆင်ထားသောသူသည် မြင်းကို အပြင်း



စီးကာ ဝေးသထက် ဝေးသွားလေတော့သည်။

* * *

ကျူးစုစင်းစိတ်ထဲ၌ ခံပြင်းလာသည်။

သူ၏စိတ်ထဲတွင် စိုးရိမ်ပူပန်မှုများဖြင့် ယောက်ယက်ခတ်နေသည်။

အကယ်၍သာ သူသည် ယူနန်တောင်သို့ အချိန်မီမရောက်နိုင်ပါက ကောင်းကျင်းစန်းမှာ ဒုက္ခရောက်ရမည်သာဖြစ်သည်။

ယခု…

သူ့တွင် မြင်းမရှိ၍ မည်သို့မျှ အချိန်မီရောက်အောင် သွားနိုင်မည်မဟုတ်တော့ပါ။

ထို့ကြောင့်…

ကျူးစုစင်းသည် နီးစပ်ရာ ရွာတစ်ရွာသို့ အမြန်ဆုံးအရောက်သွားပြီးလျှင် မြင်းတစ်ကောင် ထပ်မံဝယ်ယူရန်သာ ဆုံးဖြတ်လိုက်ရသည်။

သူသည် ယင်းသို့ ဆုံးဖြတ်ပြီးသည်နှင့် ခြေလှမ်းသုတ်သုတ်လှမ်းကာ ဆက်၍လျှောက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဝါရောင် ဝတ်ဆင်ထားသောလူသည် မြင်းကို ဒုန်းစိုင်းစီးကာ ယူနန်တောင်သို့ ဦးတည်ကာ မောင်းနှင်နေလေသည်။

ထိုအဝါရောင် ဝတ်ဆင်ထားသော လုလင်ငယ်သည် မည်သူနည်း။

အဘယ်ကြောင့် သူသည် ယူနန်တောင်သို့ ယခုကဲ့သို့ အရေးတကြီးသွားနေရပါသနည်း။

အကြောင်းမှာ...

ထိုအဝါရောင် ဝတ်ဆင်ထားသော လုလင်ငယ်သည် ယိထင်းကျောက်၏ မွေးစားသားပင် မဟုတ်ပါလော။

သူ၏အမည်မှာ ကျင်းဝှက်ပင်ဖြစ်သည်။

ကျင်းဝှက်သည် မိခင်ကွယ်လွန်ပြီးနောက် ဖခင်ဖြစ်သူ၏ လုပ်ရပ်များကို မကျေမနပ် ရှိခဲ့သည်။

ထို့အပြင် ဖခင်ဖြစ်သူ ဦးစီးတည်ထောင်ထားသည့် ဂိုဏ်းတစ်ရာဂိုဏ်း၏ လုပ်ရပ်များကိုလည်း သဘောကျကျေနပ်ခြင်း မရှိပေ။

ဤသို့ဖြင့်...

ကတောက်ကဆဖြစ်ကာ ဖခင်ဖြစ်သူနှင့် ကျင်းဝှက်တို့ စကားများကြလေသည်။

ထိုအခါ...

ယိထင်းကျောက်သည် သားဖြစ်သူအား မိမိစကား နားမထောင်ဟုထင်ကာ တိဗက်ပြည်ရှိ သိုင်းဆရာကြီးထံသို့ ပို့ဆောင်



လိုက်လေသည်။

ကျင်းဝှက်သည် ဖခင်ဖြစ်သူနှင့် အတူတကွ ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့သဖြင့် တိဗက်သိုင်းဆရာကြီးထံတွင် တပည့်ခံလိုက်လေသည်။

ယင်းနောက်ပိုင်းတွင် သူသည် ဖခင်ဖြစ်သူထံ တစ်ခေါက်မျှ မရောက်ဖြစ်တော့ချေ။

ကျင်းဝှက်သည် ဖခင်ဖြစ်သူမှာ လူဆိုးကြီးဖြစ်နေ၍ နာကျည်းနေမိလေသည်။

တိဗက်သိုင်းဆရာကြီးသည် သူ့အား သိုင်းပညာရပ်များအပြင် စာပေကျမ်းဂန်များအားလုံးကို အိတ်သွန်ဖာမှောက်သင်ကြားပေးခဲ့လေသည်။

ဤသို့ဖြင့်...

တဖြည်းဖြည်း ထိပ်တန်းသိုင်းပညာများ တတ်မြောက်လာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့…။

သိုင်းဆရာကြီးသည် ကျင်းဝှက်အား ခေါ်ယူပြီး သူ၏ဖခင်မှာလုပ်ငန်းအားလုံး ပြိုကွဲပျက်စီးသွားပြီဖြစ်ကြောင်း ပြောပြလေသည်။

ကျင်းဝှက်သည် ထိုသတင်းကိုကြားလိုက်ရသောအခါ ဝမ်းသာသွားလေသည်။

သိုင်းဆရာကြီးက သက်ပြင်းတစ်ချက် ချလိုက်ပြီး…

"တစ်ခန့ သည်လိုပဲ ကျဆုံးမယ်ဆိုတာ ဆရာကြီးတွေးမိပါတယ်ကွယ်၊ မင်းအဖေဟာ သိပ်အတ္တကြီးပြီး လောဘ၊ ဒေါသတွေ လွှမ်းကဲနေတဲ့ လူတစ်ယောက်ပဲကွယ့်၊ အခုလိုရှုံးနိမ့်ပျက်စီးသွားတဲ့ သင်ခန်းစာကိုယူနိုင်ရင်တော့ အသက်ချမ်းသာရာရဦးမယ်၊ အခုတော့ မင်းအဖေက.."

သိုင်းဆရာကြီးသည် စကားကိုရပ်တန့်လိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်လေသည်။

သိုင်းဆရာကြီး၏ အမူအရာကြောင့် ဖခင်အတွက် စိတ်ပူသွား၏။

"ဆရာကြီး…ဖေဖေ ဘာဖြစ်လို့လဲ"

သိုင်းဆရာကြီးက သက်ပြင်းတစ်ချက် ထပ်မံချလိုက်ပြီး…

"မင်းအဖေဟာ နောင်တမရဘဲ ကောင်းကျင်းစန်းဆိုတဲ့လူအပေါ် အငြိုးကြီးနေတယ်ကွယ်၊ ဒါကြောင့် သူက ကောင်းကျင်းစန်းကို ယှဉ်နိုင်အောင်မှာချိန်းပြီး သူသေကိုယ်သေ ယှဉ် ပြိုင်မလို့တဲ့ကွယ်"



ကျင်းဝှက်သည် ထိုစကားကို ကြားလိုက်ရသောအခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

"ကောင်းကျင်းစန်းဆိုတာ သိုင်းပညာသိပ်တော်တဲ့ သိုင်းပညာရှင်ကြီးတစ်ယောက်ပဲ၊ သူဟာ တရားမျှတမှုကို မြတ်နိုးတဲ့ အဖြူရောင်သိုင်းသမား တစ်ယောက်ပေါ့"

ကျင်းဝှက်က မျက်မှောင်ကြုတ်လိုက်ပြီး…

"သူ့ရဲ့သိုင်းပညာအဆင့်က ဘယ်လောက်ရှိသလဲ ဆရာကြီး"

သိုင်းဆရာကြီးက အနည်းငယ် စဉ်းစားလိုက်ပြီးမှ…

"မင်းအဖေနဲ့တော့ သိပ်မကွာလှဘူး၊ ဒါပေမယ့် ကောင်းကျင်းစန်းဟာ အဆိပ်မိထားတဲ့အတွက် မင်းအဖေရဲ့ဓားချက်အောက်မှာ အသက်ပျောက်မှာ သေချာသလောက်ရှိနေပြီ"

ကျင်းဝှက် ဘာမှပြန်မပြောချေ။

သိုင်းဆရာကြီးက သက်ပြင်းတစ်ချက်ချလိုက်ပြီး…

"ဒါပေမယ့် ကောင်းကျင်းစန်းမှာ သခင်လေးကျူးစုစင်းဆိုတဲ့ တပည့်တစ်ယောက်ရှိတယ်၊ သခင်လေးကျူးစုစင်းဟာ နဂါးခန်ဝိုက်းချုပ်ရဲ့ တစ်ဦးတည်းသောသားပဲ၊ တစ်ယောက်က ကောင်းကျင်းစန်းရဲ့တပည့် လေ့ဖုံးပဲ၊ တကယ်လို့ ကျူးစုစင်း ပါလာရင်တော့ မင်းအဖေ လွယ်မှာမဟုတ်ဘူး"

ကျင်းဝှက်သည် တိဗက်သိုင်းဆရာကြီးအား မော့ကြည့်လိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ရဲ့ သိုင်းပညာဟာ သခင်လေးကျူးစုစင်းဆိုတဲ့ လူနဲ့ယှဉ်နိုင်ပါ့မလား ဆရာကြီး"

သိုင်းဆရာကြီးက ခေါင်းညိတ်လိုက်သည်။

"မင်းရဲ့သိုင်းပညာဟာ သခင်လေးကျူးစုစင်းနဲ့ ယှဉ်လိုက်ရင် တစ်ဆင့်လောက်တော့ နိမ့်လိမ့်မယ်၊ နောက်ပြီး ကျူးစုစင်းဟာ သိုင်းလောကမှာ အရေးပါအရာရောက်တဲ့ လူပဲကွ၊ သူ့ကိုတော်ရုံတန်ရုံလူ တိုက်ခိုက်လို့ မဖြစ်ဘူး"

ကျင်းဝှက်သည် သိုင်းဆရာကြီးအား အားကိုးတကြီးဖြင့်...

"ဒါဆိုရင် ကျွန်တော်နဲ့ကျူးစုစင်း ယှဉ်နိုင်ဖို့ သိုင်းပညာတစ်ရပ်လောက် သင်ပေးပါလားဗျာ"

သိုင်းဆရာကြီးက ခေါင်းခါယမ်းလိုက်သည်။

"ကျူပ်မှာရှိတဲ့ သိုင်းပညာအားလုံး မင်းကို သင်ပေးပြီးပြီ၊ တစ်ခုတော့ရှိတယ်၊ ကျုပ်မှာ ဝိညာဉ်မျောလွင့်ဆိုတဲ့ သိုင်းပညာတော့ရှိတယ်၊ အဲသည်သိုင်းပညာဟာ လူကို ပြင်းပြင်းထန်ထန်တော့ မထိခိုက်စေနိုင်ဘူး၊ ဒါကြောင့် သည်သိုင်းကွက်ကိုသုံးရင် မင်းက သခင်လေးကျူးစုစင်းကို နိုင်သွားရင်လည်း ပြဿနာရှိမှာ မဟုတ်ဘူး"

ထိုစကားကြောင့် ကျင်းဝှက် စိတ်ဝင်စားသွားသည်။

"သည်လိုဆို သည်သိုင်းကွက် ကျွန်တော့်ကို သင်ပေးပါလား"

သိုင်းဆရာကြီးက မျက်မှောင်ကုတ်လိုက်ပြီး...



"မင်းက ဖခင်ကိုသွားပြီး အကူအညီပေးမလို့လား၊ တစ်ဘက်သတ်ကြီး တိုက်ခိုက်လို့တော့ မဖြစ်ဘူးနော်"

ကျင်းဝှက်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သည်ကိစ္စကို ဆရာကြီးဆီမှာ ခွင့်ပန်မလို့ပါ"

တိဗက်သိုင်းဆရာကြီးက ကျင်းဝှက်အား တစ်ချက်ကြည့်လိုက်သည်။

ထို့နောက်...

"ကဲ..ကဲ..မင်းလည်း သိပ်အချိန်ရမှာမဟုတ်ဘူး၊ သုံးရက်အတွင်း ဝိညာဉ်မျောလွင့်သိုင်းကွက်ကို သင်ကြားပေးမယ်၊ အဲဒါကို ငါ့တပည့်က ဉာဏ်ရှိသလောက် အသုံးချပေတော့"

ဟု ပြောလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဝှက်သည် သခင်လေးကျူးစုစင်းနှင့် တွေ့ဆုံခဲ့သည်။

သို့သော်...

သူသည် ယူနန်တောင်သို့သွားရန် စိတ်စောနေသဖြင့် မရှူးစမ်းမိဘဲ လွဲချော်ခဲ့ရလေသည်။

ကျင်းဝှက်သည် သခင်လေးကျူးစုစင်း၏ မြင်းကို လုယူခဲ့သည်။

တစ်ဆက်တည်းပင် ယူနန်တောင်သို့သာ ခရီးပြင်းမောင်းနှင်ခဲ့လေသည်။

သူသည် ယူနန်တောင်နှင့် ဆယ်မိုင်ခန့်အကွာသို့ ရောက်ရှိလာသောအခါ သွားရာလမ်းပေါ်၌ လူတစ်ယောက်သည် လမ်းပိတ်ရပ်နေသည်ကို တွေ့လိုက်ရသည်။

ကျင်းဝှက်သည် မျက်မှောင်ကြုတ်သွားလေသည်။

ထို့နောက်...

သူသည် ထိုလူအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

ထိုလူသည် တစ်ကိုယ်လုံး မီးခိုးရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

သူ၏ဦးခေါင်းပေါ်တွင် ကြီးမားသော ခမောက်ကြီးတစ်လုံးကို ဆောင်းထားသည်ကို တွေ့ရ၏။

သို့သော်...

ခမောက်ကြီးသည် သူ၏မျက်နှာတစ်ဝက်ခန့်ကို ဖုံးကွယ်



ထားသောကြောင့် မျက်နှာအား သေချာစွာ မတွေ့ရပါ။

ထိုလူ၏ခါးတွင်လည်း ဓားတစ်လက် ချိတ်ထားလေသည်။

ကျင်းဝှက်က...

“မိတ်ဆွေက ဘယ်သူလဲ”

ဟု မေးလိုက်သည်။

ထိုလူက ဦးခေါင်းကို အနည်းငယ် မော့လိုက်လေသည်။

ထိုအခါ...

သူ၏မျက်နှာပေါ်တွင် ကန့်လန့်ဖြတ် အမာရွတ်ကြီးအား တွေ့မြင်လိုက်ရလေသည်။

သူ၏ စူးရှသော မျက်လုံးအစုံက ကျင်းဝှက်အား စိုက်ကြည့်လိုက်ပြီး...

“မင်းက ဘယ်သူလဲ”

ဟု ပြန်မေးလေသည်။

ကျင်းဝှက်က အေးစက်ခက်ထန်သော လေသံဖြင့်...

“ကျုပ်က ခင်ဗျားကို မေးနေတာဗျ”

ဟု ပြောလိုက်၏။

ထိုအခါ...

ထိုလူက မဲ့ပြုံးပြုံးလိုက်ပြီး...

“ဘာလဲ၊ မင်းက ကျုပ်နာမည်ပြောမှ မင်းနာမည်ကို ပြောပြမယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား”

ကျင်းဝှက်က ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျုပ်က အရင်မေးတာပဲ၊ ခင်ဗျား အရင်ဖြေရမှာပေါ့"

ထိုလူက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ကျုပ်ပြောမယ်၊ ကျုပ်နာမည်က ချူးကျန့်ပါ"

ကျင်းဝှက်က ခေါင်းညိတ် အသိအမှတ်ပြုလိုက်ပြီး...

"အခုလို သိခွင့်ရတာ ဝမ်းသာပါတယ်"

ချူးကျန့်က သူ့အား တစ်ချက်စိုက်ကြည့်လိုက်ပြီး..

"မင်းမေ့နေပြီ ထင်တယ်"

ကျင်းဝှက်က မျက်မှောင်ကုတ်လိုက်သည်။

"ဘာများလဲဗျ"

ချူးကျန့်က အေးစက်ခက်ထန်စွာဖြင့်...

"မင်းနာမည်မှ မပြောရသေးဘဲ"

ကျင်းဝှက်က ပြုံးလိုက်သည်။

"ဟုတ်သားပဲ၊ ကျုပ်မေ့နေလိုက်တာ"

သူသည် အနည်းငယ်စဉ်းစားလိုက်ပြီး သူ၏ဆရာပြောပြဖူးသော ကျူးစုစင်း၏အမည်ကို သတိရလာ၏။

"ကျုပ်နာမည် ကျူးစုစင်းပါ"

ချူးကျန့်က မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက သူများရဲ့နာမည်ကို ဘာဖြစ်လို့ အလွဲသုံးစားလုပ်ချင်ရတာလဲ၊ မင်း အသုံးပြုထားတဲ့ နာမည်ပိုင်ရှင်ဟာ ဘယ်လောက်အရှိန်အဝါ ကြီးမားသလဲဆိုတာ မင်းသိရဲ့လား"



ထိုစကားကြောင့် ကျင်းဝှက်မှာ မျက်မှောင်ကုတ်သွားလေသည်။

"ဗျာ..ခင်ဗျားက ကျူးစုစင်းကို သိတယ်ဟုတ်လား"

ချူးကျန့်က ခေါင်းညိတ်လိုက်သည်။

"သိတာပေါ့ကွာ၊ သိုင်းလောကသားမှန်ရင် သခင်လေးကျူးစုစင်းကို မသိသူမရှိဘူး"

ထို့နောက်...

ချူးကျန့်သည် သူ၏စူးရှသော မျက်လုံးအစုံဖြင့် ကျင်းဝှက်အား အကဲခတ် ကြည့်လိုက်လေသည်။

သူ၏မျက်လုံးအစုံသည် အေးစက်ရုံကြမ်းကြုတ်သည်ဟု ကျင်းဝှက်က အကဲခတ်မိလိုက်လေသည်။

ထို့ကြောင့်...

သူသည် မိမိ၏အမည်ရင်းကို မပြောပြလိုသောကြောင့်...

"ကျုပ်နာမည်က လွှေဖုံးပါ"

ဟု ပြောလိုက်၏။

ချူးကျန့်သည် လွှေဖုံးဟူသောအမည်ကို ကြားလိုက်ရသည်နှင့် သူ၏မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားလေသည်။

ထို့နောက်...

ချူးကျန့်သည် အားပါးတရ ရယ်မောလိုက်လေသည်။

ပြီးလျှင်...

www.burmeseclassic.com

www.burmeseclassic.com



"လက်စသတ်တော့ မင်းက ကောင်းကျင်းစန်းရဲ့ တပည့် လွှေဖုံးကိုး"

ဟု ပြောလိုက်သည်။

သူသည် ယင်းသို့ပြောပြီး ခါးတွင်ချိတ်ထားသောဓားကို ဆွဲထုတ်လိုက်သည်။

"လွှေဖုံး..မင်းက မင်းဆရာကောင်းကျင်းစန်းဆီသွားမယ် မဟုတ်လား၊ မရဘူးလေ၊ ကျုပ်က သည်အကွက်ကိုမြင်လို့ သည်နေ ရာမှာ လာစောင့်နေတာပေါ့"

ဟု ပြောလိုက်သည်။

ကျင်းဗုက် စိတ်ပျက်သွား၏။

သူသည် မိမိလိမ်ပြောလိုက်၍ ထိုလူနှင့်ရင်ဆိုင်ရမည့် အ ခြေအနေကို တွေ့လိုက်ရသည်။

သို့သော်...

သူသည် ထပ်မံ၍ လိမ်လည်ရန် မဖြစ်နိုင်တော့ပါ။

ထို့ကြောင့်...

သူသည် မဲ့ပြုံးပြုံးလိုက်ပြီး...

"ခင်ဗျားက ဘာလုပ်ချင်လို့လဲ"

ဟု မေးလိုက်သည်။

ချူးကျန့်က သူ့အား စေ့စေ့ကြည့်လိုက်လေသည်။

ပြီးလျှင်...

"ကဲ..လွှေဖုံး။ မင်းမြင်းပေါ်က ဆင်းမလား။ ကျုပ်ကမင်းကို



မြင်းပေါ်ကနေ ဆွဲချရမလား"

ချူးကျန့်၏အမေးကို ကျင်းဗုက်က ပခုံးဟန်ပါပါ တွန့်လိုက် သည်။

ထို့နောက်...

သူ၏ခန္ဓာကိုယ်သည် ပျံလွှားငှက်တစ်ကောင်ပမာ မြင်း ပေါ်မှနေ၍ ချူးကျန့်ရှေ့သို့ ခုန်ဆင်းလိုက်လေသည်။

တစ်ဆက်တည်းမှာပင်...

သူသည် ဓားကိုဆွဲထုတ်လိုက်သည်။

ထို့နောက်...

ချူးကျန့်အား တိုက်ခိုက်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချူးကျန့်သည် ကြေးစားလူသတ်သမားတစ်ဖြစ်လဲ အနက်ရောင်သိုင်းသမားတစ်ယောက် ဖြစ်သည့်အားလျော်စွာ ကျင်းဝှက်၏လျှပ်တပြက် တိုက်ခိုက်ခြင်းကို လုံးဝမမှုပါ။

ထို့ကြောင့်…

သူသည် အေးဆေးစွာပင် ကျင်းဝှက်၏တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်သည်။

တစ်ဆက်တည်းပင် ကျင်းဝှက်အား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုကား ပြင်းထန်လှသည်။

ကျင်းဝှက်သည် ထိုလူ၏ပြင်းထန်သော တိုက်ခိုက်မှုအားမြင်တွေ့လိုက်ရသောအခါ ထိတ်လန့်သွားလေသည်။

ချူးကျန့်သည် ကောက်ကျစ်စဉ်းလဲပေသည်။

အလွန်ရက်စက်ကြမ်းကြုတ်သော လူသတ်သမားတစ်ယောက်ဖြစ်နေမှန်းလည်း သိလိုက်လေသည်။

ထို့ကြောင့်…

ကျင်းဝှက်သည် အစွမ်းကုန်ကြိုးစားကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သို့သော်…

ချူးကျန့်၏တိုက်ခိုက်မှုကား အားမာန်ကြီးနေပေသည်။

သူ မည်သို့မျှ ထိုးဖောက် တိုက်ခိုက်၍မရပါချေ။

ထို့ကြောင့်…



သူသည် နောက်သို့ဆုတ်၍သာ ရှောင်တိမ်းနေရသည်။

သူတို့သည် သိုင်းကွက်ဆယ်ကွက်မျှ ယှဉ်ပြိုင်တိုက်ခိုက်မိလာသည်။

ထိုအခါ ကျင်းဝှက်သည် ချူးကျန့်၏ ယှဉ်ပြိုင်ကိုက်ခိုက်မှုကိုသာ ကြိုးစားပြီး ခုခံကာကွယ်နေလေသည်။

သူသည် လုံးဝတုန့်ပြန်နိုင်ခြင်း မရှိပါချေ။

"ဟား..ဟား..ဟား"

ချူးကျန့်သည် ကျင်းဝှက် လက်ရည်ကျသွားသည်ကို တွေ့လိုက်ရသောအခါ အားပါးတရ ရယ်မောလိုက်သည်။

"သေပေတော့"

သူသည် ယင်းသို့ကြုံးဝါးလိုက်ပြီးနောက် သူ၏ဓားဖြင့် ပြင်းထန်စွာ ကျင်းဝှက်အား တိုက်ခိုက်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ကယ်တင်ရှင်

ကျင်းဝှက်သည် တစ်စထက်တစ်စ ခုခံနိုင်စွမ်း မရှိတော့ချေ။

သူသည် နောက်သို့သာ တရစပ် ဆုတ်နေရလေသည်။

ချူးကျန့်သည် သူ၏တိုက်ခိုက်မှုအား အဆုံးသတ်ရန် ဓားဖြင့်တရကြမ်း ဖိ၍တိုက်ခိုက်လိုက်သည်။

ထိုအခါ...

"ခြွမ်း"

ဟူသောအသံနှင့်အတူ ကျင်းဝှက်၏ဓားမှာ အဝေးသို့လွင့်စဉ်သွားလေသည်။

"ဟား...ဟား...ဟား"

ချူးကျန့်က သဘောကျစွာ ရယ်မောလိုက်လေသည်။



သူသည် အတန်ကြာ ရယ်မောနေသည်။

ထို့နောက်...

"ကဲ...မင်းဘာတတ်နိုင်သေးသလဲ"

ဟု ပြောလိုက်သည်။

တစ်ဆက်တည်းပင် သူသည် ကျင်းဝှက်ထံသို့ တစ်လှမ်းချင်း လှမ်းသွားလေသည်။

"ရပ်လိုက်"

ရုတ်တရက်...

သူ၏နောက်မှ လူတစ်ယောက်၏ဟန့်တားသံ ထွက်ပေါ်လာသည်။

ထို့ကြောင့်...

ကျင်းဝှက်နှင့်ချူးကျန့်တို့ ပြိုင်တူ လှမ်းကြည့်လိုက်သည်။

လူတစ်ယောက်သည် သူတို့အနီးသို့ ရောက်ရှိလာသည်။

ရောက်ရှိလာသူမှာ အဖြူရောင်ဝတ်ဆင်ထားသော လူငယ်တစ်ယောက်ဖြစ်သည်ကို တွေ့လိုက်ရသည်။

ထိုလူအား မြင်တွေ့လိုက်ရသောအခါ ချူးကျန့်၏မျက်နှာ ဟန်မဆောင်နိုင်အောင် ပျက်သွားလေသည်။

"ဟင်...သခင်လေးကျူးစုစင်းပါလား"

ဟုလည်း လွှတ်ခနဲ ပြောလိုက်မိသည်။

ကျင်းဝှက်သည် သခင်လေးကျူးစုစင်းဆိုသူအား ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ...

သူက ရွက်ကြွေမြစ်ကို ဖြတ်ကျော်အသွား လှေပေါ်သို့ အတင်း တက်လာသောလူငယ် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ထို့ကြောင့်...

ကျင်းဝက်သည် အလွန်အမင်း အံ့အားသင့်သွားလေသည်။

သူထင်ထားခဲ့သည်မှာ သခင်လေးကျူးစုစင်းသည် သန့်မာထွားကျိုင်းသော လူတစ်ယောက်သာဖြစ်သည်။

ယခုမူ...

သခင်လေးကျူးစုစင်းသည် ငယ်ရွယ်သော လုလင်ပျိုတစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ထိုအချိန်မှာပင်...

သခင်လေးကျူးစုစင်းက ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်ပြီး...

"ဟုတ်ပါတယ်၊ ကျုပ်နာမည် ကျူးစုစင်းပါ"

ဟု ပြောလိုက်သည်။

ချူးကျန့်သည် ပျက်နေသောမျက်နှာကို ကျွေပြန်ဆည်လိုက်ပြီး...

"သခင်လေးကျူးစုစင်း အခုလိုအခြေအနေမှာ တွေ့ရတာဝမ်းသာပါတယ်၊ ဒါကြောင့် သခင်လေးနဲ့ တစ်ပွဲတစ်လမ်းလောက် ယှဉ်ပြိုင်ချင်ပါတယ်"



သခင်လေးကျူးစုစင်းက မဲ့ပြုံးပြုံးလိုက်ပြီး...

"ခင်ဗျားရဲ့ဆန္ဒ ပြည့်ဝပါလိမ့်မယ်"

ဟု ပြောလိုက်သည်။

သူသည် ယင်းသို့ပြောပြီးသည်နှင့် ဓားဖြင့် ချူးကျန့်အား စတင်၍ တိုက်ခိုက်လိုက်လေသည်။

ချူးကျန့်သည်လည်း သခင်လေးကျူးစုစင်းအား သတိကြီးစွာဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့သည် မိမိရင်ဆိုင်နေသောသူမှာ နယ်နယ်ရရ သိုင်းသမားမဟုတ်ဘဲ ထိပ်တန်းသိုင်းသမားများဖြစ်ကြောင်း ကိုယ်စီ သိထားကြလေသည်။

ထို့ကြောင့်...

သူတို့၏တိုက်ခိုက်မှုကို လေးလေးနှင့်မှန်မှန် တိုက်ခိုက်ရင်းတစ်ယောက်၏ဟာကွက်ကိုသာ ရှာဖွေအကဲခတ်နေကြလေသည်။

* * *

သိုင်းကွက်ပေါင်း ခုနစ်ဆယ်ခန့်မှ တိုက်ခိုက်ပြီးဖြစ်သည်။

သို့သော် မည်သူကမျှ အသာမရပါချေ။

သခင်လေးကျူးစုစင်းသည် ယူနန်တောင်သို့ အချိန်မီသွားရမည်ဖြစ်၍ စိတ်ထဲတွင် ပူပန်လာလေသည်။

သခင်လေးကျူးစုစင်းသည် စိတ်ထဲ၌ ပူပင်သောကဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည်နှင့် သူ၏တိုက်ခိုက်မှုမှာ ဟာကွက်လေးများ မသိမသာပေါ်ထွက်လာလေသည်။

အတွေ့အကြုံ ရင့်ကျက်လှသော ချူးကျန့်သည် ထိုဟာကွက်အား တွေ့မြင်လိုက်သည်နှင့် သူသည် အခွင့်အရေးကို လက်လွှတ်မခံနိုင်ပါချေ။

ထို့နောက်...

သူ၏ဓားသည် သခင်လေးကျူးစုစင်း၏ ဟာကွက်ကြားမှ ထိုးဖောက် ဝင်ရောက်လာလေသည်။

ကျူးစုစင်းသည် မိမိကိုယ်ကို သတိပြုမိလိုက်လေသည်။

ထို့ကြောင့်...

သူသည် ကပျာကယာ ရှောင်တိမ်းလိုက်လေသည်။

သို့သော် သူသည် အနည်းငယ်မျှ နောက်ကျသွားလေ၏။ သူ၏နှုတ်မှ...

"အွန့်"

ဟူသောအသံ ထွက်ပေါ်လာ၏။

ချူးကျန့်၏ဓားသည် သူ၏ပခုံးပေါ်သို့ ထိုးစိုက်သွားလေသည်။

ဓားကို ပြန်ဆွဲနုတ်လိုက်သောအခါ သွေးများသည် သူ၏ပခုံးတစ်ခုလုံးတွင် ချင်းချင်းနီရဲသွားလေသည်။

နံဘေးတွင် ရပ်ကြည့်နေသော ကျင်းဝှက်သည် သခင်လေးကျူးစုစင်း ဒဏ်ရာရသွားသည်ကို တွေ့လိုက်ရသောအခါ...



သူသည် မနေနိုင်တော့ဘဲ မြေပြင်ပေါ်မှဓားအား ကောက်ယူလိုက်ပြီး ချူးကျန့်ထံသို့ ပြေးဝင်ကာ တိုက်ခိုက်လိုက်သည်။

ချူးကျန့်က မျက်မှောင်ကြုတ်သွားသည်။

"ဘာလဲ၊ မင်းကပါ သေချင်ပြီနဲ့တူတယ်"

သူသည် ယင်းသို့ကြုံးဝါးလိုက်ပြီး ကျင်းဝှက်အား တိုက်ခိုက်လိုက်သည်။

ကျင်းဝှက်သည် ကပျာကယာ နောက်ဆုတ်သွားလေသည်။

"မင်း ဘယ်ပြေးမလဲကွ"

ဟု ပြောလိုက်သည်။

ချူးကျန့်သည် ကျင်းဝှက်အား အပြတ်ရှင်းရန် ဆုံးဖြတ်လိုက်သည်။

ထို့နောက်...

သူသည် ကျင်းဝှက်အား တရကြမ်း တိုက်ခိုက်လိုက်လေသည်။

ကျင်းဝှက်သည် နောက်သို့သာ ဆုတ်နေရသည်။

ပခုံးတွင် ဒဏ်ရာရထားသည့် သခင်လေးကျူးစုစင်းသည် ကျင်းဝှက် အခြေအနေမှာ အန္တရာယ်ကြုံနေရသည်ကို တွေ့လိုက်ရသဖြင့် သူသည် ဓားကိုဘယ်ဘက်လက်ဖြင့်ကိုင်ကာ ချူးကျန့်အား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

"ဟား...ဟား...ဟား"

ချူးကျန့်သည် အားရပါးရ ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက်စလုံးကို ကျုပ်က သတ်ပစ်မယ်"

ဟုကြုံးဝါးရင်း ကျင်းဝှက်နှင့်သခင်လေးကျူးစုစင်းတို့အား ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

သခင်လေးကျူးစုစင်းမှာ ပခုံး၌ ဒဏ်ရာရထားသဖြင့် တိုက်ခိုက်မှုအား လျော့နေလေသည်။

ထို့ကြောင့်...

သူသည် နောက်သို့သာ ဆုတ်နေရသည်။

အခြေအနေမှာ အလွန်ဆိုးဝါးနေသည်ကို သခင်လေးကျူးစုစင်း ရိပ်စားမိလိုက်သဖြင့် သူသည် ကျင်းဝှက်အား...

"ကဲ..ကျုပ် ဟန့်တားထားပေးမယ်၊ ခင်ဗျား လွတ်အောင်သာ ပြေးပေတော့"

ဟု လှမ်း၍ သတိပေးလိုက်သည်။

ထိုအခါ ကျင်းဝှက်သည် သခင်လေးကျူးစုစင်းအား ကျေးဇူး တင်သည့် မျက်လုံးအစုံဖြင့် တစ်ချက်ကြည့်လိုက်သည်။

ထို့နောက်...

သူသည် ထွက်ပြေးခြင်းမရှိသည့်အပြင် ချူးကျန့်အား ပို၍ ကြိုးစားတိုက်ခိုက်နေသည်။

"လွတ်အောင်ပြေးပါ၊ ခင်ဗျား သူ့ကိုနိုင်မှာမဟုတ်ဘူး"

သခင်လေးကျူးစုစင်းက ထပ်မံသတိပေးလိုက်သည်။

ထိုစဉ် ကျင်းဝှက်သည် သူ၏ဆရာသင်ကြားပေးလိုက်သော ဝိညာဉ်မျောလွင့်သိုင်းကွက်ကို သတိရလာသည်။



ထို့နောက်...

သူသည် လျှပ်တပြက် သိုင်းကွက်ပြောင်းလိုက်သည်။

သူ၏ခန္ဓာကိုယ်သည် ယိမ်းကာနွဲ့ကာဖြင့် ချူးကျန့်အား တိုက်ခိုက်လိုက်လေတော့သည်။

* * *

ကျင်းဝှက်၏ဝိညာဉ်မျောလွင့် သိုင်းကွက်သည် အလွန်ပျော့ပျောင်းပြီး တစ်ဘက်လူများကို မျက်စိနောက်စေလေသည်။

အချိန်ကြာလာသောအခါ ချူးကျန့်သည် ဦးခေါင်းတစ်ခုလုံး ချာချာလည်သွားလေသည်။

သူသည် အားမာန်ဖြင့် ကျင်းဝှက်အား တိုက်ခိုက်နေသော်လည်း သူ၏ဓားက လေထဲကိုသာ ခုတ်မိနေသည်။

သခင်လေးကျူးစုစင်းသည် အခွင့်ကောင်း စောင့်ပြီး သူ၏ လက်ထဲမှဓားဖြင့် လျှပ်တပြက် ပစ်သွင်းလိုက်သည်။

"ယား"

ချူးကျန့်သည် မမျှော်လင့်ဘဲ ဖြစ်သွားသဖြင့် ကပျာကယာ ရှောင်တိမ်းလိုက်ရာ ကျင်းဝှက်၏ဓားက သူ၏ရင်ဝသို့ တိတ်တဆိတ် တိုးဝင်သွားလေသည်။

"အား"

ချူးကျန့်မှာ တစ်ချက်အော်လိုက်ပြီး မြေပေါ်သို့လဲကျသွား

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ကျင်းဝှက်သည် အမှတ်မထင် အနိုင်ရလိုက်သဖြင့် ကြောင် အမ်းအမ်းဖြစ်သွားသည်။

ကျူးစုစင်းက...

"ခင်ဗျားက ဘယ်သူလဲ၊ ယူနန်တောင်ကို သွားမလို့နဲ့တူ တယ်"

ကျင်းဝှက်က ကျူးစုစင်းအား ဦးညွှတ်လိုက်ပြီး...

"ဟုတ်ကဲ့၊ ကျုပ်နာမည်က ကျင်းဝှက်ပါ၊ ယီထင်းကျောက် ဟာ ကျွန်တော့်ရဲ့ဖခင်ပါ၊ သူ့ရဲ့လုပ်ရပ်တွေကို သဘောမကျတာနဲ့ တခြားမှာသွားနေတာပါ၊ အခုလည်း သူ့ရဲ့လုပ်ရပ်ကို ဟန့်တားချင် တာနဲ့ ယူနန်တောင်ကို လိုက်သွားမလို့ပါ"

ဟု ပြောလိုက်သည်။

သခင်လေးကျူးစုစင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း...ယီထင်းကျောက်ကသာ ခင်ဗျားလို သဘောပေါက် နားလည်ရင် ဘယ်လောက်ကောင်းမလဲ၊ အခုတော့"

သူသည် ဝန်းကျင်သို့ တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး...

"ကဲ...အကျိုးမဲ့ အချည်းနှီး သတ်ဖြတ်မှုကိုတားရအောင် ကျုပ်တို့ သွားကြပါစို့လားဗျာ"

သူတို့သည် ပခုံးချင်းယှဉ်၍ ယူနန်တောင်သို့ ထွက်ခွာသွား ကြလေသည်။

* * *



## ယူနန်တောင်ခရီးသွား

ယူနန်တောင်...။

ယူနန်တောင်သည် လူသူအရောက်အပေါက် နည်းပါးပြီး သားရဲတိရစ္ဆာန်များ၊ ဘယဆေးပင်များ ပေါများသော တောင်တန်း ကြီးအဖြစ် လူသိများလေသည်။

ယီထင်းကျောက်က ယူနန်တောင်သို့ ချိန်းဆိုလိုက်သည်မှာ အဘယ်ကြောင့်ပါနည်း။

ကောင်းကျင်းစန်းက ယီထင်းကျောက် အသက်ရှင်နေသေး သရွေ့ သိုင်းလောကအရေး ရတက်အေးရမည်မဟုတ်မှန်း နားလည် ထားရကား ယူနန်တောင်တန်းသို့သွားကာ ရင်ဆိုင်ရန် ဆုံးဖြတ်လိုက် လေသည်။

ထို့နောက် မည်သူ့ကိုမျှ အသိမပေးဘဲ ယူနန်တောင်တန်း သို့ထွက်လာခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



လမ်းတလျှောက် အေးချမ်းသာယာနေ၏။

ကောင်းကျင်းစန်းက ယူနန်တောင်တန်းသို့ ချိန်းထားသည့် အချိန်ထက်စောကာ ထွက်လာခဲ့ခြင်းဖြစ်သည်။

ယူနန်တောင်တန်းသို့သွားရာ လမ်းခရီး၌ သူ၏မိတ်ဆွေ အချို့ရှိနေသည် မဟုတ်ပါလား။

ခရီးသွားလမ်းကြုံ မိတ်ဆွေများထံ ဝင်ရောက်လည်ပတ်ရန် စိတ်ကူးထားခြင်းကြောင့် ဖြစ်သည်။

ကောင်းကျင်းစန်း ခရီးနှင်လာရင်း ကျင့်ရှမ်းမြို့ကလေးသို့ ရောက်ရှိလာလေတော့သည်။

* * *

ကျင့်ရှမ်းမြို့....။

ကျင့်ရှမ်းမြို့သည် စိန်လျှံခြံဝင်းကြောင့် တောမြို့ကလေး ဖြစ်သော်လည်း လူသိများ ထင်ရှားမှုရှိလေသည်။

စိန်လျှံခြံဝင်းသည် မြင်းများ မွေးမြူသောခြံဝင်းဖြစ်သည်။

စိန်လျှံခြံဝင်းမှ မြင်းများကို သိုင်းလောကသားများက အလွန်နှစ်သက်ကြသဖြင့် ဈေးကောင်းရလေသည်။

စိန်လျှံခြံဝင်းပိုင်ရှင် သူဌေးကြီးစိန်လျှံမှာ ကောင်းကျင်းစန်းနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်လေသည်။

ကောင်းကျင်းစန်း ရောက်သွားချိန်၌ စိန်လျှံခြံဝင်းမှာ ထူး



ထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ကောင်းကျင်းစန်း အံ့ဩသွားလေသည်။

"အရင်ကဆိုရင် စိန်လျှံခြံဝင်းမှာ မြင်းဟီသံတွေ ဆူညံနေတယ်၊ အလုပ်သမားတွေကော မြင်းလာဝယ်တဲ့ သိုင်းလောကသားတွေကော စည်ကားနေလေ့ရှိတယ်၊ ခုတော့ ဘာကြောင့် တိတ်ဆိတ်နေတာလဲ"

စိန်လျှံခြံဝင်း တိတ်ဆိတ်ငြိမ်သက်နေခြင်းနှင့် ပတ်သက်ပြီး ကောင်းကျင်းစန်း သံသယဝင်လာလေသည်။

ခြံဝင်းထဲသို့ သတိကြီးစွာထားကာ ဝင်လိုက်သည်။

အလုပ်သမားများ၏ အရိပ်အယောင် မတွေ့ရပါ။

စားကျက်လွှန်ထားသော မြင်းများလည်း တစ်ကောင်တစ်လေမျှ မတွေ့ရပါ။

ကောင်းကျင်းစန်းက သူ၏မိတ်ဆွေ ခြံဝင်းပိုင်ရှင် စိန်လျှံနေထိုင်သည့် အဆောက်အဦးကြီးကို လှမ်းကြည့်လိုက်လေသည်။

အဆောက်အဦးကြီးမှာလည်း တိတ်ဆိတ်နေပြီး လူရိပ်လူရောင်မတွေ့ရပါချေ။

"ဘယ်သူမှ မရှိကြတော့ဘူးလား"

ကောင်းကျင်းစန်း ရရွတ်လိုက်စဉ်မှာပင်...

"ကျုပ် ရှိပါသေးတယ်"

စကားသံနှင့်အတူ ခါးကုန်းကြီးတစ်ယောက် ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျင်းစန်းက...

"ခင်ဗျားက.."

"ကျုပ်က ခြံစောင့်ကြီးပါ"

"ဪ"

ခြံစောင့်ကြီးတစ်ယောက်ကို တွေ့လိုက်ရသဖြင့် ကောင်းကျင်းစန်း ဝမ်းသာသွားလေသည်။

သတင်းစုံစမ်း၍ ရနိုင်တော့မည် မဟုတ်ပါလား။

"ခြံဝင်းကြီးက ဘာကြောင့်များ သည်လောက်တောင် တိတ်ဆိတ်နေရတာလဲဗျာ၊ ခြံဝင်းပိုင်ရှင် စိန်လှိုင်ကကော ဘယ်ရောက်သွားသလဲဗျ"

ခြံစောင့်ကြီးက...

"သခင်ကြီးစိန်လှိုင် သေဆုံးသွားပါပြီဗျာ"

"ဟင်"

ကောင်းကျင်းစန်း အံ့သြသွားရပြန်လေသည်။

"စိန်လှိုင် သေဆုံးသွားပြီ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်လိုဖြစ်ရတာလဲ၊ ပြောပါဦး"

"မကြာသေးခင်က လူတစ်ယောက် ရောက်လာပြီး ခြံဝင်းကိုတိုက်ခိုက် ဖျက်ဆီးသွားတာပါ"

"ဘယ်သူလဲ"

"ဂိုဏ်းတစ်ရာဂိုဏ်းချုပ် ယိထင်းကျောက်လို့ ပြောပါတယ်"



"တောက်"

ယိထင်းကျောက်ဟူသော အမည်ကြားလျှင် ကောင်းကျင်းစန်း ဒေါသထွက်ကာ တက်ခေါက်လိုက်လေတော့သည်။

ခြံစောင့်ကြီးက...

"ယိထင်းကျောက်ဆိုတဲ့လူ ရောက်လာပြီး သခင်ကြီးကို သူ့စကားနားမထောင်ရင် ခြံဝင်းကို ဖျက်ဆီးပစ်မယ်လို့ ခြိမ်းခြောက်ခဲ့ပါတယ်၊ သခင်ကြီးက လက်မခံဘဲ ငြင်းလိုက်လို့ နောက်တစ်နေ့သန်းခေါင်အချိန်မှာ ယိထင်းကျောက်က တိုက်ခိုက်ဖျက်ဆီးခဲ့တာပါပဲ"

ကောင်းကျင်းစန်းက..

"စိန်လှိုင်ရဲ့ သိုင်းပညာက ယိထင်းကျောက်ကို မယှဉ်နိုင်စရာအကြောင်းမရှိပါဘူး"

ခြံစောင့်ကြီးက...

"သခင်ကြီးက ယိထင်းကျောက်ကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားပေမယ့် ဘယ်ကဘယ်လို အဆိပ်မိသွားတယ် မဆိုနိုင်ပါဘူး"

"ဪ"

ယိထင်းကျောက်သည် စိန်လှိုင်အား အကောက်ကြံခဲ့ခြင်းဖြစ်ရမည်ဟု ကောင်းကျင်းစန်း တွက်ဆမိလိုက်လေသည်။

ခြံစောင့်ကြီးက...

"ဆရာကြီး ဘယ်သူဘယ်ဝါဆိုတာလေး မသိရဘူးလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလာလေသည်။

ကောင်းကျင်းစန်းက...

"ကျုပ်က ကောင်းကျင်းစန်းပါ။ ခြဝင်းပိုင်ရှင်စိန်လှုံနဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ပါ။ ကျုပ်ကလည်း ယိထင်းကျောက်နဲ့ယှဉ်ပြိုင်ဖို့ ချိန်းထားလို့လာခဲ့တာပါ။ ခြဝင်းပိုင်ရှင်မရှိတော့ဘူးဆိုရင်လည်း ကျုပ်သွားတော့မယ်"

"ကောင်းပါပြီဗျာ"

ခြံစောင့်ကြီးက ကောင်းကျင်းစန်းကို ခြဝင်းအပြင်ဘက်သို့တိုင် လိုက်လံပို့ဆောင် ပေးလိုက်လေတော့သည်။

* * *

ကောင်းကျင်းစန်းသည် ယူနန်တောင်တန်းသို့သွားရာ လမ်းတလျှောက်၌ ရင်းနှီးသော မိတ်ဆွေများထံသို့ ဝင်ရောက်လည်ပတ်ခဲ့လေသည်။

သို့သော်...

သူ၏မိတ်ဆွေများမှာ ယိထင်းကျောက်၏လက်ချက်ဖြင့် သေဆုံးကုန်ကြသည်ကို သိရသဖြင့် ဒေါသထွက်လာလေသည်။

ယူနန်တောင်တန်းသို့ အမြန်ဆုံးသွားရောက်ကာ ယိထင်းကျောက်နှင့်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

ကောင်းကျင်းစန်း ခရီးပြင်းနှင်ရင်း မြို့ကလေးတစ်မြို့သို့



ရောက်ရှိသွားပြန်သည်။

ယူနန်တောင်တန်းနှင့် တစ်စထက်တစ်စ နီးကပ်လာပြီဖြစ်လေသည်။

မြို့ကလေးမှာ စည်ကားသိုက်မြိုက်နေ၏။

ကောင်းကျင်းစန်းက မြို့ထဲရောက်လျှင် လမ်းကြားထဲမှ လူတစ်ယောက်ထွက်လာပြီး...

"ဆရာကြီးက ကောင်းကျင်းစန်း မဟုတ်လားဗျာ"

ဟု မေးလာလေသည်။

ကောင်းကျင်းစန်း အံ့ဩသွား၏။

"ဟုတ်တယ်၊ ကျုပ်က ကောင်းကျင်းစန်းပဲ၊ ကျုပ်က မင်းကို မသိပေမယ့် မင်းက ကျုပ်ကိုသိနေပါလား။ ဟဲ မင်းက ဘယ်သူလဲ ပြောပါဦး"

ထိုလူက...

"ကျုပ်က ကျောက်ဖြူနန်းပါ၊ ဆရာကြီးဝမ်းထုံရဲ့ တပည့်ပါ"

"ဟင်"

ဆရာကြီးဝမ်းထုံဆိုသောအမည်ကြောင့် ကောင်းကျင်းစန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"သိမ်းငှက်သိုင်းသမားဝမ်းထုံ ဟုတ်လား"

ကျောက်ဖြူနန်းဆိုသူက...

"ဟုတ်ပါတယ်ဗျာ"

"ဝမ်းထုံက မင်းကို လွှတ်လိုက်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဆရာကြီး သည့်မြို့ထဲဝင်လာတာ တွေ့လို့ ခေါ်နိုင်းလိုက်တာပါ"

"သူက..."

"မြို့အဝင်လမ်းဘေးက အိမ်တစ်လုံးမှာ ရှိနေပါတယ်ဗျာ"

"ကောင်းပြီ၊ ကျုပ်လိုက်တွေ့မယ်"

ကောင်းကျင်းစန်းက လိုက်သွားရန် သဘောတူလိုက်လေသည်။

သိမ်းငှက်သိုင်းသမားဝမ်းထုံသည် တစ်ချိန်က လျှမ်းလျှမ်းတောက်ကျော်ကြားသူ တစ်ဦးဖြစ်ခဲ့သည်။

နောက်ပိုင်းတွင် သိုင်းလောကကို ကျောခိုင်းကာ ဓာတ်မြုပ်သွားသူဖြစ်လေသည်။

ဝမ်းထုံ ဓာတ်မြုပ်သွားရသည့် အကြောင်းရင်းကို လူအများကအမျိုးမျိုး ပြောဆိုဝေဖန်ခဲ့ကြလေသည်။

သို့သော် မည်သူကမျှ တိတိကျကျ ပြောဆိုနိုင်ခဲ့ကြသည် မဟုတ်ချေ။

ကောင်းကျင်းစန်းကိုယ်တိုင်လည်း ဝမ်းထုံ ဓာတ်မြုပ်သွားရသည့် အကြောင်းရင်းကို တိတိကျကျ မသိခဲ့ပါချေ။

ကောင်းကျင်းစန်းသည် ကျောက်ဖြူနန်းနှင့်လိုက်သွားရင်း မြို့အဝင်လမ်းနံဘေးရှိ ခြံဝင်းကြီးတစ်ခုသို့ ရောက်ရှိသွားခဲ့လေတော့သည်။

* * *



စိမ်းလန်းသော သစ်ပင်စားပင်များ ဖုံးလွှမ်းပြီး အဆိုပ်အာဝါသကောင်းလှသော ခြံဝင်းကြီး ဖြစ်လေသည်။

ခြံဝင်းအတွင်း၌ ရှေးမူလက်ရာအဆောက်အဦးကြီးတစ်ခု ရှိ လေသည်။

ခြံဝင်းအတွင်း၌ လူသူကင်းရှင်းကာ တိတ်ဆိတ်နေ၏။

ကျောက်ဖြူနန်းက ထိုခြံဝင်းကြီးအတွင်းသို့ ကောင်းကျင်းစန်းအားခေါ်ဆောင်သွားခြင်း ဖြစ်လေသည်။

ခြံဝင်းထဲရောက်သွားပြီး အဆောက်အဦးကြီးဆီသို့ ဦးတည်သွားလိုက်ကြစဉ်...

"ခင်ဗျား ရောက်လာပြီကိုး"

စကားသံနှင့်အတူ ပန်းရုံများကြားမှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ခန္ဓာကိုယ် ထွားကျိုင်းကြီး သိမ်းငှက်ကြီးတစ်ကောင်နှင့်တူသူ ဖြစ်သည်။

သူ၏သိုင်းပညာသည်လည်း သိမ်းငှက်များ၏ လှုပ်ရှားပုံကို အတုယူကာ တီထွင်လေ့ကျင့်ထားသောပညာဖြစ်သည်။

ထိုလူကား သိုင်းလောကမှ အနားယူသွားသော သိမ်းငှက်သိုင်းသမားဝမ်းထုံ ဖြစ်လေသည်။

ကောင်းကျင်းစန်း ဝမ်းသာသွားလေသည်။

"မိတ်ဆွေဝမ်းထုံ..နေကောင်းတယ်နော်"

သိမ်းငှက်သိုင်းသမားဝမ်းထုံက...

www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းပါတယ်ဗျာ၊ ခင်ဗျားရောက်လာတာကို မမျှော်လင့်ဘဲတွေ့လိုက်ရလို့ အတော်ကို ဝမ်းသာသွားတာ၊ ယူနုန်တောင်တန်းမှာ ခင်ဗျားနဲ့ ဂိုဏ်းတစ်ရာဂိုဏ်းချုပ်ယိထင်းကျောက်တို့ ယှဉ်ပြိုင်ကြမယ်ဆိုတဲ့ သတင်းကလည်း ဟိုးလေးတကြော်ပဲဗျ"

"ဩော်"

"ယူနန်တောင်တန်းဒေသဟာ ယိထင်းကျောက်ရဲ့ မွေးရပ်ဇာတိဒေသဆိုတာ မိတ်ဆွေကြီး သိသလား"

"ဟင်"

ကောင်းကျင်းစန်း အံ့သြသွားလေသည်။

ဝမ်းထုံက...

"သူက သည်အရပ်ဒေသကို ချိန်းလိုက်တာ မိတ်ဆွေကြီးကို ဒုက္ခပေးဖို့ပဲ"

ကောင်းကျင်းစန်း အံ့ကြိတ်လိုက်၏။

"ကျုပ်က သူ့ကိုမကြောက်သေးပါဘူးဗျာ"

ဝမ်းထုံက...

"ယိထင်းကျောက်ကို အထင်သေးလို့မရဘူးနော်၊ သူက စည်းရုံးသိမ်းသွင်းထားတဲ့ အမှောင်ဂိုဏ်းတွေက စုစည်းမိသွားပြီး တစ်ချိန်မှာ အာခံကြမယ့်သဘော ရှိနေတာကို ရိပ်မိတာနဲ့ အေးချမ်းတောင်ကြားတိုက်ပွဲမှာ နှစ်ဘက်စလုံးကို ဒုက္ခပေးလိုက်တာပဲ"

အေးချမ်းတောင်ကြားတိုက်ပွဲ၌ ယိထင်းကျောက်တို့ဘက်မှ အသာစီးရခဲ့သည်ဟု ဆိုနိုင်သည်။



သို့ပါလျက်...

ယိထင်းကျောက်က မြင်းလှည်းကြီးအား ဖောက်ခွဲပစ်ကာ နှစ်ဘက်စလုံး သေကြေပျက်စီးကုန်အောင် ဖန်တီးခဲ့လေသည်။

ယိထင်းကျောက်၏ လုပ်ရပ်ကြောင့် ဩဇာရှိသော အမှောင်ဂိုဏ်းများမှ ခေါင်းဆောင် အများအပြား ယမ်းပေါက်ကွဲရာ၌ ပါဝင်သွားကြသကဲ့သို့ အေးချမ်းတောင်ကြားမှ သိုင်းသမားသုံးပုံတစ်ပုံလည်း ပါသွားခဲ့လေသည်။

အေးချမ်းတောင်ကြား၊ ခြသေ့ဂိုဏ်းနှင့်ကောင်းကျင်းစန်းတို့လူစု အနိုင်ရခဲ့သည်ဆိုသော်လည်း ထိခိုက်ကျဆုံးမှု အလွန်များပြားခဲ့သည်ဟု ဆိုနိုင်ပါတော့သည်။

ယိထင်းကျောက်မှာ အလွန် ကောက်ကျစ်စဉ်းလဲပြီး ကြောက်စရာကောင်းသူ ဖြစ်နေပါတော့သည်။

ဝမ်းထုံက...

"ယိထင်းကျောက်ရဲ့ ရည်ရွယ်ချက်က အေးချမ်းတောင်ကြားကို ဖျက်ဆီးဖို့နဲ့ သူ့ကိုအာခံမယ့် အမှောင်လမ်းက ခေါင်းဆောင်တစ်ချို့ကို ဆုံးမဖို့ပဲ"

ကောင်းကျင်းစန်း ပြုံးလိုက်သည်။

"သူက ကျုပ်ကို သဘောကျတာလည်း မဟုတ်ပါဘူးဗျာ"

ဝမ်းထုံက...

"မှန်လိုက်တာဗျာ၊ ယိထင်းကျောက်ဟာ သူ့ရဲ့အသက်သေချင်သေပါစေ၊ မိတ်ဆွေကြီးကို ဆုံးမရရင် ကျေနပ်ပြီလို့ ကြွေး

www.burmeseclassic.com

www.burmeseclassic.com



ကြော်နေတယ်လို့ ကျုပ် သတင်းကြားမိတယ်"

ကောင်းကျင်းစန်းက...

"ဘယ်သူက ဆုံးမနိုင်မလဲဆိုတာ ယူနန်တောင်မှာ အဖြေပေါ်လာမှာပဲ"

ဟု ပြတ်ပြတ်သားသား ပြောလိုက်လေသည်။

ဝမ်းထိုက...

"မိတ်ဆွေကို ကျုပ်တစ်ခုတော့ သတိပေးချင်ပါတယ်"

"ပြောပါဗျာ"

"အေးချမ်းတောင်ကြားမှာ အမှောင်လမ်းကလူတွေ သေဆုံးသွားကြသလို ဂိုဏ်းတစ်ရာဂိုဏ်း ပျက်စီးချုပ်ငြိမ်းသွားတယ်ဆိုပေမယ့် ဒါ တကယ်မဟုတ်ဘူးဗျ"

"ဗြော်"

ကောင်းကျင်းစန်း ဦးခေါင်း တဆတ်ဆတ်ညိတ်ပြီး မေးလိုက်လေသည်။

"သူတို့အကြောင်းကို ခင်ဗျား ဘယ်လောက်သိထားသလဲဆိုတာ ပြောပါဦး"

ဝမ်းထိုက...

"ယိထင်းကျောက်က အေးချမ်းတောင်ကြားကို ခေါ်မသွားဘဲ ချန်ထားပစ်ခဲ့တဲ့ အမှောင်ဂိုဏ်းတစ်ချို့ ရှိသေးတယ်၊ သည်ဂိုဏ်းတွေဟာ ယိထင်းကျောက်ရဲ့ အမာခံဂိုဏ်းတွေပဲ၊ ယိထင်းကျောက်လည်း အသက်ရှင်နေသေးတယ်"



"ဂိုဏ်းတစ်ရာဂိုဏ်း ပျက်စီး ချုပ်ငြိမ်းမသွားသေးဘဲ အသက်ဝင်နေသေးတယ် ဆိုပါတော့"

"ဟုတ်တယ်၊ သူတို့ဟာ ယူနန်တောင်တန်းကို ခြေကုပ်ယူပြီး သိုင်းလောကကိုဆက်ပြီး ဒုက္ခပေးကြမှာ"

"ကိစ္စမရှိဘူး၊ သူတို့ကို ကျုပ်ဆုံးမလိုက်ပါ့မယ်ဗျာ"

ကောင်းကျင်းစန်းက အမှုမထားသည့်လေသံဖြင့် ပြောလိုက်လေသည်။

ဝမ်းထိုက...

"ခင်ဗျားက သိုင်းသမားပီသစွာ ရင်ဆိုင်မယ်ဆိုပေမယ့် သူတို့ကတော့ ခင်ဗျားကို ဒုက္ခပေးဖို့ နည်းမျိုးစုံနဲ့ ဒုက္ခပေးကြမှာဗျ"

ကောင်းကျင်းစန်း ဘာမှမပြောဘဲ နေလိုက်လေသည်။

ဝမ်းထိုက ဆက်ပြောသည်။

"ယိထင်းကျောက်ဟာ ယူနန်တောင်တန်းဒေသမှာ အခြေချတော့မယ်ဆိုတာနဲ့ သည်အရပ်ဒေသက အဖြူရောင်သိုင်းသမားတွေကို ဦးဆုံး ဒုက္ခပေးတော့တာပဲ"

ကောင်းကျင်းစန်းက...

"အထူးသဖြင့် ကျုပ်နဲ့ ခင်မင်ရင်းနှီးတဲ့လူတွေ ဒုက္ခပေးခံရတာပေါ့လေ"

ဝမ်းထို သက်ပြင်းချကာ...

"ကျုပ်လည်း တစ်ယောက်အပါအဝင်ပေါ့ဗျာ"

ကောင်းကျင်းစန်းက သူ့ကိုကြည့်လိုက်သောအခါ မချိပြုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြုံးပြလိုက်လေသည်။

ကောင်းကျင်းစန်းက...

"ခင်ဗျားကို ဘယ်လိုဒုက္ခပေးသွားတာလဲ၊ ပြောပါဦးဗျာ"

ဟု မေးလိုက်သည်။

ဝမ်းထုံက...

"ရှင်းရှင်းကလေးပါ၊ တစ်ညမှာ ကျုပ်ရဲ့သိုင်းသင်တန်းကျောင်းကို လူဆိုးတွေဝင်ပြီး တိုက်ခိုက်ဖျက်ဆီးကြတယ်၊ သာမန်လူဆိုးတွေထင်ပြီး ထွက်တိုက်တော့မှ ထိပ်တန်းသိုင်းပညာရှိတဲ့ လူတွေဆိုတာ သိလိုက်ရတာ၊ ယိထင်းကျောက်နဲ့ အမှောင်ဂိုဏ်းခေါင်းဆောင်သုံးယောက် ဦးဆောင်လာတာ"

ပြောရင်း ခံပြင်းဒေါသထွက်လာဟန် ရှိလေသည်။

ကောင်းကျင်းစန်း ငြိမ်နေလိုက်၏။

ဝမ်းထုံ အံကြိတ်ကာ ဆက်ပြောလိုက်သည်။

"ကျုပ်ရဲ့ သိုင်းကျောင်းကလူတွေ ရက်ရက်စက်စက် အသတ်ခံလိုက်ရတယ်၊ ကျုပ်နဲ့ကျောက်ဖြူနီးက အချိန်မီ ထွက်ပြေးရှောင်တိမ်းနိုင်ခဲ့လို့ လွတ်မြောက်လာခဲ့တာ၊ သူတို့က လူသတ်လို့အားမရသေးဘူး ကျုပ်ရဲ့သိုင်းကျောင်းကိုပါ မီးရှို့ဖျက်ဆီးပစ်လိုက်ကြတယ်လေ"

ကောင်းကျင်းစန်းက...

"သိပ်လည်း စိတ်မပျက်ပါနဲ့ဗျာ၊ ယိထင်းကျောက်ကို ကျုပ်ဆုံးမပေးပါ့မယ်"



ဟု အားပေးစကား ပြောလိုက်လေသည်။

ဝမ်းထုံက...

"ကျုပ်လည်း မိတ်ဆွေနဲ့အတူ ယွနစ်တောင်တန်းကို လိုက်ခဲ့ပါရစေ"

ဟု တောင်းဆိုလိုက်၏။

ကောင်းကျင်းစန်း လက်မခံပါချေ။

"အန္တရာယ်များလှပါတယ်ဗျာ၊ မိတ်ဆွေ မလိုက်ချင်ပါနဲ့၊ ကျုပ်က ယိထင်းကျောက်ကို ဆုံးမနိုင်ပါတယ်"

ဝမ်းထုံက...

"ဒါဖြင့် ကျုပ်က မိတ်ဆွေကို တခြားနည်းလမ်းနဲ့ ကူညီပါရစေ"

"ဘယ်လို နည်းလမ်းများလဲဗျာ"

"ကျုပ်ရဲ့အိမ်ထဲ ဝင်ပါဦး"

ဝမ်းထုံက ဖိတ်ခေါ်လိုက်လေသည်။

ကောင်းကျင်းစန်းလည်း လက်ခံလိုက်မလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းထုံသည် ယိထင်းကျောက်အား ဆုံးမနိုင်တော့မည်ဖြစ်၍ ဝမ်းသာနေ၏။

ကောင်းကျင်းစန်းကို အိမ်ထဲဖိတ်ခေါ်ကာ လိုလေသေးမရှိ ကျွေးမွေးပြုစုလေသည်။

စားပွဲပေါ်၌ အရက်၊ စားသောက်ဖွယ်ရာများ အလျှံပယ် ဖြစ်နေသည်။

"ကဲ မိတ်ဆွေကြီး ခရီးပန်းလာတယ်ဆိုတော့ အေးအေး ဆေးဆေး အနားယူ စားသောက်လိုက်ပါဦးဗျာ"

"ကျေးဇူးပဲ"

ကောင်းကျင်းစန်းလည်း ယိထင်းကျောက်၏အကြောင်းကို စုံစမ်းသိရှိလိုသဖြင့် ဝမ်းထုံနှင့် အေးအေးဆေးဆေး စကားပြောရန် ဆုံးဖြတ်ထားလေသည်။

ဝမ်းထုံ ညွှန်ခံကျွေးမွေးသမျှ စားသောက်လိုက်လေသည်။

စားသောက်ပြီးစီးသွားတော့မှ...

"ကဲ ယိထင်းကျောက်အကြောင်းကို ခင်ဗျား ဘယ်လောက် သိထားသလဲ၊ ပြောပါဦး"

ဟု မေးလိုက်လေသည်။

ဝမ်းထုံက...

"သူက ယူနန်တောင်တန်းကို မသွားသေးဘူးဗျ၊ ကွေ့ညံ့မြို့မှာ ခဏနေထိုင်တယ်လို့ သတင်းရထားတယ်"

"ကွေ့ညံ့မြို့"



"ဟုတ်တယ်"

"ကွေ့ညံ့မြို့မှာ ကျုပ်ရဲ့မိတ်ဆွေတစ်ချို့ ရှိနေတာပဲ"

ဝမ်းထုံက...

"သူတို့ကို မမျှော်လင့်ပါနဲ့တော့ဗျာ၊ ခုချိန်လောက်ဆိုရင် ယိထင်းကျောက်ရဲ့လက်စာ မိသွားလောက်ပါပြီ"

ထိုစကားကြောင့် ကောင်းကျင်းစန်း စိတ်မကောင်းဖြစ်သွား လေသည်။

ဝမ်းထုံက...

"ယိထင်းကျောက်က ကွေ့ညံ့မြို့ အရှေ့ဘက်ကဘုံကျောင်း လေးတစ်ခုကို အပိုင်စီးထားတာ၊ သူက ရသေ့ကြီးတစ်ပါးလို ရုပ် ပြောင်းထားတယ်၊ သူတစ်ယောက်ထဲ နေထိုင်တယ်လို့ သတင်းရ တာပဲ"

ကောင်းကျင်းစန်း စိတ်ဝင်စားသွားလေသည်။

ဝမ်းထုံက...

"ယိထင်းကျောက်ဟာ ဘုံကျောင်းလေးကနေပြီး သူ့ရဲ့ လူတွေ၊ ဆွေမျိုးတွေကို ညွှန်ကြားနေတာ၊ များသောအားဖြင့်တော့ သူတစ်ယောက်ထဲ ရှိနေတတ်တာ များတယ်၊ ခင်ဗျားက ဘုံ ကျောင်းလေးကို ဘယ်သူမှမသိအောင် သွားနိုင်ရင်တော့ ယိထင်း ကျောက်နဲ့ တစ်ယောက်ချင်းတွေ့မှာ သေချာတယ်"

"ကောင်းတယ်..ကောင်းတယ်"

ကောင်းကျင်းစန်း ကျေနပ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ကျုပ် ကွေ့ညံမြို့ကို သွားမယ်"

ပြောပြီး ထိုင်ရာမှထလိုက်လေသည်။

ဝမ်းထုံက...

"မိတ်ဆွေကြီး သွားတော့မလို့လားဗျာ"

"ဟုတ်တယ်ဗျို့၊ ယိထင်းကျောက် ထွက်ပြေးသွားမှာ၊ ဒါ ကြောင့် အမြန်ဆုံးသွားမှ ဖြစ်မယ်"

ဝမ်းထုံက...

"ဒါဆိုလည်း ကျုပ်မတားတော့ပါဘူး"

ထို့နောက် ကောင်းကျင်းစန်းအား မြို့ဝသို့တိုင် လိုက်လံပို့ ဆောင်ပေးလိုက်လေတော့သည်။

* * *

ဝမ်းထုံ၏ခြံဝင်းသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

ကောင်းကျင်းစန်းက ဝမ်းထုံအား ယုံကြည်ထားသည်။

ကွေ့ညံမြို့သို့ အမြန်ဆုံး အရောက်သွားကာ ယိထင်း ကျောက်၏ အခြေအနေကို အကဲခတ်ရန် ဆုံးဖြတ်လိုက်လေသည်။

ကွေ့ညံမြို့သို့ အမြန်ဆုံး အရောက်သွားနိုင်ရန်အတွက် ဝမ်းထုံထံမှ မြင်းတစ်ကောင် အကူအညီတောင်းခဲ့သည်။

ကောင်းကျင်းစန်းက ဝမ်းထုံ ပေးလိုက်သောမြင်းဖြင့် ထွက်



လာခဲ့ရာ မြို့ပြင်တောအုပ်တစ်ခုသို့ ရောက်လာလျှင် ဦးခေါင်းများ မူးဝေကာ ရင်ထဲတင်းကြပ်လာသည်ဟု ခံစားလိုက်ရလေသည်။

"ဘယ်လိုဖြစ်တာပါလိမ့်"

ချက်ချင်းပင် သွေးကြောများကို စမ်းသပ်ကြည့်လိုက်၏။

ဤတွင် အဆိပ်မိထားပြီဖြစ်ကြောင်း စစ်ဆေးတွေ့ရှိလိုက် လေတော့သည်။

"ငါ အဆိပ်မိထားပါလား"

မည်သည့်နေရာက အဆိပ်မိခဲ့ပါသနည်း။

ကောင်းကျင်းစန်းက အသက်ပြင်းပြင်း ရှူရှိုက်ပြီး အန်ထုတ် လိုက်လေသည်။

"ဝေါ့"

ပါးစပ်ထဲမှ သွေးမည်းများနှင့်အတူ အစားအစာများ အန် ထုတ်လိုက်သည်။

ကောင်းကျင်းစန်းလည်း အဖြစ်မှန်ကို ချက်ချင်းတွက်ဆမိ သွားလေတော့သည်။

"ဝမ်းထုံက ငါ့ကို အဆိပ်ခပ်လိုက်တာပါလား"

ကောင်းကျင်းစန်း ခံပြင်းသွားလေသည်။

ဝမ်းထုံက သူ့အား အဘယ်ကြောင့် အကောက်ကြံခဲ့ရပါသ နည်း။

ဝမ်းထုံသည် ယိထင်းကျောက်နှင့် ပတ်သက်နေကြောင်း ထင်ရှားနေပြီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ကောင်းကျင်းစန်း ခံပြင်းစွာ တက်ခေါက်လိုက်လေသည်။

နောက်ကြောင်းပြန်လှည့်ကာ ဝမ်းထုံအား ဆုံးမရန် စိတ်ကူးလိုက်လေသည်။

ထိုအချိန်မှာပင် သူ၏ဦးခေါင်းမှာ ပေါက်ကွဲထွက်တော့မတတ် ကိုက်ခဲလာလေသည်။

မျက်လုံးများလည်း ပြာဝေကာ အသက်ရှူမွန်းကြပ်လာလေတော့သည်။

ကောင်းကျင်းစန်းက အသင့်ဆောင်ထားသော အသက်ကယ်ဆေးတစ်လုံး ထုတ်ယူကာ သောက်ချလိုက်၏။

ထိုအခိုက်...

"မြန်မြန်လာဟေ့"

အော်ပြောသံများနှင့်အတူ အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လူရိပ်များ ပြေးလွှားလာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝမ်းထုံနှင့် သူ၏လူများဖြစ်လေသည်။

ကောင်းကျင်းစန်း မဲ့ပြုံးပြုံးလိုက်သည်။

"လာခဲ့ကြစမ်း"

စိတ်ထဲ ကြုံးဝါးလိုက်သည်။

လက်တစ်ဘက်က မြင်းဇက်ကြိုးကိုဆွဲထားပြီး ကျန်လက်



တစ်ဘက်က ဓားကို တင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်လေသည်။

ဝမ်းထုံနှင့် သူ၏တပည့်များ ပြေးလွှားရောက်ရှိလာကြလေသည်။

"မလွတ်စေနဲ့"

"ဝိုင်းထား"

ဝမ်းထုံတို့က ကောင်းကျင်းစန်းအား ဝိုင်းရံထားလိုက်ကြလေသည်။

ကောင်းကျင်းစန်း ဒေါသချောင်းချောင်း ထွက်သွားလေသည်။

"လူယုတ်မာ သေဖို့သာပြင်ထားပေတော့"

ကြုံးဝါးကာ ဓားဝှေ့ယမ်းပြီး တိုက်ခိုက်လိုက်လေတော့သည်။

ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျင်းစန်းမှာ ထိပ်သီးသိုင်းဆရာကြီးတစ်ဦး ဖြစ်လေသည်။

သူ၏ဓားသိုင်းက ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေသည်။

"ဝိုး…ဝိုး…ဝိုး"

ဓားချက်များသည် အဆက်မပြတ် ထွက်ပေါ်လာကာ စကြာသဖွယ်လည်ပတ်သွားပြီး မြင်ရသူအပေါင်းကို မျက်လုံးများ ပြာဝေသွားစေပါတော့သည်။

ဝမ်းထုံ၏ အမိန့်ကြောင့် ဝိုင်းရံတိုက်ခိုက်လိုက်ကြသူများမှာ ကောင်းကျင်းစန်း၏ ဓားစကြာအောက်၌ အသက်ပျောက်သွားရလေတော့သည်။

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသောအော်ဟစ်သံများနှင့်အတူ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေတော့သည်။

ဝမ်းထုံ ထိတ်လန့်သွားလေသည်။

သူက သိုင်းပညာရှင်တစ်ဦး ဖြစ်သော်လည်း သူ၏သိုင်းပညာသည် ကောင်းကျင်းစန်းအား မယှဉ်နိုင်ကြောင်း ကောင်းစွာနားလည်ထားလေသည်။

ထို့ကြောင့်…



"ရှောင်နိုင်ရင် ရှောင်ပေတော့"

ဟုဝေါက်ကာ လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်ပြီး နောက်သို့ ခုန်ဆုတ်ကာ ရှောင်တိမ်းလိုက်လေသည်။

"ဝှစ်…ဝှစ်…ဝှစ်"

လက်နက်ပုန်းကလေးများက ကောင်းကျင်းစန်းထံသို့ တိုးဝင်သွား၏။

"သွားစမ်း"

ကောင်းကျင်းစန်းလည်း လက်နက်ပုန်းများ ပစ်လွှင့်လာသည်ကိုကြားလျှင် ဓားဝှေ့ယမ်းကာ ရိုက်ထုတ်လိုက်လေသည်။

"ထောက်…ထောက်…ထောက်"

လက်နက်ပုန်းကလေးများ မြေပေါ်ပြုတ်ကျသွားလေတော့သည်။

သို့တိုင်…

ဦးခေါင်းမူးနောက်ကာ မျက်လုံးပြာဝေနေသော ကောင်းကျင်းစန်းမှာ လက်နက်ပုန်းအားလုံးကို ရိုက်ချနိုင်ခြင်း မရှိခဲ့ချေ။

လက်နက်ပုန်းတစ်ခုက သူ၏ဓားကိုင်ထားသော လက်ဖမိုးနှင့်ပခုံးကို ထိမှန်သွားလေသည်။

"အင့်"

ကောင်းကျင်းစန်း ညည်းတွားရင်း လက်ထဲမှဓား လွတ်ကျသွားသလို ခန္ဓာကိုယ် မထိန်းနိုင်တော့ဘဲ။

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



မြင်းပေါ်မှ ပြုတ်ကျသွားလေတော့သည်။

"သူ့ကို သတ်ပစ်လိုက်"

ဝမ်းထုံက အော်ပြောလိုက်သည်။

"ယား"

ကျောက်ဖြူနန်းက အပိုင်ပဲဟုတွက်ဆကာ ပြေးဝင်သွားပြီး တိုက်ခိုက်လိုက်လေသည်။

သတိကောင်းသော ကောင်းကျင်းစန်းက မြေပေါ်လူးလိမ့် ရှောင်တိမ်းပြီး လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လျှင်...

"ဒုတ်"

"အား"

ချက်ကောင်းထိသွားသဖြင့် ကျောက်ဖြူနန်း လဲကျသွားလေတော့သည်။

ကောင်းကျင်းစန်း၏ လက်ဝါးစောင်းက ကျောက်ဖြူနန်း၏ လည်ဂုတ်ကို ခုတ်ချမိလိုက်သည် မဟုတ်ပါလား။

"ဟာ"

ဝမ်းထုံ ထိတ်လန့်သွားပြန်သည်။

သူ၏တပည့်များလည်း ဆက်လက် မတိုက်ခိုက်ဝံ့ကြတော့ဘဲ ကပျာကယာ နောက်ဆုတ်လိုက်ကြ၏။

ကောင်းကျင်းစန်းသည် ရရှိလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ...

"ဟိတ်"



မြေပေါ်ခြေဆောင့်ကာ မြင်းပေါ်ခုန်တက်လိုက်သည်။

ထို့နောက် မြင်းကိုငေါက်ကာ ဒုန်းစိုင်းမောင်းနှင်သွားလေတော့သည်။

"ပြေးပြီဟေ့"

"လိုက်ကြ"

ဝမ်းထုံ သတိဝင်လာပြီး အော်ပြောလိုက်၏။

သူ၏တပည့်များကလည်း ညာသံပေးကာ ပြေးလိုက်သွားကြလေသည်။

သို့သော်...

မြင်းဒုန်းစိုင်းသွားသော ကောင်းကျင်းစန်းအား မီအောင် မလိုက်နိုင်ကြတော့ပါ။

ကောင်းကျင်းစန်း ကံကောင်းထောက်မကာ လွတ်မြောက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက်သူဇာ

အချိန်မည်မျှ ကြာသွားမှန်းမသိ။

ကောင်းကျင်းစန်း သတိရလာလေသည်။

မျက်လုံးဖွင့်ကြည့်လိုက်လျှင် သေးငယ်သော အိမ်ကလေး တစ်လုံး၌ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

"ဟင်..ငါဘယ်ရောက်နေတာပါလိမ့်"

ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

ထိုစဉ်...

"အို..ဘာဘာ မထနဲ့ဦးလေ၊ ဘာဘာ ဒဏ်ရာရထားတာပဲ"

ချိုလွင်သော စကားသံလေး ထွက်ပေါ်လာသည်ကို ကြား လိုက်ရလေသည်။



မိန်းမပျိုလေးတစ်ယောက် ရောက်လာသည်ကို တွေ့လိုက် ရသည်။

"မင်းက.."

"ဘာဘာ မြင်းတစ်စီးနဲ့ ရောက်လာတာ၊ ကျွန်မရဲ့အိမ်ကလေး နဲ့ မလှမ်းမကမ်းကိုရောက်တော့ မြင်းပေါ်က ပြုတ်ကျသွားတာ၊ ဒါနဲ့ ကျွန်မ ကြည့်ရှုထားရတာ"

"ဩော်"

ဝမ်းထဲတို့လက်ထဲမှ ရှောင်တိမ်းလာရင်း ကံကောင်းပြီး မိန်း မပျိုလေးနှင့် ဆုံတွေ့မိကြောင်း ကောင်းကျင်းစန်း သိလိုက်လေ သည်။

ထိုစဉ်...

"ခေါင်ဒင်...ခေါင်ဒင်"

ချိုလွင်သော ခေါင်းလောင်းသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကောင်းကျင်းစန်း နားစွင့်လိုက်လေသည်။

မိန်းမပျိုလေးက...

"ဒါတောင်ကုန်းပေါ်မှာရှိတဲ့ ဘုရားသော့ကျောင်းကလေ"

ဟု ပြောလေသည်။

ကောင်းကျင်းစန်းက...

"ရသေ့ကျောင်းတစ်ခုရှိတယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မရဲ့ မွေးစားအဖေပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

မိန်းမပျိုလေးက...

"ကျွန်မဟာ မိဘမဲ့တစ်ယောက်ပါ။ ဘရသေ့က လမ်းဘေးတစ်နေရာက ကောက်ယူမွေးစားခဲ့ရတာလို့ ပြောပါတယ်၊ ကျွန်မငယ်စဉ်ကတော့ တောင်ပေါ်ကကျောင်းမှာ ဘရသေ့နဲ့အတူ နေခဲ့တာပါ။ အခုအရွယ်ရောက်လာတော့ အတူနေလို့မသင့်တာနဲ့ တောင်ကုန်းအောက်က သည်အိမ်ကလေးမှာ လာနေခဲ့တာပါ"

ဟု ရှင်းပြလေသည်။

ကောင်းကျင်းစန်း အနည်းငယ်စဉ်းစားလိုက်ပြီး..

"ရသေ့ကြီးက သည်နေရာကို မကြာခဏရောက်လာပြီး မိန်းကလေးရဲ့ အခြေအနေကို လာကြည့်တာပေါ့ ဟုတ်လား"

ဟု မေးလိုက်၏။

မိန်းမပျိုလေး ခေါင်းခါယမ်းလိုက်သည်။

"ဘရသေ့ မလာပါဘူး၊ တောင်ကုန်းပေါ်မှာပဲနေတာပါ၊ လူက အသက်ကြီးနေပြီလေ၊ ကျွန်မက တစ်လှည့်ပြန်ပြီး ရှာဖွေကျွေးမွေးနေရတယ်ဆိုပါတော့ ဘဘရယ်"

မိန်းကလေးမှာ လိမ္မာရေးခြားရှိသူလေး ဖြစ်နေပါတော့သည်။

"မိန်းကလေးကို ချီးကျူးပါတယ်"

ချီးကျူးစကားပြောရင်း သူမအား သေသေချာချာ စိုက်ကြည့်လိုက်လေသည်။



မိန်းကလေးအား စိုက်ကြည့်မိလျှင် ကောင်းကျင်းစန်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"ဟင်..သူ..သူ"

ကောင်းကျင်းစန်း၏ ပြောင်းလဲသွားသော အမူအရာကြောင့်...

"ဘဘ..ဘာဖြစ်လို့လဲဟင်"

မိန်းကလေးက မေးလေသည်။

ကောင်းကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"ဘာမှမဖြစ်ပါဘူးကွယ်၊ ဒါထက် ကျုပ်က ကောင်းကျင်းစန်းပါ၊ မိန်းကလေးနာမည် ဘယ်လိုခေါ်သလဲဆိုတာ သိပါရစေ"

မိန်းကလေးက...

"ကျွန်မက လျှို့ချင်းပါရှင့်"

ကောင်းကျင်းစန်းသည် လျှို့ချင်းဆိုသောအမည်ကို တီးတိုး ရေရွတ်လိုက်လေသည်။

လျှို့ချင်း...။

လျှို့ချင်းဆိုသော မိန်းကလေးက ကောင်းကျင်းစန်းအား တွေဝေငေးငိုင်သွားစေသည်။

အတိတ်က အဖြစ်အပျက်တစ်ခုကို ပြန်လည်အမှတ်ရလာစေသည်။

လျှို့ချင်းက...

"ဘဘ ဆေးတစ်ခွက်သောက်ပြီး အနားယူလိုက်ပါဦးရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး အသင့်ကျိုချက်လာသော ဆေးတစ်ခွက်ကို တိုက်ကျွေးလိုက်လေသည်။

"ကျေးဇူးပဲ မိန်းကလေး"

ကောင်းကျင်းစန်းက ကျေးဇူးတင်စကားပြောပြီး ဆေးသောက်လိုက်သည်။

မိန်းကလေးက နှုတ်ဆက်ပြီး ထွက်သွား၏။

ကောင်းကျင်းစန်းလည်း သက်တောင့်သက်သာ လှဲလျောင်းနေလိုက်လေသည်။

သူက မျက်လုံးမှိတ်ထားလိုက်သောအခါ မိန်းကလေးတစ်ယောက်၏မျက်နှာကို မြင်ယောင်လာလေသည်။

လှုံ့ချင်း မဟုတ်ပါ။

လှုံ့ချင်းနှင့် ရုပ်ရည်ချင်းဆင်သည့် မိန်းကလေးတစ်ဦးဖြစ်သည်။

ထိုမိန်းကလေး၏အမည်က မေအင်းဖြစ်သည်။

ကောင်းကျင်းစန်းသည် မေအင်းနှင့်ဆုံတွေ့ခဲ့ရပုံများကို ပြန်ပြောင်းတွေးတော စဉ်းစားနေမိလေတော့သည်။

* * *



## သူ့ရဲကောင်း

နယ်ခြားဒေသ၌ တိုင်းတပါးသားများက ကျူးကျော်ရန် စိုင်းပြင်းနေသည့်အချိန်ကာလ ဖြစ်လေသည်။

တိုင်းပြည် မငြိမ်မသက်ဖြစ်နေသည်ကို အခွင့်ကောင်းယူကာ လူဆိုးဓားပြများ၊ သိုင်းသမားဆိုးများက ထကြွသောင်းကျန်းလျက်ရှိသည်။

အဖြူရောင်သိုင်းသမားများ၊ မျိုးချစ်အင်အားစုများကလည်း နန်းတွင်းမှ တပ်ဖွဲ့များနှင့်လက်တွဲကာ တိုင်းတပါးသားများနှင့် ဆိုးသွမ်းသောင်းကျန်းနေသူများအား ဆုံးမနှိမ်နင်းနေကြ၏။

ကောင်းကျင်းစန်းသည်လည်း အများအကျိုး၊ တိုင်းပြည်အကျိုးသည်ပိုးဆောင်ရွက်နေသည့် သိုင်းသမားတစ်ဦး ဖြစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့…

ကောင်းကျင်းစန်းက ဓားပြဂိုဏ်းတစ်ဂိုဏ်းအား ချေမှုန်းရန် ထွက်လာခဲ့လေသည်။

ထိုဓားပြဂိုဏ်းသည် ရေကန်ကြီး တစ်ခုအနီး၌ စခန်းချထားခြင်းဖြစ်သည်။

ကောင်းကျင်းစန်းက နေဝင်ရီသရောအချိန်၌ ရေကန်ကြီးအနီးသို့ ရောက်ရှိသွားလေသည်။

ထိုရေကန်ကြီးအနီး၌ ဓားပြတစ်သိုက်က စခန်းချနေသည်ဟု သတင်းကြားထားပြီးဖြစ်သည်။

ကောင်းကျင်းစန်းက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ထိုအချိန်မှာပင်…

"ကယ်တော်မူကြပါ"

အထိတ်တလန့် အော်ဟစ်သံများနှင့်အတူ ဒရောသောပါး ပြေးလာသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူ၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေသည်။

ကောင်းကျင်းစန်း ရင်ထိတ်သွား၏။

"ခင်ဗျား ဘယ်လိုဖြစ်လာတာလဲဗျ"

ထိုသူက…

"ဓားပြတွေ..ဓားပြတွေ"

"ဟုတ်လား၊ ဘယ်မှာလဲ"



"ဟိုဘက်မှာ"

ထိုလူက အနောက်ဘက်သို့ ညွှန်ပြလိုက်သည်။

"အနောက်ကလိုက်လာနေကြပြီ၊ ကျုပ်ကို ကယ်ပါဦးဗျာ"

ကြောက်အားလန့်အားဖြင့် ကောင်းကျင်းစန်းကို အားကိုးတကြီး ချဉ်းကပ်လာလေသည်။

ကောင်းကျင်းစန်းက ထိုလူညွှန်ပြရာသို့ လှမ်းကြည့်လိုက်လေသည်။

ထိုအချိန်လေးမှာပင်…

"ဗွစ်"

သွေးများပေကျံနေသူက ဓားမြှောင်တစ်လက်ဖြင့် ကောင်းကျင်းစန်းအား ထိုးသွင်းလိုက်လေသည်။

"ဟင်"

ကောင်းကျင်းစန်း ရင်ထိတ်သွားလေသည်။

ကပျာကယာ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်လေသည်။

ထိုလူ၏ဓားမြှောင်က ကောင်းကျင်းစန်း၏ရင်ဝ၌ စိုက်ဝင်သွားတော့သည်။

"အား"

ကောင်းကျင်းစန်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။

"ဟား..ဟား..ဟား"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ ဟားတိုက်ရယ်မောလိုက်၏။

"မင်းဘာတတ်နိုင်သေးသလဲ၊ ငါတို့ထောင်ချောက်ထဲ တိုးဝင်မိတာပဲ မဟုတ်လား"

"မင်း..မင်း"

"အေး..မင်းလိုက်ရှာနေတဲ့ ခါးပြခေါင်းဆောင်ဟာ ကျုပ်ပဲကွ"

ထိုလူက လေချွန်ကာ အချက်ပေးလိုက်လျှင် ဓားပြများ ပြေးလွှား ရောက်ရှိလာကြလေတော့သည်။

ကောင်းကျင်းစန်း အခက်ကြုံသွားလေသည်။

ဒဏ်ရာပြင်းစွာရထားပြီဖြစ်ရကား ဓားပြများအား မယှဉ်နိုင်တော့ပါ။

ထို့ကြောင့်..

"သတိထား"

သတိပေးရင်း လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်လေသည်။

"ဝှစ်..ဝှစ်..ဝှစ်"

လက်နက်ပုန်းလေးများက ဓားပြများထံသို့ တိုးဝင်သွားလေသည်။

"အား"

"အမယ်လေး"

ဓားပြနှစ်ယောက် လက်နက်ပုန်းထိမှန်ကာ လဲကျသွားလေသည်။ ကျန်ဓားပြများလည်း ထိတ်လန့်ကာ နောက်ဆုတ်သွားကြသည်။



ကောင်းကျင်းစန်းသည် ရရှိလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ မြေပေါ်ခြေဆောင့်ကာ ခုန်ထွက်သွားလေတော့သည်။

"ဟူး"

"ပြေးပြီဟေ့"

ဓားပြများက ညာသံပေးကာ လိုက်ကြပါသော်လည်း ကောင်းကျင်းစန်းကို မမီတော့ချေ။

ကောင်းကျင်းစန်း သွေးရူးသွေးတန်း ပြေးလွှားသွားရင်း မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

"ဟား..ဟား..ဟား"

"ဟား..ဟား..ဟား"

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေ သည်။

စားပွဲ၌ ဝိုင်းဖွဲ့ထိုင်နေသူတစ်စုက ရယ်မောလိုက်ကြခြင်း ဖြစ်လေသည်။

စားပွဲပေါ်၌ အရက်နှင့်စားစရာများ အလျှံပယ်ရှိနေ၏။

စားပွဲနံဘေး၌ သေတ္တာကြီးတစ်လုံး ရှိနေသည်။

ထိုသေတ္တာကြီးကို အဖုံးဖွင့်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သေတ္တာအပြည့်ရှိနေသော ရွှေငွေကျောက်သံပတ္တမြားများ ကဝင်းလက်နေသည်။

စားပွဲ၌ ဝိုင်းဖွဲ့နေသူများမှာ နာမည်ကြီးဓားပြကြီးများ ဖြစ်လေသည်။

ဓားပြကြီးငါးယောက်က အရပ်တကာလှည့်ကာ တိုက်ခိုက်ခဲ့ကြပြီး အောင်ပွဲခံနေကြခြင်း ဖြစ်သည်။

တစ်ယောက်က...

“ကျုပ်တို့ အနည်းဆုံး တစ်နှစ်လောက် အနားယူပြီးကောင်းကောင်းကြီး သုံးဖြုန်းလို့ရပြီ”

ဟု ပြောလိုက်သည်။

အခြားတစ်ယောက်က...

“အဖြူရောင်သိုင်းသမားတွေကလည်း အတော်ကို ခြေရှုပ်နေကြတာ၊ ကျုပ်တို့ အနားယူနေတာပဲကောင်းမယ်”

တတိယလူက...

“အနားယူတာက အစ်ကိုကြီးအတွက် အကောင်းဆုံးပေါ့ဗျာ”

ထိုလူ၏စကားကြောင့် အားလုံး ဝါးခနဲပွဲကျသွားကြ၏။

အစ်ကိုကြီးဆိုသူမှာ ဓားပြခေါင်းဆောင် ယီထင်းကျောက် ဖြစ်လေသည်။

ယီတင်းကျောက် ခေါင်းဆောင်သော ဓားပြများသည် အရပ်ရှစ်မျက်နှာ လှည့်လည်ကာ ဓားပြတိုက်ခဲ့ကြပြီး နောက်ဆုံးအနေ



နှင့် သူဌေးကြီးတစ်ဦး၏အိမ်ကို ဓားပြတိုက်ခဲ့ကြသည်။

ယီထင်းကျောက်က ပစ္စည်းယူရုံမကဘဲ ချောမောလှပသော သူဌေးသမီးလေးအား အဓမ္မဖမ်းဆီး ခေါ်ဆောင်လာခဲ့လေသည်။

သူဌေးသမီးလေးမှာ မေအင်းဟု အမည်ရှိပြီး နတ်မိမယ်လေးအလား ချောမောလှပသူလေးဖြစ်သည်။

ယီထင်းကျောက်က မေအင်းကို မြင်မြင်ချင်း မေတ္တာသက်ဝင်သွားလေတော့သည်။

ထို့ကြောင့် အဓမ္မဖမ်းဆီး ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်လေသည်။

ယီထင်းကျောက်က...

“ဟုတ်တယ်ဗျော့ ကျုပ်က တကယ့်ရတနာလေးရလာတော့ သေတ္တာထဲက ပစ္စည်းတွေကိုတောင် ဂရုမစိုက်နိုင်တော့ဘူး။ မင်း တို့ပဲ ဝေယူလိုက်ကြပေတော့၊ ကျုပ်သွားပြီ”

စကားဆုံးလျှင် အရက်အိုးကိုဆွဲကာ ထွက်သွားလေတော့သည်။

ကျန်လူများလည်း တဟားဟား ရယ်မောလျက် ကျန်ရစ်ခဲ့ကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ထဲ၌ အိမ်ကလေးတစ်လုံး ရှိနေသည်။

ထိုအိမ်ကလေး၌ မီးရောင်များ ထွက်ပေါ်နေပြီး မိန်းကလေးတစ်ယောက်က ထိုင်ခုံတစ်လုံး၌ ထိုင်ကာ တရှုံ့ရှုံ့ ငိုကြွေးနေလေသည်။

ထိုမိန်းကလေးမှာ ယိထင်းကျော်က ဖမ်းဆီးခေါ်ဆောင်လာသော သူဌေးသမီးမေအင်း ဖြစ်သည်။

မေအင်း ငိုကြွေးနေစဉ် ယိထင်းကျော် ရောက်ရှိလာလေသည်။

မေအင်း ငိုနေသည်ကို တွေ့ရသဖြင့် ယိထင်းကျော် ပျာပျာသလဲ ဖြစ်သွားလေသည်။

"ညီမ ဘာကြောင့် ငိုနေရတာလဲ"

မေအင်း ထိုင်ရာမှ ဝုန်းခနဲ ခုန်ထလိုက်လေသည်။

"ရှင် ရှေ့တိုးမလာနဲ့နော်"

သူမ အော်ငေါက်လိုက်ခြင်းကြောင့် ယိထင်းကျော် ခြေလှမ်းရပ်သွားလေသည်။

မေအင်းက...

"ကျွန်မကို စော်ကားဖို့ မကြိုးစားနဲ့၊ ကိုယ့်ကိုကိုယ် သတ်သေပစ်လိုက်မယ်ရှင့်"

ယိထင်းကျော် ထိတ်လန့်သွားသည်။

"ညီမ သည်လို မလုပ်ပါနဲ့၊ ညီမကို ကျုပ်လက်ဖျားနဲ့ တောင် မတို့ပါဘူး"



"ရှင် ခုချက်ချင်း အိမ်ထဲက ထွက်သွားပါ"

"ကောင်းပါပြီ ညီမရယ်"

ယိထင်းကျော်လည်း အလျှော့ပေးကာ အိမ်ထဲမှ ထွက်သွားတော့သည်။

အိမ်အပြင်ဘက်ရောက်လျှင် အရက်သောက်ရင်း ကျန်ရစ်ခဲ့သူလေးယောက်ထဲမှ တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ယိထင်းကျော်က...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်သည်။

ထိုလူက...

"ကျန်တဲ့သုံးယောက်တော့ အရက်မူးလွန်ပြီး အိပ်ပျော်သွားကြပြီ အစ်ကိုကြီး"

ယိထင်းကျော်က...

"ကောင်းတယ်၊ မင်းပဲ တာဝန်ယူပြီး သူတို့ကို ရှင်းပစ်လိုက်ပါ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"သူတို့ကို ရှင်းပြီးရင် ပစ္စည်းတစ်ဝက်ယူပြီး မင်းထွက်သွားပေတော့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ထိုလူက ရုတ်တရက် ထွက်မသွားသေးပါ။

ယိထင်းကျော်က...

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာပြောချင်သေးလို့လဲ"

ဟု မေးလိုက်သည်။

ထိုလူက…

"အစ်ကိုကြီးက သူဌေးသမီးကို ဘာကြောင့် အလျှော့ပေးနေရသလဲဆိုတာ ကျုပ်နားမလည်နိုင်လို့ဗျ"

"ဟား…ဟား…ဟား"

ယိထင်းကျောက် ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်းတော်တော်ညံ့တာပဲ၊ မေတ္တာတရားဆိုတာကို မင်းနားမလည်သေးဘူးလား"

"ဗျာ မေတ္တာတရား ဟုတ်လား"

"ဟုတ်တယ်လေ"

ထိုလူ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးဘူး၊ သိလဲ မသိဘူး"

ယိထင်းကျောက်က…

"အေး…မသိရင် မှတ်ထား၊ မေတ္တာတရားဆိုတာ အလျှော့ပေးတာ အနစ်နာခံတာကို ပြောတာကွ"

ထိုလူက…

"ဒါတွေ ကျုပ် မသိဘူး၊ ကျုပ်တွေ့နေရတာက အစ်ကိုကြီးက မိန်းမတစ်ယောက်ကို ဒူးထောက်အရှုံးပေးနေရတယ်ဆိုတာပဲ"

"ဘာကွ"

"အစ်ကိုကြီး လောကပေါ်မှာ မိန်းမတွေ အများကြီးရှိပါ



တယ်ဗျာ၊ သည်သူဌေးသမီး တစ်ယောက်ထဲရှိတာ မဟုတ်ပါဘူး"

"မင်း…မင်း"

"သူဌေးသမီးက ဘာမို့လဲ၊ ကျုပ်လက်ထဲ အပ်လိုက်လိုက်စမ်းပါ၊ ချက်ချင်းအပိုးကျိုး…"

"တိတ်စမ်း"

ယိထင်းကျောက်က အော်ငေါက်လိုက်သလို ခါးမှ ဓားကို ဆွဲထုတ်ကာ ခုတ်ချလိုက်လေသည်။

"ခုတ်"

ပြင်းထန်သော ဓားချက်က ချက်ကောင်းထိသွားသဖြင့် ထိုလူမှာ အသံပင် မထွက်နိုင်ဘဲ လဲကျသေဆုံးသွားလေတော့သည်။

"တော်တော်ရှုပ်တဲ့ကောင် သေတာပဲ အေးတယ်"

ဟု ကျိန်ဆဲပြီး ထိုလူ၏လက်နှစ်ဘက်မှ နေ၍ ဆွဲယူသွားလေသည်။

မကြာမီ…

အရက်မူးကာ အိပ်ပျော်နေသူသုံးယောက်မှာလည်း ယိထင်းကျောက်၏လက်ချက်ဖြင့် သေဆုံးသွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ရှေးရေစက်

ယိထင်းကျောက် ထွက်သွားပြီ ဖြစ်လေသည်။

မေအင်းက ပြတင်းပေါက်အနီး၌ ပြန်ထိုင်ချလိုက်လေသည်။

သူမ ထွက်ပြေးသွားလိုပြီ ဖြစ်သည်။

သို့သော် ထွက်မပြေးဝံ့ပါ။

သူမ ထွက်ပြေးသွားမည်ဆိုလျှင် သူမ၏ဖခင်ကြီးအား သတ်ပစ်မည်ဟု ယိတင်းကျောက်က ခြိမ်းခြောက်ထားသည် မဟုတ်ပါလား။

ဖခင်ကြီးအား ငဲ့ညှာကာ သူမ ထွက်မပြေးနိုင်ဘဲ ရှိနေတော့သည်။



မေအင်း စိတ်ပျက်လက်ပျက် ငေးမှိုင်နေစဉ် သူမ၏နားထဲသို့ ညည်းတွားသံအချို့ တိုးဝင်လာလေသည်။

မေအင်း အံ့ဩသွား၏။

"ညည်းတွားသံပါလား"

လူတစ်ယောက်က ဝေဒနာခံစားနေရသဖြင့် ညည်းတွားနေခြင်း ဖြစ်ပေသည်။

မေအင်း မနေနိုင်တော့ပါချေ။

အိမ်အပြင်ဘက် ထွက်လိုက်သည်။

ယိထင်းကျောက်က အိမ်ထဲမှအိမ်ပြင် မထွက်ရဟု တားမြစ်ထားသော်လည်း ညည်းတွားသံကြောင့် မေအင်း အမှုမထားနိုင်တော့ဘဲ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

သူမသည် ညည်းတွားသံ ထွက်ပေါ်လာရာဆီသို့ ဦးတည်သွားလိုက်လေသည်။

မကြာပါချေ။

သစ်ပင်တစ်ပင်အောက်၌ လဲကျနေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ကောင်းကျင်းစန်း ဖြစ်ပါတော့သည်။

မေအင်း စိုးရိမ်ပူပန်သွားလေသည်။

"လူတစ်ယောက် ဒဏ်ရာတွေနဲ့ လဲနေပါလား၊ ဒုက္ခပါပဲ"

သူမသည် ကြင်နာသနားတတ်သူ ဖြစ်ရကား ကောင်းကျင်းစန်းကို ကူညီရန် ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျင်းစန်း၏ခန္ဓာကိုယ်ကြီးအား မနိုင့်တနိုင်ဖြင့် သယ်မကာ အိမ်ကလေးဆီသို့ ခေါ်ဆောင်သွားလေတော့သည်။

* * *

တစ်ရက်…။

နှစ်ရက်…။

သုံးရက်…။

ကောင်းကျင်းစန်းမှာ မေအင်းနေထိုင်သော အိမ်ကလေးသို့ ရောက်ရှိခဲ့သည်မှာ သုံးရက် ရှိသွားပြီ ဖြစ်လေသည်။

ထိုသုံးရက်အတွင်း မေအင်း ဂရုစိုက်ပြုစုပေးခြင်းကြောင့် ကောင်းကျင်းစန်း၏ဝေဒနာများ လျော့ပါးသက်သာသွားလေသည်။

ကောင်းကျင်းစန်းသည် မေအင်းကို ကျေးဇူးတင်မဆုံး ဖြစ်ခဲ့ရလေသည်။

မေအင်းက အိမ်ထဲ လုံးဝမဝင်ရဟု တားမြစ်ထားခြင်းကြောင့် ယိထင်းကျောက်က အိမ်ထဲ မဝင်ရဲပါ။

ထို့ကြောင့်လည်း ကောင်းကျင်းစန်း ရောက်ရှိနေသည်ကို မရိပ်မိခဲ့တော့ချေ။

မေအင်း ပြောပြသဖြင့် သူမ၏ဘဝကို ကောင်းကျင်းစန်း သိရှိသွား၏။

ထို့အတူ…



ကောင်းကျင်းစန်း၏အကြောင်းကိုလည်း မေအင်း သိရှိသွားလေသည်။

သို့ဖြင့်…

နှစ်ယောက်သား ပိုပြီး ရင်းနှီးလာကြသည်။

တဖြည်းဖြည်း သံယောဇဉ်ကြိုး ရစ်ပတ်ခိုင်မာလာကြလေတော့သည်။

* * *

တစ်လ…။

ကောင်းကျင်းစန်းက မေအင်း၏အိမ်ကလေးသို့ ရောက်ရှိလာသည်မှာ တစ်လ ရှိသွားပြီ ဖြစ်လေသည်။

ကောင်းကျင်းစန်းနှင့် မေအင်းတို့ မေတ္တာမျှခဲ့ကြပြီ ဖြစ်လေသည်။

ကောင်းကျင်းစန်းမှာ ဒဏ်ရာများ သက်သာပျောက်ကင်းသွားပြီ ဖြစ်သော်လည်း အတွင်းအားများ ဆုံးရှုံးသွားသဖြင့် ကောင်းစွာ သွားလာလှုပ်ရှားနိုင်ခြင်း မရှိသေးပါချေ။

ထို့ကြောင့် မေအင်း၏အိမ်ကလေး၌ ဆက်လက်ပုန်းခိုနေခဲ့ရလေသည်။

တစ်နေ့တွင် ယိထင်းကျောက် ရောက်လာပြီး…

"ကျုပ် ခရီးထွက်စရာရှိတယ်၊ ခြောက်လလောက် ကြာ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ မင်း သည်အိမ်ကလေးမှာပဲ နေပါ၊ မင်းကို စောင့်ရှောက်ဖို့ အဒေါ်ကြီးတစ်ယောက် လွှတ်လိုက်မယ်၊ ကျုပ် မရှိတုန်း မင်းထွက်ပြေးသွားမယ်ဆိုရင် မင်းတို့တစ်မိသားစုလုံးကို လိုက်ရှာပြီး သတ်ပစ်မယ်"

ဟု ခြိမ်းခြောက်လေသည်။

မေအင်းက...

"ကျွန်မ ဘယ်ကိုမှ မသွားဘူး၊ ကျွန်မမိဘတွေကို ဒုက္ခပေးဖို့ မကြိုးစားနဲ့"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ယီထင်းကျောက် ကျေနပ်သွားလေသည်။

"ကောင်းပြီ၊ ကျုပ်စကားနားထောင်ရင် မင်းအတွက် မှည့်တစ်ပေါက် မစွန်းစေရဘူး၊ တစ်နေ့ကျရင် မင်းကို ပြန်လွှတ်ပေးမယ်"

"ရှင်သွားစရာရှိတာသာ သွားစမ်းပါရှင်"

"ကောင်းပြီ"

ယီထင်းကျောက်လည်း ကျေနပ်ကာ ထွက်သွားလေတော့သည်။

* * *



ယီထင်းကျောက်က မေအင်းကို တကယ့် မေတ္တာစစ်ဖြင့် ချစ်မြတ်နိုးခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် အစစအရာရာ အလိုလိုက် အကြိုက်ဆောင်ကာ အလျော့ပေးခဲ့ခြင်း ဖြစ်လေသည်။

မေအင်းက ကောင်းကျင်းစန်းနှင့် ပတ်သက်နေကြောင်း လုံးဝမသိခဲ့ချေ။

မေအင်းကို အမျိုးသမီးတစ်ဦးနှင့် အပ်နှံကာ ခရီးထွက်သွားလေသည်။

ထိုအမျိုးသမီးကြီးမှာလည်း ယီထင်းကျောက်ကို ကြောက်ရွံ့ရသဖြင့် နိုင်းသမျှ လုပ်နေရသူ ဖြစ်သည်။

ယီထင်းကျောက် ထွက်သွားပြီး နောက်တစ်နေ့မှာပင် အမျိုးသမီးကြီးသည် ကောင်းကျင်းစန်း ပုန်းအောင်းနေခြင်း၊ မေအင်းနှင့် မေတ္တာသက်ဝင်နေခြင်းကို သိရှိသွားလေတော့သည်။

ဤတွင် မထူးတော့ဟု သဘောပိုက်ကာ ကောင်းကျင်းစန်းက...

"ယီထင်းကျောက် ပြန်ရောက်လာရင် ကောင်းကျင်းစန်းဆိုတဲ့ လူတစ်ယောက် ရောက်လာပြီး မေအင်းကို ကယ်တင်သွားတယ်လို့ ပြောလိုက်ပါ"

ဟု မှာကြားကာ မေအင်းကို ခေါ်ပြီး ထွက်သွားခဲ့လေတော့သည်။

ယီထင်းကျောက် အိမ်ပြန်ရောက်လာသောအခါ ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်းက မေအင်းကို ခေါ်သွားကြောင်း သိရလျှင် ဒေါသပုန်ထကာ စောင့်ရှောက်ဖို့ ခေါ်ထားသည့် အမျိုးသမီးကြီးအား သတ်ပစ်လိုက်သည်။

ထို့နောက် ကောင်းကျင်းစန်းအား မြေလှန်ကာ ရှာဖွေလေတော့သည်။

* * *

ကောင်းကျင်းစန်းနှင့် မေအင်းတို့သည် ယိထင်းကျောက်ထံမှ ထွက်ပြေးလာခဲ့ကြလေသည်။

မေအင်းက အိမ်မပြန်ရဲပါ။

ယိထင်းကျောက် လိုက်လာပြီး သူမတို့ တစ်မိသားစုလုံးအား သတ်ပစ်မှာကို စိုးရိမ်ခြင်းကြောင့် ဖြစ်လေသည်။

သို့ဖြင့် သူမသည် ကောင်းကျင်းစန်း ခေါ်ရာသို့ လိုက်ပါသွားခဲ့တော့သည်။

ယိထင်းကျောက်ကလည်း မေအင်း၏အိမ်သို့ အရောက်သွားခဲ့လေသည်။

မေအင်း ပြန်ရောက်မလာကြောင်း သိရလျှင် တစ်အိမ်သားလုံးကို ရိုက်နှက်နှိပ်စက်သွားခဲ့သည်။

တဖန် အရပ်လေးမျက်နှာသို့ ခြေဆန့်ကာ ကောင်းကျင်းစန်းနှင့် မေအင်းတို့အား လိုက်လံရှာဖွေခဲ့လေသည်။



ထိုအချိန်တွင်…

ကောင်းကျင်းစန်းနှင့် မေအင်းတို့က တောရွာကလေးတစ်ရွာ၌ သွားရောက်ပုန်းအောင်းနေထိုင်ခဲ့ကြသည်။

နှစ်ဦးသား ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ကောင်းကျင်းစန်းက သိုင်းပညာ ပြန်လည်အသုံးပြုနိုင်အောင် ကြိုးစားလိုစိတ် ပြင်းပျလာသည်။

မေအင်းကလည်း အိမ်ပြန်လိုစိတ်များ ဖြစ်ပေါ်လာခဲ့လေသည်။

နှစ်ယောက်သား ဘဝရှေ့ရေးကို တိုင်ပင်ဆွေးနွေးခဲ့ကြလေသည်။

ကောင်းကျင်းစန်းက…

"အင်ကိုက မြေလတ်ပိုင်းကို သွားပြီး သိုင်းပညာသင်ယူမယ်၊ အစ်ကို့အဘိုးရဲ့ မိတ်ဆွေတစ်ဦးဟာ ထိပ်သီးသိုင်းသမားကြီးတစ်ယောက်ပဲ၊ သူ့ဆီက ပညာရရင် ယိထင်းကျောက်ကို ရင်ဆိုင်နိုင်မှာ သေချာတယ်၊ အစ်ကို သိုင်းပညာသင်ပြီးမှ အစ်ကိုတို့နှစ်ယောက် ညီမတို့ အိမ်ကို ပြန်ကြတာပေါ့၊ ယိထင်းကျောက် လာပြီး နှောင့်ယှက်ရင်လဲ မှုစရာ မလိုတော့ဘူးပေါ့"

"အစ်ကို့သဘောပါပဲ"

မေအင်းက ကောင်းကျင်းစန်း၏အစီအစဉ်ကို သဘောတူလိုက်လေသည်။

ကောင်းကျင်းစန်းလည်း မေအင်းအတွက် လိုအေသေး မရှိ

www.burmeseclassic.com



အောင် စီစဉ်ပေးပြီး သိုင်းပညာသင်ယူဖို့ ခရီးထွက်သွားလေတော့သည်။

* * *

ကောင်းကျင်းစန်း ထွက်သွားချိန်၌ မေအင်း၌ ကိုယ်ဝန် ရှိနေပြီ ဖြစ်လေသည်။

မေအင်းက ကောင်းကျင်းစန်း နောက်ဆံငင်နေမည်ကို စိုးရိမ်ကာ မပြောဘဲနေခဲ့သည်။

ကောင်းကျင်းစန်း သိုင်းပညာ ပြန်လည်ရရှိကာ ယိထင်းကျောက်အား ဆုံးမနိုင်မှ သူမတို့ တစ်သက်လုံး အေးအေးချမ်းချမ်းနေရလိမ့်မည် မဟုတ်ပါလား။

သူမသည် တောရွာကလေးမှာပင် နေထိုင်ကာ ကောင်းကျင်းစန်း ပြန်ရောက်လာမည့် အချိန်ကို စောင့်ဆိုင်းနေလိုက်လေသည်။

သို့ဖြင့်...

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသကဲ့သို့ မေအင်း၏ ကိုယ်ဝန်လည်း တစ်စထက်တစ်စ ရင့်မာလာတော့သည်။

တစ်နေ့...

မေအင်းက ရိက္ခာဆေးဝါး ဝယ်ယူရန် မြို့တက်ရင်း ယိထင်းကျောက်၏သတင်းကို ကြားခဲ့ရလေသည်။



ယိထင်းကျောက်က သူမအား သဲကြီးမဲကြီး လိုက်ရှာနေပြီး မကြာမီ ဤအရပ်ဒေသဘက်သို့ ရောက်ရှိလာနိုင်သည်ဟူ၍ ဖြစ်လေသည်။

ထိုသတင်းကြောင့် မေအင်း ကြောက်ရွံ့သွား၏။

တောရွာကလေး၌ မနေဝံ့တော့ဘဲ ထွက်ပြေးရှောင်တိမ်းသွားတော့သည်။

သူမသည် ကောင်းကျင်းစန်းအား ရှာဖွေရန် မြေလတ်ပိုင်းသို့ သွားခဲ့ခြင်း ဖြစ်သည်။

သို့သော် အပြောကျယ်လှသည့် မြေလတ်ပိုင်း၌ ကောင်းကျင်းစန်းအား တွေ့အောင်ရှာဖို့ မလွယ်ပါချေ။

မေအင်း၏ကိုယ်ဝန်က တစ်စထက်တစ်စ လရင့်လာပြီး မွေးဖွားရန် နီးကပ်လာလေတော့သည်။

* * *

ကောင်းကျင်းစန်းသည် မြေလတ်ပိုင်း သိုင်းဆရာကြီးထံသို့ သွားရောက်ကာ ပညာသင်ယူခဲ့လေသည်။

ဆရာကြီးက ထိပ်တန်းသိုင်းပညာများကို သင်ကြားပေးခဲ့၏။ ကောင်းကျင်းစန်းလည်း ခက်ခဲနက်နဲပြီး ထူးပြားဆန်းကြယ်သော ပညာရပ်များကို သင်ယူရင်း အရာရာကို မေ့လျော့သွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်အတန်ကြာအောင် သင်ယူခဲ့ပြီး ပညာဆုံးခန်းတိုင်အောင် သင်ယူပြီးမှ ဇနီးသည်မေအောင်းအား သတိရလာတော့သည်။

ပညာစုံပြီ ဖြစ်၍ ဆရာကြီးထံ ခွင့်ပန်ကာ ဇနီးသည်ထံသို့ ပြန်လာခဲ့လေသည်။

တောရွာကလေးသို့ ရောက်သောအခါ မေအောင်းအား ရှာမတွေ့တော့ပါ။

မေအောင်း၏အိမ်သို့ လိုက်သွားသောအခါ သူမ၏မိဘ ဆွေမျိုးသားချင်းများမှာ ယိထင်းကျော်၏လက်ချက်ဖြင့် သေဆုံးကုန်ပြီဟု သိရလေသည်။

ကောင်းကျင်းစန်း ယူကြုံးမရဖြစ်ကာ လိုက်ရှာပါသော်လည်း ယနေ့ထက်တိုင် မေအောင်းကို မတွေ့ရတော့ပါ။

ယိထင်းကျော်ကလည်း တစ်စထက်တစ်စ ဆိုးသွမ်းကာ အားလုံး ကြောက်ရွံ့ရသည့် လူဆိုးကြီးတစ်ဦး ဖြစ်လာခဲ့လေသည်။

ကောင်းကျင်းစန်းက ယိထင်းကျော်အား လိုက်လံရှာဖွေကာ တိုက်ခိုက်ခဲ့သည်။

ယိထင်းကျော်အား အနိုင်ရခဲ့သည့်တိုင် သူလည်း ဒဏ်ရာရကာ သိုင်းလောကကို ကျောခိုင်းခဲ့ရလေသည်။

သို့ဖြင့် နောက်ထပ် နှစ်များ အလီလီ ပြောင်းလဲသွားပြန်လေသောအခါ...

* * *



ကောင်းကျင်းစန်းသည် အတိတ်မှ ဖြစ်ရပ်များကို ပြန်ပြောင်းသတိရမိပြီး လျှံချင်းဆိုသော မိန်းကလေးမှာ သူ၏သမီးဟုပင် ထင်မိလေသည်။

သို့သော်...

"ဒါ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

ဟူသော အတွေးဖြင့် လျှံချင်းအား ဘာမှမပြောဘဲ နေခဲ့သည်။

လျှံချင်း ဂရုစိုက်ကုသပေးမှုကြောင့် မကြာမီမှာပင် ကောင်းကျင်းစန်း ကျန်းမာသွားလေသည်။

"မိန်းကလေးရဲ့ ကျေးဇူးကို ကျုပ် ဘယ်တော့မှ မမေ့ပါဘူး"

လျှံချင်းကို ကျေးဇူးတင်စကားပြောကာ နှုတ်ဆက်ထွက်လာခဲ့တော့သည်။

* * *

လျှံချင်း...။

လျှံချင်းသည် ကောင်းကျင်းစန်းနှင့် ဆုံစည်းမိရာတွင် အလိုလိုနေရင်း ခင်မင်ရင်းနှီးခဲ့ဖူးသည်ဟု ခံစားမိလေသည်။

သူမသည် ကောင်းကျင်းစန်းအား ကူညီခဲ့သလို ကျော်ဇုက်နှင့် လွှေဖုံးကိုလည်း ကူညီခဲ့သူလေးပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင်…

ကောင်းကျင်းစန်း လိုက်လံရှာဖွေနေသော မအေင်း၏သမီးလည်း ဖြစ်လေသည်။

မအေင်းက ကောင်းကျင်းစန်းကို လိုက်လံရှာဖွေရင်း ကိုယ်ဝန်က နေ့စေ့လစေ့ ရောက်နေ၍ လမ်းဘေးတစ်နေရာ၌ပင် ကလေးမွေးဖွားခဲ့တော့သည်။

စိတ်သောက ရောက်ခဲ့ရပြီး ပင်ပန်းဆင်းရဲသည့်ဒဏ်ကြောင့် သမီးလေးလျှံချင်းကို မွေးဖွားပြီးသည်နှင့် သူမလည်း လောကကြီးကို ကျောခိုင်းသွားခဲ့တော့သည်။

တောင်ကုန်းလေးတစ်ခုပေါ်၌ တရားအားထုတ်နေသော ရသေ့ကြီးတစ်ပါးက တောထဲ၌ သစ်သီးဝလံ ရှာဖွေရင်း မအေင်းတို့သားအမိကို တွေ့ရှိသွားခြင်း ဖြစ်သည်။

မအေင်းက သေဆုံးနေပြီ ဖြစ်ရကား ကျန်ရစ်ခဲ့သော လျှံချင်းအား ရသေ့ကြီးက မွေးစားခဲ့ရတော့သည်။

ရသေ့ကြီးသည် လျှံချင်း အရွယ်ရောက်လာသောအခါ တောင်ကုန်းအောက်ဘက်၌ သီးသန့်ခွဲ၍ နေထိုင်စေခဲ့သည်။

တောထဲတောင်ထဲ သူမတစ်ယောက်ထဲ ဖြစ်ရကား အန္တရာယ် ပေါ်ပေါက်လာလျှင် ခုခံကာကွယ်နိုင်ရန် သိုင်းပညာအချို့လည်း သင်ပေးထားခဲ့လေသည်။

ရသေ့ကြီးက အသက်အရွယ် ကြီးရင့်လာပြီ ဖြစ်ရကား လျှံချင်းက တစ်လှည့်ပြန်ပြီး ပြုစုခဲ့ရသည်။



လျှံချင်းက သစ်သီးဝလံ၊ သားငါးများ ရှာဖွေရင်း ငွေဖုံးနှင့် မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ရခြင်း ဖြစ်လေသည်။

လျှံချင်းသည် ကောင်းကျင်းစန်းနှင့် မမျှော်လင့်ဘဲ ဆုံတွေ့လိုက်ရသောအခါ ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာခဲ့လေသည်။

အလွန်ရင်းနှီးခဲ့ဖူးသည်ဟု ခံစားရခြင်း ဖြစ်သည်။

ကောင်းကျင်းစန်း ထွက်ခွာသွားသောအခါ လျှံချင်းသည် ရသေ့ကြီးထံသို့ သွားရောက်ကာ အကျိုးအကြောင်း ပြောပြလိုက်လေသည်။ ရသေ့ကြီးက…

“ငါ့မြေးဟာ လူတွေနဲ့ အဝေးနေပြီး တွေ့ထိဆက်ဆံမှု နည်းပါးတာကြောင့် သည်လို ခံစားရတာပါ။ စိတ်ထဲ ဘယ်လိုမှ သဘောမထားပါနဲ့၊ ကြာလာရင် တဖြည်းဖြည်း မေ့ပျောက်သွားပါလိမ့်မယ်၊ အင်း…လူ့လောကကြီးဟာ ပူပင်သောက ဒုက္ခများပြောင်လှပါတယ်၊ ဘရသေ့နဲ့အတူ သည်တောသည်တောင်ထဲမှာပဲ အေးအေးချမ်းချမ်း နေသွားပါကွယ်”

ဟု ဆုံးမစကားဆိုလေသည်။

လျှံချင်းလည်း ရသေ့ကြီး၏စကားကို နားထောင်ကာ ကြုံဆုံခဲ့ရသမျှ ကိစ္စအဝဝကို မေ့ထားလိုက်တော့သည်။

အကယ်၍ ကောင်းကျင်းစန်းက သူ၏ဖခင် ဖြစ်ကြောင်း သိရှိနိုင်ခဲ့မည် ဆိုပါလျှင်…

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းထုံ ဒေါသထွက်နေသည်။

ကောင်းကျင်းစန်း လွတ်မြောက်သွား၍ ဖြစ်သည်။

သူ့အားထားရသည့် ကျောက်ဖြူနန်းလည်း သေဆုံးသွားခဲ့သည် မဟုတ်ပါလား။

ဝမ်းထုံက သူ၏ရှေ့၌ စုရုံးလျက် ရှိနေသော တပည့်များကို အော်ငေါက်လိုက်လေသည်။

"အသုံးမကျတဲ့ကောင်တွေ၊ ကောင်းကျင်းစန်းက သေလုမျောပါး ဒဏ်ရာရပြီး ထွက်ပြေးသွားတာ၊ ဝေးဝေးပြေးနိုင်မှာ မဟုတ်ဘူး။ ဒါတောင် တွေ့အောင် မရှာနိုင်ကြဘူးလား"

ကောင်းကျင်းစန်း ဒဏ်ရာရထားသဖြင့် ဝေးဝေးပြေးနိုင်မည် မဟုတ်ကြောင်း နားလည်ထားလေသည်။

ကောင်းကျင်းစန်းအား ရှာတွေ့သည်နှင့် အလွယ်တကူ သုတ်သင်ပစ်နိုင်မည်ဟု ယုံကြည်ထား၏။

ကောင်းကျင်းစန်းအား သုတ်သင်ရှင်းလင်းပစ်နိုင်လျှင် ယိထင်းကျောက်က ချီးကျူးလိမ့်မည် မဟုတ်ပါလား။

ဝမ်းထုံမှာ ယိထင်းကျောက်၏စည်းရုံးသိမ်းသွင်းခြင်း ခံထားရပြီ ဖြစ်လေသည်။

ဝမ်းထုံ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ကျုပ်ကို လိုက်ရှာနေစရာ မလိုပါဘူးဗျာ"

စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာလေသည်။

ကောင်းကျင်းစန်း ဖြစ်သည်။



ကောင်းကျင်းစန်းအား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ဝမ်းထုံ အံ့သြသွားလေသည်။

"ကောင်းကျင်းစန်း"

"ဟုတ်ပါတယ်ဗျာ"

"ခင်...ခင်ဗျား"

"ကျုပ်ကို ဘယ်သူမှ အကောက်ကြံလို့ မရဘူးဗျ"

"တောက်"

ကောင်းကျင်းစန်းက ရယ်မောပြီး ပြောလိုက်လျှင် ဝမ်းထုံ ဒေါသထွက်သွားလေတော့သည်။

"ဟေ့ကောင်တွေ ဘာလုပ်နေတာလဲ၊ သူ့ကို ဆုံးမလိုက်ကြပါတော့လား"

ဟု အော်ငေါက်အမိန့်ပေးလိုက်လေသည်။

ဤတွင်...

"တိုက်ကြဟေ့"

"ယား"

ဝမ်းထုံ၏လူများက ညာသံပေးကာ တိုက်ခိုက်လိုက်ကြလေသည်။

ကောင်းကျင်းစန်းလည်း ပြန်လည်ရင်ဆိုင်လိုက်ရာ...

"ဝုန်း"

"အား"

"အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းထုံ၏လူများ အတုန်းအရုန်း ဖြစ်သွားကြတော့သည်။

ဝမ်းထုံက အခြေအနေ မဟန်မှန်းသိလျှင် ထွက်ပြေးဖို့ကြိုးစားလိုက်လေသည်။

သို့သော်...

"ခင်ဗျားပြေးလို့ မရတော့ပါဘူး"

ကောင်းကျင်းစန်းက ရိပ်ခနဲ ရောက်ရှိလာပြီး တိုက်ခိုက်လိုက်ရာ...

"ဝုန်း"

"အား"

ဝမ်းထုံ လဲကျသွားတော့သည်။

ကောင်းကျင်းစန်းလည်း ဝမ်းထုံကို ဆုံးမနိုင်ပြီ ဖြစ်၍ ကျေနပ်သွားပြီး ယိထင်းကျောက်နှင့် ချိန်းဆိုထားရာသို့ သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *



## ချိန်းပွဲ

ယူနန်တောင်...။

ယူနန်တောင်သို့သွားရာ ခရီးလမ်းမှာ အလွန်ကြမ်းတမ်းလှသဖြင့် လူသူအရောက်အပေါက် နည်းလေသည်။

လောကကြီးတစ်ခုလုံးအား အေးချမ်းလှပသော သဘာဝအလှအပများက အလှဆင်ထားလေသည်။

သို့သော်...

နီရဲသော ကောင်းကင်ပြင်နှင့် ညိုမဲသော တိမ်တိုက်တိမ်လိပ်များ နောက်မံထား၍ ယူနန်တောင်သည် မကြာမီ ဖြစ်ပေါ်လာမည့် ထိတ်လန့်ဖွယ် အဖြစ်အပျက်များကို မျှော်လင့်နေသယောင် ရှိနေလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ယနေ့တွင်...

ယူနန်တောင်ပေါ်တွင် ထူးခြားသော အဖြစ်အပျက်များနှင့် ကြုံရမည့်နေ့ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်...

ယနေ့သည်ကား လဆန်းသုံးရက်နေ့ ဖြစ်သည်။

ကောင်းကျင်းစန်းသည် ချိန်းဆိုထားသည့်အတိုင်း ယူနန်တောင်ပေါ်သို့ မွန်းမတည့်မီ ရောက်ရှိလာလေသည်။

ကောင်းကျင်းစန်းသည် တောင်ပေါ်သို့ ရောက်ရှိလာသော အခါ ကောင်းကင်တစ်ခုလုံးတွင် နီရဲနေပြီး တိမ်ညိုတိမ်လိပ်များက ပြည့်နှက်နေလေသည်။

လေများမှာလည်း တဟူးဟူး တိုက်ခတ်လျက် ရှိပြီး ယူနန်တောင်ပေါ်တွင် လူသူတစ်ယောက်မျှ မရှိသည့်အလား တိတ်ဆိတ်နေသည်။

ကောင်းကျင်းစန်းသည် မျက်မှောင်ကုတ်သွားလေသည်။

ယိထင်းကျောက် မလာသေးဟု ထင်မိလိုက်သည်။

သို့သော်...

သူ၏ထင်မြင်ချက်မှာ မှားယွင်းသွားလေသည်။

ယိထင်းကျောက်သည် ယူနန်တောင်၏ အလယ်ဗဟိုနေရာ၌ မလှုပ်မယှက် မတ်တတ်ရပ်လျက် ရှိနေသည်ကို တွေ့လိုက်ရသော ကြောင့် ဖြစ်လေသည်။

"ယိထင်းကျောက်"



ကောင်းကျင်းစန်းသည် ယင်းသို့ ရေရွတ်လိုက်ပြီး ယိထင်းကျောက် ရှိရာသို့ တစ်လှမ်းချင်း တိုးဝင်သွားလေသည်။

ယိထင်းကျောက်သည် မလှုပ်မယှက်ဖြင့်ပင် ကောင်းကျင်းစန်းအား စောင့်နေလေသည်။

ကောင်းကျင်းစန်းသည် ယိထင်းကျောက်နှင့် ဝါးတစ်ရိုက်ခန့် အကွာတွင် ခြေလှမ်းရပ်တန့်လိုက်လေသည်။

"ခင်ဗျား ရောက်လာပြီကိုး"

ဟု ယိထင်းကျောက်က အေးစက်ခက်ထန်သော လေသံဖြင့် မေးလိုက်သည်။

ကောင်းကျင်းစန်းက ခေါင်းညိတ်လိုက်လေသည်။

"သည်နေ့ လဆန်း သုံးရက်နေ့ပဲ၊ ကျုပ်ရောက်လာရမှာ ပေါ့"

ယိထင်းကျောက်က မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက သေမင်းဆီကို လာခဲ့တာပဲ"

ကောင်းကျင်းစန်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးပါဘူးလေ၊ ခင်ဗျား ကျုပ်ကို နားလည် သဘောပေါက်ခဲ့ရင် ကျုပ်က ဘာဖြစ်လို့ သေရမှာလဲ"

ယိထင်းကျောက်သည် နားမလည်နိုင်အောင် ဖြစ်သွားလေ သည်။

"ဘာလဲ မင်းက သေရမှာ ကြောက်ပြီး ကယောင်ကတမ်း လျှောက်ပြောနေတာလား"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျင်းစန်းက လက်ကာပြလိုက်သည်။

"မဟုတ်သေးဘူးလေ၊ ကျုပ်စကားကို ဆုံးအောင် နားထောင်ဦးမှပေါ့"

ယိထင်းကျော်သည် စိတ်မရှည်တော့ပါ။

"ကြာတယ်ကွာ၊ စကားရှည်မနေနဲ့ ခင်ဗျားကြောင့် ကျုပ်ရဲ့ အကြံအစည်တွေ ပျက်စီးခဲ့ရတာ၊ ခင်ဗျား သေမှ ကျုပ်ကျေနပ်မယ်"

သူသည် စကားဆုံးသွားသည်နှင့် ကောင်းကျင်းစန်းထံသို့ တိုက်ခိုက်ရန် ပြေးဆင်းလာလေသည်။

"ရပ်လိုက်"

ကောင်းကျင်းစန်းက ဟန့်တားလိုက်သည်။

သို့သော်...

ယိထင်းကျော်က နားမထောင်ပါချေ။

သူသည် ကောင်းကျင်းစန်းအား တိုက်ခိုက်လိုက်လေတော့သည်။

ကောင်းကျင်းစန်းမှာ နောက်သို့ ခြေသုံးလေးလှမ်းမျှ ဆုတ်သွားပြီး...

"သည်မှာ ယိထင်းကျော်၊ ခင်ဗျားလွန်မယ်နော်"

ထို့နောက်...

ကောင်းကျင်းစန်းသည် စကားဆက်မပြောနိုင်တော့ပါချေ။

သူသည် ကောင်းကျင်းစန်းအား တိုက်ခိုက်လိုက်လေတော့သည်။



ကောင်းကျင်းစန်းမှာ နောက်သို့ ခြေလှမ်းသုံးလေးလှမ်းမျှ ဆုတ်သွားပြီး...

"သည်မှာ ယိထင်းကျော်၊ ခင်ဗျားလွန်မယ်နော်"

ထို့နောက်...

ကောင်းကျင်းစန်းသည် စကားဆက်မပြောနိုင်တော့ပါချေ။

သူသည် ယိထင်းကျော်၏ တိုက်ကွက်များကိုသာ ရှောင်တိမ်းနေရလေသည်။

ယခုတစ်ကြိမ်...

ကောင်းကျင်းစန်းမှာ ရှောင်တိမ်းရန် မလွယ်ကူတော့ပါ။

ထို့ကြောင့်...

သူသည် ယိထင်းကျော်အား ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မွန်းတည့်ချိန် ရောက်ရှိလာပြီ ဖြစ်သည်။

ကောင်းကျင်းစန်းနှင့် ယိထင်းကျောက်တို့၏ ခန္ဓာကိုယ်ပေါ်တွင် ချွေးသီးချွေးပေါက်များဖြင့် စွဲနစ်နေပေသည်။

သူတို့သည် အချိန်အတော်ကြာ ယှဉ်ပြိုင်တိုက်ခိုက်ပြီး ဖြစ်သည်။

ကောင်းကျင်းစန်းသည် ယိထင်းကျောက်၏တိုက်ခိုက်မှုကို အလူးအလဲ ရှောင်တိမ်းနေရသောကြောင့် သူပြောလိုသော စကားများကို ပြောမထွက်ခဲ့ချေ။

ထို့ကြောင့်...

သူသည် တိုက်ခိုက်နေရာမှ နောက်သို့ ခုန်ဆုတ်လိုက်သည်။

ထိုအခါ...

ယိထင်းကျောက်သည် ရှေ့သို့ ခြေတစ်လှမ်းတိုး၍ တရကြမ်း တိုက်ခိုက်လိုက်သည်။

ကောင်းကျင်းစန်းမှာ မိမိ ပြောလိုသော စကားများ ပြောဆိုလိုက်ရသဖြင့် အသက်သေရမည်ကို ဝမ်းမနည်းပါချေ။

သို့သော်...

သူသည် အသက်မသေမီ ယိထင်းကျောက်အား တတ်နိုင်သလောက် ပြန်လည်တိုက်ခိုက်သွားရမည်သာ ဖြစ်သည်။

* * *



တိုက်ပွဲသည် တစ်စထက်တစ်စ ပြင်းထန်လာလေသည်။

ကောင်းကျင်းစန်းမှာ နောက်သို့သာ ဆုတ်နေရလေသည်။

တစ်ခါတစ်ရံတွင်သာ ယိထင်းကျောက်၏အလစ်တွင် ပြန်လည်တိုက်ခိုက်နိုင်ခဲ့လေသည်။

ကောင်းကျင်းစန်းသည် ဘီလူးလက်ဝါးနှင့် တောင်ဖြိုလက်သီးသိုင်းကွက်မှာ တော်ရုံတန်ရုံလူ ခံနိုင်သော သိုင်းကွက်မျိုး မဟုတ်ပါ။

ရန်သူကို အမြစ်ဖြတ် အနိုင်ယူမည့် တိုက်ခိုက်ရေးသိုင်းကွက်သာ ဖြစ်သည်။

ယခုမှာမူ...

သူ၏တိုက်ခိုက်ရေးသိုင်းကွက်သည် ယိထင်းကျောက်၏ တိုက်ခိုက်မှုများကို ခုခံရန်သာ အသုံးပြုနိုင်မှန်း သိလိုက်လေသည်။

"ဘယ်လိုလဲ၊ မင်း မခုခံနိုင်ဘူးလား"

ယိထင်းကျောက်သည် အောင်မြင်ဖွယ် ကြုံးဝါးရင်း ကောင်းကျင်းစန်း၏ရင်ဝသို့ ခြေထောက်ဖြင့် ကန်သွင်းလိုက်သည်။

တစ်ဆက်တည်းမှာပင်...

ဝဲဘက်လက်ကို လက်ဝါးသဏ္ဌာန်နှင့်ပင် ကောင်းကျင်းစန်း၏လည်ပင်းဆီသို့ ခုတ်ချလိုက်သည်။

ကောင်းကျင်းစန်းသည် ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လိုက်ပြီး ကန်သွင်းသော ခြေထောက်အား ရှောင်တိမ်းလိုက်သည်။

တစ်ဆက်တည်းမှာပင်...

www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်လာသော လက်ဝါးစောင်းကို ယာဘက်လက်နှင့် ခံပေးလိုက်ပြီး ယိထင်းကျောက်၏မျှော်လင့်မထားသော အခြေအနေမှ ဝဲဘက်လက်ကို ထိုးသွင်းလိုက်သည်။

သို့သော်...

ကောင်းကျင်းစန်း၏လက်သီးက ယိထင်းကျောက်ကို မထိုးမိချေ။

ယိထင်းကျောက်၏လက်ဝါးသည် ကောင်းကျင်းစန်း၏ရင်ဝသို့ ရိုက်မိသွားလေသည်။

"ဝုန်း"

ကောင်းကျင်းစန်းမှာ စူးရှစွာ တစ်ချက်အော်လိုက်ပြီး အဝေး သို့ လွင့်စဉ်သွား၏။

"ဟား..ဟား..ဟား"

သူ၏ရယ်မောသံသည် တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းမှာ...

ကောင်းကျင်းစန်းမှာ လူးလိမ့်၍ ပြန်ထလာခြင်းကြောင့် ဖြစ်သည်။

ကောင်းကျင်းစန်းက မဲ့ပြုံးပြုံးလိုက်ပြီး...

"ခင်ဗျားလက်ဝါးက တော်တော်ပြင်းသားပဲဗျ"

ယိထင်းကျောက်က အံကို တင်းတင်းကြိတ်လိုက်ပြီး...

"သည်တစ်ခါတော့ မင်း မလွယ်တော့ဘူး"



ထိုစဉ်...

"ရပ်လိုက်"

ဟန့်တားသံ ထွက်ပေါ်လာလေသည်။

ယိထင်းကျောက်နှင့် ကောင်းကျင်းစန်းတို့သည် အသံလာရာသို့ ပြိုင်တူ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။

ထိုလူမှာ လွှေဖုံး ဖြစ်သည်။

လွှေဖုံးကို မြင်လျှင် ကောင်းကျင်းစန်း ပမ်းသာသွားလေတော့သည်။

* * *

လွှေဖုံး ပြေးလွှားရောက်ရှိလာသည်။

"ဆရာ"

ကောင်းကျင်းစန်းအား ဖေးမလိုက်လေသည်။

ကောင်းကျင်းစန်းက...

"လွှေဖုံး၊ ငါပြောပြထားတာတွေ မမေ့နဲ့၊ သူ့ရဲ့ ပဟေဠိဆန်တဲ့ သိုင်းကွက်တွေနဲ့ လက်နက်ပုန်းကို သတိထား"

"ဟုတ်ကဲ့ ဆရာ"

လွှေဖုံးက ယိထင်းကျောက်အား ရင်ဆိုင်မည် ဖြစ်ပြီး သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



တားဆီး၍ ရမည် မဟုတ်ကြောင်း နားလည်ထား၍ ကောင်းကျင်းစန်းက သတိပေးလိုက်ခြင်း ဖြစ်သည်။

လွှေဖုံးက...

"ဆရာ ခဏလောက် အနားယူလိုက်ပါဦး"

ကောင်းကျင်းစန်းအား အနားယူစေပြီး ယိထင်းကျောက်နှင့် ရင်ဆိုင်လိုက်လေသည်။

"ဟား..ဟား..ဟား"

ယိထင်းကျောက် ခေါင်းမော့ရယ်မောလိုက်၏။

"ဆရာတောင် မယှဉ်နိုင်တာ တပည့်က ဘယ်လိုလုပ် ယှဉ်မှာလဲ ပြောစမ်းပါဦး"

ဟုလည်း ခနဲ့လိုက်လေသည်။

လွှေဖုံးက...

"ကျုပ် ဘယ်လို ယှဉ်ပြိုင်မလဲဆိုတာ ခင်ဗျားကြည့်ထားပေါ့ဗျာ"

စကားဆုံးလျှင် လက်ဝါးနှစ်ဘက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

ယိထင်းကျောက်လည်း တဟားဟား ရယ်မောရင်း ပြန်လည်ရင်ဆိုင်လိုက်လေတော့သည်။

* * *



လွှေဖုံးသည် ကောင်းကျင်းစန်းထံမှ ပညာကုန် ရရှိထားပြီ ဖြစ်လေသည်။

ယိထင်းကျောက်၏လျှို့ဝှက်ချက်ကိုလည်း ကောင်းကျင်းစန်းက ပြောပြထားပြီး ဖြစ်သည်။

ကောင်းကျင်းစန်းသည် ယိထင်းကျောက်၏လျှို့ဝှက်ချက်ကို အဖြေမထုတ်နိုင်ခဲ့ပါ။

လွှေဖုံးက ယိထင်းကျောက်၏သိုင်းကွက်ကို တုန့်ပြန်ရမည့် နည်းလမ်းကို တွေးတောစဉ်းစားထားပြီး ဖြစ်သည်။

လူငယ်ပီပီ ယိထင်းကျောက်၏ကောက်ကျစ်သော တိုက်ကွက်ကို မိုက်မိုက်မဲမဲ တုန့်ပြန်သည့် နည်းလမ်း ဖြစ်ပါတော့သည်။

လွှေဖုံးက ယိထင်းကျောက်နှင့် ရင်ဆိုင်လိုက်၏။

"သတိထား"

ကောင်းကျင်းစန်း သတိပေးလိုက်၏။

ယိထင်းကျောက်က တဟားဟား ရယ်မောရင်း...

"မင်းက ကျုပ်ကို ယှဉ်နိုင်မယ်များ ထင်နေသလား"

လှောင်ပြောင်ပြောဆိုကာ စတင်တိုက်ခိုက်လိုက်လေသည်။

လွှေဖုံးကလည်း ရင်ဆိုင်လိုက်၏။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်ကြချိန်မှာပင် လူတစ်ယောက် ပြေးလွှားရောက်ရှိလာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်ဂိုဏ်းချုပ်လျှူရီ...။

လျှူရီက သချိုင်းမြေထဲ၌ ရှိနေ၏။

သချိုင်းထဲ၌ အသစ်စက်စက် အုတ်ဂူငါးလုံး ရှိနေ၏။

အုတ်ဂူသုံးလုံးမှာ လျှူရီ၏လက်ရုံး၊ အကြံပေးနှင့် မွေးစားသားတို့၏အုတ်ဂူများ ဖြစ်သည်။

ကျန်အုတ်ဂူနှစ်လုံးကား...

အုတ်ဂူပေါ်၌ ကဗျည်းစာတန်းများ ရေးထိုးထားလေသည်။

"ပွဲစားကြီးရှမ်းထိုက်"

"သမီးအလိမ္မာလေးရှမ်း"

ဟူ၍ ဖြစ်သည်။

ပွဲစားကြီးရှမ်းထိုက်တို့သားအဖသည် ယိထင်းကျောက်၏ ဂိုဏ်းတစ်ရာဂိုဏ်းကို ချေမှုန်းရာတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသူများ ဖြစ်လေသည်။

သူတို့၏စွမ်းဆောင်မှုကြောင့် ယိထင်းကျောက်၏အကြံအစည်များကို ကြိုတင်သိရှိခဲ့ရပြီး ထိခိုက်ကျဆုံးမှုနည်းပါးအောင် ဆောင်ရွက်ကာ ပြန်လည်ရင်ဆိုင်ချေမှုန်းနိုင်ခဲ့ကြခြင်း ဖြစ်လေသည်။

ယိထင်းကျောက်မှာ ပါးနပ်သူ ဖြစ်သည့်အတိုင်း နောက်ပိုင်းတွင် ပွဲစားကြီးရှမ်းထိုက် အကြောင်းကို သိရှိသွားခဲ့လေသည်။

ဤတွင်...

ယိထင်းကျောက် ခံပြင်းဒေါသထွက်ကာ ရှမ်းထိုက်တို့ သားအဖအား သတ်ပစ်လိုက်လေတော့သည်။



ဂိုဏ်းချုပ်လျှူရီက ပွဲစားကြီးရှမ်းထိုက်အား အကာအကွယ်ပေးရန် ကြိုးစားခဲ့သော်လည်း မတတ်သာတော့ပါ။

ဂိုဏ်းချုပ်လျှူရီက ယိထင်းကျောက်အား ဆုံးမရာ၌ အသက်ပေးသွားကြသူ ငါးဦး၏အုတ်ဂူများကို လေးလေးစားစား ဦးညွှတ်လိုက်လေသည်။

"ဆရာကြီးကောင်းကျင်းစန်းက ယိထင်းကျောက်ကို ရင်ဆိုင်နေပါပြီ၊ မကြာခင် သုတ်သင်ရှင်းလင်းပစ်နိုင်တော့မှာပါ၊ အားလုံးကျေနပ်နိုင်ကြပါစေ"

ဟုလည်း ဆုတောင်းပေးလိုက်လေတော့သည်။

* * *

လွှေဖုံးက ယိထင်းကျောက်နှင့် ရင်ဆိုင်လိုက်လေသည်။

ထိုစဉ် သခင်လေးကျူးစုစင်း ရောက်ရှိလာလေသည်။

ကျူးစုစင်းက ကောင်းကျင်းစန်းအား ဦးညွှတ်လိုက်သည်။

"ဆရာကြီးကို ဂါရဝပြုပါတယ်၊ နောင်ကြီးလွှေဖုံးကို ကျွန်တော်ကူညီလိုက်ပါ့မယ်"

"ကောင်းပါပေတယ်ကွယ်"

ကောင်းကျင်းစန်း သဘောတူ ခွင့်ပြုလိုက်လေသည်။

ကျူးစုစင်းလည်း အချိန်မဆွဲတော့ဘဲ တိုက်ပွဲ အတွင်းသို့ ဝင်ရောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယိထင်းကျောက်က လှေ့ဖုံးတစ်ယောက်ထဲဆိုလျှင် မှုမည် မဟုတ်ပါ။

သူ၏ပဟေဠိဆန်သော သိုင်းကွက်ကို အသုံးပြုပြီးနောက် အဆိပ်လက်နက်ပုန်းများဖြင့် ဒုက္ခပေးလိုက်မည် ဖြစ်သည်။

သို့သော်...

သခင်လေးကျူးစုစင်း ရောက်ရှိလာခြင်းကြောင့် အခြေအနေ တစ်မျိုးပြောင်းလဲသွားတော့သည်။

"ယား"

ကျူးစုစင်းက ညာသံပေးကာ လှေ့ဖုံးနှင့်အတူ လက်တွဲ တိုက်ခိုက်လာလေသည်။

လှေ့ဖုံးကလည်း အသက်ကို ပဓာနမထားဘဲ သူသေကိုယ်သေ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ယိထင်းကျောက် ထိတ်လန့်သွား၏။

ရဲဝံ့လှသော လူငယ်နှစ်ဦးအား မည်သို့ ရင်ဆိုင်ရမှန်းမသိ ဖြစ်သွား၏။

လှေ့ဖုံးနှင့် ကျူးစုစင်းတို့၏ တိုက်ကွက်များ လွှမ်းမိုးလာလေသော်အခါ ထိတ်လန့်ပြီး နောက်ဆုတ်ဖို့ ကြိုးစားလိုက်လေသည်။

ထိုသို့ နောက်ဆုတ်ရန် ကြိုးစားခြင်းကပင် သူ၏အမှား ဖြစ်သွားလေသည်။

"ဟိတ်"



"ယား"

လှေ့ဖုံးနှင့် ကျူးစုစင်းတို့က လက်တွဲညီညီ တိုက်ခိုက်လိုက်ကြသောအခါ...

"ဝုန်း"

"အား"

ယိထင်းကျောက် လွင့်စဉ်သွားလေတော့သည်။

လှေ့ဖုံးနှင့် ကျူးစုစင်းတို့ ဝမ်းသာသွားကြ၏။

ယိထင်းကျောက်ကို ဆုံးမနိုင်ခဲ့ကြပြီ မဟုတ်ပါလား။

ယိထင်းကျောက်အား ဆုံးမနိုင်ခြင်းဖြင့် သိုင်းလောက အေးချမ်းသာယာသွားတော့မည် ဖြစ်လေသည်။

ထိုစဉ်...

"ဖေဖေ"

ကြေကွဲဆို့နင့်သော ခေါ်သံနှင့်အတူ ကျင်းဝှက် ပြေးလွှားရောက်ရှိလာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြစ်ရေတသွင်သွင် စီးဆင်းနေ၏။

ညနေရီ ရေခပ်ဆင်းချိန် ဖြစ်သည်။

လှုံချင်းက ရေအိုးတစ်လုံးနှင့် မြစ်ကမ်းပါးသို့ ရောက်လာသည်။

သူမသည် တသွင်သွင် စီးဆင်းနေသော မြစ်ရေပြင်ကို ကြည့်ပြီး ကျူးစုစင်းတို့နှင့် ဆုံတွေ့ခဲ့ရပုံများကို ပြန်လည်မြင်ယောင်လာကာ ပြုံးလိုက်မိလေသည်။

ထို့နောက် ရေခပ်ပြီး ပြန်ခဲ့သည်။

တောင်ကုန်းလေးအနီး အရိပ်ကောင်းသော သစ်ပင်ကြီးရှိရာသို့ ရောက်လာသောအခါ ကောင်းကျင်းစန်းအား သတိရလိုက်ပြန်လေသည်။

ထိုစဉ်...

"ဒေါင်ဒင်...ဒေါင်ဒင်"

တောင်ကုန်းပေါ်ရှိ ရသေ့ကျောင်းမှ ခေါင်းလောင်းထိုးသံများ ထွက်ပေါ်လာ၏။

ခေါင်းလောင်းသံကြောင့် လှုံချင်းလည်း ကျူးစုစင်း၊ ကောင်းကျင်းစန်းတို့အား မေ့ပျောက်သွားကာ သူမ၏အိမ်ကလေးဆီသို့ ခပ်သွက်သွက်သွားလိုက်လေတော့သည်။

ပြီးပါပြီ။

www.burmeseclassic.com